
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး
ပြည်ထောင်စုမပြိုကွဲရေး
-တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး
-ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး
-ဒို့အရေး

ပြည်သူ့သဘောထား
ပြည်ပအားကိုး ပုဆိန်ရိုး
အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်
နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ၊
နိုင်ငံတော်၏ပြည်တွင်းရေးကို
ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
ပြည်တွင်းပြည်ပအဖျက်သမားများအား
ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ၊

နိုင်ငံရေးဦးတည်ချက်(၄)ရပ်
နိုင်ငံတော်တည်ငြိမ်ရေး
ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်
ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ
ခေတ်မီဖွံ့ဖြိုးတိုးတက်သော
နိုင်ငံတော်သစ်တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်
စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်
ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့်
အခြားစီးပွားရေးကဏ္ဍများကိုလည်း
ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်
အရင်းအနှီးများဖိတ်ခေါ်၍
စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်
တည်ဆောက်ရေး
နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို
ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့်
တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်
တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်
အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့်
ယဉ်ကျေးမှုအမွေအနှစ်များ
အမျိုးသားရေးလက္ခဏာများ
မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး
စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့်
ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်
ပညာရည်မြင့်မားရေး

# အကြည်တော်

စီ စ ဉ် ၍

ကိုဆန်း

တ ည်း ဖြ တ် သ ည်။

Layoutနှင့်အတွင်းသရုပ်ဖော်
KO SAN
Art work group
ကွန်ပျူတာစာစီ
ကေသီ
ဖြန့်ချိရေးမန်နေဂျာ
ကိုမိုး
ဖြန့်ချိရေး
စိုးမိုးစာအုပ်တိုက်
အမှတ်(၁၃)၊ ၁၀၇-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း- ၂၉၀၉၉၅

www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်း မဂ္ဂဇင်း

## ကဗျာ ကဏ္ဍ

| | |
|---|---|
| မဆိုး | |
| တပွင့်တည်းသော | [illegible] |
| | [illegible] |

## ဝတ္ထုတို ကဏ္ဍ

| | |
|---|---|
| ...တော့အသေးမှ လွှတ်လိုက်စွာ ကြိုးဆိုပါသည် | ဘကြည်တော် |

## ဝတ္ထု ကဏ္ဍ

| | |
|---|---|
| သမီးချစ်ဖယား | ရဲစတိုင်း |
| [illegible] | ကြည်နေဝေ |
| [illegible] | [illegible] |
| [illegible] | [illegible] |
| [illegible] | [illegible] |
| [illegible] | [illegible] |
| [illegible] | [illegible] |
| ရှာန် | [illegible] |
| [illegible] | [illegible] |
| [illegible] | [illegible] |
| အငွေ့ပျံတာ | [illegible] |

## ကိုးပွားရေး ကဏ္ဍ

## Black Area

| | |
|---|---|
| မြန်မာကဗျာ | ဥက္ကာမင်းဆက် |
| ဗိုလ်ချုပ် | ဇီဝနိုင် |
| နိုင်ငံရေးသမား | ကောင်းကင်သစ် |

## အိုက်ဒီယာ ကဏ္ဍ

| | |
|---|---|
| သာဘိ | ကိုဆန်း |
| ထုန်နှင့်သိပ်တို့၏ ခေတ်သစ်အခြေပြုစိမ့်ကြီး | ကျော်ကြောင် |

## ဟာသ ကဏ္ဍ

| | |
|---|---|
| ဆု | [illegible] |

## ဂျာနယ် ကဏ္ဍ

| | |
|---|---|
| ငါတော့နှစ်တယ် ငါတော့နှစ်တယ် | [illegible] |
| [illegible] | [illegible] |

## ဓာတ်ပြင် ကဏ္ဍ

| | |
|---|---|
| [illegible] | [illegible] |

## အခန်းဆက် ကဏ္ဍ

| | |
|---|---|
| [illegible] | [illegible] |

## ဘာသာပြန် ကဏ္ဍ

| | |
|---|---|
| [illegible] | [illegible] |

## ကိုယ်ရေး ကဏ္ဍ

| | |
|---|---|
| [illegible] | [illegible] |
| [illegible] | [illegible] |

www.burmeseclassic.com

www.burmeseclassic.com

အုပ်ရေ- ၁၀၀၀၊ တန်ဖိုး- ၁၈၀၀၊

အဖုံးပန်းချီဒီဇိုင်း- ကိုဆန်း၊ အဖုံးဖလင်- EAGLE

အတွင်းဖလင်- ဦးထွန်းဆိုင်၊

ထုတ်ဝေသူ- ဒေါ်မိုးသီတာ(စိုးမိုးစာပေ)(မြ-၀၃၈၅၁)

၁၃၊ ၁၀၇လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။

ပုံနှိပ်သူ- ဦးမြင့်သန်း(မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက်

အမှတ်-၆၈၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။

စာအုပ်ချုပ်- ကိုသန်းဌေး၊

ပုံနှိပ်ခြင်း-၂၀၁၂ခုနှစ်၊ အောက်တိုဘာလ၊

၈၉၅.၈၇

ကလောင်စုံ

ဟားခလုတ်(၂၄)/ကလောင်စုံ။-ရန်ကုန်

စိုးမိုးစာပေ၊ ၂၀၁၂

၂၁၀-စာ၊ ၁၃.၅× ၂၀.၅ စင်တီ။

(၁) ဟားခလုတ်(၂၄)။

# ဟားခလုတ်

အယ်ဒီတာအဖွဲ့ရဲ့ခန့်

အမှတ်(၁၁၃)၊
ကန်သာယာလမ်း၊
၂၆ ရပ်ကွက်၊
တောင်ဒဂုံမြို့နယ်၊
ရန်ကုန်မြို့။

ဖုန်း- ၅၉၅၀၁၅

**အနယ်နယ်အရပ်ရပ်မှ စာမူများကို ဖိတ်ခေါ်ပါသည်။ ရွေးချယ်ဖော်ပြခံရပါက ထိုက်တန်သောစာမူခကို ချီးမြှင့်ပါမည်။**

www.burmeseclassic.com

www.burmeseclassic.com





မုဆိုး
ဆောဝေလတန်

သေနတ်ကိုလွှတ်၊ ဘောင်းဘီချွတ်၍
ပြွတ်တိုတန်းလန်း၊ အီးထိုင်ပန်းသည်
တောင်တန်းရိုးမသက်သေတည်။



ကပ္ပလီနှလုံးသား
လရိပ်ကြည်(ကြာခင်း)



သစ္စာခြေသံ မေတ္တာမျက်ဝန်း
အကြင်နာလက်ရုံး
သံယောဇဉ်အပြုံးတွေနဲ့ နှလုံးသားကို
တံတားခင်းပေးလိုက်ပြီ
ရဲရဲသာ နင်းဖြတ်ခဲ့ပါ ချစ်သူ. .

ကြည်လင်ချစ်နိုးစွာ
လက်ချင်းချိတ်ထွက်လာတော့မယ့်
မင်းတို့နှစ်ဦးအတွက်သာ
အထူးစပယ်ရှယ် ခင်းထားပေးတဲ့
နယူးမော်ဒန် တံတားလေးပါ. .

ရွှေတံတား ငွေတံတား
ပန်းတံတားတွေဆို
နိုးအီနေမလားလို့
ကပ္ပလီရဲ့နှလုံးသားကိုပဲ
အသည်းနဲ့ရင်း ကြေကွဲစွာ
ခင်းပေးလိုက်တာကွယ်

တကယ်ဆို. .
ဟောဒီ အန်ဒမန်ကျွန်းရွာလေးမှာ
တို့အားလုံးက ကပ္ပလီတွေပါ. .

မဖြူလို့ မဲရှာပေမယ့်
နူဝဲနေတာ မဟုတ်မှန်း
မင်းသိခဲ့ပါတယ်. .
ဒါနဲ့များချစ်သူရယ်. .
ငါ့ထက်မဲတဲ့ မင်းတို့စုံတွဲက

ဘာလဲယား ကင်းတဲလေးမှာ
အမဲသား ထမင်း အပြကျွေးပြီး
လက်ထပ်ပွဲကြီး ကျင်းပလို့နော်. .

မာနတွေ ဘယ်လိုထောင်ထောင်
မင်္ဂလာဆောင် ဝတ်ရုံနက်နဲ့
အရောင်မထွက်တဲ့ မင်းတို့နှစ်ယောက်
ဘဝတစ်လျှောက်လုံး မမှုန်းစေဖို့
ငါ. . ကတုံး တုံးပေးပါ့မယ်. .

ကဲပါ ချစ်သူ အသက်ကို
ပါးစပ်ကရှူလို့ အပူရှပ်ကို
မီးထပ်ဖုတ်ရင်း
ငါ တမင်
လာရောက်ပေးအပ်ခဲ့တဲ့
အစိမ်းရောင်
လက်ဖွဲ့ပါဆယ်လေးကို
ဖွင့်ကြည့်ပါဦးကွယ်. .

အဲဒီအထဲမှာ. .
ဖူဂျီနဲ့စိမ်လျှော်ထားတဲ့
ကပ္ပလီရဲ့
နှလုံးသားဖြူဖြူကလေးက
အမြုပ်တစီစီနဲ့ပဲ မင်းတို့ကို
အားယူပြုံးပြနေရှာပါရဲ့
ချစ်သူရယ်။

လရိပ်ကြည်(ကြာခင်း)

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ပြောပြီးပါပြီ။

ဘီလူးဝတ္ထုထွက်ပြီးချိန်မှာ အင်မတန် လူသိများတဲ့သူလဲ ဖြစ်နေပါပြီ။ ဒါပေမယ့် ကျွန်တော်က အိမ်ပြင်မထွက်ဘဲ(အဲဒီတုန်းက အိမ်ငှားနိုင်ပါပြီ၊ ဒါတောင် တစ်ယောက်တည်းငှားနိုင်တာမဟုတ်ဘဲ သူငယ်ချင်းတွေအားလုံးနဲ့ စုငှားတာပါ)ကိုယ့်ဘာသာကိုယ် အိမ်ထဲမှာပဲ စာပဲရေးနေတော့ ကိုယ်ဘယ်လောက်နာမည်ကြီးနေလဲ မသိပါဘူး။ ပတ်ဝန်းကျင်က သူငယ်ချင်းများကလဲ တွေ့နေကျလူဟောင်းတွေချည်းပဲမို့ ကျွန်တော့်ကို နာမည်ကြီးတစ်ယောက်လို မဆက်ဆံကြပါဘူး။ ဒါကြောင့် ကိုယ်ဘာဖြစ်နေတယ်ဆိုတာ မသိပါဘူး။

တစ်နေ့ကျတော့ ကျွန်တော့်ဆီကို ဖိတ်စာတစ်စောင် ရောက်လာပါတယ်။ ရန်ကုန်တိုင်းရဲ့မြို့နယ်တစ်ခုက စာပေသက်ကြီးကန်တော့ပွဲ အခမ်းအနားပါ။

ကျွန်တော်ဝမ်းသာသွားပါတယ်။ သက်ကြီးစာပေသမားများကို ကျွန်တော်မတွေ့ဘူးလို့ပါပဲ။ ဒါကြောင့် အဲဒီပွဲကိုသွားဖို့ ဆုံးဖြတ်လိုက်ပါတယ်။

× × ×

"ဖိတ်စာနှင့်တကွ ကြွရောက်ပါရန်"

ဆိုတဲ့ဖိတ်စာလေးကိုကိုင်ပြီး ကျွန်တော် အဲဒီပွဲကို ရောက်သွားပါတယ်။

လူတွေကတော့ သိပ်မများလှပါဘူး။ အားလုံးအသက်ခပ်ကြီးကြီးတွေချည်း ဆိုတာလောက်ပဲ သတိထားမိပါတယ်။ ကျွန်တော့်ကိုလဲ ဘယ်သူမှ မသိတော့ ကြောင်စီစီနဲ့ သူတို့ထိုင်နေတဲ့ လက်ဖက်ရည်ဆိုင်မှာ ဝင်ထိုင်လိုက်ပါတယ်။

ခဏနေတော့ လူတစ်ယောက်က မေးပါတယ်။

"ညီလေးဖိတ်စာပါလား"

ကျွန်တော်လဲ ပါလာတဲ့ဖိတ်စာကိုရှာရင်း



"ပါ,ပါတယ်၊ ဘာဖြစ်လို့လဲ"

"ဪ ဖိတ်စာပါရင် လက်ဖက်ရည်နဲ့မုန့် အလကားရလို့ပါ"

"ဪ"

ကျွန်တော်ဖိတ်စာထုတ်ပေးလိုက်တယ်။ ဖိတ်စာလက်ခံသူက ဖိတ်စာကိုကြည့်ရင်း

"ဟင်"

သူအံ့အားသင့်သွားပုံရတယ်။ ပြီးတော့ ခပ်လှမ်းလှမ်းက တစ်ယောက်ကို လှမ်းခေါ်လိုက်တယ်။

"ဆရာ ဆရာ လာပါဦး"

"ဟေ ဘာလဲကွ"

ခပ်လှမ်းလှမ်းက လူကြီးတစ်ဦး ရောက်လာတယ်။ ကျွန်တော်က ကြောင်စီစီနဲ့ သူတို့ကို ကြည့်နေမိတယ်။ နောက်ရောက်လာတဲ့ လူကြီးကို ထမလူက ဖိတ်စာကမ်းပေးရင်း

"ဖိတ်စာကိုကြည့်ပါဦးဆရာ"

"မှန်း"

နောက်ရောက်လာတဲ့ လူကြီးက ဖိတ်စာကိုကြည့်လိုက်၊ ကျွန်တော့်ကိုကြည့်လိုက် လုပ်တယ်။ သူများတွေ လုံချည်နဲ့တိုက်ပုံတွေနဲ့ကြား၊ ဂျင်းဘောင်းဘီ တီရှပ်နဲ့ ဆံပင်ရှည်ကြီးနဲ့မို့ ကျွန်တော့်ကို အံ့အားသင့်နေပုံရတယ်။

အတော်ကြာကြည့်ပြီးမှ

"မင်းအဖေ မလာဘူးလား"

"ဗျာ"

သူ့ရဲ့မဆီမဆိုင်အမေးကြောင့် ကျွန်တော် အံ့အားသင့်သွားတယ်။

"အဖေ"

"အေးလေ၊ မင်းအဖေကိုမေးတာ၊ သူဘယ်သွားလို့လဲ"

ကျွန်တော်လဲ ကြောင်ပြီး

"အဖေက မော်လမြိုင်မှာလေ၊ ဘာဖြစ်လို့လဲ"

လူကြီးစိတ်ညစ်ဟန်နဲ့ ခေါင်းကုတ်တယ်။ ပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲ၊ ငါတို့က မင်းအဖေကို ဖိတ်လိုက်တာကွ"

ကျွန်တော် ဇဝေဇဝါဖြစ်သွားတယ်။ ဘာကိစ္စနဲ့ အဖေ့ကို ဖိတ်ရတာလဲ၊ အဖေနဲ့ဒီလူတွေ ဘယ်လိုပတ်သက်လဲ စဉ်းစားမရနိုင် ဖြစ်နေမိတယ်။ နောက်တော့ မနေနိုင်တော့တာနဲ့ဘဲ

"ဘာ ဘာကိစ္စနဲ့ ကျွန်တော့်အဖေကို တွေ့ချင်ရတာလဲဟင်"

လူကြီးက ဒီလောက်တောင် မသိတတ်ရန်ကော ပုံစံမျိုးနဲ့ ကျွန်တော့်ကိုကြည့်ပြီး

"အာ မင်းအဖေကို ကန်တော့ဖို့ ဖိတ်တာပေါ့ကွ၊ ဘာဖြစ်ရမှာလဲ"

"ဗျာ"

ကျွန်တော်အံ့အားသင့်သွားတယ်။ သူတို့ပြောတာ ကျွန်တော် နားမလည်နိုင်ဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော့်အဖေနဲ့ ဒီလူတွေနဲ့က ဘယ်တုန်းကမှ သိခဲ့ကြဖူးတာမှမဟုတ်တာ။ ဒါကြောင့်ပဲ

"တစ်ခုခုတော့ လွဲနေပြီထင်တယ်၊ ကျွန်တော့်အဖေကို ဘယ်လို သိကြတာလဲဟင်"

လူကြီးမျက်မှောင်ကြုတ်သွားတယ်။ နောက် ဖိတ်စာကိုကြည့်လိုက်၊ ကျွန်တော့်ကိုကြည့်လိုက်လုပ်ပြီး

"မင်းအဖေနာမည် ဘယ်လိုခေါ်လဲ"

"ဦးထွန်းနိုင်"

လူကြီး မျက်မှောင်ကြုတ်သွားတယ်။

"ဒါဖြင့် မင်းနာမည်က"

"အကြည်တော်"

"ဟင်"

လူကြီး မျက်လုံးပြူးသွားတယ်။ နောက် ကျွန်တော့်ကို အသေအချာကြည့်ပြီး

"မင်းက အကြည်တော်လား"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

ဆိုတော့ လူကြီး ပျာပျာသလဲဖြစ်သွားပြီး



"ဟေ့ ဟေ့ ဒီမှာလာကြည့်ကြစမ်း၊

အဲဒီအသံလဲကြားရော ကဲပြန့်နေတဲ့သူအားလုံး ကျွန်တော့် နားရောက်လာကြတယ်။

"ဟာ သူက အကြည်တော် တဲ့"

"ဟင် ဒီကောင်လေးက ငယ်ငယ်လေး ဟုတ်ပါ့မလား"

"ဒါ ဒါဆို ငါတို့ထင်တာ မဟုတ်ဘူးပေါ့"

ဆိုပြီး ကျွတ်စီကျွတ်စီ ဖြစ်ကုန်တယ်။ ကျွန်တော်လဲ လူကြီးတွေချည်း လာအုံကြည့်နေတော့ အပြစ်ပဲရှိလို့လား၊ ဝိုင်းပဲရိုက်ကြမှာလားဆိုတဲ့ စိုးရိမ်စိတ်နဲ့ ကြောင်စီစီ ပြန်ကြည့်နေရတယ်။

နောက်မှသိရတာက

သူတို့တွေက ကျွန်တော့်စာအုပ်ကိုဖတ်ပြီး

"ဒီရေးပုံရေးပေါက်နဲ့ စာဒီလောက်တတ်နေပုံထောက်ရင် စာပေပညာရှင်ကြီးတစ်ယောက်ယောက်၊ ဒါမှမဟုတ် ဘုန်းကြီးတစ်ပါးပါးက အကြည်တော်ဆိုတဲ့ ကလောင်ကိုခွဲပြီး စာပြန်ရေးတယ်"

မှတ်ပြီး သက်ကြီးကန်တော့ပွဲလုပ်ပြီး ကန်တော့ဖို့ဖိတ်တာတဲ့ခင်ဗျ။ ကျွန်တော်က (၃၀)ကျော်လူငယ်တစ်ယောက် ဖြစ်နေတော့ အားလုံး ကိုးလိုးကန့်လန့်ဖြစ်ကုန်ရော။

သူတို့ကိုးလိုးကန့်လန့်ဖြစ်တာ အကြောင်းမဟုတ်ဘူး။ ကျွန်တော်လဲ ကိုးလိုးကန့်လန့်တွေ ဖြစ်တာပါပဲ။

ဘာလို့လဲဆိုတော့ အဲဒီပွဲအတွက် ခုံစီထားတာကိုက သက်ကြီးစာပေပညာရှင်လေးဦးရဲ့ အလည်တည့်တည့်မှာမှ 'အကြည်တော်' ဆိုတဲ့နာမည်ကပ်ထားတဲ့ ခုံတစ်လုံး ချထားလို့ပါပဲ။

စဉ်းစားကြည့်ပါ။ သက်ကြီးပညာရှင်လေးဦးရဲ့ အလည်တည့်တည့်မှာမှ ကျွန်တော်ထိုင်ရမယ်ဆိုတာ။

ဒီကြားထဲ လာကြတဲ့စာပေပညာရှင်အားလုံးက အောက်မှာ ဝုတ်ထုတ်တွေ၊ အဲဒီမှာတင် ဘယ်လိုဖြစ်တယ် မသိပါဘူးဗျာ၊ ရင်တွေ အရမ်းခုန် ချွေးစေးတွေပြန်ပြီး နေမထိထိုင်မသာ ဖြစ်လာတယ်။

www.burmeseclassic.com



> ဘယ်တော့မှ အဆင်ပြေတဲ့ လမ်းကြောင်းပေါ် မရောက်နိုင်တဲ့သူ။ ဖိနပ်တောင် မရှိလောက်အောင် ဆင်းရဲခဲ့သူ။ အဲဒီတုန်းက မရှက်ပါဘဲ၊ အခု အောင်မြင်မှုရမှ ဘာကြောင့်ရှက်ရတာလဲ။

အစကတည်းကဗျာ။ လူရှေ့သူရှေ့ မထွက်ချင်လို့ သက်သောင့်သက်သာဖြစ်မယ့် စာရေးဆရာလုပ်တာ။ အခုတော့ လူပုံအလည် လူကြီးတွေနဲ့ဆိုတော့ ဘယ်လိုမှ မနေနိုင်တော့ဘူး။ ကတုန်ကယင်နဲ့ပဲ

"ကျွန်တော်ပြန်တော့မယ်ဗျာ၊ ကျွန်တော် မနေနိုင်တော့ဘူး"

ဆိုပြီး ဘယ်သူ့အပြောကိုမှ မစောင့်ဘဲ ခန်းမထဲကထွက်၊ လိုင်းကားပေါ် တက်စီးလာတယ်။

ကားပေါ်ရောက်တဲ့အထိ ရင်တုန်တာ မပျောက်သေးဘူး။

ကိုယ့်ကိုကိုယ်လဲ ပြန်စဉ်းစားမိတယ်။ ဒီလိုပွဲမျိုးသွားဖို့ကို သူတို့စုံစမ်းရမှာလား၊ ကျွန်တော်စုံစမ်းရမှာလားလို့။

ရင်ထဲမှာလဲ တလှပ်လှပ်။

အဲဒီအချိန်မှာပဲ

"ဟာ ကိုအကြည်တော် ဘယ်သွားမလို့လဲ"

ကားပေါ်မှာပါလာတဲ့ ကျွန်တော်တို့ရပ်ကွက်က အသိတစ်ယောက် ခေါ်သံ။ သူခေါ်သံကြားတယ်ဆိုပဲ

"ဟယ် ဟိုဟာ အကြည်တော်တဲ့"

"ဘယ်မှာလဲ အကြည်တော် ပြစမ်း"

"ဟယ် အကြည်တော် တို့ကားပေါ်ပါလာတယ်"

ဆိုပြီး ကားတစ်စီးလုံး ပွက်ပွက်ညံကာ ဓာတ်ပုံတွေရိုက်ကြ၊ လက်မှတ်တွေ ထိုးခိုင်းကြတော့ ဘယ်လိုမှ မနေနိုင်တော့ဘူး။

စဉ်းစားကြည့်လေ။ ကျွန်တော် သူခိုးဖြစ်ပြီး သူများအိမ်မှာ မီးရင်တောင် ဒီလောက်လူဝိုင်းကြည့်ခံရမှာ မဟုတ်ဘူး။ အခုတော့ ကားပေါ်ပါလာသူအားလုံးက ဝိုင်းကြည့်တော့ (ခုနက ဧည့်ခံပွဲအခံကလဲရှိနေတော့)ဘယ်လိုမှ



မခံနိုင်တော့ဘူး။ မီးပွိုင့်တစ်ခုမှာ ကားမီးနီမိနေတာနဲ့ပဲ ပြေးဆင်းလိုက်ရတယ်။

ကြည့်လိုက်တော့ ကုက္ကိုင်းမီးပွိုင့်ကြီး။ မီးပွိုင့်ကဆင်းပြီး လမ်းအနည်းငယ်လျှောက်တော့ ကန်ဘောင်ပေါ်ရောက်တယ်။

ကန်ဘောင်ပေါ်မှာ သွားထိုင်ပြီး စိတ်ငြိမ်အောင်လုပ်တယ်။

နှလုံးခုန်သံက ကျမသွားဘူး။ ခေါင်းတွေကလဲ ကိုက်တတ်လာတယ်။ လက်ဖျားတွေလဲ တုန်နေတုန်းပဲ။ ချွေးစေးတွေကလဲ စေးထန်းနေပြီ။

နာရီဝက်လောက်နေတာတောင် အခြေအနေမကောင်းဘူး။ ဒါနဲ့ပဲ အနီးနားမှာ ဆေးခန်းရှာပြီး ဆရာဝန်နဲ့ သွားပြရတယ်။ ဆရာဝန်က နားကြပ်နဲ့စမ်း၊ သွေးပေါင်ချိန်ပြီး

"ခင်ဗျား သွေးတိုးနေပြီဗျ"

"ဗျာ"

ကျွန်တော့်ဘဝမှာ သွေးကျတာပဲရှိတယ်။ သွေးက တစ်ခါမှ မတိုးဘူး။ မိတ်ဆွေမိတ်ဆွေတွေမှာလဲ သွေးတိုးရောဂါ မရှိကြလေတော့ ကျွန်တော်အံ့အားသင့်နေမိတယ်။

"ဟုတ်တယ်ဗျ၊ သွေးတိုးနေတာ၊ ဆေးကိုပုံမှန်တော့ သောက်သွားဖို့လိုမယ်၊ အငန်မစားနဲ့၊ အဆီအဆိမ့်မစားနဲ့၊ အရက်မသောက်နဲ့ပေါ့ဗျာ"

ဆရာဝန်က ဆောင်ရန်ရှောင်ရန်တွေ ဆက်ပြောနေတယ်။ ကျွန်တော် မကြားတော့ဘူး။ အဲဒီတုန်းက အတွေးတွေ အခုချိန်ထိ အဖြေရှာလို့ မရသေးဘူး။

စဉ်းစားကြည့်ပါ။

ကျွန်တော်ဟာ ဖြတ်သန်းမှုပေါင်း မြောက်မြားစွာနဲ့ အသားကျခဲ့သူ။ မဟုတ်တာအတော်များများလဲ လုပ်ဖူးသူ။ ဘယ်တော့မှ အဆင်ပြေတဲ့ လမ်းကြောင်းပေါ် မရောက်နိုင်တဲ့သူ။ ဖိနပ်တောင် မရှိလောက်အောင် ဆင်းရဲခဲ့သူ။ အဲဒီတုန်းက မရှက်ပါဘဲ၊ အခု အောင်မြင်မှုရမှ ဘာကြောင့်ရှက်ရတာလဲ။

အောင်မြင်မှုအတွက် လူတွေကြည့်ကြတာ သွေးတိုးစရာလား။ လောကမှာ ဒီလိုမညီမျှမှုတွေ အတွေးတွေ တကယ်ရှိနေပါလား။

ဥပမာ ဆိုကြပါစို့။

www.burmeseclassic.com

ကလပ်တက်နေတဲ့ မိန်းကလေးတစ်ယောက်ဟာ ကလပ်သွားတာ လူတိုင်းမကောင်းဘူးပြောတယ်။ နှာခေါင်းရှုံ့တယ်။ ဒါပေမယ့် အဲဒီမိန်းကလေးဟာ ကလပ်သွားဖို့ မရှက်ပါဘူး။ ဒါပေမယ့် နေ့ခင်းဖက်လမ်းထွက်ဖို့တော့ ရှက်တတ်ကြရဲ့။ ကဲ စဉ်းစားကြည့်ကြပါဦး။

လူဆိုးက ရဲကိုကြောက်ပါတယ်။ ရဲက လူဆိုးကိုမကြောက်ပါဘူး။ ဒါပေမယ့် သူ့ထက်ပိုတော်လို့ ရာထူးကြီးလေးတဲ့ အထက်အရာရှိကို ကြောက်ပါတယ်။

ဆိုကြပါစို့။

သူကြောက်တဲ့ အထက်အရာရှိက လူဆိုးဆိုတာတွေထက်များ ပိုဆိုးနေလို့လား။ အသက်အန္တရာယ်ရှိတဲ့လူဆိုးကိုကျတော့ မကြောက်ဘဲ၊ အသက်အန္တရာယ်မရှိတဲ့ အရာရှိကို ဘာလို့ကြောက်နေရတာလဲ။

ကျွန်တော်လဲ ဒီလိုပါပဲ။

ဆိုးနေတဲ့အချိန်မှာ သွေးမတိုးဘဲ၊ ကောင်းတဲ့အခါကျမှ သွေးတိုးတဲ့သူ။

အကြည်တော်






www.burmeseclassic.com



ဆု

"ဟလို"

"ဒေါ်ပြုံးချိုလား"

"ဟုတ်ပါတယ်ရှင်"

"ဩော် ကျွန်မက ပြုံးလဲ့ချိုတို့ကျောင်းက ကျောင်းအုပ်ဆရာမကြီး ပါ"

"ဟုတ်ကဲ့ပါ ဆရာမကြီး၊ ဘာကိစ္စပါလိမ့်"

"ဟိုလေ ပြုံးလဲ့ချိုအတွက် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနဲ့ ဆုပေးပွဲမှာ ဆုလေးတစ်ခု စီစဉ်ပေးလိုက်မလားလို့"

"ဩော် ရှင် ခုမှ သူငယ်တန်းတက်တုန်းဆိုတော့ နှစ်မကုန်ခင် ခုထဲက ဆုကရမှာလား"

"ဒါလား၊ စာပေဆုတော့ မဟုတ်သေးဘူးပေါ့၊ လက်ရေးလှ[...] တို့ လိမ္မာရေးခြားဆုတို့လိုပေါ့"

"ဟုတ်ကဲ့ပါ၊ ဟုတ်[...] ဆရာမကြီး ကောင်းသလို စီစဉ်ပေး[...]"

"ဟင်းဟင်း ရပါတယ်[...] ဒါပေမယ့်"

"ဘာလဲရှင်"

"အလှူငွေတော့ ထည့်[...] မယ်"

"ရပါတယ် ဆရာမကြီးရဲ့ ဘယ်လောက်များလဲရှင်"

"အင်း တစ်သောင်းဆိုရ[...] ရပါပြီ"

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ စိတ်ချ[...] ပါ၊ ကျွန်မလာခဲ့ပါ့မယ်၊ ဟုတ်ကဲ့[...] ရှင်၊ ဒါဆို ကျွန်မ ဖုန်းချလိုက်တော့[...]



ယ်နော်"

ဒေါ်ပြုံးချို ဖုန်းချပြီးသည်နှင့် ခင်ပွန်းထံ အပြေးအလွှား သွားလိုက်ပြီး

"ကိုလှမင်း ကိုလှမင်း"

"ဘာလဲကွ၊ မင်းကလည်း အလောတကြီးနဲ့"

"ကျွန်မတို့သမီးလေး ပြုံးလဲ့ချိုက ကျောင်းမှာ ဆုရမှာတဲ့ရှင့်"

"ဘယ်လို၊ နှစ်မှမဆုံးသေးဘဲတာကို"

ဒေါ်ပြုံးချိုက စိတ်မရှည်ဟန်နှင့်

"အို ဆုရမယ်လို့သာ မှတ်ထားလိုက်၊ အဲဒီအတွက် ကျွန်မကို ငွေငါးသောင်းပေး"

"ဘာလုပ်မှာလဲ"

"ရှင်ကလည်း အလှူငွေထည့်ရမယ်လေ၊ တစ်သောင်းတဲ့၊ ကျန်တာက ကျွန်မလက်ကိုင်အိတ်တို့ ဖိနပ်တို့ဝယ်ရမယ်၊ ပွဲတက်ရမှာဆိုတော့"

ကိုလှမင်း သူ့ဇနီးကို မျက်မှောက်ကြုတ်ကြည့်သည်။ လက်ကတော့ အကျင့်ပါနေတဲ့အတိုင်း အိတ်ကပ်တို့ နှိုက်မိပြီးသား။

× × ×

"ဒေါ်ပြုံးချိုလား"

"ဟုတ်ကဲ့ပါ ဆရာမကြီးလားရှင်"

"ဟုတ်ပါတယ်၊ ကျွန်မ တစ်ခုစဉ်းစားမိတယ်"

"ဘာများလဲရှင်"

"ပြုံးလဲ့ချိုဆုယူဖို့ ဒေါ်ပြုံးချိုကပါ ပြင်ဆင်ထားပြီးသားဆိုတော့ တခြားကလေးတစ်ယောက်ကိုပါ စင်ပေါ်တက်ပြီး ရပ်မိရပ်ဖအနေနဲ့ ဆုပေးပေးပါလား"

"ဟုတ်လား ရပါတယ်၊ ရပါတယ်၊ လုပ်ပေးရမှာပေါ့"

"ဒါပေမယ့် မိဘပါ စင်ပေါ်တက်ဖို့ဆိုရင် နောက်ထပ်တစ်သောင်းလောက်တော့"

"ရှင်"

"အဆင်မပြေလို့လား"

"ဩော် မဟုတ်ပါဘူး၊ အဆင်ပြေပါတယ်၊ အဆင်ပြေပါတယ်"

"ဟင်းဟင်းဟင်း ဒေါ်ပြုံးချိုရေ၊ ဒါဆို ကျွန်မဖုန်းချလိုက်ပြီနော်"

× × ×

"အဖေ"

"ဟ[...]"

www.burmeseclassic.com

www.burmeseclassic.com



ကိုဘမောင် မနက်ရောင်းရန်အတွက် ပန်းစည်းကြီးများကို ရေဝတ်နှင့်အုပ်နေရာမှ သမီးခင်ခင်သက် ခေါ်သံကြောင့် မော့ကြည့်လိုက်သည်။

"ဆုဆိုတာ တော်လို့ပေးတာလား၊ ပိုက်ဆံရှိလို့ ပေးတာလား"

ကိုဘမောင်က မျက်မှောင်ကြုတ်လိုက်ပြီး

"ဘာလို့လဲ သမီးရယ်"

"ဟိုလမ်းထိပ်မှာနေတဲ့ ပြုံးလဲ့ချိုက နှစ်တိုင်းဆုတွေရပြီး၊ သမီးကျတော့ တစ်ခါမှ ဆုမရဖူးဘူး"

သမီးခင်ခင်သက်စကားကြောင့် ကိုဘမောင်စိတ်ထဲ နင်သွားသည်။

"သမီးရယ်၊ ဆုရဖို့ထက် တော်ဖို့က ပိုအရေးကြီးပါတယ်ကွယ်"

"ပြုံးလဲ့ချိုဆိုရင် အတန်းထဲမှာ တစ်ခါမှ လက်ရေးလည်း မလှဘူး၊ စာလည်းမတော်ဘူး၊ ဒါပေမယ့် ဆုရလိုက်မှဖြင့် သူချည်းရယ်"

"ဒါပဲပေါ့၊ ငါ့သမီးတော်တာ လူတိုင်းသိပါတယ်"

ခင်ခင်သက်က နှုတ်ခမ်းကို ထော်နေအောင် စူလိုက်ပြီး

"သမီးတော်တာ ဘယ်သူသိလို့လဲ၊ သမီးတစ်ခါမှ ဆုလည်းတက် မယူဖူးဘူး၊ ဆုရတဲ့ဓာတ်ပုံလည်း တစ်ပုံမှမရှိဘူး၊ အဖေ ပြုံးလဲ့ချိုတို့အိမ် သွားကြည့်ပါဦး၊ သူငယ်တန်းကတည်းက မဟုတ်ဘူး၊ သူငယ်တန်း စာမေးပွဲ မဖြေခင်ကတည်းက စပြီး ရလိုက်တဲ့ဆုဟာ ခုဆို(၄)တန်းတောင် ရောက်နေပြီ၊ ဆုမရတဲ့နှစ် တစ်နှစ်မှ မရှိဘူး"

ကိုဘမောင် သက်ပြင်းရှိုက်လိုက်သည်။ သမီးငယ်ခေါင်းလေးကို ပွတ်လိုက်ပြီး

"ငါ့သမီးလေးလည်း ဆုရအောင် မဟုတ်ဘူး၊ ဆုတက်ယူဖူးအောင် ဖေကြီးကြိုးစားကြည့်မယ်"

ခင်ခင်သက် မျက်လုံးလေးများက အရောင်လက်လာ၏။

"တကယ်"

ကိုဘမောင်ပြုံးပြီး ခေါင်းညိတ်လိုက်သည်။

"ဟေး"

× × ×

"ဘာကိစ္စလဲ"

ဥပဓိရုပ်က အသင့်အတင့်ပဲဆိုပေမယ့် နားမှစိန်နားကပ်၊ လည်တိုင်မှ စိန်လော့ကတ်၊ လက်သူကြွယ်မှ စိန်လက်စွပ်တို့၏အရောင်များကြောင့် ကျောင်းအုပ်ဆရာမကြီးမှာ အလွန်ပင် ခန့်သန့်လို့နေသည်။ ကိုဘမောင်က တံတွေးကို မျိုချလိုက်ပြီး

"ဟိုလေ၊ ကျွန်တော်က ခင်ခင်သက်တို့အဖေပါ"

"အင်း အဲဒီတော့"

ကိုဘမောင်က မရဲတရဲနှင့် ဆရာမကြီးကို ကြည့်လိုက်သည်။

"ဟိုလေ ဒီနှစ်ဆု"

ဆရာမကြီး မျက်လုံးများက နားမှစိန်နားကပ်များကဲ့သို့ ပြောင်လက်သွား၏။ မျက်နှာကိုလည်း ချိုအီနေအောင် ပြုံးလိုက်ပြီး

"သြော် ဟင်း ဟင်း ခင်ခင်သက်ကို ကျွန်မ သိတာပေါ့၊ အရမ်းလိမ္မာတာ၊ စာလည်းတော်တယ် ထင်တယ်၊ ဟင်း ဟင်း တော်မှာပါ"

"ဟုတ်ကဲ့ အဲဒါလေ၊ သမီးကလည်း ပူဆာနေတာနဲ့"

"ရတယ်၊ ရတယ်၊ စာပေဆုဆို ပိုကောင်းတာပေါ့"

"ဟုတ်ကဲ့"

> တပေဆိုက
>
> ပ၊ ဒု၊ တ ကို ငါးသောင်း၊ သုံးသောင်း၊ နှစ်သောင်း၊ ကြိုက်တာယူလို့ရတယ်၊ နှစ်ဦးနှစ်ဖက် ပြေလည်ဖို့က အဓိကပါ

"ဒါပေမယ့် ကျွန်မတို့ ကျောင်းမှာက လိုအပ်ချက်တွေ"

ဆရာမကြီး စကားမဆုံးခင် ကိုဘမောင်က ပျာပျာသလဲနှင့်

"ဟိုလေ ဆရာမကြီး၊ အလှူငွေလည်းထည့်မှာပါခင်ဗျာ"

ဆရာမကြီးက ပြုံးလိုက်ပြီး

"မိဘဆရာ ပူးပေါင်းတော့ ကောင်းတာပေါ့၊ ကောင်းတယ်၊ ကောင်းတယ်၊ စာပေဆုက ပ၊ ဒု၊ တကို ငါးသောင်း၊ သုံးသောင်း၊ နှစ်သောင်း၊ ကြိုက်တာယူလို့ရတယ်၊ နှစ်ဦးနှစ်ဖက် ပြေလည်ဖို့က အဓိကပါ"

ကိုဘမောင် မျက်လုံးပြူးသွား၏။

'ဒီလောက်တောင်များလား'

ဆရာမကြီးမျက်နှာ အနည်းငယ်တည်သွားပြီး

"ရတယ်လေ၊ စာပေဆု မနိုင်လည်း လက်ရေးလှဆု၊ ကျောင်းတက်မှန်ဆု၊ လိမ္မာရေးခြားဆု"

"အဲဒါကကော ဘယ်လောက်လဲ"

"တစ်သောင်းပါ"

www.burmeseclassic.com



ကိုဘမောင် အိတ်ကပ်ပိန်ပိန်လေးကို နှိုက်လိုက်၏။ ခပ်နွမ်းနွမ်း ထောင်တန်ငါးရွက်ကို ဖြန့်၍ ကိုင်ရင်း ဆရာမကြီးကို သွားအကုန်ဖြဲပြ၍

"ကျွန်တော်က တစ်ခါမှလည်း ဆုမယူဘူးတော့ ဟဲဟဲ ဒီလောက် ဈေးကြီးနေမှန်းမသိဘူး၊ ဟဲဟဲ၊ ကျွန်တော့်မှာ ဒါလေးပဲပါလို့ ဒီလောက်နဲ့ပဲ"

ဆရာမကြီးက မျက်လုံးစွေကြည့်ရင်း

"ဟင်းဟင်းဟင်း ကျွန်မက ဈေးရောင်းနေတာ မဟုတ်ပါဘူးရှင်၊ အဲလောက်ငွေပဲ ပါတယ်ဆိုရင်တော့ ဆုကိစ္စမဆွေးနွေးဘဲ အလှူငွေသာ ထည့်သွားပါတော့"

ကိုဘမောင် ဆတ်ခနဲ ထရပ်လိုက်ပြီး ထောင်တန်ငါးရွက်ကို အိတ်ကပ်ထဲ ပြန်ထိုးထည့်လိုက်သည်။

"စိတ်မရှိပါနဲ့ ဆရာမကြီး၊ ကျွန်တော် အဲဒီလောက်လှူရလောက်အောင် စေတနာ သဒ္ဓါတရား မကောင်းနိုင်သေးပါဘူး၊ ဆုကိစ္စကိုတော့ ကျွန်တော်တို့ မေ့လိုက်ကြတာပေါ့"

ဆရာမကြီးက ဘာမှမဖြစ်သလို ပြုံးလိုက်ပြီး

"ဟင်းဟင်းဟင်း ဒါတွေက နှစ်ဦးနှစ်ဘက် အဆင်ပြေမှ ကောင်းတာလေ၊ ကျွန်မတို့က အတင်းအကြပ်မလုပ်ပါဘူး၊ သိတယ်မဟုတ်လား။ လူတွေက မကောင်းပြောတတ်လွန်းလို့ ဟင်းဟင်း"

သမီးခင်ခင်သက်မျက်နှာကို မြင်ယောင်ပြီး ကိုဘမောင်ရင်ထဲ တင်းတင်းကြပ်ကြပ်ကြီးတော့ ဖြစ်သွားသည်။ သို့သော် မတတ်နိုင်။ သူ စိတ်ပိုင်းဖြတ်ပြီး ကျောင်းဝင်းထဲမှ ခပ်သွက်သွက်လှမ်းထွက်ခဲ့တော့သည်။

× × ×

ကိုဘမောင်တစ်ယောက် သမီးခင်ခင်သက်၏ ဆုအတွက် ရည်ရွယ်ထားသည့် ငွေငါးထောင်နှင့် ဈေးပတ်လိုက်သည်။ ဈေးထဲတွင် ပုံရောင်းနေသည့်အထဲမှ သမီးအတွက် ဂါဝန်လှလှလေးတစ်ထည် ဝယ်လိုက်သည်။ သမီးကြိုက်တတ်သည့် ပန်းသီး၊ ပျားလိမ္မော်တို့ကိုဝယ်ပြီး အိမ်နီးနားချင်းများကိုဝေရန် ဖရဲသီးတစ်လုံးပါ ဝယ်လိုက်သေးသည်။ ခုမှပဲ ကိုဘမောင်စိတ်တွေ အတော်ပင် လန်းဆန်းသွားတော့သည်။



"သမီးရေ ခင်ခင်သက်၊ ဒီမှာလာကူပါဦး"

"ဘာတွေလဲ အဖေ အများကြီးပဲ၊ ဖရဲသီးလည်းပါတယ်၊ ဒီမှာက ပန်းသီး၊ ပျားလိမ္မော်၊ ဟေး ပျော်စရာကြီး"

"သမီးအမေတို့ပါခေါ်ချည်၊ ဒီမှာ သမီးအတွက် ဝတ်စုံလည်းပါတယ်"

"အများကြီးပဲနော် အဖေ"

"ဟုတ်တယ်လေ၊ သမီး အတွက် ဆုတွေပေါ့"

သမီးငယ်က သူ့ကို နားမလည်သလို မော့ကြည့်နေ၏။

"ဘယ်မလဲ မင်းအမေ၊ မြန်မြန် လာလေကွာ၊ ဒီမယ် မင်းသမီးကို ဆုလာပေးလှည့်ဦး၊ ငါ ဟိုဘက်အိမ်က ကိုလှကြီးကို အကူအညီတောင်းပြီး ဓာတ်ပုံရိုက်ခိုင်းထားတယ်၊ သူ့မှာက ကင်မရာရှိတယ်လေ"

ထိုနေ့က ခင်ခင်သက်၏ ဆုပေးပွဲမှာ စားစရာအစုံအလင်နှင့် အတော်ပင် စည်စည်ကားကားဖြစ်သွား၏။ ခင်ခင်သက်ကလည်း အသစ်ရသည့် ဝတ်စုံလေးကို ပွတ်သပ်ရင်း ပျော်မဆုံးမော်မဆုံး ဖြစ်နေတော့၏။ ကိုလှရိုက်ပေးသည့် ဓာတ်ပုံရလျှင် မှန်ဘောင်တပ်ပြီး အိမ်တွင်ချိတ်ဆွဲထားရဦးမည်။

သမီးချော



www.burmeseclassic.com

# နိုင်ငံခြား မျက်နှာစာ

မိုးမိုး(B,Sc)

အလုပ်လုပ်သူနှင့် အလုပ်မလုပ်သူတို့ကြားတွင် အချိန်သုံးစွဲမှု အနှေးအမြန်ကွာဟချက်ရှိသည်။

အလုပ်လုပ်သူများက အချိန်နှင့်လိုက်ပြီး ရုံးတက်ရုံးဆင်း ပြေးလွှား လုပ်တိုင်ရသည်။

လစာအတွက် ရက်၊ သတ္တပတ်၊ လ၊ နှစ်တို့ကို တွက်ရသည်။


ထို့အတွက်လည်း စက္ကန့်ကို မိနစ်စား မိနစ်ကို နာရီစား၊ နာရီကို နေ့က,စား နေ့ကိုလစားကာ အချိန်အကုန်မြန်ကြသည်။

အလုပ်လက်မဲ့များအတွက် ဘာအချိန်မှ တွက်စရာမလို၊ အချိန် ကုန်လို့လဲ လခရစရာမရှိ၊ တစ်နှစ်ကုန်တာလဲ သူတို့နှင့်မဆိုင်သဖြင့် သူတို့ အတွက် အချိန်ကုန်မှုက ပို၍အရွှေ့နှေးပါသည်။

ထင်ရှားစွာ သာကေပြုရလျှင် သက်တူရွယ်တူလူနှစ်ဦး အိမ်ထောင် ပြုကြသည်ဆိုပါစို့။ အလုပ်လုပ်နေသူယောကျ်ား အသက် ငါးဆယ်ပြည့် ချိန်တွင် မှီခိုသည့် မိန်းမ၏အသက်ကို မေးကြည့်ပါ။ လေးဆယ်ကျော်ပေ့ါဟု သာ ဖြေပေလိမ့်မည်။

အလုပ်မလုပ်သဖြင့် သူ့တွင် အချိန်ပို၍ အကုန်နှေးကြောင်း သိ သာနိုင်ပါသည်။

| မှတ်နော် မှတ် | -ယောကျ်ားတို့ဘဝတွင် အရေးကြီးသော အကြောင်းသုံးခုရှိသည်။ (၁) ပိုက်ဆံ၊ (၂) မိန်းမ၊ (၃) ပိုက်ဆံရှိသောမိန်းမ။ |
|---|---|




www.burmeseclassic.com

www.burmeseclassic.com



## လမ်းခွဲဇယား

ဒီနေ့ ကျွန်တော်နဲ့လမ်းခွဲမယ်လို့ သူမပြောခဲ့တယ်။ မနေ့ညက တစ်ညလုံး ကျွန်တော်အိပ်မပျော်နိုင်ခဲ့ဘူး။ ကံဆိုးစွာနဲ့ ဒီနေ့မနက်စောစောကတည်းက မိုးရွာနေခဲ့ပြန်တယ်။ တကယ်ကို ကျွန်တော်ဘာလုပ်သင့်လဲ သေချာစဉ်းစားခဲ့တယ်။ ကျွန်တော် ထီးမဆောင်းဘဲ ခပ်စောစောထွက်လာခဲ့မိတယ်။ ကျွန်တော်တို့ နောက်ဆုံးချိန်းထားတဲ့နေရာက ထိုင်နေကျ ကော်ဖီဆိုင်အစွန်ဆုံးက စားပွဲဝိုင်းလေးမှာ။ ကျွန်တော်ရောက်တော့ သူမကရောက်နှင့်နေပြီ။ သူမ ဘာသာ ကော်ဖီတစ်ခွက် မှာသောက်နေတယ်။ ကျွန်တော်ရောက်တော့ ခံစားချက်မဲ့တဲ့မျက်လုံးနဲ့ ကြည့်နေခဲ့ပါတယ်။ ကျွန်တော် အသက်ပါပါ ပြုံးပြလိုက်ပေမယ့် သူမနှုတ်ခမ်းတွေ နှုတ်ဆိတ်နေခဲ့တယ်။ ကျွန်တော်တို့ အတန်ကြာ နှုတ်ဆိတ်နေခဲ့ကြပါတယ်။

"လမ်းခွဲတဲ့အတွက် စိတ်မကောင်းပါဘူး၊ အဲဒီအတွက်လည်း ကျွန်မ မတောင်းပန်နိုင်ဘူး"

ကျွန်တော်အတန်ကြာတဲ့အထိ ဘာမှပြန်မပြောဖြစ်ပါဘူး။ ခဏကြာတော့ သူမလက်သူကြွယ်က ပလက်တီနမ်လက်စွပ်လေးကို ချွတ်လိုက်တယ်။ ကျွန်တော့်ကို လှမ်းပေးခဲ့တယ်။ ကျွန်တော့်မှာ ပြောစရာစကား ရှားပါးနေခဲ့တယ်။

"ကျွန်မသွားတော့မယ်၊ နှုတ်ဆက်ခဲ့ပါတယ်"

ဒီတော့မှ ကျွန်တော်သတိဝင်လာပြီး သူမလက်ကို လှမ်းဆွဲလိုက်မိတယ်။ ပြီးမှ ပြန်တောင်းပန်လိုက်တယ်။

"ဒါဖြင့် ကိုယ်တို့စာရင်းရှင်းလိုက်ကြရအောင်"



ကျွန်တော် ခပ်တိုးတိုးပဲပြောပြီး အသင့်ယူလာတဲ့ မှတ်စုစာအုပ်လေးကို ထုတ်လိုက်ပါတယ်။

**လမ်းခွဲဇယား**

၁. 1st,June ကျွန်တော့်မွေးနေ့မှာ သူမကို ပထမဆုံးလက်ဆောင်ပေးခဲ့တယ်။ (Sony Ericsson Handset - တစ်သိန်းခွဲကျပ်တိတိ)

၂. 3rd,June YKKO မှာ စားကြတယ်။ (တစ်သောင်းနှစ်ထောင်ကျပ်တိတိ)

၃. 15th,June သူအိမ်ပြောင်းတာ (ဒိုင်နာကားငှားရမ်းခ တစ်သိန်းကျပ်)

၄. 30th,June သူ့အမေအတွက် CG Brand လက်ဆွဲအိတ် (လေးသောင်းခွဲကျပ်)

၅. 15th,July သူ့ငယ်ချင်းမင်္ဂလာဆောင်သွားဖို့ အင်္ကျီဖိုး (နှစ်သောင်းသုံးထောင်ကျပ်တိတိ)

၆. 30th,July အိမ်လခ စပေါ်တင်ငွေ၊ ခုထိပြန်မပေးရသေး(ရှစ်သိန်းကျပ်တိတိ)

၇. 17th,October Passport သက်တမ်းတိုးဖို့ အခွန်ဆောင်ဖိုက်ဆံမလောက်လို့ စိုက်ထားတာ(ငါးသောင်းကျပ်) (မှတ်ချက်။ လကုန်ရင်ပြန်ပေးမယ်ဆိုပြီး ခုထိမရသေး)

၈. ငွေဆောင်ကမ်းခြေသွားတော့ လက်မှတ်ခ(သူမနဲ့သူမရဲ့ သူငယ်ချင်းအတွက် လေးသောင်းကျပ်)

၉. Phone Card ဖိုး (နှစ်သောင်းကျပ်)(Date မမှတ်မိတော့)

၁၀. ၂၀၀၆-၀၇ New Year Night (Partyဖိုး သူ့အတွက်စိုက်ခသုံးသောင်းကျပ်တိတိ)

**ချစ်သူအတွက် နှစ်ချုပ်စာရင်း**

စုစုပေါင်း ရည်းစားသက်တမ်း-June to December (7 Months)

စုစုပေါင်းကုန်ကျငွေ-၁၂၇၀၀၀၀ ကျပ်တိတိ

Remarks -ရည်းစားသက်တမ်း (၇)လ အတွင်း သူမလက်တို့သာ ကိုင်ခွင့်ရခြင်း။

www.burmeseclassic.com

www.burmeseclassic.com



(ရုပ်ရှင်လက်မှတ်ဖိုးများ ထည့်မတွက်ထား ပါ။ ကျွန်တော်က လက်မှတ်ဝယ်၍ သူမက မုန့်ဝယ်သောကြောင့်ဖြစ်သည်)

"ဟင် နင် နင်"

သူမ တုန်လှုပ်စွာ ကျွန်တော့်ကို အော်လိုက်ပါတယ်။

"နောက်တစ်နှစ်အတွက်က ဟိုဘက်စာမျက်နှာမှာပါ"

ကျွန်တော် သူမမျက်နှာကိုမကြည့်ဘဲ ပြောလိုက်မိတယ်။ ဖျတ်ခနဲ သူမလက်ညှိုးလေးနဲ့ ၂၀၀၇-၀၈ နှစ်ချုပ်လေးကို တန်းခနဲ ထောက်ကြည့်လိုက်တယ်။

ငါးသိန်းခုနစ်သောင်း တစ်ထောင့်ငါးရာ ငါးဆယ်ကျပ်။

"ဟင် ငါးဆယ်က ဘာအတွက်စွန်းနေရတာလဲ"

"ချစ် ဒန်ပေါက်စားတဲ့နေ့က တစ်ရှူးလာရောင်းလို့ ဝယ်လိုက်တာလေ"

"ကိုရယ် အဲဒီလောက်တောင် မှတ်မိတာလားဟင်"

သူမ ပြောနေရင်းနဲ့ မျက်ရည်ဝိုင်းလာခဲ့ပါတယ်။ ချစ်သူသက်တမ်း တစ်လျှောက်လုံး ခေါ်ဝေါ်သုံးနှုန်းလာတဲ့ 'ကို'ဆိုတဲ့ အသုံးအနှုန်း ရုတ်တရက် ပြန်ပေါ်လာခဲ့တယ်။ ရုတ်တရက်ဆိုသလို သူမမျက်နှာထား တင်းလာပြန်တယ်။

"အေး ကောင်းပြီလေ၊ ငါ နင့်ကို လကုန်ရင် ဒီငွေတွေအားလုံး လွှဲလိုက်မယ်၊ စိတ်ချ"

သူမ ဆောက်တည်ရာမရ ထထွက်သွားခဲ့တယ်။ မြက်ခင်းပြင်ပေါ် ရောက်တော့ ဖိနပ်ချွတ်ပြီး ကျွန်တော့်ရင်ဘတ်ကို ကောက်ပေါက်လိုက်ပါတယ်။



သူမ ဒေါသသံနဲ့အတူ ငိုသံပါရော်နေခဲ့တယ်။

"ကျန်သေးတယ်"

ကျွန်တော် ခပ်ပြတ်ပြတ် ပြောမိလိုက်တယ်။

"ဘာလဲ၊ ဘာကျန်သေးလဲ၊ နင်ဘာပြန်လိုချင်သေးလဲ"

"လက်ထဲက လက်ကိုင်ဖုန်း၊ ပြီးတော့ ဒီဖိနပ်ကလည်း Anniversary တုန်းက အမှတ်တရ ပေးခဲ့တဲ့ဟာ မဟုတ်လား"

သူမ ဆောက်တည်ရာမရ ထထွက်သွားခဲ့တယ်။ မြက်ခင်းပြင်ပေါ် ရောက်တော့ ဖိနပ်ချွတ်ပြီး ကျွန်တော့်ရင်ဘတ်ကို ကောက်ပေါက်လိုက်ပါတယ်။ မိုးတွေကလည်း သဲကြီးမဲကြီးပါပဲ ရွာနေလိုက်ကြတာ။ ကြည့်ကောင်းကောင်းနဲ့ ကြည့်နေတဲ့ ပွဲကြည့်ပရိသတ်တွေလိုပဲ။ သူမ လှည့်ထွက်သွားခဲ့ပါတယ်၊ သူမငိုနေတာ ကျွန်တော်မြင်နေရတယ်။ ဒါပေမယ့် ကျွန်တော်လည်း မတတ်နိုင်တော့ဘူး။

"ခဏ ခဏနေပါဦး"

သူမ ကျွန်တော့်ကို ကိုက်စားလုမတတ် မျက်လုံးစိမ်းကြီးတွေနဲ့ ပြန်ကြည့်နေခဲ့တယ်။ သူမနဲ့ တော်တော်ဝေးနေတာတောင် အသက်ရှူသံတွေ ကြားနေရတယ်။ သူမရဲ့ပါးပြင်မှာ မိုးရေတွေလား၊ မျက်ရည်တွေလားဆိုတာ ကျွန်တော်မခွဲခြားတတ်တော့ဘူး။

"ထီးလည်း ပြန်ပေးခဲ့ဦး"

"ဘာ"

သူမခန္ဓာကိုယ် ရုတ်တရက်ဆိုသလို မိုးရေထဲမှာ ယိုင်လဲသွားခဲ့တော့တယ်

× × ×

ခုတော့ ဒီအကြောင်းတွေကို ကျွန်တော်တို့ရဲ့ မြေးတွေ၊ မြစ်တွေအထိ နှစ်ယောက်သား ဟာသပြောဖြစ်နေကြဦးမှာပါလေ။ စာဖတ်သူမောင်မယ်တွေ မိတ်ဆွေတွေလည်း ချစ်သူက လမ်းခွဲမယ်ဆို ထုတ်သုံးဖို့ လက်နှိပ်လေး ပြင်ဆင်ထားကြဦးနော်။ ဒါမှ ချစ်သူကို အကြွေးနဲ့သိမ်းလို့ရမှာ။

ရဲစတိုင်

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## တရားလိုယောက်ျားနှင့်တရားခံ

တစ်နေ့သ၌ပေါ့။ အိမ်တွင် အားအားယားယားရှိနေသော မမထွားမှာ ပျင်းပျင်းရှိလှသည်နှင့် ရပ်ကွက်ထဲမှဘော်ဒါကြီး ဒေါ်သန်းမြအားခေါ်၍ အရပ်ထဲတွင် ဖြစ်ပျက်နေသော အရေးအခင်း အတင်းအဖျင်းတို့အား ရွှေနားတော်သွင်းခိုင်းရလျှင် နိပ်အံ့ဟု ကြံစည်မိလေသည်။

မမထွားက ကြံစည်ရုံ ကြံစည်ရသေးသည်။ ဒေါ်သန်းမြမှာ မမထွားရှေ့မှောက် ငေါက်တောက်ငေါက်တောက်နှင့် ပေါက်ချလာ၏။ သူလာလျှင် သတင်းပလင်းတွေ အစုံပါလာတော့မည်ကို သိနှင့်သော မမထွားမှာ ဒေါ်သန်းမြအား မဟားဒယားပင် ကြိုဆိုလိုက်သည်။

"လာ လာ ဒေါ်သန်းမြ၊ ကျွန်မလည်း ပျင်းပျင်းရှိလို့ မျှော်နေတာ"

"သိနေတယ်လေ၊ ဒီကလည်း ပြောချင်လွန်းလို့ လာခဲ့တာပဲ"

ပြောပြောဆိုဆို ဒေါ်သန်းမြက မမထွားအိမ်ပေါ် အနွေကြီးတစ်ခွဲသားနှင့် လွှားခနဲတက်လာသည်။ ရောက်ရောက်ချင်း အမောတောင် မဖြေအား။

"ဆရာမရေ ဟိုဖက်လမ်းက နေ့ပြန်တိုးချေးစားတဲ့ မိန်းမကြီးလေ သိတယ်မဟုတ်လား"

မမထွားမှာ ရေရေရာရာမသိ။ သို့သော် လူချင်းသိဖို့ထက် သတင်းသိရဖို့ စိတ်စောနေတော့ "အင်း"ချလိုက်သည်။



"ခု ဘာဖြစ်လို့လဲ"

"သူ့ယောက်ျားနဲ့ မနေ့ညနေက ဖိုက်တင်ပလေးကြတယ်လေ"

ဒေါ်သန်းမြက မမထွားနဲ့ တွဲနေတော့ ဘိုလိုလည်း တတ်နေသည်။ နပန်းသတ်တယ်တောင် မပြော။ ဖိုက်တင်တွေ ဘောက်စင်တွေနှင့်။

"အဲဒါလေ သူ့ယောက်ျားက ကောင်လေးကို ခေါင်းရိုက်ခွဲလိုက်တယ်တဲ့"

"နေပါဦး၊ ဟိုမိန်းမကြီးက သူ့ယောက်ျားနဲ့ ရန်ဖြစ်တာ၊ ဘယ်က ကောင်လေးက မဆီမဆိုင် ပါလာတာလဲ"

"ဩော် ဆရာမကလည်း ဇာတ်လမ်းက ခုမှ စတုန်းရှိသေးတာ၊ သာမယ်လေ အဘွားကြီးက ကောင်လေးကို တိုင်ကယ်ချိတ်ထားပြီး သူကချည်း အမ်းနေတာတဲ့"

"ဘယ်လို ဟိုက တိုင်ကပ်နာရီကို ဝယ်ပြီး အမ်းတာ"

"ဟာ ဆရာမကလည်း၊ လူငယ်ဖြစ်ပြီး ပိန်းပြန်ပြီ၊ တိုင်ကယ်ဆိုတာ မျောဆွဲတာကိုပြောတာ၊ တိုင်ကပ်နာရီ မဟုတ်ဘူး၊ သူ့ယောက်ျားကြီးကလည်း ဆပ်ရှုပ်ရှုပ်ပဲ၊ မိန်းမဖက်က ပါလာတဲ့ တူမလေးကို ကြိုင်နေတာ အဘွားကြီး သိတာနဲ့ ကောင်မလေးနဲ့ ကြူတာပဲ၊ အဲဒါ အဘွားကြီးကလဲ"

"အာ နေပါဦး၊ ဒေါ်သန်းမြပြောတာတွေ နားထဲမှာ ကျပ်ပိတ်ပြီး ရှုပ်နေတာပဲ၊ ဘာလဲ ကြိုင်တာ ဘာကို ဘယ်လိုကြူတာလဲ၊ လူနားလည်အောင် သူစကားနဲ့ပဲ ပြောစမ်းပါ"

ကျွန်မလည်း စိတ်မရှည်တော့ဘဲ ထိုသို့ငေါက်လိုက်မှ ဒေါ်သန်းမြ နှုတ်တောင်လေး ပေကလပ်ပေကလပ်နှင့် ငြိမ်သွားသည်။

"ဟို ဒီလိုလေဟယ် အဘိုးကြီးက ကောင်မလေးကို ကြိုင်နေတော့"

"လာပြန်ပြီလား၊ ဒီကြိုင်တာတွေ ရှိုင်တာတွေ"

"အေး အဲဒါလေ၊ ကောင်မလေးကို သဘောကျနေတော့ အဘွားကြီးကလည်း မခံချင်စိတ်နဲ့ ကောင်လေးငယ်ငယ်တစ်ယောက်ကို တိုင် တိုင်ခဲ ဟိုဟာပေါ့၊ အဲလိုလုပ်ပြီး သူက ထောက်ပံ့နေတာတဲ့"

"အဲလို ရှင်းအောင်ပြောစမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ ဤသို့ဖြစ်ရခြင်းမှာ ဒေါ်သန်းမြ၏ အပြစ်မဟုတ်၊ မမထွား၏ မသိသားဆိုးဝါးမှုကြောင့်သာဖြစ်၏။ မြန်မာနိုင်ငံတွင် မြန်မာစကားကို တည်တည်ခန့်ခန့် မပြောချင်တော့သော ခေတ်လူငယ်များသည် အလွန်နားကလောဖွယ်ကောင်းသော အီဒီယံများကို လှိုင်လှိုင်သုံးလာကြသဖြင့် လူတိုင်းလိုလို နားယဉ်လက်ခံနေကြပေပြီ။ မမထွားကတော့ လက်မခံချင်ပေ။ အသစ်ကို မလိုလားသော ဒိတ်အောက်မမထွားလို့ ဝေဖန်လျှင်လည်း ခံလိုက်မည်၊ ကပ်သီးကပ်သပ်နိုင်လှသော ထိုစကားလုံးများကိုတော့ လွန်စွာမုန်းတီးမိ၏။

ယခုလည်းကြည့်၊ ကိုယ့်ထက် အသက်နှစ်ပြန်ကြီးနေသော ဒေါ်သန်းမြလောက်ပင် မမထွားမှာ ခေတ်မမီ ဖြစ်ရပြန်ပြီ။ ဒီတော့ ထိုအီဒီယံများကို မချစ်သော်လည်း အောင့်ကာနမ်း ဆိုသလို မနမ်းချင်လည်း ပင့်သက်တော့ရှူနိုင်အောင် ကြိုးစားရဦးမည်။

"ကဲ အဲဒီတော့ ဇာတ်လမ်းက ဘယ်လိုဖြစ်သွားလဲ ဆက်ပါဦး"

"ဇာတ်လမ်းက မစန်းခွင်ထဲ ဝင်သွားတယ်လေ"

"မစန်းက ဘယ်ကပါလာတာတုန်း"

"မစန်းက အမှုပွဲစားဆိုပါတော့၊ သူက လောင်းကစားမှု၊ ဘာမှုညာမှုတွေနဲ့ ထောင်ထဲ ခဏခဏ ရောက်ဖူးတယ်၊ ရုံးတို့ဂါတ်တို့လည်း ခဏခဏ ရောက်ဖူးတယ်၊ ဒီတော့ ရပ်ကွက်ထဲ အမှုတစ်ခုရှိရင် မစန်းနဲ့ စကားသွားပြောရတယ်"

"သူက အဲသလောက်တောင်ပဲလား"

"ဒါပေါ့၊ သူက ဟိုက သက်ဆိုင်ရာတွေနဲ့ ရင်းနှီးတယ်လေ၊ ဘယ်ရှေ့နေကောင်းတယ်၊ ဘယ်လိုဆိုတာ သူပဲသိတယ်၊ အဲဒီတော့ ရပ်ကွက်ထဲ ပြဿနာဖြစ်ရင် မစန်းအကွက်ပဲ၊ သူက အမှုကိစ္စနဲ့ပတ်သက်ပြီး ရှေ့နေရှေ့ရပ်တွေနဲ့ ချိတ်ပေးတယ်၊ ပြီးရင် ဒီကစီးပွားရေးအခြေအနေ ဘယ်လိုဆိုတာ ဟိုကလူကြီးတွေ နားထဲပို့တယ်၊ ဒီဖက်က ဘယ်လောက်ခိုင်တယ်ဆိုတာ ကြည့်ပြီး ဟိုကတောင်းရင် သူက ဈေးညှိတယ်၊ ပြီးရင် နှစ်ဖက်ခွပေါ့၊ ဟိုကရော ဒီကရော ခွပြီးတောင်းတယ်၊ အမှုတစ်ခုဖြစ်ရင် သူ့အတွက် အတော်



နိုင်တယ်"

အလို အတော်လုပ်စားတတ်သည့် မိန်းမပါလား။ ရပ်ကွက်ထဲ ရန်ဖြစ်တာကအစ ခွေးနှစ်ကောင်ကိုက်တာအဆုံး မစန်းက မျက်စိဒေါက်ထောက်ကြည့်ပြီး ဝမ်းပန်းတသာ ဩဘာပေးနေမည့် အနေအထားမှာရှိသည်။ အမြင်ကပ်ဖွယ်ကောင်းလေစွ။

"ဒါဆို သူ့စီးပွားရေးက ဒါပဲလား"

"ဟာ ဘယ်ဟုတ်မှာလဲ၊ သူက ပြေပြေလည်လည်ပဲ၊ အလုပ်ရှိတာပေါ့၊ ဟော ပြောရင်းဆိုရင်း ဟောဟိုက လာနေတာ မစန်းပဲ"

ဒေါ်သန်းမြ ညွှန်ပြရာသို့ မမထွား လှမ်းကြည့်လိုက်သည်။ အသားဖြူဖြူ အရပ်အမောင်းကောင်းကောင်းနှင့် မစန်းဆိုသူမှာ အသက်သိပ်ကြီးပုံမရသေး။ အလွန်ဆုံးရှိမှ လေးဆယ်ငါး၊ လေးဆယ့်ခြောက်သာ။ ရုပ်ရည်ကလည်း သနားကမားရှိသည့်အပြင် လက်ဝတ်လက်စားတွေက ဖိတ်ဖိတ်တောက်အောင် ဝတ်ထားသည်။ သူ့နောက်မှာ ကောင်မလေး သုံးလေးယောက်ပါလာသည်။ သမီးတွေတော့ ဟုတ်ဟန်မတူ။ ကလေးမတွေက ခပ်နွမ်းနွမ်းလေးတွေ၊ အရွယ်လေးတွေက ဆယ့်သုံး ဆယ့်လေးလောက်သာ ရှိဦးမည်။

"အဲဒါ သူ့အိမ်ကနိုင်းတဲ့ ကောင်မလေးတွေလား"

"အင်း ဆိုပါတော့၊ အိမ်မှာနိုင်းတာတော့ မဟုတ်ဘူး၊ အလုပ်မှာခိုင်းတာ၊ အခုပါသွားတာ လမ်းထဲက ကလေးမတွေလေ၊ ခမျာလေးတွေကမိသားစုလည်း များတယ်၊ ဆင်းရဲတော့ ကျောင်းမတက်နိုင်ရှာဘူး၊ အဲဒါ မစန်းက သူ့ဆီမှာခိုင်းဖို့ ခေါ်သွားတာ"

"ဘာလုပ်ခိုင်းမှာလဲ၊ ကောင်မလေးတွေက ငယ်ငယ်လေးတွေ ဆယ့်နှစ်နှစ်မပြည့်ရင် လေဘာကတ်တောင် လုပ်လို့မရတဲ့ဟာ"

"လေဘာကတ်တွေ ဘာတွေ မလိုပါဘူး၊ ကောင်မလေးတွေကကြတ်လုပ်ရမှာ"

"ဘာ"

မမထွားနှုတ်က အသံမထွက်ဘဲ ရေရွတ်မိသွား၏။ ဒီတစ်ခါတော့ ဒေါ်သန်းမြ၏ အီဒီယံကို မမထွား ကောင်းကောင်းပေါက်သွားသည်။ မမထွား

www.burmeseclassic.com



မျက်လုံးမျက်ဆန်ပြူးရင်း

"ဒီကလေးမလေးတွေကို ကြက်လုပ်ခိုင်းမှာ ဟုတ်လား"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ၊ ဘာမှလည်းပင်ပန်းတာ မဟုတ်ဘူး၊ အိမ်က အငယ်မတောင် ကျောင်းပိတ်ရင်"

"တော် တော်တော့ ဒေါ်သန်းမြ"

ကျွန်မ ပိတ်အော်လိုက်တော့ ဒေါ်သန်းမြခမျာ ကြောင်တောင်တောင်ဖြစ်သွားသည်။ ပြီးတော့ ဘာမှမဖြစ်သယောင်နှင့် ကျွန်မကို လှောင်ပြုံးပြုံးကြည့်ရင်း

"ဆရာမကလဲ ပိန်းပြန်ပြီ"

"တော် ဘာမှမပြောနဲ့၊ ကျွန်မ ဒီလောက် အသိဉာဏ်မခေါင်းပါးဘူး၊ ဒေါ်သန်းမြလည်း နားလည်ဖို့ကောင်းတယ်၊ ဒါမျိုး ကိုယ့်ကလေးကိုယ်ခိုင်းစရာလား"

"ဩော် ဆရာမနှယ်၊ ခက်တော့နေပါပြီ၊ အခုဟာက ပိုက်ဆံ"

"တော်ပြီ၊ တော်ပြီ၊ ဘာမှလာမပြောနဲ့၊ ဒေါ်သန်းမြ ခေတ်မီတယ်ဆိုတာ ဒါလား"

"ဟို ဒီလို ဆရာမရဲ့၊ ကလေးတွေလည်း မုန့်ဖိုးရ"

"ဘာမှလာမပြောနဲ့၊ ဘာမှလာမပြောနဲ့၊ မကြားချင်ဘူး၊ ဒေါ်သန်းမြလည်း ပြန်တော့၊ ကျွန်မအိမ်ကို နောက်ဘယ်တော့မှ မလာနဲ့"

ကျွန်မ၏ ယတိပြတ်စကားကြောင့် ဒေါ်သန်းမြမှာ ခေါင်းတရမ်းရမ်းနှင့် စိတ်မကောင်းစွာ ပြန်သွားတော့၏။ ဒေါ်သန်းမြပြန်သွားသည်အထိ မမထွားမှာ ဒေါသစိတ်ငယ်ထိပ် တက်နေတုန်း။ ပို၍ ဒေါသထွက်မိသည်က ဟိုမိန်းမ မစန်းဆိုတဲ့ မိန်းမကြီး၊ သားသမီးချင်း မစာနာ၊ သင်းမို့ ခိုင်းစားရက်တယ် ဆိုတဲ့အတွေးက မမထွားလို ထိခိုက်ခံစားလွယ်သူကို အသက်ရှူကြပ်လာစေသည်။

"မဖြစ်ဘူး၊ ဒီကိစ္စ လက်ပိုက်ကြည့်နေလို့ မဖြစ်တော့ဘူး"

မမထွားမှာ ထိုစကားကိုပင် နှစ်ကိုယ်ကြားလေသံနှင့် ထပ်တလဲလဲ ရေရွတ်ရင်း အိမ်ထဲတွင် ထဘီစွန်တောင်ဆွဲ၍ ခေါက်တုံ့ခေါက်ပြန်လျှောက်



နေမိ၏။ နောက်ဆုံး ဆုံးဖြတ်ချက်ကြီးတစ်ခုကို ပိုင်ပိုင်ချလိုက်သည်။ မမထွား၏ စိတ်ထဲတွင်ကား

"တွေ့ကြသေးတာပေါ့ မစန်းရယ်"ဟု ကြုံးဝါးလိုက်မိလေတော့၏။

× × ×

"ဟာ အန်တီကလဲ၊ သမီးတို့က ဘာပြောရမှာလဲ"

"အို ဘာမှ အထွေအထူး ပြောစရာမလိုဘူး၊ ဟုတ်တိုင်းမှန်ရာသာပြော၊ ဘာမှမကြောက်နဲ့၊ အန်တီထွားတစ်ယောက်လုံးရှိတယ်၊ သမီးတို့ဖက်က စားမားမတ်မတ် ရပ်တည်မယ်၊ ဟုတ်ပြီလား"

"ဟုတ်တာတော့ ဟုတ်ပါပြီ၊ သမီးတို့က အလုပ်ပျက် အကိုင်ပျက်နဲ့အထိ သက်သေလိုက်ရဦးမယ်ဆိုတော့"

ဩော် သနားစရာ ကလေးတွေပါလား။ သူ့ဖို့မှန်းမသိ ကိုယ့်ဖို့မှန်းမသိ၊ သူတို့လေးတွေ တစ်ဖက်သတ်နစ်နာနေတာတွေကို ရှင်းပေးမယ့်ဟာကိုတောင် နားမလည်ရှာသူလေးတွေပါလား ဆိုပြီး မမထွားမှာ ဂရုဏာသက်ရမြဲ၏။ သို့သော် ကိစ္စမပြီးခင် ဘယ်သူမှ ဒီလျှို့ဝှက်ချက်ကြီးကို မသိစေလိုတာမို့ ကလေးတွေကို အထွေအထူး ရှင်းပြမနေတော့ဘဲ သူတို့လေးတွေ စိတ်အေးနပ်အောင် မမထွားအိတ်ထဲက မရှိမဲ့ရှိမဲ့လေးတွေ ထုတ်ပေးခဲ့လိုက်သည်။

ဒီတော့မှ ကလေးတွေက မမထွား စည်းရုံးရာနောက် ကောက်ကောက်ပါလာမှာကိုး။

"အန်တီပြောတာ မှတ်မိတယ်နော်၊ သမီးတို့လုပ်ရတဲ့အလုပ်ရယ် သမီးတို့ကို ဟိုမိန်းမကြီးပေးတဲ့ ပိုက်ဆံ ဘယ်လောက်ဆိုတာရယ်သာ မချွင်းမချန်ပြော၊ သမီးတို့အပိုင်းက ဒါပဲ၊ ဟုတ်ပြီလား"

"ဟိုလေ အန်တီထွား၊ သမီးတို့အလုပ်လုပ်ရင် ညီမလေးလည်း တစ်ခါတလေပါတယ်၊ သူ့ကိုရော မေးဦးမှာလား"

"ဟင်"

မမထွား မျက်လုံးပြူးသွားရပြန်သည်။ ကောင်မလေးတွေထဲမှာ ဆယ့်သုံးနှစ်ဆယ့်လေးနှစ် အရွယ်တွေအပြင် ရှစ်နှစ် ကိုးနှစ်အရွယ်ကလေးလေးပါ ပါနေပြန်ပြီ။ လူမဆန်လိုက်ပုံက ကြည့်စမ်း။ မမထွား မခံချင်ဒေါသ

www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေ ထောင်းထောင်းထလာရ၏။

ကလေးတွေမေးတာပင် ကောင်းစွာမဖြေနိုင်ဘဲ အမှုလိုက်ရဲအရာရှိထံသို့ မမထွား ဒေါနှင့်မောနှင့် လျှောက်လာခဲ့၏။

"ဆရာ အမှုကတော့ ထင်ထားတာထက် ပိုပြင်းထန်နေပြီ"

"ဟင် ဟုတ်လား၊ ခု ဘာတွေထပ်ပြီး"

"အို မေးမနေနဲ့တော့ဆရာ၊ ကျွန်မ သက်သေတွေ အကုန်ခေါ်ထားပြီးပြီ၊ ဟိုမိန်းမကြီးကိုသာ မြန်မြန်ဖမ်းချုပ်ဖို့ ပြင်ထားတော့"

---

အမှု**စစ်**သည်ကို နားထောင်ကြသော ရပ်ကွက်သူ ရပ်ကွက်သား အ**ပေါင်း**တို့မှာ ကိုယ့်ထမင်းကိုယ်စားပြီး ကိုယ့်အိတ်ထဲက ကိုယ့်ဝရိတ်ထုတ်ကာ အ**ချုပ်**နှန်သို့ မြန်းလေသော မမထွားအား မည်သို့**နားလည်**ရမှန်းမသိတော့ဘဲ

---

"သက်သေ သက္ခာယလည်း ခိုင်လုံမယ်၊ သူလည်း ဒီအမှုကို အမှန်တကယ် ကျူးလွန်မယ်ဆိုရင်တော့ သေချာပေါက် ဖမ်းရမှာပါ၊ ဒါပေမယ့် ထုံးစံအတိုင်း ရုံးတင်ပြီး စစ်ဆေးမေးမြန်းတာတွေ လုပ်ရဦးမယ်လေ"

"ကျွန်မကတော့ ကလေးတွေဖက်က မခံမရပ်နိုင်လွန်းလို့ ဒီမိန်းမကြီးကို အမြန်ဆွဲစေချင်နေပြီ၊ ဒီလောက်ရက်စက်ယုတ်မာနေတာကြီးကို"

မမထွားမှာ ရဲအရာရှိနှင့် အခြေအတင် ပြောဆိုနေစဉ် တရားရုံးရှေ့သို့ ရပ်ကွက်ထဲမှ အသိတချို့နှင့် ကလေးတွေ၏မိဘများ ရောက်လာကြ၏၊ ထိုထဲတွင် ဒေါ်သန်းမြကြီးလည်း ကုပ်ချောင်းချောင်းပါလာသည်။

ရဲအရာရှိနှင့် လက်သီးလက်မောင်းတန်းကာ စကားပြောနေသော မမထွားကိုမြင်တော့ အားလုံး ဘယ်သူမှ လှမ်းမခေါ်ရဲ၊ ရှိန်ကုန်ကြသည်။ မမထွားကလည်း ထိုလူအားလုံးကို ထီမထင်ဟန် တစ်ချက်လှမ်းကြည့်ပြီး ခပ်တင်းတင်းပင် ဂိုက်ပေးထားလိုက်၏။ အားလုံးကတော့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက် မမထွားကို မဝံ့မရဲလှမ်းကြည့်လိုက်နှင့် ကွက်ကြည့်ကွက်ကြည့် လုပ်နေကြသည်။



ခဏနေတော့ သူတို့တွေနားကို မမထွား သူ့ရဲကောင်းဟန်နှင့် ခေါင်းမော့ရင်ကော့ပြီး လျှောက်သွားလိုက်၏။ တစ်ယောက်မှ ပါးစပ်ဟမလာခင်

"အားလုံး စိတ်အေးအေးထားကြပါ၊ ဒီအချိန်မှာ ရှင်တို့ ဘယ်လိုခံစားရမယ်ဆိုတာ ကျွန်မနားလည်ပါတယ်၊ လောကကြီးမှာ မတရားသဖြင့်သော အိစ္စတွေ ပ,ပျောက်ဖို့ တရားဥပဒေက ကာကွယ်ပေးပါလိမ့်မယ်၊ မမထွားလည်း ရှင်တို့ကလေးတွေဖက်က မားမားကြီး ရပ်ပေးနေပါတယ်"

ဟု ဆရာကြီးလေသံအပြည့်နှင့် ပြောလိုက်လေလျှင် ရိုးအလွန်းသော ထိုလူများမှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ငေါင်စင်းစင်းကျန်ခဲ့သည်ကို စိတ်မကောင်းဖွယ် တွေ့လိုက်ရ၏။

မမထွားလည်း အမှုလိုက်အရာရှိ၊ ရှေ့နေတို့နှင့် ဆွေးနွေးတိုင်ပင်စရာများရှိသည်မို့ သူတို့ကို ကိုယ်ဖိရင်ဖိ နှစ်သိမ့်မနေအားဘဲ ထွက်ခဲ့ရလေသည်။

× × ×

သိပ်မကြာခင်မှာပင် တရားခွင်သည် စတင်၍ အသက်ဝင်လာလေတော့၏။ အဓိက တရားခံဖြစ်သော မစန်းလည်း မျက်စိသူငယ် နားသူငယ်နှင့် ရိုးသားချင်ယောင်ဆောင်ရင်း တရားခွင်သို့ ရောက်လာ၏။ မစန်း၏ ခထုံတတ်တေး မသိနားမလည်သလို ပုံဖမ်းထားသော မျက်နှာသေကြီးကို မြင်ရသည့် မမထွားမှာ ထိန်းသိမ်းနေသည့်ကြားမှ ခွီးခနဲပင် ရယ်မိသွား၏။

ကြော် သိုးယောင်ဆောင်သော ဝံပုလွေ မကြာခင် အရေခွံကျွတ်ရတော့မှာပါလား ဟူသောအသိကြောင့် မကြာခဏ ပြုံးမိလေလျှင် စပ်ဖြဲဖြဲဖြစ်နေသော မမထွားအမူအရာကို မြင်သွားသော တရားသူကြီးမှာ မကြီးငယ်နှင့် တစ်ဖက်လူကို ပြောင်ချော်ချော်လုပ်ရသလောဟု အတွေးဝင်ကာ မျက်မှောင်ကြုတ်လေ၏။ သို့နှင့်ပင် ကိုယ့်ကိုယ်ကို ပြန်ထိန်း၍ ရုပ်တည်ကြီးနှင့် မျက်နှာကိုချိကာ "ငါဟဲ့ တရားလို"ဆိုပြီး ခပ်မော်မော် လုပ်ထားလိုက်ရသည်။ မမထွား၏ မျက်လုံးမှေးမှေးလေးတွေကတော့ မစန်းထံ၌သာ တရစ်ဝဲဝဲ အကဲ

www.burmeseclassic.com



ခတ်လူ့က် မှိုချေ၏။

ထိုစဉ်မှာပင် တရားခွင်၌ စစ်ဆေးရေးစတော့၏။ မမထွားအား ဦးစွာပထမ စစ်ဆေး၏။ မမထွားလည်း စုံစမ်းသိရှိခဲ့ရသမျှနှင့် ခုလိုရုံးတင်စစ်ဆေးနိုင်အောင် ကြိုးပမ်းခဲ့ရပုံများကို အာဘောင်အာရင်းသန်သန်နှင့် ရင်ကိုတော့တာ ဖြေလေလျှင် ကြားနာရသူအပေါင်းမှာ နှစ်ထောင်းအားရရှိလှသည်ထင့်၊ မျက်လုံးမျက်ဆန်ပြူးကာ ထူးဆန်းလှပါပေ့ဟု ခေါင်းများပင် တအုံ့တသြ ခါကုန်ကြတော့သည်။

ထို့နောက် မစန်းအားစစ်ရန် ဝက်ခြံအတွင်းသို့ ခေါ်သည်ကိုမြင်လျှင် မမထွားမှာ ဒေါသက ဟုန်းခနဲ ထွက်လာမိ၏။

"မစန်း ထိပ်တင်မမထွား ထွက်ဆိုသွားတာကို လက်ခံပါသလား"

ဟု ရှေ့နေက မေးသည်တွင် မစန်းမှာ အအ အိပ်မက်,မက်သလို ဘာပြောရမှန်း မသိဟန်နှင့် ခေါင်းကိုသာ တွင်တွင်ရမ်း၏။ ဤတွင် မနေနိုင်သော မမထွားမှပင် ဝုန်းဆိုကုန်းထ၏။

"တရားသူကြီးမင်းရှင့်၊ ဒီမိန်းမကြီးဟာ အရွယ်မရောက်သေးတဲ့ မိန်းကလေးတွေအပေါ် မတော်မတရား စေခိုင်းနေတဲ့အပြင် လုပ်အားခကိုလည်း ခေါင်းပုံဖြတ်နေတာ သေချာပါတယ်၊ သူ့လုပ်ရပ်တွေက လူကုန်ကူးမှုဖက်ကို ဦးတည်"

"ဒုံး"

မမထွားစကား မဆုံးလိုက်ရ၊ တရားသူကြီး၏တူထုသံက ပေါ်လာသည်။ ထို့နောက် အေးစက်ပြတ်တောင်းသော လေသံနှင့်

"ကိုယ့်ကိုမေးမှဖြေပါ"

ဟု တရားသူကြီးက ပြောလိုက်သောကြောင့် မမထွားမှာ အမှန်တရားပင် ဖြစ်သော်ငြား အခွင့်မသာ၍ ငြိမ်ကုတ်ကာ မျိုသိပ်လိုက်ရပြန်၏။

"ကဲ လိုပြသက်သေခေါ်မယ်"

မမထွားခေါင်းတို့ ဆတ်ခနဲ ထောင်မတ်သွားရ၏။ အဓိကသက်သေများဖြစ်သည့် ကလေးမများမှာ ရွှေစွန်ညိုဆောဒသလို တစ်ယောက်ခါးတစ်ယောက်ဖက်၍ စီတန်းနေကြသည်။ ထိုအထဲတွင် ရှစ်နှစ်ကိုးနှစ်အရွယ် နှပ်



ဇာရွဲ့ရွဲ့နှင့် ကလေးမပင်ပါ၏။

"ကဲ ကြည့်ပါဦးရှင်၊ ဒီမိန်းမကြီး ဘယ်လောက်လူမဆန်လိုက်သလဲဆိုတာ၊ ဒီလောက် ဝိစိညှောက်တောက် ကလေးကိုတောင်"

မမထွားစကားမဆုံးခင် မစန်းက ထိုင်ရာမှထကာ

"ဟို့ သူက တစ်ခါတလေမှ သူ့အစ်မတွေနဲ့ ပါလာတာပါ၊ သူ့ကိုခေတင်းမခိုင်းပါဘူးရှင်၊ သူက မုန့်ဖိုးလိုချင်"

"တော်စမ်းပါ၊ ရှင်ဘာမှ လာမပြောနဲ့၊ မိုးကြိုးပစ်တာကို ထန်းလက်နဲ့ကာလို့မရဘူးရှင့်၊ သိရဲ့လား၊ ဗို ကြာပါတယ်၊ ဒီမိန်းမကို မြန်မြန်သာဖမ်းချုပ်ပြီး ထောင်ချလိုက် ကြပါ"

"ဒုံး"

တရားသူကြီးမှာ တူကို အသားကုန်ထုချလိုက်၏။

မမထွားနှင့်မစန်း အခြေအတင် ဖြစ်နေသည်ကို တားဆီးဖို့မေ့ကာ ပါးစပ်အဟောင်းသားနှင့် ထေးနေသူတို့လည်း ယခုမှ သတိဝင်ကာ မျက်လုံးမှေးပြီ၊ လက်ကာပြကြ၊ နှုတ်ခမ်းနား လက်ညှိုးလေးတွေ ကပ်ပြနှင့် အိန္ဒြေမရ ဖြစ်ကုန်ကြ၏။

မမထွားကတော့ ဒီကလေးတွေ ဖော်ပြီးရင် မစန်းရဲ့လူမဆန်မှုက ဘူးပေါ်သလို ပေါ်တော့မှာ မို့ နေရာမှာ မိန့်မိန့်ကြီးထိုင်ချပြီး မစန်း၏ ကြောင်ကလယ်ကြောင်ကလယ် မျက်ခွက်ကြီးကိုသာ မြန်မြန်ကြီး လက်ပိုက်ကြည့်နေလိုက်တော့သည်။

"သမီး အမှန်အတိုင်းဖြေနော်၊ ဒီကမန်းက သမီးတို့ကို ဘာအလုပ် လုပ်ခိုင်းလဲ"

ကလေးမှာ မမထွားကို တစ်ချက် လှမ်းကြည့်၏။



www.burmeseclassic.com



မမထွားမှာ ကလေးမ မြင်သာအောင် ပိုက်ဆံအိတ်ကို ပါးနှင့်ကပ်ကာ တဖတ်ဖတ်ရိုက်ရင်း ပြောသာပြောဟူသော အထာနှင့် မေးကို ရှေ့သို့ နှစ်ချက်သုံးချက် ထိုးပြလိုက်၏။

"ဟို အန်တီစန်းက သမီးတို့ကို ကြက်လုပ်ခိုင်းပါတယ်"

ကလေးမ၏ စကားအဆုံး မမထွားတစ်ယောက်သာ အားရပါးရ ပြုံးလိုက်သော်လည်း အားလုံးက တေမိတွေလို လုပ်နေကြ၏။ သိပ်ပြီးမအံ့ဩ မထိတ်လန့်တဲ့သဘောပေါ့လေ၊ ထိုစဉ် တရားသူကြီးထံမှ စကားသံထွက်လာ၏။

"သက်သေကို ရှင်းအောင်ထပ်မေးပါ"

ရှေ့နေကြီးက တရားသူကြီးကို ဦးညွှတ်အရိုအသေပေးပြီး ကလေးမလေးအား မေးပြန်၏။

"သမီးတို့လုပ်ရတဲ့အလုပ်ကို အသေးစိတ်ပြောပါဦး၊ အဲ့အတွက် လုပ်အားခက ဘယ်လောက်ရလဲ"

"ဟို တစ်ကောင်ကို နှစ်ရာ သုံးရာတော့ ရပါတယ်၊ ညီမလေးဆို တစ်ရာပဲ ရပါတယ်"

မမထွားစိတ်ထဲက ကလိကလိ ဖြစ်လာပြန်၏။

"ရှေ့နေကြီး ကြားတဲ့အတိုင်းပဲ၊ ဒါ ကလေးတွေကို မတရား ခိုင်းတာပါ။ မစန်းကို အခုချက်ချင်း ဖမ်းချုပ်"

"မမေးဘဲ ဝင်မပြောပါနဲ့"

စကားမဆုံးခင် အငေါက်ခံလိုက်ရသမို့ မမထွားလည်း အောင့်သက်သက်နှင့် ပြန်ထိုင်လိုက်ရ၏။

"သမီးတို့ ဘာလုပ်ရတယ်ဆိုတာ တရားသူကြီး နားလည်အောင် ရှင်းရှင်းလင်းလင်းပြောပါ"

"ဟို သမီးတို့က အမွေးနှုတ်ရတာပါ။ သမီးတို့ နှုတ်လို့ မပြောင်ရင် ညီမလေးတို့က ထပ်နှုတ်ရတယ်"

"ဟေ ဘာ ဘာကို အမွေးနှုတ်တာလဲ"

"ရေနွေးဖျောထားတဲ့ ကြက်တွေလေ"

တရားခွင်တစ်ခုလုံး အပ်ကျသံပင် ကြားနိုင်လောက်အောင် တိတ်ဆိတ်



သွားသည်။ မမထွားလည်း ရုတ်တရက် အသက်ရှူရပ်မှာ မေ့သလို ဖြစ်သွား၏။ ပြီးမှ သတိဝင်လာကာ မသိမသာလေး ထလစ်မယ်ကြံတော့ ရဲမေနှစ်ယောက် မမထွားဘေးရောက်လာပြီး လက်တစ်ဖက်ဆီကို ဆွဲချုပ်လိုက်တော့သည်။

"ဟို ဟိုလေ၊ မမရဲမေတို့ သူများ အိမ်ခဏပြန်ချင်လို့"

"မရပါဘူးရှင်၊ ရုံးတော်ကို မထီမဲ့မြင်ပြုမှု ဝတ္တရားနှောင့်ယှက်မှုနဲ့ ဖမ်းလိုက်ပါပြီ"

"ဟင် ဂစ် ဂစ်"

မမထွားမှာ ရုတ်တရက်ကြီး ကိုယ့်ကိုဖမ်းပြီဆိုတာ ကြားလိုက်ရတော့ ထိတ်ဖြုလန့်လျက် တောင့်တောင့်ကြီးဖြစ်သွား၏။ ထိုစဉ်

"အန်တီထွား အန်တီထွား၊ ဒီမှာ သမီးညီမလေးကို မုန့်ဖိုးပေးဦးလေ၊ သူလည်း ဝင်ပြောပေးဖို့ ပါလာတာ၊ နောက်တစ်ခါလိုလည်း ခေါ်နော်"

"ဟင် ငါ့ကို အမှုပိုကြီးအောင်လုပ်၊ လုပ် ဂစ် ဂစ်"

မမထွား ဂစ်သွားပြန်ရာ ရဲမေနှစ်ယောက်မှာ ဒါမျိုးတွေ ရိုးနေပြီဖြစ်သဖြင့် တောင့်တောင့်ကြီးဂစ်နေသော မမထွားအား ဝတ္တရားအတိုင်း သတိလည်အောင် နားပန်ကျင်းကာ ဆွဲခေါ်သွားလေသည်။

တရားရုံးသို့လာ၍ အမှုစစ်သည်ကို နားထောင်ကြသော ရပ်ကွက်သူရပ်ကွက်သား အပေါင်းတို့မှာ ကိုယ့်ထမင်းကိုယ်စားပြီး ကိုယ့်အိတ်ထဲက ကိုယ့်စရိတ်ထုတ်ကာ အချုပ်နန်းသို့ မြန်းလေသော မမထွားအား မည်သို့နားလည်ရမှန်းမသိတော့ဘဲ ခေါင်းတွေသာ တွင်တွင်ရမ်း၍ ကျန်ခဲ့ရတော့၏။

ထိုအထဲတွင်မှ မမထွားအဖြစ်ကို နားမလည်နိုင်ဆုံးမှာ လည်မလိုလို တုံးနေသော သူ့ဘော်ဒါကြီး ဒေါ်သန်းမြပင်တည်း။

ဒေါ်သန်းမြစိတ်ထဲမှာလဲ

"တရားလို မမထွားကနေ ဘယ့်နှယ်ကြောင့် တရားခံမမထွား ဖြစ်သွားရတာလဲ"

ကြည်နုခေတ်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ဘီကိုကာယ

ကျောင်းသို့ရောက်ပြီး တစ်ပတ်နှစ်ပတ်အတွင်း အရာရာ အသားကျလာသည်။ ဒေါင်းတင်မောင်းတင် အမျိုးသမီးများကို မွေးထုတ်ပေးသည့် သဇင်ဆောင်နှင့် ဂျီဟောကို ပိုင်ဆိုင်ထားသည့် ဤစက်မှုတက္ကသိုလ်၏ အတန်းတူ သစ်လွင်မိန်းမပျိုများမှအစ ဖိုင်နယ်မမကြီးများအထိ နာမည်နှင့်လူစာရင်း အတော်အတန်ပြုစုပြီး ဖြစ်သွားသည်။ အမြို့မြို့၊ အနယ်နယ်၊ အရပ်ရပ်မှ ကျောင်းသူကျောင်းသားများ စုရုံးနေသည့် ဤကျောင်းတော်ကြီးတွင် ရန်ကုန်သားလူလည်တစ်ဦးအနေဖြင့် အတော်တွင်ကျယ်နေပေသည်။ မိတက်ွဲဖတက်ွဲ မျက်စိသူငယ်၊ နားသူငယ်နှင့် မအူမလည် မြို့ရွာနယ်ပယ် အသီးသီးမှ ရောက်လာကုန်သော တောကျောင်းသားများအပေါ် ဟန်ရေးထုတ်၍ ဆရာလုပ်ရသည်ကလည်း အမော။

"သံဘူးတစ်ခွက်"

"ပုဏ္ဏား ဝမ်း"

"စက်ဘွပူ ဝမ်း"



"ဂိတ်ဆုံး"

စသည်ဖြင့် တက္ကသိုလ်ကျောင်းတွင် သုံးစွဲသည့် လက်ဖက်ရည်ဆိုင်မှာနည်းများကို အော်ကြီးဟစ်ကျယ်မှာယူကာ ကျရည်ပေါ့ချိုဆိမ့်လောက်ကိုသာ လက်ဖက်ရည်ဟုထင်သော နယ်ကျောင်းသားများရှေ့ ခပ်စွာစွာ ဟန်ရေးထုတ်ခြင်းပြုသည်။ ပေါင်ကြစ်ကြပ်၊ ခြေသလုံးပွပွ ခေါင်းလောင်းဘောင်းဘီကိုဝတ်၊ ချွန်ချွန်ရှည်ရှည် ကော်လံအကျီ အိတ်ပေါင်းများစွာ၊ ကြယ်သီးပေါင်းများနှာပါသော အကျီကိုဝတ်၊ ဆံပင်ဘုတ်သိုက်နှင့် ခါးပတ်အပြားကြီးကြီးကို ဆင်၍ တီ-စကွဲယားကိုကိုင် စက်မှုတက္ကသိုလ်တံဆိပ်ပါသော ပစ္စည်းမျိုးစုံကို ခန္ဓာကိုယ်အနှံ့ချိတ်ဆွဲကာ စံဇာဇာဘိုတစ်ယောက် ဟန်ရေးတပြပြနှင့် မာန်သွေးဆနေသည်။

ရန်ကုန်ကျောင်းသားများအပေါ် လွှမ်းမိုးစိုးမိုးနိုင်သော နယ်ကျောင်းသားသူရဲကောင်းတစ်ဦး ပေါ်ထွန်းလာသည်။ ထိုသူကား ထိုခေတ်၊ ထိုကာလမြို့ကုန်းကျောင်းတွင် တက်ကြသည့် ကျောင်းသူ၊ ကျောင်းသားအပေါင်းမှသိသူရှားလှသည့် အဘဇော်သန့်ဟူသော ဟသ်ာတသားတစ်ဦးဖြစ်သည်။ ခယ်ပြားစေ့နှင့်တူသောမျက်နှာ၊ ကော်ကိုင်းမျက်မှန်ထူထူနှင့် ဝဝဖိုင့်ဖိုင့်၊ ရုပ်ရှင်မင်းသား ကောလိပ်ဂျင်နေဝင်း ဟန်ပန်နှင့် စကားပြောတတ်သူ ဖြစ်သည်။ ဟိတ်ဟန်အလွန်ကောင်း၍ ပထမနှစ်သစ်လွင် ကျောင်းသားဘဝအစ တစ်ပတ်အတွင်း ကျောင်းကြီးတစ်ကျောင်းလုံး မသိသူမရှိလောက်အောင် ထင်ရှားသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာသည်။

သမိုင်းဝင်းအတွင်း တည်ရှိသော စက်မှုတက္ကသိုလ် ကျောင်းသားတို့ နေထိုင်ရာ အင်းလေးဆောင်သို့ သူနိုးဝင်၏။ ကျောင်းဖွင့်ကာစ အချိန်ကာလ ဆရာ အပေါင်ဆိုင်သို့ မရောက်သေးသည့် ဝတ်ကောင်းစားလှများကို ကောက်ခိုးယူခြင်းဖြစ်သည်။ တက်ညီလက်ညီနှင့် ပိုင်းဝန်းဖမ်းလေသော် သည် ကြောင်တစ်အုပ်အကြား ကားရားမိနေသော ကြွက်တစ်ကောင် ကျောင်းသားများ၏ လက်အတွင်း သက်ဆင်းရလေသည်။ ဆူညံညံနေသော သူခိုးဖမ်းမိသည့်နေရာသို့ လူတစ်ယောက် ရောက်ရှိလာသည်။ ဆောင်နေအတန်းကြီး ကျောင်းသားများက တရိုတသေ လမ်းဖယ်ပေးကြ

www.burmeseclassic.com



သည်။ အော်ဟစ်ဆူညံနေသော အသံများသည်လည်း ဖျတ်ခနဲ ရပ်တန့်သွားသည်။ သူခိုးအား ချုပ်ကိုင်ထားသူကလည်း ဝင်ရောက်လာသူထံ သူခိုးကို ဆွဲခေါ်သွားသည်။ မျက်နှာငယ်နှင့် သူခိုးသည်လည်း ငုတ်တုတ်ထိုင်၍ လက်အုပ်ချီကာ

"အဘရယ် ကျွန်တော့်ကို ကယ်ပါဦး"

အစချီကာ တတွတ်တွတ် တောင်းပန်သည်။ ကွမ်းတမြုံ့မြုံ့နှင့် ထိုသူက သူခိုးအား လက်ပိုက်ကာ စေ့စေ့ကြည့်၍ ဘာမှမပြော။ ခေါင်းတညိတ်ညိတ်လုပ်နေသည်။ ထိုစဉ် အဆောင်မှူးရောက်ရှိလာ၍ သူခိုးကို သက်ဆိုင်ရာရဲလက်သို့ အပ်နှံသည်။ အဆောင်အတွင်း ဝင်လာသူသည် ဧည့်ခန်းအတွင်း ခပ်မိန့်မိန့်ကြီး ထိုင်နေသည်။ ကျောင်းသားများက ထိုသူကို ချောင်းမြောင်း၍ကြည့်ကြသည်။ အဆောင်မှူးနှင့် ပောကျူတာဆရာများက အဆောင်ဧည့်ခန်းအတွင်း ကျကျနနထိုင်နေသော သူ့ထံချဉ်းကပ်ကာ

"ကျွန်တော်တို့ ဘာများဆောင်ရွက်ပေးရပါမလဲ ခင်ဗျာ"မေးလေသော်

"ကျွန်တော် ဖတ်စ်ရီးယား ဖရက်ရှာကျောင်းသားပါ ဆရာ၊ ဒီအဆောင်မှာ နေပါတယ်၊ ကျွန်တော့်နာမည် ဇော်သန့်ပါ၊ ဟည်္သာတကပါ"

ဤသို့ဖြေသံကြားသော် အဆောင်မှူးသည် ခွက်ခွက်လန်အောင် ရယ်မောလေသည်။ ပောကျူတာဆရာများ အပါအဝင် ကျောင်းသားများလည်း ပြုံးစေ့စေ့ ဖြစ်ကြကုန်သည်။

ဟင်္သာတသား ကိုဇော်သန့်သည်ကား ဆယ်တန်းနေ့ကျောင်းကို တဖုန်းဖုန်းကျ၊ ညကျောင်းတွင်လည်း တဒိုင်းဒိုင်းကျကာ တက္ကသိုလ်ဝင်တန်းကို ဖွဲကြီးကြီးနှင့် ဖြေလာသူဖြစ်သည်။ ရွယ်တူများ၊ ဘွဲ့ရ၊ အလုပ်ရ၊ တက္ကသိုလ်တွင် ဆရာပြန်ဖြစ်နေချိန်ရောက်မှ စက်မှုတက္ကသိုလ်တွင် ပထမနှစ် စတင်တက်ရမည့်သူဖြစ်ပေရာ အတန်းသူကျောင်းသားများထက် ရင့်ကျက်နေသူဖြစ်သည်။ အင်းလေးဆောင်တွင်ဖမ်းမိသော သူခိုးခေါ်ခဲ့သည့် 'အဘ'ဟူသော အမည်ဖြင့် တစ်ကျောင်းလုံးတွင် ကျော်ကြားကာ အလွန်နာမည်ကြီး မျက်နှာပွင့်ခဲ့သည်။



ဤအဘဇော်သန့်သည်ကား ရန်ကုန်သား မလည်ရှုပ် စံ-ဇာဂနီဘိုး၏ လက်ဦးဆရာပေတည်း။ အမည်အလိုက် ခုံနံပါတ်စီ၍ အတန်းများခွဲသော အခါ section-B အမည်ရှိသော အတန်းခွဲ(ခ)တွင် အင်္ဂါနီများဖြစ်သည့် ■ ဆ၊ ဈ ဈ၊ည အမည်စသူ အုပ်စုပေါင်းမိလေရာ ထိုခေတ်ထိုကာလတွင် အတော်အတန် ဆိုးတေသော ကျောင်းသားအများစုရှိသည့် တန်းခွဲဟူ၍ သိများလေသည်။ ပေပေတေတေ ကျောင်းသားများအလယ်၌ ကေသရာဇာ ခြင်္သေ့မင်းသဖွယ် ခပ်တည်တည်နှင့် ကိုဇော်သန့် စံစားသည်။ ကာလသားတို့ သိအပ်သည့် သျှတ္တရကျမ်းအဖုံဖုံ အာဂုံဆောင်နိုင်သူဖြစ်သည်။ အဌာရသ အဖြာဖြာကိုလည်း တတ်သိသူဖြစ်သည်။ ကာလသားပေါက်များ ဖြစ်သည့် စံ-ဇာဂနီဘိုအပါအဝင် ကျောင်းသားတို့အား ပါးစပ်အဟောင်းသားဖြစ်လောက်အောင် သွားရည်တမြားမြားကျလောက်အောင်၊ သဲထိတ်ရင်ဖိုဖြစ်အောင်၊ ထ၀ဲ၀ဲ တဟားဟား ဖြစ်အောင် အာဝဇ္ဇန်းကောင်းကောင်းနှင့် ထိန်းနိုင်သူ ဖြစ်သည်။ ရည်းစားစာရေးသောအခါလည်း အားလုံးက ဆရာတင်ရသည်။ မင်းကျော်၊ မြင့်နီ၊ ကရမက်၊ တက္ကသိုလ်ဘုန်းနိုင်၊ တက္ကသိုလ် ခင်မောင်အေးစ သော စာရေးဆရာများ၏ နုနုရွရွစာလုံးလေးများကို ရွတ်ဆိုနိုင်သည်။ ဒေါင်းနွယ်ဆွေ၏ကဗျာ မိမိမုန်းကို ဒေါင်းဒေါင်းပြေးရွတ်ဆိုနိုင်ကာ မောင်ပန်းမွှေးမှ ■ ရာဘင်ဒြာနတ်တဂိုးအဆုံး အချစ်စာပေကဗျာ အလုံးစုံကို နှံ့စပ်သောသူ ဖြစ်ပေရာ နောင်တစ်ခေတ်တွင် 'စာရေးဆရာ နွမ်ကျာသိုင်း'ဟူ၍ ကျော်ကြားသော ■ လူရည်ချွန် 'ဝင်းမြင့်မောင်'မှအစ သဘောကျ စံထားရသူဖြစ်သည်။ ကိုဇော်သန့် ရေးပေးလိုက်သော ရည်းစားစာဖြင့် အဆင်ပြေသွားသူများ မနည်း ■ ။ အထူးခြားဆုံးသော အရည်အချင်းသည်ကား ဗေဒင်၊ ဂမ္ဘီရပညာရပ် ■ အတော်အတန် တီးမိခေါက်မိသူတစ်ဦးဖြစ်ခြင်းတည်း။

လူတစ်ဦးတစ်ယောက် အသက်ဘယ်လောက်ရှိပြီ၊ ဘယ်နေ့သား ဖြစ်သည်ဟုပြောရုံဖြင့် နဂိုခပ်မှေးမှေးဖြစ်သော မျက်လုံးအစုံအား ထပ်၍မှေး ■ စားပွဲကို တဒေါက်ဒေါက်ခေါက်၍ ဖူးစာရှင်ပုံသဏ္ဌာန်၊ အမည်တွင် ပါ ■ သော အက္ခရာတို့မှအစ ဘယ်သို့ဘယ်ပုံ အချစ်ရေးကြုံမည်ကို ဒိုးဒိုးဒေါက် ■ ဟောပြနိုင်ခြင်းဖြစ်သည်။ ဗေဒင်အတတ်အား အရူးအမူးလို လားနေ

> ကိုဇော်သန့်ကြီးလည်း အိပ်မက်မှ နိုးထလာသူအလား ဘာမေးချင်တာလဲ၊ ဘာကိုစွလဲဟု၍ပင် မေးမြန်းနိုင်ခြင်း မရှိတော့ဘဲ မျက်လုံးကြီးပြူး၍ အပြတ်ငေးကာ အားရပါးရ ထေင်ဟောတော့သည်။

သော စံ-ဇာဏီဘိုအတွက် ဆရာကောင်းတစ်ဦး တွေ့သည့်အတွက် အားတက်စရာတည်း။

အဘဇော်သန့်အတွက် အဘအကြိုက် 'မြန်မာဆေး၊ အာမွေး၊ စမုံစပါးနှင့် ကွမ်းယာကို ကျောင်းအပြင် တစ်မျှော်တစ်ခေါ် ဝေးလံသော အရပ်ရှိ ကွမ်းယာဆိုင်မှ သွားရောက်ဝယ်ယူဆက်သ ရသည်မှာအမော။ ကိုဇော်သန့်တွင်ကား ကျောင်း မတက်မီအချိန် မော်တော်ကားများရပ်သည့် ကားပါကင် တွင်ရှိသော ပေါက်စီဆိုင်နံဘေး ဗေဒင်မေး ပရိသတ် နှင့်အပြည့်။ ထမင်းစားချိန်၊ ကင်န်တင်းတွင်လည်း ဗေဒင်မေး ကျောင်းသူကျောင်းသားများ ဝန်းရံ လျက်၊ ထို့ထက်မက အိပ်ချိန်အဆောင်တံခါးခေါက် ၍ ကွမ်း၊ ဆေးလိပ်၊ မုန့်၊ လက်ဖက်ရည်တိုက်ကျွေး ကာ ဗေဒင်မေးသူကလည်းမရှား။ စက်မှုတက္ကသိုလ် ၏ 'အချစ်ပုရောဟိတ်'တစ်ပါးအဖြစ် ကျော်ကြား လာသည်။ တခြားတက္ကသိုလ်ဝန်းကျင်အထိ ပန်း သတင်းလေညှင်းဆောင်သည့်အလား လူသိများလာ ၏။ အချစ်ပုရောဟိတ်ကြီးထံပါး ပညာခံယူနေသည့် စံ-ဇာဏီဘိုကား ကာလအတန်ကြာ ကွမ်းဆက်သရ သော အကျိုးကြောင့် ၎င်းလက်ကိုင်သုံးစွဲသော ဗေဒင် ပညာရပ်ကြီးကို ဆရာစားမချန် လျှို့ဝှက်စွာသင် ကြားပေးခြင်း ခံခဲ့ရ၏။

"လူတစ်ယောက်ရဲ့အသက်ကိုမေး၊ ရောက် နေတဲ့ မြန်မာကောဇာခုနှစ်ထဲကနေနှုတ်၊ နှုတ်ပြီး ရထားတဲ့ရလဒ်ကို ခုနစ်နဲ့စား၊ အကြွင်းကိုမှတ်၊ အကြွင်းကို တစ်နဲ့ပေါင်း၊ ရရှိတဲ့ဂဏန်းဟာ ဖူးစာရှင် ရဲ့နေ့နံ"



ဤဖော်မြူလာသော့ချက်ကို ပေးလေသော် တွက်ချက် သောအခါ အတော်ဟန်ကျကြောင်း တွေ့ရှိရသည်။ ထွက်ပေါ်လာသော ဂဏန်းများ အလိုက် တွဲဖက်နေသည့် အက္ခရာ၊ ပိုင် ဆိုင်နေသည့် ဓာတ်(မာတ်ဖို၊ ဓာတ်မ)မှ အစ ဇယားကွက်ကို ပေး၍ စံ-ဇာဏီဘိုအား အလွတ်ကျက်မှတ်စေသည်။

အတတ်ပညာ၏သော့ချက်ကို ရလင့်ကစား ကိုဇော်သန့်ကြီးကဲ့သို့ အာဝဇ္ဇန်းရွှင်စွာ ပြောနိုင်ခြင်းမရှိသေးရာ ဟောပြောမှုပြုတိုင်း တကောက် ကောက်လိုက်ကာ ပြောပုံ၊ ဆိုလက် ဟန်ပန်ကို အတုခိုးရလေသည်။

တစ်နေ့သောအခါ မိန်းမလှကျွန်းဟု အမည်ကျော်ကြားလှသည့် သွားရေးတက္ကသိုလ်မှ မိန်းမပျိုတစ်သိုက်က ၎င်းတို့ထံလာရောက်၍ ဗေဒင် ဟောပါရန် အနူးအညွတ်ဖိတ်ကြားသည်။ ကျောင်းသားတိုင်း ဝိုင်းဝန်း၍ အားကျ ကြကုန်သည်။ လက်တိုလက်တောင်း အဖော်လိုက်လိုသူများ ဝန်းရံနေသည်။ ထိုသူများအကြားမှ ထူးခြားစွာကံကောင်းသူကား စံ-ဇာဏီဘိုပေတည်း။

"ဇာဏီ ငါနဲ့လိုက်ခဲ့ကွာ"

စကားကြားသောအခါ အားလုံးက စံ-ဇာဏီဘိုကို ဝိုင်းဝန်းမနာလို ကြကုန်သည်။ မိန်းမလှကျွန်းသို့ သွားရမည့် အတွေးဖြင့် ဆရာတပည့်နှစ်ယောက် ညောင်မဆုံး၊ မော်မဆုံး ရှိကြကုန်သည်။ ချိန်းဆိုထားသော စနေနေ့သို့ရောက်ပေ ပြီ။ ထိုကာလတွင် တက္ကသိုလ်များသည် စနေနေ့ဝက် ကျောင်းတက်ရသည်။ ထိုသို့ ဗေဒင်အဟောသွားကြမည့်သူနှစ်ဦးအား ဝိုင်းဝန်းကြည့်ရှုသူများ၊ လိုက်လံပို့ဆောင်သူများဖြင့် စည်ကားလှသည်။ အခါတိုင်း ကျောင်းနောက်ကျ သူများပင် စောစီးစွာ ရောက်ရှိလာကြသည်။ အချစ်ပုရောဟိတ်ကြီး ကိုဇော် သန့်နှင့် နောက်လိုက်တပည့် စံ-ဇာဏီဘိုတို့အား မောင်ရင်လောင်းများသဖွယ် အလယ်မှာထား၍ ကားဂိတ်သို့ လိုက်လံပို့ဆောင်ကြသည်။

ကားပေါ်အတက် လက်ခုပ်တဖြောင်းဖြောင်းတီး၍ ဩဘာပေးကြ ကုန်၏။ အလွန်ကြပ်လှသော နံပါတ်(၈)ကား၏ ဝင်ပေါက်ခြေနင်းခုံတွင် တိုး ဝှေ့တွဲလောင်း စီးနင်းသွားသော ကိုဇော်သန့်နှင့် စံ-ဇာဏီဘိုတို့အား ဝိုင်းဝန်း ငေးပြုကြ၏။ ကျောင်းမှ စံရိပ်ငြိမ်မှတ်တိုင်သို့ တစ်ယောက်လျှင် ကားခ ငါးမူးစီပြားပေးရသည်။ ဗေဒင်ဆရာကြီး ကိုဇော်သန့်၌လည်း ကောင်း၊ နောက်

www.burmeseclassic.com



လိုက်တပည့် စံ-ဇာဏီဘိုဦးလည်းကောင်း၊ နှစ်ယောက်ပေါင်းမှ ပြား(၂၀)သာ ပါသည်။

ကားစပယ်ယာအား တောင်းတောင်းပန်ပန် စီးနင်းရင်း စံရိပ်ငြိမ်သို့ ရောက်လာသည်။

"ဘယ်လိုပြန်ကြမလဲ၊ ပိုက်ဆံတစ်ပြားမှ မရှိတော့ဘူး"

စံ-ဇာဏီဘိုက စိုးရိမ်တကြီးမေးလေသော်

"မပူနဲ့လကွာ၊ ငါတစ်ယောက်လုံးရှိတာပဲ"

ခပ်ပြုံးပြုံးဖြေပြီး အိတ်ထဲမှ ကွမ်းယာထုတ်၍ တမြုံ့မြုံ့ဝါးကာ ကိုဇော်သန့်မှာ ဦးဆောင်၍ လမ်းကြိုလမ်းကြားများမှဖြတ်ကာ၊ စီးပွားရေးတက္ကသိုလ်သို့ ရောက်ရှိခဲ့သည်။ ချိန်းဆိုထားသည့်ကျောင်းရှေ့ တရုတ်စကားပင်ကြီး အောက်တွင် မိန်းမပျိုများစောင့်ဆိုင်းနေကြသည်။ စီးပွားရေးတက္ကသိုလ်ပင်မ ဆောင်အောက်ထပ်ရှိ L.C.R နံဘေး စာသင်ခန်းလွတ်အတွင်း နေရာချပေးသည်။ ပိုက်ဆံတစ်ပြားမှ မပေးရဘဲ လာရောက်ဟောပြောသည့်အတွက် အခါတိုင်း စီးပွားတွက် တွက်၍ ကပ်စေးနှဲလှသည့် အိကိုကျောင်းသူများအဖွဲ့ အလကား ဗေဒင်မေးရမည့်ကိစ္စအပေါ် စိတ်ဝင်တစားနှင့် ကျိတ်ကျိတ်တိုးစည်ကားနေသည်။ တင့်တယ်လှပသည့် မိန်းမပျိုများစာရင်းကို စံ-ဇာဏီဘိုကကောက်ယူ၍ အစဉ်အတိုင်းစီ၍ ကိုဇော်သန့်ထံ တစ်ဦးပြီးတစ်ဦးလွှတ်ကာ ဗေဒင်ဟောပြောကြသည်။ အားရပျော်ရွှင်ဖွယ်ရာ ကောင်းလှပါဘိ။

ပေးထားသောနေရာတွင် ကိုဇော်သန့်ကြီးက အကျအနထိုင်၍ "ဘာကြောင့် မေးချင်တာလဲ၊ ဘာကိစ္စလဲ"

စသည်ဖြင့် ဟိတ်ဟန်ကောင်းကောင်းဖြင့် မေးခွန်းများ မေး၍ မျက်လုံးမှိတ်လိုက်၊ ခေါင်းမော့လိုက်၊ ခုံကို တဒေါက်ဒေါက် ခေါက်လိုက်နှင့် စတိုင်ကျကျ မှင်မောင်းအပြည့်နှင့်ဟောလေသော် မေးမြန်းသူမိန်းမပျိုအားလုံး ဟင်ခနဲ ဟာခနဲ ဖြစ်ကြကုန်သည်။ တစ်ဦးနှင့်တစ်ဦး တွန်းလိုက်၊ ထိုးလိုက်၊ တခိခိသဘောကျလိုက်နှင့် တဖြည်းဖြည်း လူများသည်ထက်များလာသည်။ တချို့က သဘောကျလွန်း၍ အချဉ်ထုပ်ကိုကျွေးသည်။ တကူးတက ယူဆောင်လာသော လက်ဖက်သုပ်၊ ဂျင်းသုပ်များကျွေးသည်။ 'ဦးယမ်းဘီလူး'ဆိုင်မှ အအေး



အသုပ်စုံများလည်း အပြိုင်အဆိုင် ကျွေးမွေးကြသည်။ ပိုက်ဆံမယူဘဲ ဟောပြောလင့်ကစား ဧည့်ခံသည့် အစားအသောက်များ မြိုင်ဆိုင်လှပေသည်။ တစ်ဦးပြီးတစ်ဦး လက်မလည်အောင် ဟောနေရသော ကိုဇော်သန့်မှာ အစားအသောက်များကို လက်နှင့်ပင်မထိနိုင်၊ လူပိန်သလောက် အစားပုပ်လှသော စံ-ဇာဏီဘိုကား ဝေဿန္တရာဇာတ်တော်ကြီးမှ ဇူဇကာပုဏ္ဏားသေ၍ ဝင်စားသည့်အလား တစ်မျိုးပြီးတစ်မျိုး အပြတ်တွယ်၏။

စံ-ဇာဏီဘို အစားအသောက်များ အားရပါးရ စားနေစဉ် အလွန်သင်းပျံ့သောမွှေးရနံ့တစ်ခု ရရှိသည်။ တရှပ်ရှပ်မြည်သော ဖိနပ်သံကိုကြားရသည်။ မော့ကြည့်လိုက်သောအခါ အလွန်လှပတင့်တယ်သည့် အမျိုးသမီးတစ်ဦးကို တွေ့ရှိသည်။ ထိုခေတ်ကာလ ခေတ်စားနေသော မင်းသမီးနွဲ့နွဲ့မူ၏ ကိုယ်လုံးကိုယ်ပေါက်၊ အကယ်ဒမီ ခင်သန်းနု၏ မျက်နှာပေး၊ ဆံပင်အား နောက်သို့လှန်၍ ဖားလျားချထားကာ၊ နှုတ်ခမ်းနီရဲရဲ၊ နားကွင်းတွဲလွဲ၊ ခေတ်စားနေသော ထဘီဝတ်ပုံ၊ ဘူးပွင့်လက်ပွ အင်္ကျီလည်ဟိုက်၊ အလွန်ပါးလွှာသော နှုတ်ခမ်း ဦးချွန်ကိုဖိလျက် လှုပ်လီလှုပ်လဲ့ ဤမိန်းမပျိုကို မိန်းမအချင်းချင်းပင် အားကျသော အကြည့်ဖြင့် ကြည့်ကြရသည်။

"မ,လည်း မေးချင်တယ်"

ထွက်ပေါ်လာသောအသံသည် ဆည်းလည်းသံအလား သာယာချိုအေးနွဲ့နှောင်းလှသည်။ တယောသံအလား ချွဲချွဲနွဲ့နွဲ့ရှိလှသည်။

"ကျွန်တော့်ဆီ လာစာရင်းပေး၊ ရှေ့မှာ အများကြီးစောင့်ရဦးမှာ"

ဗေဒင်ဆရာလက်ထောက် စံ-ဇာဏီဘိုက ပြောလေသော်

"မ,ရဲ့နာမည် ခိုင်"

"တစ်လုံးတည်းလား"

"ဟုတ်တယ် ခိုင်ပေါ့၊ ခိုင်လို့မခေါ်ချင် မမလို့ခေါ်ပေါ့၊ ရပါတယ်"

ခပ်နွဲ့နွဲ့ပြောလေသော် စံ-ဇာဏီဘိုသည် ရှေ့တွင်စာရင်းရှိသူများကို ကျော်ဖြတ်ပြီး

"မမ လာ"

ဦးဆောင်ခေါ်ယူကာ ကိုဇော်သန့်ဆီ အရောက်ပို့၏။ အရင်ရောက်

www.burmeseclassic.com

www.burmeseclassic.com



နှင့်နေပြီးသော မိန်းမပျိုအားလုံးတို့သည်ကား လမင်းကြီးထွက်ပြူလာသော အခါ ကြယ်အလင်းတို့ မှေးမှိန်ရသည့်အလား သူမအလှအောက်တွင် မြုပ်ကွယ်ကြရသည်။ အပျိုပု၊ အပျိုရှည်၊ အပျိုပိန်၊ အပျိုဝတို့သည် စံ-ဇာဏီဘို အား ဝိုင်းဝန်းမျက်စောင်းထိုးကြပြီး

"အခုနက အအေးတိုက်ထားတာလေ"

"အိုင်က အချဉ်ထုပ်နှစ်ထုပ်တောင် ပေးထားတာ"

"သူများယူလာတဲ့ လက်ဖက်သုပ်ကို အကုန်စားပြီးတော့ ဟင်း"

စသည်ဖြင့် မကျေမနပ်ပြောသော စကားများကို မကြားယောင်ပြုကာ၊ ကိုဇော်သန့်ဟောလက်စသူကိုလည်း "တော်ပြီ"ဟု အတင်းတားပြီး ဖယ်ရှားကာ 'ခိုင်'ဟူသော မမကို ကိုဇော်သန့်ထံ အရောက်ပို့လေသည်။

ကိုဇော်သန့်ကြီးကလည်း အလွန်လှပသည့် 'ခိုင်'အားတွေ့လေသော် မျက်လုံးအပြူးသားဖြင့် ကြည့်နေဆဲ။

"မနာမည်က ခိုင်၊ အသက်(၂၀)၊ တနင်္လာသမီး၊ ဘာသိချင်သေးလဲ" ပြောသောအခါမှ ကိုဇော်သန့်ကြီးလည်း အိပ်မက်မှ နိုးထလာသူအလား ဘာမေးချင်တာလဲ၊ ဘာကိစ္စလဲဟူ၍ပင် မေးမြန်းနိုင်ခြင်း မရှိတော့ဘဲ မျက်လုံးကြီးပြူး၍ အပြတ်ငမ်းကာ အားရပါးရ ဗေဒင်ဟောတော့သည်။ အခါတိုင်းမသုံးသော လက္ခဏာပညာအား ထုတ်သုံး၍ ခိုင်၏လက်ဝါးပြင်အား ခပ်ရွရွကိုင်ဘောပင်နှင့် ဟိုရေးဒီဆွဲပြုကာ ဟောပြောခြင်းပြုသည်။ အလွန်စန်းပွင့်ကြောင်း ရှေ့အနာဂတ်တွင် ကြုံတွေ့မည့်အချစ်ရေး မည်သို့ရှိမည်၊ မည်သည့်အချိန်ရောက်မှ အိမ်ထောင်ကျမည် စသည်ဖြင့် အချစ်မေတ္တာရေးရာများ ဟောလေသော် ဘေးမှမိန်းမပျိုများက ပြုံးစေ့စေ့ပြုကြသည်။ တခိခိရယ်မောကြသည်။

"ဟင် ဘာတွေလျှောက်ပြောနေတာလဲ၊ မ,က မ,အမျိုးသားနဲ့ သားသားလေးအကြောင်း သိချင်လို့"

ဤစကားကြားရမှ ကလေးအမေကို အပျိုထင်မှတ်၍ အချစ်ရေးကိစ္စ ဝေဝေဆာဆာဟောနေသော ကိုဇော်သန့်ကြီး ပါးစပ်ပိတ်သွားသည်။ ဘေးမှကျောင်းသူများလည်း မနေနိုင်၊ တဟားဟား ဝိုင်းဝန်းရယ်မောကြသည်။ ရှေ့မှသူများကိုကျော်၍ မျက်နှာလို၊ မျက်နှာရ ဖြတ်ဟောပေးသည့်အပေါ်



အငြှိုးထား၍ လှောင်ပြောင်ကြခြင်းပြုကြသည်။ ရှယ်အိတ်ကိုဆွဲ၍ ကိုဇော်သန့်ကြီး လစ်လေပြီ။ မည်သူ့ကိုမျှ မနှုတ်ဆက်နိုင်။ စံ-ဇာဏီဘိုကား ပေးထားသော အချဉ်ထုပ်၊ နေကြာစေ့၊ ကွာစေ့တို့ကို အိတ်ထဲအတင်းထည့် စပ်ဖြဲဖြဲမျက်နှာနှင့်

"သွားတော့မယ်နော်၊ တာ့တာ၊ နောက်တွေ့လည်း ခေါ်ပါနော်"

မျက်နှာပြောင်တိုက် နှုတ်ဆက်ကာ ဆရာ့နောက် အတင်းလိုက်ရလေသည်။ ဤအဖြစ်ကိုကြည့်၍ စီးပွားရေးကျောင်းတော်သူတစ်သိုက်ကား ရယ်၍မဆုံးနိုင်။ ကိုဇော်သန့်ကြီးကား ကျောင်းရှေ့ပြည်လမ်းမပေါ် ရောက်နှင့်နေပေပြီ။

"တောက် ငါ အပျိုမှတ်လို့ကွာ"

ဟူသော စကားအပြင် ထပ်မပြောတော့။ ဘတ်စ်ကားစီးရန် ပိုက်ဆံလည်း မရှိတော့၍ အင်းလျားကန်ပေါင်ပေါ်တက်၊ ဖွပ်ကျယ်စက်ကိုဖြတ်၊ အင်းလျားလေးဘက်ရောက်အောင်သွား၊ သမိုင်းဝင်းထဲရှိ အင်းလေးဆောင်အထိ အရှိန်ပြင်းထန်လှသော နေမင်းကြီးနှိပ်စက်မှုအောက် လမ်းလျှောက်ပြန်ရင်း ဒီးတိုးတိတ်တိတ် အဆောင်သို့ဝင်သည်။ အတွေ့အကြုံရှင်းလင်းပွဲအတွက် စောင့်ဆိုင်းနေသည့် သူငယ်ချင်းများနှင့် အတွေ့မခံတော့။

တက္ကသိုလ်ဝန်းကျင်တွင် သတင်းတစ်ခုသည် လျင်မြန်စွာပျံ့နှံ့တတ်သလော ကိုဇော်သန့်နှင့် စံ-ဇာဏီဘိုအကြောင်းသည်ကား စီးပွားရေးတက္ကသိုလ်ကျောင်းသူများမှတစ်ဆင့် သမိုင်းဝင်းအတွင်း ကျောင်းဆောင်များအထိ တောမီးသော သတင်းပျံ့နှံ့သွားသည်။ 'ကလေးအမေကို အပျိုထင်၍ ဗေဒင်ဟောသော ထိမှုတက္ကသိုလ်ကျောင်းသားများ'ဟူသော သတင်းထူးကြီးအား တိုးတိုးတစ်ချိုး ကျယ်ကျယ်တစ်ဖုံ ပြောဆိုရယ်မောကြသည်။ တနင်္ဂနွေနေ့သို့ ရောက်သည်တိုင် ကိုဇော်သန့်သည် အခန်းထဲမှ မထွက်တော့။ အစားမျိုးစုံစားသော စံ-ဇာဏီဘိုလည်း ဝမ်းလျှော၍ အိမ်သာနှင့် သုံးရက်တိုင်အောင် မိတ်ဖွဲ့နေရတော့သတည်း။

ချမ်းမြေ့မေတ္တာ ဘို့ပြန်ပါသည်။
စံဇာဏီဘို

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမှုရှင်အမျိုးသမီး

ဒုတိယလင် ငါခါကူ

နှမ - မချောင် (ယောင်းမ)

သမီး - တင်စွာ (လင်ပါသမီး)

သား - ငါဦးလှ လင်ပါမြေး

ယပမလင်၏လင်ပါသားကို လိုရာရာ ရစေလိုသည်။

ဒုတိယလင်၏မယားကြီး၏သားကိုကား မလိုလား။

ရှေး - မြန်မာ့ကျောက်စာ (ဟာ)

## ပီးကျနော်တယ် ပီးကျနော်တယ်

စလေရုပ်စုံကျောင်းဝင်းထဲမှာ တွေ့ရှိရတဲ့ ရှေးဟောင်းကျောက်စာတစ်ခုပါ။ ကျောင်းရဲ့သက်တမ်းနဲ့တွက်ကြည့်ရင် နှစ် ၂၀ ကျော်ပြီလို့ယူဆရပါတယ်။

အလှူရှင် ငါခါကူဆိုသူက သူ့မိန်းမရဲ့နောက်လင်ဖြစ်ရတာကို တော်တော် ကျေနပ်အားရနေပုံပါပဲ။ လင်ပါသမီး လင်ပါမြေးတွေကိုပါ ဂုဏ်ယူတကြီးနဲ့ ကဗျည်းတွေထိုးလို့။

ဒီကျောက်စာတစ်ချပ်က ကိုရီးယားဇာတ်လမ်းတွဲတွေလောက်တော့ အပျော့ပေါ့လို့ ပြောနေသလိုပါလား။ နားလည်အောင်ပြန်ဖတ်ကြည့်ပါဦး။

ဟားစာတီ




www.burmeseclassic.com

www.burmeseclassic.com



## ပြန်လာကျော

ညည်းမည်းမှောင်တဲ့မိုးက ဖွဲဖွဲလေးတောင်မရွာဘဲပြေးသွားတယ်။
ခရိုနီတွေ ဘီလျံနာအသစ်အဖြစ် ကမ္ဘာမြေထက် အမြစ်တွယ်ချိန်
အိမ်ယာမဲ့တွေ ပိုများလာ အနာဂတ်မဲ့တွေ ပိုပေါလာသတဲ့။

ကဲလေ. .

ရွှေမိုး ငွေမိုး ပေါက္ခရာသမိုးဆိုတာက ဂျစ်ပစီတွေအတွက်မှမဟုတ်တာ။
လည်ပင်းညှစ်ခံထားရတဲ့ မြစ်တွေလည်း သေငယ်ဇောနဲ့မျောနေပြီ။
သစ်တောစိမ်းစိမ်းတွေပျောက်လို့ ခြောက်ကပ်သွားချိန်မှာ ရာသီဥတုပူပြင်းလာတာ ဘယ်သူငြင်းနိုင်ပါသလဲ။

မှောက်လျက်လဲ ကောက်ချက်လွဲ မားကက်များကြောင့် အမှောင်ထုက အသက်ရှည်ကြီးစိုး ပိုမိုပြီးဆိုးလာပေ့ါ။

ညကတော့ အလင်းနည်းနည်း အမှောင်များများ စမ်းတဝါးဝါးဖြစ်နေဆဲ။ ဖျတ်ခနဲလာ ဖျတ်ခနဲသေ လာခြင်း သေခြင်း သံသရာထဲမှာ ဝဲဩဂလှည့်လို့ ကောင်းတုန်းပ။ ဇဟိဒ္ဓညထက် အမှုတ္တညတွေက ပိုမှောင်လာငါ. . အလင်းရောင် လိုချင်တယ်။

ငါ ငါ ငါ ငါပေါင်းများစွာ အလင်းရောင်သာ လိုချင်တယ်။

ဆိုရရင်သူများတွေအဆင်ပြေဖို့ ကျွန်တော်တို့သွေးတွေ ထုတ်ပေးနေရအောင် ကျန်းမာရေးက ဒေါင်ဒေါင်မြည်နေတာမှ မဟုတ်တာ။

ကြည့်စမ်း. . လမ်းစဉ်မှားကြောင့် လမ်းမှားရောက် လမ်းစပျောက်နေသူတွေ ကမ္ဘာမြေနေရာအနှံ့အပြားမှာ၊ နိုင်ငံမဲ့သားများအဖြစ် နွံနစ်နေကြရိုင်းရိုင်းပြောရရင် ကျွန်ဖြစ်နေကြတယ်။

ဆိုဗီယက်ပြန်နွံ့နွံ့စန်း ယိုးဒယားပြန်အမာစိန်တစ်ချိန်က သတင်းကြီးတဲ့ မင်းသမီးကြီးတွေရှိခဲ့ပေါ့။

ရှားရှားပါးပါးဖျော်ဖြေရတဲ့ နိုင်ငံခြားမှီ ဝင့်ကြွားစွာ ဝိသေသတင်ထားကြတာလေ။ ခုများတော့ နိုင်ငံခြားဆိုတာ ပျင်းသနားတယ်။

စက်ာပူ ယိုးဒယား မလေးရှား ဂျပန် ထိုင်ဝမ်ဟောင်ကောင်



တောင်ကိုရီးယား အော်ဇီ ဆော်ဒီဒုဘိုင်း မွမ်ဘိုင်းပီကင်း အိမ်နီးချင်းအထေ
တောင်ပြေး မြောက်ပြေး အရှေ့ပြေး အနောက်ပြေး၊ ဇောချွေးတွေဖြာကျ
တောခွေးတွေနေရာမရသလို ဝေဒနာဗရပွနဲ့ ငွေသပြာရှာနေကြရပေ့ါ။

မနိုင်ရင်ကာလုပ်ရ မဝရေစာလုပ်ခ အကာအကွယ်မဲ့ဘဝ ပြည်တော်ပြန်မရသူတွေ၊ အောက်တန်းအကျဆုံး အလုပ်တွေလုပ် ဒူးနဲ့မျက်ရည်သုတ်တဖြုတ်ဖြုတ်ကြွေကျ မြေခကြေမွနေသူတွေ၊ နေရစားရ အကြမ်းတမ်းဆုံးဘဝမှာ အနှိမ်ခံအဆဲခံ အထုအထောင်း အနှိပ်စက်ခံ၊ သူများလုပ်သလို ခံနေရတဲ့ အလုပ်သမား အလုပ်သမတွေ ဘာတဲ့. . . သူတို့ကိုယ်သူတို့ "ရွှေ"ဆိုလား ပြောသံတော့ ကြားတုန်း။

တကယ်တော့ သူတို့ဟာ ရေခြားမြေခြား တိုင်းတပါးမှာ မဖြစ်ညှိသာ နေနေရပေမယ့် ကိုယ့်အိမ်ယာကိုယ် လွမ်းတဲ့စိတ် မှတ်သိပ်စွာရှိနေဒါတို့ဟာ ရွှေဆိုတဲ့အသိ နှလုံးသားတွင်းရှိနေ တကယ်တော့. . .

သူတို့ဟာ အလေအလွင့်ဘဝရောက်ရရှာတဲ့ ရွှေမှုံ ရွှေစတွေပါပဲလေ။

ရွှေတံခါးကြီး ဖွင့်လိုက်ပြီ၊ ပွင့်လင်းမှုက မရှိသေး။

ရေးနှိုးစွဲနောက်ပြန်သွား ဇမ်ပိုင်းယား ဒရက်ကူလာ အကျင့်ပျက်များ အမှောင်ကြိုက်သင်းခွဲသမားတွေ၊

ဘနဖူးသိုက်တူး မိုက်ရူးရဲ မွဲဆေးဖော် ဘယ်သူသေသေ ငတေမာအောင်ရာ ကျောပေါ်က မဆင်းချင်သူတွေ။

ငွေများတရားနိုင် မခိုင်သေးတဲ့ ဒေါက်တိုင် အထက်ဖားအောက်ဖိ ခြိမ်းနှိမ်အသိတွေ

ဒါတွေ. . ဒါတွေ. . ဒါတွေ ပအောင် ခဝါတွေချရဦးမယ်။

ရောဂါဘယနဲ့ ရာဇဝတ်မှုတွေက ဝေါ်မွတ်မှုကို ဖွဲ့ဆိုနေလေရဲ့၊

အနိုင်ကျင့်ဗိုလ်ကျ အုပ်စုဖွဲ့ရမ်းကားမှုတွေကလည်း ဂန်းစတားသားသား ရာကူဇာများပမာ ကြောက်စရာအသွင်တွေဆောင်လို့။

ဥပဒေဘောင်ပြင်ပမှာ ရှိန်းဆာယာပိုမောက် ကိုယ်ရောင်ပျောက်နေသူတွေကလည်း မနည်း။

ကဲ. . ပါးပါးလေးကျန်တဲ့ အမှန်တရားရေ ခင်ဗျားကို ဘယ်သူ

www.burmeseclassic.com

www.burmeseclassic.com



တိုယ်ဘာပြုမလဲ။

ပြောတိုင်းဟုတ် လုပ်တိုင်းဖြစ် ခေတ်ပျက်သူဌေးတစ်စုရဲ့ကြိုးကိုင်ခြယ်လှယ်မှုအောက်မှာ ရုပ်ဝတ္ထုပစ္စည်းတွေဟာလည်း မတန်မရာ ဈေးနှုန်းကြီးမြင့်အဆွာတိုတောင် အုံအားသင့်စေတယ်။

ကြိုးတန်းထက်က မင်းသမီးလေး ဘယ်တော့ကျ မျှော်နေရတဲ့မြည်းပမာ ငါးထောင်တန်ဖုန်းဆိုတာကလည်း

၉၄% ရာခိုင်နှုန်းရဲ့အိပ်မက်ကို ရေပွက်ပမာ ဖြစ်စေတယ်။

လောလောဆယ်တော့ လူကြားထဲမှာ ဝါးတစ်ချက်ရိုက် ဒင်္ဂါးငွေတစ်ထောင်ဆိုတဲ့စကား ရေပန်းစားတယ်။

ဒင်္ဂါးငွေငါးရာ တစ်ထောင်ဆောင်ပြီး အမှုများစွာ အောင်ခဲ့တဲ့ပြဿနာကောင်မင်းသား လူပြောများတယ်။

လူမျိုးရေးအကြောင်းပြု ဆူပူမှုဖန်တီး မိုက်လုံးကြီး အဖျက်သမားစစ်သွေးကြွများအပေါ် အော့နှလုံးနာတယ်။

တစ်ပြည်ထောင်လုံးငြိမ်းချမ်းပြီး အလုပ်အကိုင်အခွင့်အလမ်းတွေအမြန်ပေါ်စေဖို့အကြောင်း ဆုတောင်းကြတယ်။

ဟော. . ဟိုမှာ စက်ရုံသမလေးတွေ အမောမဖြေနိုင်ကြသေးဘူးဘတ်စ်ကားက မလာသေး ခရီးဝေးသွားမယ့်သူလည်းပါရဲ့

လမ်းပေါ်မှာ ဗိတ်ဆို့ပြိုင်ဆိုင်နေတဲ့ ကိုယ်ပိုင်ဇိမ်ခံကားတွေဆိုတာက သူတို့နဲ့ ဘာမှမပတ်သက်တာလေ။

ဟော. . ဟိုးမှာ. . ညဥ့်ငှက်တွေပါလား

လေမှာမပျံသန်း မြေမှာလမ်းသလားပြီး သားကောင်ရှာနေကြလေရဲ့၊

ကေတီဗီမာဆတ် ကြာဇရပ် အဆင့်ဆင့်ကို ဖြတ်သန်းပြီးမှ လမ်းပေါ်ကျလာတဲ့ သူတို့ဘဝ မလတ်ဆတ်တော့တာ အမှန်ပဲတဲ့။

ဒီလိုနဲ့. . ညက နက်သထက်နက်လာ ဘဝက ခက်သထက်ခက်လာ။

ဒီလိုနဲ့ပဲ. . ရာစုနှစ်ထက်ဝက်ပျက်စီးခြင်းများထဲမှာ သားကောင်ဖြစ်တဲ့လူတွေဟာလည်း တရော်စက်လို အပျက်မြန်လာတယ်။



(၂)

ဒီနေရာမှာ သဘာဝသယံဇာတပေါကြွယ်ဝတယ်။

ပြီးတော့ ဒီနေရာဟာ မဟာဗျူဟာအရလည်း အချက်အချာကျတယ်။

လှပတဲ့တောင်တန်း၊ စိမ်းလန်းတဲ့သစ်တော၊ ပျံ့ပြောတဲ့မြေပြင်

တသွင်သွင်စီးဆင်းနေတဲ့မြစ်ချောင်း၊ မြေဆီမြေဩဇာကောင်းတွေနဲ့

အခြေခံစိတ်ဓာတ်ကောင်း၊ လူကောင်းသူကောင်း လုပ်သားကောင်းတွေလည်းရှိတယ်။

ဒီနေရာမှာ ရေခံမြေခံ အခြေခံအကြောင်းတရားအကောင်းစားတွေညာလို ယဉ်ကျေးမှုအဆင့်အတန်းလည်း တင့်ဆန်းစွင့်ကား မြင့်မားခဲ့ဖူးပါရဲ့။ ပေမယ့်ဒီနေရာမှာ မိုးပေါ်ထောင်မဖောက်ဘူး တည့်တည့်ပစ်မယ်ဆိုတဲ့အကြောက်တရားနဲ့ခြောက်ခြားအောင် ဟောက်စားလှည့်စား ရိုက်နှက်စားသစ်လမ်းမောင်းတဇောက်ကန်းသမားတွေလည်း ရှိခဲ့ဘူးပေါ့။

ဒီကမှတစ်ဆင့်. . .

ဖွတ်ကျောပြာစု ဥခွဲသိုက်ဖျက် ရိုက်ချက်အပြင်းစားများနဲ့အတူ

နောက်မြီးဆွဲနောက်ဆက်တွဲ ဒေါက်တိုရန်လို သူ့ထက်ကဲ ရွှေပြည်စိုးတွေတာလည်း ပဝေသဏီဆိုးမွေကိုဆက်ခံ လက်ကျန်မှန်သမျှ ရိတ်လို့၊ လိပ်ကြီးချဉ်ကိုကျွံ၊ နင့်နေအောင်ဝါးမြို ဟိုဟာထုဒီဟာခွဲ ပြောင်သလင်းခါအောင်ညည်းကျင်း၊ ငါတို့ကလွဲရင် ကျန်သူတွေ မွဲခြင်းတဝ မွဲကြစေသတည်းဆိုသလိုမျိုး လိုဘရမ္မက်ကြီးဖျက်ဆီးခဲ့သမျှ ဒီနေရာဟာ ပျက်စီးခြင်းမကပျက်စီးခဲ့ရပြန်တယ်။

ဒီနေရာမှာ သာမန်လူတွေအတွက် ဘာတစ်ခုမှမလွယ်ဘူး။

ရစ်ခြင်း ညစ်ခြင်း ညှစ်ခြင်း မနစ်နစ်အောင်နှစ်ခြင်းတွေခံရမယ်

ပြောင်ယူပြောင်စား ထောင်စားလဲစားတင်စားကျစားခွဝါးသူတွေ

အောက်ဖိအထက်ဖား မျက်နှာနှစ်မျိုးထားသူတွေ

www.burmeseclassic.com

www.burmeseclassic.com



လုပ်ခွင့်ရှိတုန်း အပိုင်ကြုံး တစ်ဆုံးထည့်မယ့်သူတွေ
လိုရင်ပုံသေးချုံ့ မလိုရင် ပုံကြီးချဲ့ မဖြောင့်မမှန် မတော်မတည့် ဆောင်ရွက်နေသူတွေ
ဘယ်သူသေသေ ငတေမာပြီးရော အပုပ်ကောင်အတ္တဘောကြီးတွေနဲ့
တစ်နေ့မဟုတ်တစ်နေ့ တစ်ကွေ့မဟုတ်တစ်ကွေ့ ကြုံကိုကြုံတွေ့ရမှာ။

ဒီနေရာမှာ သာမန်လူတွေအတွက် ဘာတစ်ခုမှ မသေချာဘူး။
အိုးပိုင်အိမ်ပိုင် ဘိုးဘွားပိုင်တဲ့လား. . သွားဆိုသွားလိုက်တော့
ငါ့လယ်ငါ့မြေ ဘိုးဘွားမြေတဲ့လား. . ထားဆိုထားလိုက်တော့
လုပ်ခွင့်ရလက်တစ်ဆုပ်ရဲ့ တက်သုတ်ရိုက်ဝါးမြိုခြင်းများအလယ်မှာ
'စေ'တစ်လုံးနဲ့တင် ခင်ဗျားသေဆုံးသွားနိုင်တယ်။

ဒီနေရာမှာ မူစနစ်မမှန်မကန်အများကြောင့်လား. . လူညစ် အကြံအဖန်များကြောင့်လား ဆင်းရဲနွမ်းပါးလူနေမှုဘဝများနိမ့်ကျ၊ အလုပ်အကိုင်အခွင့်အလမ်း နည်းပါး၊ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျ၊ ပညာရေးစနစ်ညံ့ဖျင်း၊ သတင်းလွတ်လပ်ခွင့်အမှောင်ကျ၊ ပွင့်လင်းမြင်သာမှုမရှိ
အကျင့်ပျက်ခြစားမှုများကတော့ အရိုးထိအောင်လှိုက်စားလို့. .
အဆိုးဆုံးဗိသေသများစွာကိုသာ ပိုင်ဆိုင်လာတော့တယ်။

အခုတော့ ဒီနေရာမှာ မစားရသေးပေမယ့် အားကျစရာ ခေတ်စနစ်ဆိုတာ ပြောင်းလာပြီတဲ့
သာမန်လူတွေ ရင်ခွောင်စေဖို့ အများမြင်အမှန်ပြင်ချင်သူတွေ ရှိလာသလို. . မသိမသာ နောက်ချန်အကောက်ကြံ အရှိုက်ထိုး လစ်တာနဲ့ ရိုက်ချိုးမယ့်သူတွေလည်းရှိတုန်း။
စိတ်ကောင်းစေတနာအစုစုနဲ့ တည်ဆောက်ပြုပြင် ကယ်တင်ချင်သူတွေ ရှိလာသလို မဆင်မခြင် အမြန်နှုန်းနဲ့ သစ်တောပြုန်းတောင်ကတုံးဖြစ်



ခြစ်ချောင်းကော သဲတောဖြစ်အောင် တစ်နေရာရေကြီး တစ်နေရာမိုးခေါင် ရာသီဥတု ကကျိုးကကြောင်ဖြစ်အောင် ဘယ်သူမှောင်မှောင် ငါချောင်ရင်ပြီးရော ဆိုသူတွေလည်း ရှိတုန်း။
ထိုက်သင့်တဲ့နေရာမှန်မှာ တကယ်တတ်သိပညာရှိသူတွေ ရှိလာသလို နားမလည်ပါးမလည် ကုလားထိုင်မောင်ပိုင်စီး အချောင်ထိုင်ပြီး ဆရာကြီးလုပ် အမြဲအမောက်မတည့် ရမ်းတုတ်သူတွေလည်း ရှိနေတုန်း။ ဒီကြားထဲ အစုအဖွဲ့တွေကလည်း ကွဲကွဲနိုင်လွန်းပေ့။
သုံးယောက်ရှိရင် သုံးဖွဲ့ကွဲ၊ နှစ်ယောက်ရှိရင် နှစ်ဖွဲ့ကွဲ
တစ်ယောက်တည်းဆိုရင်တောင် ဟိုဘက်ဒီဘက် နှစ်ဖက်ကွဲချင်တဲ့ စိတ်မျိုးနဲ့ အတိတ်ဆိုးကို လက်ယပ်ခေါ် အစပြန်ဖော်ချင်သူတချို့ရဲ့ကြားမှာ
အများဆုံးဖြစ်တဲ့ သာမန်လူ(အောက်ခြေလူတန်းစား)တွေအတွက် ဘာတော့ တစ်ချက်ပျော်ရုံလေး ခံစားမှုပေးတဲ့ တရုတ်စက်ပမာ သမ်းဟောင်းပေါ်လည်တွက် မြန်မြန်ပြန်ပျက်ဦးမှာလားတွေးရင်း နိုးမိမ်သောက ဗျာပါဒတွေနဲ့ ရင်မသည်းဖို့။

ဥတ္တမာမင်းဆက်




www.burmeseclassic.com

www.burmeseclassic.com



## ဗိုလ်ချုပ်

ဇီဝနိုင်

စိတ်ကျန်းမာရေးဆေးရုံသို့ လူတစ်ဦးရောက်လာသည်။ သူကိုယ်သူ ဗိုလ်ချုပ်ဟု အထင်ရောက်နေသောသူ ဖြစ်သည်။ ဆရာဝန်ကြီးက အခြားတွဲဖက် ဆရာဝန်များ၏ ဆန္ဒကိုမေးသည်။

"ဒီလူနာဟာ ဒီဆေးရုံကိုရောက်လာတဲ့ ဒုတိယဗိုလ်ချုပ်ပဲ၊ ဘယ်လို ဆန္ဒရှိကြလဲ၊ သူ့ကို အရင်ဗိုလ်ချုပ်တစ်ယောက်ရှိတဲ့အခန်းမှာပဲ ထားလိုက်မှာလား"

အခြားဆရာဝန်များက ထောက်ခံ၏။

"ကောင်းသားပဲ ဆရာကြီး၊ နှစ်ယောက်လုံးကို တစ်ခန်းတည်းထား လိုက်တော့ တစ်ယောက်ယောက်ကတော့ ဗိုလ်ချုပ်အစွဲ ပျောက်သွားမယ်ထင်တယ်"

သို့နှင့် ဗိုလ်ချုပ် အထင်ရောက်နေသူ လူနာနှစ်ဦးကို တစ်ခန်းတည်း ထားလိုက်သည်။

နောက်နေ့မနက်စောစောတွင် ဆရာဝန်အဖွဲ့ လူနာများကို စစ်ဆေး ကြည့်ရှုရင်း ဗိုလ်ချုပ်နှစ်ယောက်ရှိသောအခန်းသို့ ရောက်လာ၏။ ပထမကတည်း က ရှိနေနှင့်သောလူနာကို ဆရာဝန်ကြီးက မေး၏။

"ခင်ဗျား ဘယ်သူလဲ"

"ဗိုလ်ချုပ်လေဗျာ၊ ရုပ်ကြည့်ရင် မသိဘူးလား ဟင်း"

နောက်ရောက်လာသော လူနာကိုလည်း မေးကြည့်သည်။

"ခင်ဗျားရော ဗိုလ်ချုပ်ပဲလား"

"မဟုတ်ပါဘူး၊ အရင်က ကိုယ့်ကိုကိုယ် ဗိုလ်ချုပ်လို့ အထင်ရောက် နေခဲ့တာပါ"

ဆရာဝန်များက လူနာ၏တိုးတက်မှုအတွက် ဝမ်းသာသွားကြသည်။ ဆရာဝန်ကြီးက အားတက်သရော ထပ်မေး၏။

"ဒါဖြင့် ခင်ဗျားဘယ်သူလဲ"


"ညကမှ ကျွန်တော့်ကိုယ်ကျွန်တော် ကောင်းကောင်းသိတော့တယ် ကျွန်တော်က ဗိုလ်ချုပ်ကတော်ဗျ"

■



## ပိုင်ဝေရှာသား

တောင်းကင်သစ်



မြို့လယ်ခေါင်ရှိ တိုက်သစ်တစ်လုံး ဆောက်နေရာမှ အုတ်ခဲတစ်လုံး တော်တဆ ပြုတ်ကျရာ လမ်းသွားသူတစ်ဦး၏ခေါင်းကို တည့်တည့်မှန်၍ နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးသွားသည်။ လူများက တစ်ယောက်တစ်ပေါက် ပြောကြ၏။

"တောက် တော်တော်မတော်မတည့်ကိစ္စပဲ၊ မြို့လည်ခေါင်ကြီးမှာ အလုပ်လုပ်ပါတယ်ဆိုမှ သောက်စည်းကမ်းကို တစ်စက်မှမရှိဘူး၊ ဒီလိုသာ အုတ်ခဲ တွေ ပြုတ်ပြုတ်ကျနေရင် မြို့လည်မှာလမ်းလျှောက်နေရတဲ့ လူထုကတော့ ဒီသို့ပဲ ခေါင်းဖုဖုပြီး သေကြရတော့မှာပဲ၊ တာဝန်ရှိသူတွေက စည်းကမ်းကို သေသေချာချာ ကြပ်မတ်သင့်တယ်"

"ဟုတ်ပ၊ လမ်းတောင် လွတ်လွတ်လပ်လပ် မလျှောက်ရဲတော့ဘူး"

လူတစ်ဦးက သေဆုံးသူ၏မျက်နှာကို သေသေချာချာကြည့်လိုက်ပြီး

"ဟာ ဒီလူ့ကို ကျွန်တော်သိတယ်၊ ဒီလူက နိုင်ငံရေးသမားတစ် ယောက်ပဲဗျ"

လူထုအသံက ဆူညံလာပြန်သည်။

"အေးဗျာ၊ ဒီနိုင်ငံရေးသမားဆိုတဲ့လူတွေကလဲ ခုတလော တော်တော် ဆိုးနေတယ်၊ ခုပဲကြည့်လေ၊ အုတ်ခဲတစ်လုံးတောင် လွတ်လွတ်လပ်လပ်ကျဖို့ နေရာမရှိတော့ဘူး"

■

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## လူပျို ဝက်ခြံနှင့် လက်ဘက်ရည်ဆိုင်

ကျွန်တော်တို့ငယ်ငယ်က အမေသည် လက်ဘက်ရည်ဆိုင်ဖွင့်ထား၏။ ကျွန်တော်မှတ်မိသလောက် ခြောက်တန်းခုနစ်တန်းလောက်မှာဖြစ်သည်။ ခုနှစ်သက္ကရာဇ်အတိအကျတော့ မမှတ်မိတော့။ လက်ဘက်ရည်ဆိုင်ဆိုတော့ ထုံးစံအတိုင်း ကာလသားတွေ လာကြသည်။ ထိုခေတ်ထိုအခါက လက်ဘက်ရည်ဆိုင်ထိုင်ရင် ကာလသားပဲ။ နောက်တစ်ခုရှိသေးသည်။ ထိုခေတ်ထိုအခါက လက်ဘက်ရည်ဆိုင်ထိုင်ခြင်းကို မိဘများက ကန့်ကွက်ကြ၏။ ဘာဖြစ်လို့မှန်းလည်းမသိ။ လက်ဘက်ရည်ဆိုင်ထိုင်ရင် လမ်းသရဲဟု အထင်ရှိနေသောကာလလည်းဖြစ်၏။ ယခုအခါမှာတော့ လက်ဘက်ရည်ဆိုင်ကို ကလေး၊ လူကြီး မရွေး ထမင်းစားရေသောက် ထိုင်နေကြပါပြီ။

ကျွန်တော်တို့လက်ဘက်ရည်ဆိုင်တွင် ဟိုဘက်ရပ်ကွက်မှအစ်ကိုကြီးတစ်သိုက် လာထိုင်လေ့ရှိ၏။ အမြဲထိုင်နေကျဆိုတော့ ကျွန်တော်နဲ့လည်း ခင်နေကြသည်။ ကျွန်တော့်ကိုတွေ့လျှင် သူတို့တွေက စကြနောက်ကြသည်။ ပုဆိုးဆွဲချွတ်သည်၊ နားဖျားလေးကို တံတွေးစွတ်ပြီး တောက်ကြ၏။ သူတို့ကြိုက်တဲ့သီချင်းတွေ ဖွင့်ခိုင်းသည်။ ကျွန်တော်ကလည်း သူတို့ခိုင်းသမျှ အကုန်လုပ်ပေး၏။ တစ်ခါတစ်ရံ အမေက စိုင်းထီးဆိုင်သီချင်းဖွင့်ထားလျှင် ကျွန်တော်က သူတို့အတွက် စိုးလွင်လွင်၏ မာနမျက်နှာကို ပြောင်းဖွင့်ပေးရ၏။ သူတို့ကလည်း ထိုသီချင်းကို ဖွင့်ခိုင်းသည့်အချိန်တိုင်း ကျွန်တော်တို့ရပ်ကွက်ထဲက အစ်မကြီးတွေ ရုံးသွား၊ ကျောင်းသွားကြတဲ့အချိန်ဖြစ်၏။ ကျွန်တော်က တစ်ရက်မှာ ဒီသီချင်းကို ဘာလို့ အဲဒီအချိန်မှာမှ ဖွင့်ရတာလဲဟု မေးကြည့်တော့ ကိုထက်အေးက

"နောက်တော့ မင်းသိမှာပေါ့ကွာ၊ မင်းက အခု လူပျိုမှမဖြစ်သေးတာ"

"ကျွန်တော်က ဘယ်တော့ လူပျိုဖြစ်မှာလဲဟင်"



ကိုထက်အေးက ပြုံးသည်။ ကိုကံဝင်းက ဆိုင်ရှေ့က ဖြတ်သွားသော သူဇာကို 'ပြွတ် ပြွတ်'ဟု နှုတ်ခမ်းစုတ်ခေါ်ပြီး ပြိတီတီနှင့် ပြုံးကာပြ၏။ သူဇာက ရှက်ပြုံးလေးနှင့် ခေါင်းငုံ့ပြီးထွက်သွားသည်။ ထို့နောက် ကိုကံဝင်းက ကျွန်တော့်ဘက်လှည့်ကြည့်ပြီး

"မင်း ဝက်ခြံပေါက်ပြီလား"

"ဟင့်အင်း"

"အေး မှတ်ထား၊ ဝက်ခြံပေါက်မှ လူပျိုဖြစ်တာကွ၊ ငါတို့ဆိုကြည့်"

ကိုကံဝင်းက သူ့မျက်နှာပေါ်က ဝက်ခြံတွေကို မြတ်နိုးစွာပြသည်။ အချို့ဝက်ခြံအလုံးတွေကို ထုံးလေးတွေတို့ကာထားလေသည်။ ကျွန်တော်လဲ ဘာပြောရမှန်းမသိ၊ သူတို့က သူတို့ဘာသာသူတို့ စကားတွေ ဆက်ပြောကြသည်။ အိအိခိုင်ကို ညနေက ဘုရားလေးထဲမှာ ဘလေးက စာလိုက်ပေးသည့်အကြောင်း၊ မိငယ်က အရင်လိုမဟုတ်ဘဲ တသွေးတမွေးဖြစ်လာကြောင်း၊ ဘယ်သူမှ လက်မဦးခင် ကိုယ်ကကြိုးစားထားမှ ပြေးမလွတ်မှာဖြစ်ကြောင်း၊ စသည်ဖြင့် ပြောနေကြ၏။ ကျွန်တော်သိပ်နားမလည်သေးသော ဗန်းစကားများလဲပါသည်။

ကျွန်တော်က သူတို့ဝိုင်းမှ ထလာ၍ ကောင်တာသို့ထွက်လာလိုက်၏။ ကောင်တာမှာ အမေက ပိုက်ဆံတွေရေနေသည်။ ကျွန်တော်က အမေ့နားကပ်၍

"အမေ ဝက်ခြံက ဘာလို့ပေါက်တာလဲဟင်"

အမေက ကျွန်တော့်ကို ဖျတ်ခနဲကြည့်၍

"မင်းက ဘာလုပ်မလို့လဲ"

"သားသိချင်လို့ပါ"

"ဒီမှာအလုပ်ရှုပ်နေရတဲ့အထဲ သွားစမ်း"

အမေ အော်လွှတ်လိုက်၍ ကျွန်တော် ခပ်ကုတ်ကုတ်ကလေးနှင့် သင့်တော်ရာတစ်နေရာတွင် သွားထိုင်နေလိုက်သည်။

ထိုနေ့မှစ၍ ကျွန်တော့်စိတ်ထဲတွင် ကိုကံဝင်းတို့လို ဝက်ခြံပေါက်ကြည့်ချင်သွားပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



× × ×

တစ်ရက်သောမနက်တွင် ကျွန်တော် ကျောင်းသွားခါနီး မျက်နှာသစ်လိုက်တော့ မေးဖျားအောက်က အောင့်သက်အောင့်သက်နှင့် ခံစားလိုက်ရ၏၊ ဘာဖြစ်လို့မှန်းလဲ ကျွန်တော်မသိ။ ထို့ကြောင့် မျက်နှာသုတ်ပြီးတော့ အမေသနပ်ခါးလိမ်းတဲ့ စားပွဲပေါ်ကမှန်မှာ သွားကြည့်မိ၏။ မှန်ထဲတွင် မေးစေ့အောက်၌ နီရဲရဲ၊ ခပ်မို့မို့အလုံးလေးသဏ္ဍာန်တစ်ခုကို သွားတွေ့သည်။ လက်ကလေးနဲ့ အသာထိုးကြည့်တော့ အောင့်သက်သက်၊ ကျွန်တော် ဗျန်းခနဲ ရင်ခုန်ကာသွား၏။ “ဘုရား ဘုရား၊ ဒါဝက်ခြံများလား” ကျွန်တော်သေချာအောင် ထပ်ကြည့်၏၊ ကိုကံဝင်း မျက်နှာပေါ်တွင် တွေ့ ရသော အလုံးတွေလို မကြီးထွားတာ သတိ ထားမိသည်၊ ရင်ခုန်မှု တစ်ဝက် ပြန်ကျသွား ၏။ ဒါဝက်ခြံမဟုတ် ဘဲ တခြားတစ်ခုခု ဖြစ်နေရင်တော့ လူ ပျိုမျှော်လင့်ချက်နဲ့ ဝေး ပြီ၊ သို့သော် သိပ် တော့ မသေချာလှ သေး၊ ထို့ကြောင့် သိပ်ပြီး စိတ်ဓာတ်မကျဖို့ ကျွန်တော့် ကိုယ်ကျွန်တော် အားပေး လိုက်၏။ မေးစေ့ အောက်က အလုံးကို တတ်သိနားလည်တဲ့ လူတစ်ယောက်ယောက် နဲ့ ပြကြည့်ဖို့ကျွန်တော် ဆုံးဖြတ်လိုက်ပါတော့သည်။

ကျွန်တော့်မှာ ထူးခြားတာတစ်ခု ဖြစ်လာသည်။ ဝက်ခြံပေါက်ပြီး နောက်ပိုင်းတွင် ကျွန်တော့်အတန်းထဲက ကောင်မလေးတွေ လိုလာသည်။

ထိုနေ့က ကျောင်းသို့ အသွားတွင် ကျွန်တော့် သူငယ်ချင်း ဖိုးလင်းကို ဝင်ခေါ်သည်။ ဖိုးလင်းရဲ့ ဦးလေးက သူတို့အိမ်က ကားဖြင့် ကျွန်တော်တို့ ကျောင်းသို့ လိုက်ပို့၏။ ဖိုးလင်းတို့ဦးလေးက အသက် သုံးဆယ် လောက်ရှိပြီ၊ ထို့ ကြောင့် ကျွန်တော့် မေးစေ့ကို ပြကြည့် ရင်တော့ အဖြေတစ်ခု ထွက်နိုင်သည်ဟု တွက်၍ သူ့အား မေးကြည့်လိုက်ပါ တော့၏။ ဖိုးလင်းတို့ ဦးလေးက ကျွန်တော့် မေးစေ့ကို သေချာ ကြည့်၍ “ဟော့ကောင် မင်း ဟာက ဝက်ခြံတွ မပေါ့နဲ့၊ အဲဒီနေရာမှာ ဝက်ခြံပေါက်ရင်



ကောင်းဘူး”

ကျွန်တော် အလွန်ပျော်သွားသည်။ ရင်ထဲမှာလဲ တပြောင်းပြောင်း ရိုက်ခတ်နေ၏။ ကျွန်တော် လူပျိုဖြစ်ပြီ၊ အဲဒီနေ့က တွေ့သမျှ ရွယ်တူတွေအားလုံး ကျွန်တော့်ထက်အငယ်တွေ ဖြစ်ကုန်ကြ၏၊ မိန်းကလေးများကိုလည်း ကျွန်တော် ပြုံတီတီကြည့်ပစ်လိုက်သည်၊ ငါဟဲ့ လူပျို။

ကျောင်းကပြန်တော့ လူကမြှောက်ကြွကြွနှင့်။

× × ×

“မင်းဟာက ဝက်ခြံလေးပဲကွ၊ ထုံးလေးတို့ထား အညှော်မမိစေနဲ့”

ကိုကံဝင်းက ထိုသို့ပြောနေချိန်တွင် ကျွန်တော် ပျော်လွန်းလို့ လက်တွေတောင် တုန်နေမိ၏။ ထို့နောက် မေးဖျားအောက်က အလုံးလေးကို လက်ချောင်းသာစွာ စမ်းလိုက်မိ၏၊ ထိုအလုံးလေးက စတွေ့တဲ့နေ့ကလို မဟုတ်တော့ဘဲ တဖြည်းဖြည်းနှင့် ပီပီပြင်ပြင် ကြီးထွားလာတာကို သတိထားလာမိသည်။

“ကဲရော့၊ လောလောဆယ်တော့ ငါ့ကွမ်းယာမှာပါတဲ့ထုံးပဲ တို့ထားလိုက်၊ နောက်မှ မသန်းလေးဆိုင်က ထုံးနည်းနည်းတောင်းပြီးတို့ပေါ့”

ကိုကံဝင်းက ပြောလဲပြော၊ ကျွန်တော့်မေးစေ့လေးကို ထုံးတို့ပေးသွား၏၊ သူတို့ပြန်သွားတော့ ကျွန်တော်တစ်ယောက်တည်း ထိုစားပွဲမှာကျန်ခဲ့၏။ မကြာမီနေတော့ ကိုကံဝင်းပြန်ရောက်လာသည်။ ခုံပေါ်တွင်မေ့ကျန်ခဲ့သော လက်ကိုင်ပဝါပန်းရောင်လေးကို တယုတယယူ၍ ခါးကြားတွင်ထိုးကာ ပြန်ထွက်သွားပါတော့၏။ ကျွန်တော်သတိထားမိတာ တစ်ခုရှိသည်။ သူတို့အဖွဲ့တွေအားလုံးလိုလို လက်ကိုင်ပဝါ ဆောင်တတ်ကြ၏။ ပြီးနောက် အိတ်ကလေးထဲတွင် သပ်သပ်ရပ်ရပ် ခေါက်ထည့်၍ အခါအခွင့်သင့်တိုင်းလည်း မျက်နှာကို တယုတယသုတ်တတ်ကြ၏၊ အထူးသဖြင့် ကောင်မလေးတွေရှေ့။

ကျွန်တော် ဖျတ်ခနဲ သတိရသွားသည်။ လူပျိုမှန်ရင် လက်ကိုင်ပဝါ ဆောင်တတ်ရမည်ဟု၊ ကျွန်တော့်မှာ ဝက်ခြံရှိသည်။ သို့သော် လက်ကိုင်ပဝါမရှိ၊ ထို့ကြောင့် လက်ကိုင်ပဝါတစ်ထည်တော့ ရအောင်ဖန်တီးရတော့မည်ဟု တွေးလိုက်မိပါတော့၏။

× × ×

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မှစ၍ ကျွန်တော့်ခေါင်းထဲတွင် လက်ကိုင်ပဝါတစ်ထည်ရရှိရေးမှလွဲ၍ ကျန်တာဘာမှမရှိတော့။ ကျောင်းရောက်ရင်လည်း ဆရာမစာသင်တာကို သိပ်စိတ်မဝင်စားတော့ဘဲ ဆရာ၊ ဆရာမတွေ ခါးကြားမှ ထိုးထားတတ်သည့် လက်ကိုင်ပဝါတွေကို မျက်စိရောက်နေတတ်သည်။ နောက်တစ်ခု ကျွန်တော့်မှာ ထူးခြားတာတစ်ခု ဖြစ်လာသည်။ ဝက်ခြံပေါက်ပြီးနောက်ပိုင်းတွင် ကျွန်တော်တို့အတန်းထဲက ကောင်မလေးတွေ လှလာသည်။ ခင်သန္တာအေးခေါ် လောရှည်ကြီးကို အရင်ကလို ကိုင်းတိုင်းတိုင်း၊ ကုန်းတုန်းတုန်းကြီးဟု မမြင်တော့ဘဲ ကြည့်ပျော်ရှုပျော်ရှိလာ၏။ ဖြူးသန္တာဆွေကို ဂျပုမဟု မမြင်တော့ဘဲ သူ့မျက်နှာလေးနှင့် သူ့အရပ်က လိုက်ဖက်သည်ဟု ထင်လာသည်။ ဆုမွန်ဝေကို သွားခေါမဟု မတွေးတော့ဘဲ ယုန်ကလေးလို ချစ်စရာကောင်းသည်ဟု ထင်လာ၏။ တခြားအတန်းကြီး အစ်မကြီးများဆိုလျှင်တော့ မတွေးနဲ့တော့၊ မြင်တာနဲ့ အငေးသား၊ ပြီးတော့ ကျွန်တော် ပြုံးတီတီမျက်နှာပေးနဲ့လဲ ကြည့်တတ်လာပါသည်။

"မင်းမျက်နှာက ဝက်ခြံက မပျောက်သေးဘူးလား"

"ပျောက်စရာလားကွ၊ အခုမှ အစပဲရှိသေးတာ"

ဖိုးလင်းက ကျွန်တော့်မျက်နှာကိုကြည့်၍ မေးလိုက်ခြင်းဖြစ်၏။ ကျွန်တော်က စိတ်မရှည်စွာ ပြန်ပြောလိုက်တော့ ဒီကောင် အားငယ်စွာနှင့် သူ့မျက်နှာသူပွတ်သည်။ တရုတ်သွေးနှောသော ဖိုးလင်းမျက်နှာဖြူဖြူတွင် ဘာဝက်ခြံမှ မတွေ့ရ၍ ကျွန်တော် ခပ်နှိမ်နှိမ်ကြည့်ပစ်လိုက်သည်။

"ငါလည်း ဝက်ခြံပေါက်ချင်တယ်ကွာ၊ ဘာလုပ်ရမလဲ"

"ဝက်ခြံဆိုတာ ပေါက်ချင်တိုင်းပေါက်လို့မရဘူးကွ၊ လူပျိုဖြစ်မှပေါက်တာ"

"ဒါဆို မင်းတျတော့ရော"

ဖိုးလင်းက သူနဲ့နှိုင်းယှဉ်ပြီး ကျွန်တော့်ကိုဆို၏။ ကျွန်တော် ခပ်မဲ့မဲ့ပြုံးလိုက်ကာ

"ငါက လူပျိုဖြစ်လို့ ပေါက်တာပေါ့ကွ၊ မင်းလည်းဖြစ်ရင် ပေါက်လာမှာပေါ့"



ဖိုးလင်းက တစ်ချက်ငိုင်သွား၏။ ပြီးမှ

"ငါက မင်းနဲ့အသက်မှ သိပ်မကွာတာ၊ ဘာဖြစ်လို့ ငါ့ကျ လူပျိုမဖြစ်သေးတာလဲ"

"ဒါကတော့ကွာ၊ တစ်ယောက်နဲ့တစ်ယောက် မတူလို့နေမှာပေါ့"

ဖိုးလင်း ဘာမှဆက်မပြောတော့။ သူ့မျက်နှာလေးသာသူပွတ်ရင်း ငြိမ်သွားပါသည်။ ကျွန်တော်ကတော့ မေးစေ့လေးကိုပွတ်လျက် ဝက်ခြံအိပ်ကလေးပေါ်က ထုံးစက်ဖြူဖြူလေးကို ကောင်မလေးတွေမြင်အောင် ပြရသည်က အမော။

× × ×

ရာသီဥတုက ကိုယ့်ဘက်ပါသည်ဟု ဆိုရမလား၊ ကံကြမ္မာက ကိုယ့်ဘက်ကရှိနေသည်ဟု ဆိုရမလားမသိ။ မကြာခင် သတင်းကျွတ်တော့မည်ဆို၍ ဆရာကန်တော့ပွဲလုပ်ဖို့ ကျောင်းမှာပိုက်ဆံလိုက်ကောက်သည်။ ဆရာကန်တော့ပွဲအတွက် ပိုက်ဆံကို ကျွန်တော်ပိုတောင်းလိုက်၏။ ခါတိုင်း တစ်ရာထည့်ရဖြစ်သော်လည်း ဒီတစ်ခါ အတန်းပိုင်ဆရာမက ဘယ်သူတွေဘယ်လောက်ထည့်ပါဟု ခွဲတန်းချလိုက်သည်ဆို၍ ကျွန်တော်ညာပြောကာ အိမ်ကို နှစ်ရာတောင်းလိုက်သည်။ တစ်ရာကို ဆရာကန်တော့ပွဲအတွက်ထည့်၍ ကျန်တစ်ရာကို ကျွန်တော် လက်ကိုင်ပဝါပြေးဝယ်လိုက်သည်။ လက်ကိုင်ပဝါက သုံးဆယ်ဖိုး၊ ကျန်တဲ့ပိုက်ဆံကို ဘုရားပွဲသွားဖို့ကျွန်တော်သိမ်းထားလိုက်၏။ ကျွန်တော်တို့ရွာက ဘုရားလေးက နှစ်တိုင်း ဆီမီးပူဇော်ပွဲလုပ်နေကျ၊ ထို့ကြောင့် ရောက်ခါနီး ကြာအသင့်၊ ထိုဘုရားပွဲအတွက် ကျွန်တော့်မှာ အဆင်သင့်။

× × ×

ဘုရားပွဲနေ့တွင် ဝက်ခြံက တဆစ်ဆစ်နာလာ၏။ အရင်ကလို ဖောင့်သက်သက် အခြေအနေမဟုတ်တော့ဘဲ မေးဖျားတစ်လျှောက် တဆစ်ဆစ်ကိုက်ခဲကာနေသည်။ မနေ့က ငရုတ်သီးညှော်မိသွားလို့လား မသိပါ။ ဒီလောက် ထိုလောက်နာကျင်လိမ့်မည်ဟု မထင်မိခဲ့။ မှန်ထဲမှာကြည့်လိုက်တော့ ဝက်ခြံမေးတစ်ခြမ်းက ယောင်ကာနေ၏။ ကျွန်တော် ဘာလုပ်ရမှန်းမသိ၊ အမေတို့ကိုလည်း အမေ့ကို မသိစေချင်၊ တော်ကြာ ညဘက်ဘုရားပွဲမသွားရမှာ

www.burmeseclassic.com



လဲ စိုးရ၏။ ထို့ကြောင့် ခပ်တည်တည်ပင် သနပ်ခါးလေးတို့၍ ကျွန်တော် တစ်နေ့လုံး အခန်းအောင်းနေလိုက်ပါတော့သည်။ အမေကလည်း သူ့ဆိုင်အလုပ်နဲ့သူ ရှုပ်နေ၍ ဘာမှသတိမထားမိ။ ညရောက်တော့ ကျွန်တော် ဘုရားပွဲကို ထွက်လာခဲ့သည်။ ပုဆိုးကို ထိုစဉ်က ကာလသားတွေဝတ်သလိုတိုတိုဝတ်၊ ခါးပုံစကို အရှည်ကြီးချ၊ ပြီးတော့ အပေါ်က ရှပ်အင်္ကျီကို ကြယ်သီးနှစ်လုံးလောက် ဖြုတ်ထားလိုက်သည်။ သူများတွေအမြင်တော့ ဘယ်လိုရှိမလဲမသိ၊ ကိုယ့်ဘာသာကိုယ်တော့ တော်တော်ဘဝင်လေဟပ်ကာသွား၏။

လက်ကိုင်ပဝါကို သေသေချာချာခေါက်ကာ ခါးကြားတွင် ထိုးလိုက်သည်။ ဝက်ခြံလေးကို ထုံးလေးတို့ကာ ရင်ကိုကော့ပြီး ဘုရားပွဲသို့ ကျွန်တော် ထွက်လာလိုက်၏။ ဘုရားပွဲသို့ရောက်၏။ သူငယ်ချင်းတွေနဲ့ ဆီမီးတွေလိုက်ထွန်းသည်။ ထို့နောက် ကလေးတို့သဘာဝ ကစားကြဖို့လုပ်၏။ ကျွန်တော် သူတို့နဲ့ မကစားချင်၊ ဘုရားပွဲအလာတုန်းက လမ်းမှာတွေ့လိုက်ရတဲ့ကောင်မလေးအိမ်သို့ သွားချင်နေမိ၏။ ကောင်မလေးက အိမ်ရှေ့မှာ ဆီမီးလေးတွေ ထွက်ထွန်းနေတာ ကျွန်တော်တွေ့ခဲ့မိသည်။ အခုတော့ ဟိုကောင်တွေကစားနေတုန်း သွားချောင်းဖို့ ကျွန်တော်ဆုံးဖြတ်လိုက်ပါတော့၏။

ကောင်မလေးအိမ်က ကတ္တရာလမ်းနဲ့ကြည့်ရင် ချိုင့်ထဲမှာဖြစ်၏။ ကတ္တရာလမ်းဘေးပလက်ဖောင်းကကြည့်ရင် သူတို့အိမ်ကို အပေါ်စီးက လှမ်းမြင်နေရ၏။ ကျွန်တော်ရောက်သွားတော့ ကောင်မလေးက အိမ်ရှေ့အုတ်ခုံလေးမှာ ဆီမီးခွက်လေးတွေ ထွန်းနေ၏။ သူနဲ့အတူ အိမ်ဖော်ကောင်မလေးလည်းပါသည်။ ကောင်မလေးက ကျွန်တော်နဲ့ အသက်မတိမ်းမယိမ်း။

ကျွန်တော် နှစ်ခေါက်လောက် ပလက်ဖောင်းမှာ လျှောက်ပြလိုက်တော့ ကောင်မလေးက မော့ကာကြည့်သည်။ ပြီးတော့ ဘာဖြစ်လို့မှန်းမသိ ကျွန်တော့်ကိုရယ်ပြလိုက်လေသည်။ ကျွန်တော် ချက်ချင်းခန္ဓာကိုယ် မြောက်ခနဲဖြစ်သွား၏။ ထို့နောက် လက်ကိုင်ပဝါကိုဖြုတ်ကာ မျက်နှာတစ်ချက်သုတ်လိုက်ပြီး သူမကို မျက်လုံးမှေးတေးတေးနှင့် ကြည့်ပစ်လိုက်၏။ ကြာကြည့်၊

သူမက ရှက်ပြုံးလေးပြုံးကာသွား၏။ ထိုအပြုံးလေးနောက်တွင် ကျွန်တော် သတိအာရုံတွေ လွတ်ကာသွား၏။



"ဝုန်း"

ကျွန်တော့်ကိုယ်ကျွန်တော် ဘာဖြစ်လို့ဖြစ်သွားမှန်းမသိ။ လူက အရှင်လတ်လတ် မြေကျွံကျသွားသလို ခံစားလိုက်ရသည်။ အမှန်တော့ အတ္တလွန်ပြီး *ပလက်ဖောင်းတစ်ဖက်ကချောက်ထဲ ကားရားကြီးပြုတ်ကျသွားခြင်းပင်။*

အသံကြောင့် အိမ်ထဲကလူကြီးတွေ ပြေးထွက်လာသည်။ ကျွန်တော်သည်း တစ်ကိုယ်လုံးထူပူပြီး သွေးချင်းချင်းရဲနေ၏။ ပုဆိုးလည်း ဘယ်နားရောက်သွားမှန်းမသိတော့။ မေးစိတစ်ခုလုံးလဲ ထူအန်းအန်းကြီး ဖြစ်ကာနေ၏။ ဖြစ်မှာပေါ့။ အောက်ကကြမ်းပြင်နဲ့မေးစေ့က ဒဲ့ဆောင့်မိတော့ ဟက်တက်ကြီး ရှေ့သွားတစ်ချောင်းပါ အဆစ်ပါသွားသေးသည်။

အတိုချုပ်ရသော် ကျွန်တော် ဝက်ခြံတွေကို တော်တော်ကြောက်သွားသည်။ လက်ကိုင်ပဝါလည်း ခါးကြားမထိုးရဲတော့၊ ကိုယ့်အရွယ်နဲ့မလိုက်တဲ့ လူပျိုစိတ်လဲ မမွေးရဲတော့ပါ။ ထိုနေ့က မေးကွဲသွားပြီးနောက် ကျွန်တော့်မှာတွင် ဝက်ခြံမပေါက်တော့။ ဆယ်စုနှစ်တစ်စု ကြာသည်အထိ ကျွန်တော် ဝက်ခြံတွေနှင့် ကင်းကွာသွားခဲ့ပါတော့သည်ခင်ဗျား။

မိုးဆက်လင်းထက်



www.burmeseclassic.com

# ကိုအုန်း
# လာ

ANGOn, MYANMAR.
0-88755
DA Op. Tsp.
583
om

MORE
MAUN
(Music
UNG
Res: No.
UNG
(Music

www.burmeseclassic.com

www.burmeseclassic.com



## ဟော်

ရှရှားနိုင်ငံ မော်စကိုမြို့တော်၏ လမ်းများပေါ် လျှောက်သွားနေစဉ် ထိုထင်မှတ်မထားသော ထိုဆိုင်းဘုတ်ကြီးကို မြင်မိခြင်းဖြစ်သည်။

"လာဘ်ပေးလာဘ်ယူ အထူးသင်တန်း ယနေ့စတင်ပြီ"

ဟူသည့်ဆိုင်းဘုတ်ဖြစ်သည်။

ကျွန်တော်သည် ဤသို့သော မရိုးသားသောငွေယူခြင်း ငွေပေးခြင်းကိစ္စများ၌ အထူးနေသားမကျတတ်သူတစ်ဦး ဖြစ်ပါသည်။ လူမမြင်အောင် ပေးသောငွေများကို မယူတတ်သလို ကိုယ်က ဤသို့ပုန်းလျှိုးကွယ်လျှိုး လက်သိပ်ထိုးပေးရလျှင်လည်း မျက်နှာကြီးနီတက်ပြီး တစ်ရှက်တည်းရှက်နေတတ်သည်။ ထို့ကြောင့်လည်း ဆေးရုံများ၊ ရုံးများနှင့် အတတ်နိုင်ဆုံးရှောင်သည်။ မလွှဲမရှောင်သာသော မငြင်းနိုင်သော ကိစ္စရပ်များကြောင့် သွားရလျှင်လည်း ဝင်ပေါက်ဝကပင် ခပ်ရှက်ရှက်နှင့် လှည့်ပြန်ရပေါင်း မနည်းသဖြင့် မိတ်ဆွေ အပေါင်းအသင်းများ မိဘဆွေမျိုးများနှင့်ပင် မိတ်ပျက်ခဲ့ရခြင်းက အကြိမ်ကြိမ်

သို့ဖြစ်၍ ကြောင့် ဤသို့ ရွှေခြားမြေခြားသို့ ရောက်နေစဉ် ဤသို့သင်တန်း အခါသမယနှင့်လည်း တိုက်ဆိုင်နေချိန် ဤသင်တန်းကို တက်သွားရလျှင် ကောင်းမည်ဟု ကျွန်တော်ဆုံးဖြတ်လိုက်သည်။

သင်တန်းက စနစ်တကျ ဖွင့်ထားသော သင်တန်းကြီးဖြစ်ဟန်တူ သည်။ အထပ်လေးထပ်ရှိသော အခိုင်အခန့်အဆောက်အဦးကြီးဖြစ်သည်။ ဝင်ပေါက်ကြီးပင်လျှင် ဆယ်ဘီးတပ်ကုန်တင်ကားကြီးတစ်စီး ချောင်ချောင်ချိ ဝင်နိုင်လောက်သည်။

ကျွန်တော် အဆောက်အဦးကြီးထဲ ဝင်လိုက်တော့ ဝင်ပေါက်၏ညာ ဖက်တွင်ရှိသော စာရာမကောင်တာကြီးတစ်ခုကို တွေ့ရသည်။ ၎င်းကောင်တာ တွင် လွန်စွာပျင်းရိငြီးငွေ့ဖွယ်ပုံစံနှင့် ထိုင်နေသော မိန်းမကြီးတစ်ဦးကို တွေ့



ရသည်။ ၎င်းမိန်းမကြီးက ကျွန်တော်ဝင်လာသည်ကို သတိမထားမိသည့်ပုံစံ နှင့် မျက်မှန်ကြီး နှာဖျားတွင်ချိတ်ကာ စာကုန်းဖတ်နေပုံရသည်။

"ဟယ်လို ကျွန်တော် သင်တန်းတက်ချင်လို့၊ ဘယ်မှာစုံစမ်းရမလဲ ခင်ဗျာ"

မိန်းမကြီးက သူ့ကော်ကိုင်းမျက်မှန်ကြီးကို ကျော်ကြည့်ပြီး သိပ်အသက် ပါလှသော လေသံဖြင့် ပြောသည်။

"မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမူရင်းနဲ့ ရပ်ကွက်ထောက်ခံ စာ၊ ရဲစခန်းထောက်ခံစာပြပါ"

"ဗျာ အဲဒါတွေ ကျွန်တော့်မှာ ပါမလာဘူးဗျ"

မိန်းမကြီးက စိတ်ရှုပ်သွားပုံဖြင့်

"ကဲ ဒါဆိုလဲ ပြန်ယူလေ"

"အင်း ခက်တာပဲဗျာ၊ ကျွန်တော်နေတဲ့နေရာက ဟိုးမြို့စွန်က ဟိုတယ် ဆိုတော့၊ ပြန်သွားယူရရင် တစ်နေကုန်မှာပဲ၊ သင်တန်းကလဲ ဒီနေ့ပဲ စမှာဆို တော့ ကူညီပါဦးဗျာ၊ တခြားနည်းလမ်း မရှိဘူးလား"

အမျိုးသမီးကြီးက သက်ပြင်းချရင်း အင်မတန်သနားတတ်တဲ့ မျက် နှာနဲ့

"အေး ဒီတစ်ခါတော့ လုပ်ပေးလိုက်မယ်၊ ဒါပေမယ့် နားလည်မှု တော့ လုပ်ပေး၊ ဟုတ်ပြီလား"

ကျွန်တော် ထိုတော့မှ စိတ်သက်သာရာရသွားပြီး အိတ်ကပ်ထဲမှ ဘယ်တန်တစ်ရွက်ကို လက်ထဲကျစ်ကျစ်ပါအောင်ဆုပ်ကာ ထိုမိန်းမကြီး လက်ဆွဲနှုတ်ဆက်လိုက်သည်။ ထိုအမျိုးသမီးက ကျွမ်းကျင်စွာနှင့် လက် နှင့်လက်သူကြွယ်ကို အသုံးပြုကာ ကျွန်တော့်လက်ထဲမှ ပိုက်ဆံကို သပ် ရပ် ယူလိုက်သည်။ သေသေချာချာ စောင့်ကြည့်နေလျှင်တောင် ငွေ ယူလုပ်သည်ဟု လုံးဝသံသယရှိနိုင်မည် မဟုတ်။

"ကဲ အမည် အသက်နဲ့ ပညာအရည်အချင်း ပြော"

ကျွန်တော်ပြောပြတော့ ကျွန်တော့်အား သင်တန်းလက်ခံကြောင်း တစ်ရွက်ထုတ်ပေး သည်။

www.burmeseclassic.com

www.burmeseclassic.com



အိတ်ကပ်ထဲ လက်နှိုက်လေတော့မှ ခုနက အီးမှိုင်းအတိုက်ခံထားရသောမြေအိုးစုတ်လို သုန်မှုန်နေသော လှေကားစောင့်လေး၏ မျက်နှာသည် မန်ကျည်းနှစ်ထိသော အခေါက်ရွှေအိုးကဲ့သို့ ဝင်းပြန့်လာကာ

"အပေါ်ထပ်ကိုတက်သွား၊ ညာဖက်အခန်း ဟုတ်ပြီလား"

ကျွန်တော်က အားရဝမ်းသာနှင့် အပေါ်ထပ်သို့တက်သော လှေကားဆီသို့ ထွက်ခဲ့၏။ လှေကား၏ ပထမထပ်သို့ ခြေတင်ရုံရှိသေးသည်၊ ၎င်းလှေကားနံဘေးတွင် ခုံပုလေးနှင့် ထိုင်နေသော လူတစ်ဦးက လှမ်းတားလိုက်သည်။

"ဟိုးထား ဟိုးထား ဒါက ဘယ်တုန်း"

"ဗျာ၊ ခြော် ကျွန်တော် အပေါ်ထပ်သွားမလို့ ခင်ဗျ"

"အောင်မာ ယောင်ပေယောင်ပေနဲ့ ပုံးဖြတ်ရိုက်လိုက်မယ်၊ အပေါ်ထပ်ကို သွားချင်တိုင်းသွားလို့ရမယ် ထင်နေလား၊ ဘာလဲ လူကြီးနဲ့ချိန်းထားလို့လား"

"ဟို ချိန်းတော့မထားပါဘူး၊ ကျွန်တော်က ဒီကဖွင့်မယ့် သင်တန်းလေးတက်ချင်လို့"

"အေး သင်တန်းတက်တက် ဘာတက်တက် ချိန်းမထားရင် လူကြီးညွှန်ကြားမထားရင် သွားခွင့်မရှိဘူး၊ ဒီတော့ နောက်လှည့်ပြန်သွားပါ"

"မဟုတ်ဘူးလေ၊ ကျွန်တော်က သင်တန်းတက်ဖို့ ဖောင်လဲဖြည့်ပြီးပြီ၊ ဒီမှာ ချလန်တောင်ပါလာသေးတယ်"

"ချလန်ပေးတာ ဧည့်ကြိုဌာနကပေးတာ လူကြီးသိတာမဟုတ်ဘူး။ ပြီးရင် လူကြီးက ပွစိပွစိနဲ့"

"လုပ်ပါဦးညီလေးရယ်၊ ကိုယ်က တာဝန်နဲ့ ခဏလာတာ၊ ကြုံတုန်း ဒီသင်တန်းလေး တက်သွားချင်လို့ပါ။ ကူညီလို့ရရင်"

ကျွန်တော်လည်း အရှက်သည်းနေရမည့်အချိန်မဟုတ်သည်မို့ အိတ်ကပ်ထဲလက်နှိုက်လေတော့မှ ခုနက အီးမှိုင်းအတိုက်ခံထားရသောမြေအိုးစုတ်လို သုန်မှုန်နေသော လှေကားစောင့်လေး၏ မျက်နှာသည်မန်ကျည်းနှစ်ထိသော



အခေါက်ရွှေအိုးကဲ့သို့ ဝင်းဖန့်လာကာ

"ကိုကြီးကလဲ ခုနကတည်းက သိတတ်ရင် ကျွန်တော်တို့ ဒီလောက်ထိတောင် လေကုန်မှာမဟုတ်ဘူး၊ သွားပါ၊ သွားပါ၊ ညာဖက်အခန်းထဲမှာ ဆရာရှိပါတယ်၊ ဟဲ ဟဲ ဟဲ"

ကျွန်တော့်တွင်ပါလာသော ငါးရှဘယ်တန်တစ်ရွက် ထွက်သွားပြန်သည်။ ကျွန်တော် အပေါ်ထပ်ရောက်လာသည်။ အောက်က လှေကားစောင့်ညွှန်လိုက်သော ညာဖက်အခန်းကို အခန့်သင့်ပင်တွေ့ရသည်။ အခန်းတံခါးဝတွင် ငနဲကြီးတစ်ဦး မှုံကုတ်ကုတ်နှင့် ထိုင်နေသည်။ ၎င်းငနဲကြီးက ၎င်း၏ကွဲအက်အက်အသံကြီးနှင့်

"အမြီးမမြှောက်နဲ့၊ အီးမပေါက်နဲ့၊ လူကြီးအနားယူချိန် ဘာကိစ္စဖြစ်ဖြစ် ဘယ်လောက်အရေးကြီးကြီး လူကြီးကမတွေ့နိုင်ဘူးလို့မှာထားတယ်"

ကျွန်တော် တစ်ချက်ကြောင်တက်တက်ဖြစ်သွားသည်။

"ကျွန်တော်က"

"ရှူး"

ငနဲကြီးက နှုတ်ခမ်းပေါ်လက်ညှိုးကန့်လန့်ဖြတ်ထောင်ရင်း အသံထွက်ရန်တားသည်။

ထပ်ပြောလဲ မထူးတော့ပြီမို့ ကျွန်တော့်အိတ်ကပ်ထဲသို့သာ လက်ကိုနှိုက်လိုက်သည်။ သည်တော့မှ ငနဲကြီးက ဆွေမျိုးသားချင်းတွေ့သလို မျက်နှာကြီးပြေကျသွားပြီး

"ဟာ သားကြီး၊ ငါကဘယ်သူများလဲလို့ မင်းဆိုရင်တော့ တွေ့လို့ရတာပေါ့ကွ၊ နေဦး၊ ငါသတင်းပို့လိုက်ဦးမယ်"

ငနဲကြီးက ကျွန်တော့်အား လက်ဆွဲနှုတ်ဆက်၍ ကျွန်တော့်လက်ထဲမှ ငါးရှဘယ်တန်တစ်ရွက်ကို ရယူကာ သူတို့ပြောသော လူကြီးဆိုသူ၏ အခန်းထဲသို့ ဆတ်ဆလူးထကာ ခုန်ပေါက်ဝင်သွား၏။

"ကောင်လေးရေ လာလို့ရပြီ"

ကျွန်တော် လူကြီးအခန်းထဲသို့ ဝင်ခဲ့၏။ လူကြီးက ဆိုလည်ခုံပေါ်ကျောကိုအသားကျမှီရင်း ကျွန်တော့်ကို စောင်းငဲ့ကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



"အေး ဘဏ်မှာ ငွေသွင်းပြီးကြောင်း ပြေစာပါလား"

"ဗျာ ဘာ ဘာအတွက်လဲ"

"မင်း သင်တန်းတက်မှာဆို၊ သင်တန်းကြေးလေ"

ကျွန်တော်က ခေါင်းကုတ်ရင်း

"ဪ အဲလိုလား"

"အေး အဲလိုပဲ"

"ကျွန်တော်က အလုပ်ကိစ္စနဲ့ ဒီနိုင်ငံကို ခဏလာတာဆိုတော့ ဘဏ်ကဘယ်မှာလဲဆိုတာလဲ မသိလေတော့"

လူကြီးက စိတ်ပျက်လက်ပျက်ပုံစံနှင့်ကြည့်ပြီး

"အေး အဲဒါမပါရင် ဝင်ခွင့်လက်မှတ် ထုတ်ပေးလို့မရဘူး၊ သွား ငွေသွင်းချလန် သွားယူခဲ့"

"ဟို ကျွန်တော်က ဘယ်ကိုသွားပြီး ဘယ်မှာယူရမှန်း မသိဘူးလေ၊ ဒီရုံးကနေ အမြဲဆောင်ရွက်ပေးနေကျလူတွေ မရှိဘူးလားဟင်"

အပျော့ဆုံးမျက်နှာနှင့် လူကြီးရှေ့ရှိစာအုပ်ကို ရိုသေစွာဖွင့်ကာ ဆယ်ရှာဘယ်တန်တစ်ရွက် ညှပ်ပေးလိုက်သည်။ လူကြီးက စာအုပ်ကိုယူ၍ သူ့အံဆွဲထဲ ထည့်လိုက်ပြီးမှ

"မင်းတို့ကလဲကွာ၊ ငါမကူညီရင်လဲ ပြီးမှာမဟုတ်ဘူး၊ ဟင်း ငါက လည်း မကူညီရရင် မနေနိုင်ပါဘူး၊ အေး အပေါ်ထပ်မှာ ရာဇဝင်နိုဗစ်ရှိတယ်၊ သူ့ပြောလိုက် ငါက လွှတ်လိုက်တယ်လို့"

လူကြီးက စာတိုလေးတစ်စောင်ပင် ရေးပေးလိုက်သေး၏။ လူကြီး ညွှန်းရာအခန်းသို့ ကျွန်တော်ရောက်ခဲ့ပါသည်။ ၎င်းလူမှာ စားပွဲပေါ်မှ စာရွက်စာတန်း အပုံကြီးနှစ်ပုံကြားတွင် ခေါင်းငုံ့ကာ အလုပ်ရှုပ်နေပုံရသည်။ ကျွန်တော်က ရိုကျိုးစွာနှင့်

"ဆရာခင်ဗျာ၊ ကျွန်တော့်ကို အောက်ကဆရာက လွှတ်လိုက်တယ်၊ သင်တန်းကြေးအတွက် ငွေစာရင်းဌာနက ငွေသွင်းချလန်လိုတယ်တဲ့၊ အဲဒါ ဆရာ ကူညီပေးနိုင်. . နိုင်"

"ဘယ်လိုကူညီနိုင်မှာလဲကွာ၊ ဒီမှာ ငါ့မှာ ရှေ့ကအလုပ်တွေကို



နေညပြီးအောင် လုပ်နေရတယ်၊ ခုလေးတင်ပဲ ဒီအပေါ်မှာ ဒီစာရွက်တင်ထား ခဲ့တယ်၊ ခု ဘယ်ရောက်သွားပါလိမ့်၊ တောက် သွားကွာ၊ ငွေစာရင်းရုံးကို ကိုယ့်ဘာကိုယ်သွားပြီး သွားတောင်းချေ"

ကျွန်တော်က ခုတော့ လာဘတ်ပေးခြင်းကိစ္စနှင့် အတော်အတန် သင်ပါးနေပြီဖြစ်ရာ အိတ်ကပ်အတွင်းမှ ငွေစက္ကူတစ်ရွက်ကို ယူပြီး အနီးရှိ စက္ကူထုတ်တစ်ရွက်ပေါ်တင်ကာ

"ဆရာ ဆရာရှာနေတာ ဒီစာရွက်လေးလားဆရာ"

၎င်းလူက ကျွန်တော်တင်ပေးထားတဲ့ ငွေကိုမြင်ပြီး ချက်ချင်းစိတ် ကောင်းဝင်သွား၏။

"ဟ အေး၊ တယ်တော်တဲ့ကောင်ပဲ၊ ငါ့မှာရှာလိုက်ရတာ ရှုးနေတာ ပဲ၊ ဒါနဲ့ ခုနက မင်းပြောတာ ဘာ၊ ဘဏ်မှာငွေသွင်းဖို့ ငွေသွင်းချလန်ဟုတ် လား၊ အတော်ပဲ၊ မနေ့က ငါ ငွေစာရင်းရုံးရောက်လို့ ချက်နှစ်ရွက် အပိုယူလာ တယ်၊ ရော့ ရော့၊ အဲဒီအပေါ်မှာ ငွေအမောက်ရော အကြောင်းအရာရော ဖြည့်ပြီးသား၊ အမည်ဆိုတဲ့နေရာမှာ မင်းနာမည်ရေးပြီး ဘဏ်မှာငွေသွင်းလိုက်တော့"

"ဗျာ ငွေကို ဘဏ်သွားသွင်းရဦးမယ် ဟုတ်လား၊ ဒီမှာပဲ လုပ်ပေးလို့ မရဘူးလား"

"မရဘူး၊ ငါက ငွေစာရင်းကိုပဲ ပိုင်တာ၊ ဘဏ်ကျတော့ အပေါ် ခန်းက မိုရှည်ပဲ အမြဲလုပ်တာ၊ သူ့ဆီသွားလိုက်ပါ၊ အဆင်ပြေမှာပါ"

သူညွှန်းရာအခန်းသို့ ကျွန်တော်သွားရပြန်သည်။ ကျွန်တော့်အနေ နှင့် စကားများများပြောရန် အလိုမရှိသည့်အလျောက် ငွေသွင်းချလန်စာရွက် ပေါ်တွင် ငွေတစ်ရွက်ထပ်လျက် ၎င်းလူ့ရှေ့သို့ ချပေးလိုက်၏။

"အေး ဟုတ်ပြီ၊ ငါ့အနေနဲ့ ဘာမှပြင်းဆန်စရာမရှိဘူး၊ ဝန်ထမ်းဆို တာ ပြည်သူကို ကူညီရမှာ ပြည်ချစ်သားတို့ရဲ့ဝန်တာပဲ မဟုတ်လား၊ ရော့ ငွေတာ ဒီအမောက်သွင်းရမယ်"

သူထောက်ပြထားသော သင်တန်းကြေးအမောက်ကို သွင်းလိုက်သည်။

၎င်းလူက ငွေပြီးကြောင်း ချလန်ပေါ် လက်မှတ်ထိုးပေးကာ ကျွန်တော့် အား ပြန်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



“ရှေ့သား၊ အောက်ထပ်က ရာဇဝင်နိုဗစ်ကို သွားပြန်ပြ”

ကျွန်တော်လည်း ငွေသွင်းပြီးကြောင်းချလန်ပေါ် ငွေတစ်ရွက်တင်ကာ ရာဇဝင်နိုဗစ်ကိုပြသည်။ ရာဇဝင်နိုဗစ်က သင်တန်းကြေးသွင်းပြီးကြောင်း စလစ်တစ်ရွက်ရေးကာ ချလန်နှင့် စလစ်ကို စတာပ်ပလာနှင့်ညှပ်ကာ ပြန်၍ပေး၏။

“အေး အောက်က မင်းပထမဆုံးတွေ့ခဲ့တဲ့ ဆရာအီဗန်ကြီးဆီ သွားပြန်ပေးလိုက်တော့”

ကျွန်တော် ပထမထပ်ရှိ လူကြီးထံသို့သွားကာ ချလန်နှင့် စလစ်ပေါ် ငွေတစ်ရွက်တင်၍ ပြန်ပြ၏။

၎င်းလူက ရှည်ရှည်ဝေးဝေး ပြောမနေတော့ဘဲ သင်တန်းလက်ခံကြောင်း အသိအမှတ်ပြု ကဒ်ပြားတစ်ပြား ထုတ်ပေး၏။

“သင်တန်းခန်းမက ဘယ်မှာလဲဟင်”

လူကြီးက အပျင်းတစ်ချက်ဆန့်ရင်း

“အောက်ထပ်ကိုဆင်းသွားပါ၊ ရုံးရဲ့အနောက်ဖက်မှာ တံခါးပေါက်ကြီးရှိတယ်၊ အဲဒီကအစောင့်ကိုပြောလိုက်”

ကျွန်တော် အောက်ထပ်သို့ပြန်ဆင်းရင်း လူကြီးညွှန်လိုက်သော အပေါက်သို့သွား၏။ အပေါက်ဝတွင် ဝတ်စုံပြည့်နှင့် လူတစ်ဦး စောင့်နေ၏။ အိတ်ကပ်ထဲမှ ငွေတစ်ရွက်ကို လက်ထဲဆုပ်ကိုင်ပြီး ၎င်းလူအား လက်ဆွဲနှုတ်ဆက်ခဲ

“သင်တန်းခန်းမထဲ သွားချင်လို့ပါ”

၎င်းလူက ဘာစကားမှမပြောဘဲ ကျွန်တော့်လက်ထဲမှ ပိုက်ဆံကို လိပ်ယူရင်း တံခါးကို ဆွဲဖွင့်ကာ ကျွန်တော့်အား တွန်းထည့်လိုက်၏။ သူတွန်းထုတ်လိုက်သောအရှိန်ကြောင့် ထင်မှတ်မထားသောကျွန်တော် ဖင်ထိုင်လျက်လဲကျသွား၏။ ကားတစ်စီး ကျွန်တော့်နံဘေးမှ ဖြတ်မောင်းသွားမှ ကျွန်တော် ရောက်နေသောနေရာကို သတိထားမိတော့သည်။ ကျွန်တော် ရောက်နေသည့်နေရာက မြို့လည်လမ်းမကြီးဘေးမှ ပလက်ဖောင်းပေါ်။

“ဟေ့လူ လာဘ်ပေးလာဘ်ယူ အထူးသင်တန်းတက်မှာလေ၊ ဘာလို့ ပလက်ဖောင်းပေါ် တွန်းပစ်တာလဲ”

တံခါးက ပွင့်မလာ။ တံခါးနောက်မှ အသံတစ်သံသာ ထွက်လာသည်။



“ခင်ဗျားရဲ့သင်တန်းပြီးဆုံးလို့၊ ခုဆို လာဘ်ပေးလာဘ်ယူ အထူးချင်သွားပြီလေ”

“ဟင် ဒါ ဒါပဲလား၊ ဒါဆို သင်တန်းဆင်းအောင်လက်မှတ်တွေတွေ ပေးဦးဟ၊ ငါက ဒီသင်တန်းကို ငွေကုန်ကြေးကျခံပြီး တက်ထားရတာ”

“သင်တန်းဆင်းလက်မှတ်က ရှေ့လမှ အခမ်းအနားနဲ့ ပေးမှာပါ”

“ဟာ ငါက ညှော်သည်ကွ၊ ရှေ့လဆို ငါ့နိုင်ငံ ပြန်ရောက်နေပြီ၊ ပါကွာ၊ ခုယူလို့ရရင် ယူသွားချင်တယ်”

“ယူလို့ရလားဆိုတော့ အဟမ်း အဟမ်း”

ကျွန်တော်တင်းသွား၏။

“ဟေ့ကောင် အဟမ်း အဟမ်း လုပ်မနေနဲ့၊ ငါနားလည်တယ်၊ ရော”

ကျွန်တော်က ဆယ်ရှူဘယ်တန်တစ်ရွက် တံခါးအောက်မှ ထိုးသွင်းသော ကျွန်တော်၏လာဘ်ပေးလာဘ်ယူသင်တန်းအောင်လက်မှတ်သည် တံခါးအောက်မှ တရွေ့ရွေ့နှင့် ထွက်လာသည်။

ကိုဆန်း





www.burmeseclassic.com

www.burmeseclassic.com



# ဒကိုး
# လေနှန်နက်ခင်း



## လေနှန်နက်ခင်း

"အင်း ဟင်း ဟင်း ကျွတ် ကျွတ်"

"ကို ကိုသံဗျင် သတိထား ဦးလေ၊ အရမ်းအခံရဆိုးနေလား"

"တ တစ်ချက် တစ်ချက် တော်တော်ဆိုးတယ်ကွာ၊ ဟင်း ဟင်း"

"ဝေဒနာပဲ ကိုသံဗျင်ရယ်၊ သတိတရားလေး လက်မလွှတ်စေနဲ့၊ အသမီးတွေလည်း အနားမှာ ရှိတယ် သိလား"

ဒေါ်မျှင်မှာ ဆို့လာသော အသံကို အတန်တန်ထိန်းကာ ပြောင်းဖျနေရှာလေ၏၊ သူ့ယောကျ်ား အကြောင်း သူသိ၏။ ဝေဒနာဒဏ်ရာ အနာတရဆို တစ်သက်လုံး နည်းနည်းမှ မခံနိုင်ရှာခဲ့။ သူ့ယောကျ်ား ဦးသံဗျင်မှာ ယခု အသက်(၆၀) တိုင်အောင်အထိ နာမည်နှင့်လိုက် အောင် သန်မာကြံ့ခိုင်သည် ဖြစ်၍ လည်း အသည်းအသန် ရောဂါဝေဒနာ ခံစားခဲ့ရသည်ဟူ၍ တစ်ခါမှ မရှိခဲ့။ ဝေဒနာရောဂါကို ကြောက်၍ လည်း ဦးသံဗျင်မှာ ကျန်းမာရေးကို သာမန်ကာလျှံကာထက်မက ကျကျ နန လိုက်စားဆင်ခြင်ခဲ့သူကြီး ဖြစ် ၏။ မနက်တိုင်း လမ်းလျှောက်မပျက်၊ အရက်သေစာ မသောက်စား။ ကွမ်း မျှပင် ဝါးခဲ့သူမဟုတ်။ တုတ်တုတ်ခိုင် ခိုင်နှင့် တစ်သက်လုံး ကျန်းမာလာခဲ့ သူဖြစ်၏။ ယခုကား ခက်ချေပြီ။ ဤ မနက် အိပ်ရာကအထ၊ ဗိုက်ထဲက နာလှသည်ဟုညည်းကာ ရုတ်တရက် ကြီး လူပ်မျှပင်မလှုပ်။ မေးလို့လည်း မရ။ ပက်လက်ကြီးဖြစ်သော တွင် တွင်ညည်းကာ နေရှာလေ၏။

www.burmeseclassic.com



ဒေါ်မျှင်ခမှာ သူယောက်ျားကိုကြည့်ကာ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေတော့၏။ ဝေဒနာ၊ ဆေးဝါးနှင့်ဝေးကာ နေလာခဲ့ကြသူများဖြစ်၍ ဦးသံဗျင် ဘာဖြစ်နေမှန်းလဲ ဒေါ်မျှင်မသိ။ ခံစားနေရသမျှ မေးကြည့်သော်ငြား ကာယကံရှင်ကလည်း သဲသဲကွဲကွဲ ဘာမှမပြောနိုင်ရှာ။ ဝမ်းဗိုက်ထဲမှ အဆမတန် နာလှသည်ဟူ၍သာ ပြောရှာ၏။ ပရုတ်ဆီလေး ပွတ်ပေး၍ တတ်သလောက် မှတ်သလောက် ဘုရားစာ၊ တရားစာကလေးများ ရွတ်ဖတ်ပေးကြည့်၏။ သို့သော် ဘုရား၊ တရားသံကြားမှ လူနာမှာ ပို၍ ကြောက်လာသည်ထင့်၊ အစက စကားမေး ရသေးသော်လည်း နောက်ပိုင်း စကားပင်ပြန်မပြောတော့။ တဟင်းဟင်းသာ ညည်းကာ နေလေ၍ ပို၍ စိတ်ပူပန်လာကာ မွေးထားသော သားသမီး (၄)ယောက်အား ဖုန်းဆက်အကြောင်းကြားရလေတော့၏။

သားသမီးများမှာလည်း တစ်သက်လုံး သန်မာလာခဲ့သော သူတို့ဖခင်ကြီး ကောက်ကာငင်ကာ ဘာရောဂါနှင့် အသည်းအသန် ထဖောက်သည်မသိ၍ ရှိသမျှအလုပ်ပစ်ကာ ပြေးလာကြရှာကုန်၏။ အသက်မှမီပါ့မလားဟုပင် ပူပန်သူမရှား။ အားလုံး တက်သုတ်နှင်ကာ လာကြရှာကုန်၏။ ပြေး၍သာ လာကြရသည်။ အားလုံးကား ကုန်သည်မျိုးရိုးဖြစ်၍ ဆေးဝါးကိစ္စ နားမလည်။ အနားမှာသာ တလည်လည်နှင့် ပြောဆိုအားပေးလျက်သာ ရှိလေသည်။ အကြီးဆုံးသားမှာ အဖေ့နားလာကာ အားပေး၏။

"ဖေဖေ စိတ်အေးအေး ထားနော်၊ ဘာမှမပူနဲ့ သီလား၊ သားတို့အားလုံး အနားမှာရှိတယ်"

ဦးသံဗျင်မှာတော့ မျက်လုံး တစ်ချက်ဖွင့်ကြည့်ကာ ခေါင်းလေးသာ ယောင်ယောင်လေး ညိတ်ပြရှာ၍ တဟင်းဟင်းနှင့် ပြန်မှိန်းနေ၏။ အစ်ကိုကြီးမှ ညီလတ်နှင့် ညီမလတ်ကိုသာ လက်ကုတ်ခေါ်ကာ တော်ရာသွား၍ တိုင်ပင်ကြလေ၏။

"ဖေဖေ ဘာဖြစ်နေတယ်ထင်လဲ မိလတ်၊ ငါတော့ အစာအိမ်ထင်တာပဲ၊ တလောကလည်း ဗိုက်ကယ်,ကယ်နေတယ်ပြောတယ်"

ညီလတ်၏အမေးအား ညီမမှ ပြန်မဖြေခင် အစ်ကိုကြီးမှ ဝင်၍



"အစာအိမ်တော့ မဖြစ်နိုင်ဘူးထင်တယ် ညီညီ၊ ဖေဖေက တို့သိတဲ့အတိုင်း အစားအသောက် သိပ်မှန်တာ၊ ဖြစ်ချင်းဖြစ် အသည်းပဲဖြစ်မယ်၊ ဗိုက်ကြီးလည်း နည်းနည်းရောင်များနေသလားလို့"

"အို အစ်ကိုကြီးကလည်း အသည်းဆိုတာ အရက်သောက်မှ ဖြစ်တတ်တာဆို၊ ဖေဖေက အရက်ပြောနဲ့ ဘီယာတောင် ဘယ်တုန်းကမှ သောက်တာမှ မဟုတ်တာ၊ အူလမ်းကြောင်း ကင်ဆာလားမသိ"

"ကင်ဆာဆိုတာ တဖြည်းဖြည်းမှ ဆိုးလာတာမျိုးဆို မိလတ်ရဲ့၊ ငါအထင် အူအတက်များ ပေါက်သလားလို့"

"မဟုတ်သေးပါဘူးလေ၊ အူအတက်ပေါက်တာက ဘယ်ဘက်ဆိုလား၊ ညာဘက်ဆိုလား တစ်နေရာတည်းကပဲ နာတာဆို၊ အခု ဖေဖေက နေရာအနှံ့ နာနေတာဆိုတော့"

"ကိုကြီးကလဲ ဘာတစ်ခုမှ သေချာဘူး၊ အူအတက်ဆိုလဲ ဆေးရုံမြန်မြန်ပို့ကြရအောင်၊ ဒီအတိုင်း ခံနေရတာထက်စာရင် ဆေးရုံတင်လိုက်တာ ပိုမကောင်းဘူးလား"

"အေး အဲဒါကောင်းတယ်"

■

အငယ်ဆုံးနှမလေး မငယ်မှာ
သားလေးကို လက်ဆွဲကာ
မျက်စိမျက်နှာပျက်ပျက်
ကမူးကရူး ဝင်လာပြီး

■

"ဟ နေကြဦး၊ ဆေးရုံဆေးခန်းဆိုရင် မငယ်ပါမှ ကောင်းမှာပေါ့၊ ငါတို့က ဘာမသိ ညာမသိ ဘယ်ဆေးရုံတင်ရမှန်းမသိ"

"ကိုကြီးပြောတာ ဟုတ်တယ်၊ တော်ကြာ ဆေးရုံမှားတင်မိလို့"

"ဪ ကိုလတ်ကလဲ၊ ဆေးရုံမှားတင်မိတယ်ရယ်လို့ ရှိမလား"

"ဟာ နင်တို့ကလဲ၊ အရေးထဲ ငြင်းနေသေးတယ်၊ ဘယ်မလဲ မငယ်၊ ဖုန်းဆက်ထားတယ် မဟုတ်လား"

"ဆက်ထားတယ်၊ သူ့သားကျောင်းကို ဝင်ခေါ်ပြီး လာနေပြီတဲ့"

"အေး အဲဒါကောင်းတယ်၊ ဖေဖေက သူ့မြေးကို သိပ်ချစ်တာ၊ မသာကာ ဖိတ်စင်မသွားခင် တွေ့သွားတာပေါ့၊ မငယ်ကလည်း ဆရာဝန်ဆိုတော့ ညှိယက်ပိုနားလည်မှာ၊

www.burmeseclassic.com



မိလတ်"

"ဟုတ်ကဲ့ အစ်ကိုကြီး"

"သွား၊ လိုမယ်ထင်တာလေးတွေ ထုပ်ပိုးပြင်ဆင်ထားနှင့် ချော့ မေမေ့ကိုတော့ အသိမပေးနဲ့ဦး၊ အခြေအနေကြည့်ပြီး ငါပြောမယ်၊ သူတို့က ဆေးရုံဆေးခန်းဆို သေမလောက်ကြောက်တာ"

"ဟုတ်ကဲ့ အစ်ကိုကြီး"

"ဟော ကားသံကြားတယ်၊ မငယ်လာပြီထင်တယ်"

ပြောနေကြစဉ်အတွင်း အငယ်ဆုံးနှမလေး မငယ်မှာ သားလေးကို လက်ဆွဲကာ မျက်စိမျက်နှာပျက်လျက် ကပျာကယာ ဝင်လာပြီး

"ဖေဖေ ဘယ်လိုနေသေးလဲ"

"လာ လာ အခန်းထဲရောက်မှပြော"

သုတ်သီးသုတ်ပျာ ဝင်သွားကြ၍ အခန်းထဲရောက်သော် တစ်စုံတစ်ဦးမှ မဟန့်တားလိုက်နိုင်ခင်မှာပင် (၅)နှစ်သားကလေးငယ်မှာ သူ့အဘိုးကိုတွေ့ရာ ဝမ်းသာအယ်လဲနှင့် သူ့ထုံးစံအတိုင်း ဗိုက်ပေါ်တက်လေရာ

"ဟဲ့ ဟဲ့"

"ဘိုးဘိုး"

"အောင်မလေး သေပါပြီဗျ"

"ဘူ"

"အဲ"

ကလေးကို ဆွဲသူဆွဲ၍ မာန်သူမာန်နေစဉ် ဦးသံဗျင်မှာ ငုတ်တုတ်ထထိုင်ကာ ပြုံးပြုံးကြီးနှင့် ဖနီးအားလှည့်၍

"ကောင်းသွားပြီ မယ်မျှင်ရဲ့၊ လက်စသတ်တော့ လေချုပ်နေတာကို၊ ငါ့မြေးကယ်မှ နေရာကျတော့တယ်၊ လာ လာ သားသား ဘိုးဘိုးဆီလာ"

ဤတွင်မှ အားလုံး သက်မချကြလေကုန်၏။

ဤသို့အားဖြင့် နံနက်ခင်းတစ်ခုတွင် လူကြီးများမှ ရောဂါရှာနေကြဆဲ၊ ကဲလှသော ကလေးငယ်တစ်ဦးကြောင့် လေချုပ်နေသော အဘိုးကြီးတစ်ဦးမှာ သက်သာရာရလျက် အားလုံးပြုံးရွှင်စွာ ရှိနေကြလေတော့သတည်း။

**အရိုး**

**တော်နော် မှတ်** -အလုပ်နှစ်ခုတစ်ပြိုင်ထဲ လုပ်ပြီးရမလား။ ရှေ့ပြန်က ရေသွန်ရင်း လေသွန်ပြမယ်။




www.burmeseclassic.com

www.burmeseclassic.com



# ညမှောင်လည်း ထူကာမောင်အဲ

တစ်နေ့သ၌ ကျွန်ုပ်ထံသို့ မည်းရှည်ပိန်ကိုင်း ထိပ်ပိုင်းကျွတ်ပြောင် ပြူးကြောင်ကြောင်နှင့် ရှူးချောင်မူးချောင်နိုင်လှသော သူငယ်တစ်ဦးရောက်ရှိ လာ၏၊ ထိုသူငယ်သည်ကား ကျွန်ုပ်၏တူဖြစ်သူ မောင်သိန်းဆန်းပင်တည်း။ အနို့သူငယ်၏ ရုပ်ဆင်းအင်္ဂါမှာ ယခင်က ဤမျှလောက်ပျက်စီးယိုယွင်းခြင်း မရှိ၊ ပျော့ပျော့နေတတ်သောကြောင့် ပကတိကြည်လင်သည့် ရုပ်သွင်ရှိသည်။ အနို့သူငယ်သည်ကား အိမ်ထောင်ကျပြီး မဆုံမတွေ့ဖြစ်သည့် နှစ်အနည်း ငယ်အတွင်းမှာပင် မျောက်ဖင်နီအေကိုက်သလို အချိန်မရွေး သေလိုက်တော့ မည့်ပုံဟန်မျိုး ဖြစ်သွားသောကြောင့် ကျွန်ုပ်မှာ များစွာ အံ့သြကြီးခြင်း ဖြစ်ရ လေတော့သည်။

"ဘယ့်နှာဖြစ်သတုန်း မောင်သိန်းဆန်းရယ်၊ မောင်ရင့်ပုံကြည့်ရတာ မသက်မသာရှိလှဘိ"

ကျွန်ုပ်က သို့နှုတ်မေးမြန်းသမျှ ပြုလိုက်သည်နှင့် ငိုချင်လျက်လက်ဆို ဖြစ်နေသော မောင်သိန်းဆန်းမှာ အောက်ပါစကားများကိုဆိုရင်း ငိုချင်းချ လေတော့သည်။

သူတစ်ပါးအိမ်မှာ ကပ်ရပ်နေရသည့် တစ်ကောင်ကြွက်တစ်မျက်နှာ လေးမို့ ကြင်နာသနားပြီး မေတ္တာသက်ဝင် ချစ်ခင်ခဲ့မိကြောင်း၊ ချစ်လွန်းလွန်း သောကြောင့် ရွှေစိတ်တော်ညို အလိုမကျ မဖြစ်အောင် ဘာမဆို အကြိုက် သဘော လိုက်လျောပေးခဲ့ကြောင်း၊ ပူဆာတောင့်တသမျှ 'ဟင်'လို့တောင် မငြင်း ဆက်သွင်းအပ်နှင်းခဲ့ကြောင်း၊ စကားဆိုလျှင်လည်း ခပ်မာမာတောင် မဆို သကာပျားလို ချိုချိုစွာဆိုလာခဲ့ပါကြောင်း စသည့် မယားအကြိုက်တဒေ



လိုက်ခဲ့ပုံအကြောင်းများကို ဦးစွာဆိုလေ၏။

"အဲဒီလောက် အချစ်ပိုခဲ့တာတောင် အပြစ်ဆိုပြီး လစ်ရင်လစ်သလို လုပ်ထည့်တယ်ဗျာ၊ ကျွန်တော့်ဆံပင်တွေ ကြည့်ပါလား"

မောင်သိန်းဆန်းက သူ၏ဦးပြည်းပြောင်ပြောင်ကြီးကို ငုံ့ပြ၏။ ပြောင် နေသည့် ငယ်ထိပ်ပေါ်တွင် ကန့်လန့်ဖြတ် အနာရွတ်ကြီးတစ်ခုကလည်း အ ထင်းသားရှိနေ၏။

"ဘယ်လိုဖြစ်တာလဲကွာ၊ မထိတ်သာမလန့်သာ ရှိလှပါလား"

"သူ့ကို ကျွန်တော်ယူတုန်းက ပိန်ပိန်သေးသေးလေးပါ၊ အခုတော့ ဆွဲလုံးတွဲလုံးကောင်းပြီး ဆူမိုနပန်းသမကြီးလို ဖြစ်နေပြီ၊ အဲဒီဗလအားကိုးကြီး နဲ့ သူ စိတ်တိုတာနဲ့ ဆံပင်ဆွဲပြီး ကိုင်ကိုင်ဖွပ်တာ၊ မကျွတ်ခံနိုင်ရိုးလား"

"ကျွတ်ကျွတ်ကျွတ် ဒါနဲ့ မင်းမာကင်ကြီးကလည်း သူ့လက်ရာပဲလား"

မောင်သိန်းဆန်းက မသာထက်ပိုမသာမယာဖြစ်နေသည့် မျက်နှာ ကြီးကို ရှုံ့ပြီး

"အဝတ်လျှော်တာ မစင်ရမလားဆိုပြီး အဝတ်ဖွတ်တဲ့တုတ်နဲ့ တွတ် ထည့်လိုက်တာလေ၊ ခြောက်ချက်ချုပ်လိုက်ရတယ်"

ထိုသို့ဆိုပြီး တအီးအီးငိုချလိုက်သောကြောင့် ကျွန်ုပ်မှာ ကျောပုတ် ပြီး နှစ်သိမ့်ရလေ၏။

"မင်းကွာ၊ မိန်းမနဲ့ယောကျ်ားပဲ၊ သူတတောင်လုပ်သေးတာ၊ ကိုယ် လည်း ပြန်တုတ်ထည့်လိုက်ပေါ့"

ကျွန်ုပ်၏ မြှောက်ထိုးပင့်ကော် စကားကို နားထောင်ပြီး ထိုသူငယ် ခေါင်းခါပြင်းချ၏။ ပြီးမှ အလွန်သနားစရာကောင်းလှသည့် ချောင်ပိတ်မိခံနေရ သော ခွေးသူခိုးမျက်လုံးမျိုးနှင့်ကြည့်ကာ

"ရှက်လည်းရှက်တယ်ဗျာ၊ ရှက်လည်း မရှက်တော့ပါဘူး၊ ကျွန်တော် ကြောက်တယ်ဗျာ၊ သူ့ကို တစေ့စေ့ကြည့်ရင်းနဲ့ကြောက်တယ်၊ တငွေ့ငွေ့တွေး ပြီးတော့လည်း လန့်တယ်၊ သူနဲ့ဆုံတာနဲ့ ရင်ထိတ်သည်းဖို ဖြစ်နေတာ၊ ဘာ ကြောင့်လဲ မသိဘူး"

ဟု အရှက်မရှိမျက်နှာကြီးနှင့် ဝန်ခံလေ၏။ ဆော်လှပါဘိတောင်း၊

www.burmeseclassic.com



"ဗျွန်တော်လေ သူ့ကို စကားပြောရင် အပျော့ဆုံးလေနဲ့ အချိုသာဆုံးဖြစ်အောင် ပြောခဲ့တာပါဗျာ၊ ခေါ်တာတောင်မှ အသည်းလေး၊ အသက်လေး ချစ်ဆုံးလေးဆိုပြီး ချစ်စနိုးနဲ့ခေါ်တာ၊ အဲဒါတောင် သူက အလစ်ထိုးလိုက်၊ အဆစ်ချိုးလိုက်နဲ့ လုပ်ရက်တယ်၊ အီးဟီးဟီး"

သံကြောင်သံပြဲကြီးနှင့် ဝမ်းပန်းတနည်း ငိုပြန်၏။

"ဖြည်းဖြည်းငိုစမ်းပါ ဦးတူရာ၊ ဒီမှာ ဦးက တစ်ယောက်တည်းနေတာ၊ တော်ကြာ ရပ်ကွက်က နေကြီးရှောသွားပြီထင်ပြီး ရောက်လာကြဦးမယ်"

သို့နှုယ်ဟန့်လိုက်မှ သကောင့်သားသံရှိန်လျှော့တော့သည်။ ဒါတောင် ကျွဲဥကျွဲဥနှင့် ရှိုက်နေသေး။

"မင်းက မိန်းမကို လိုတာထက်ပိုပြီး အလိုလိုက်အကြိုက်ဆောင်လွန်းသကို၊ မိန်းမဆိုတာမျိုးက ချော့တစ်လီ ခြောက်တစ်လှည့် ပျော့တစ်လီ ငေါက်တစ်လှည့်လုပ်မှ တန်ရာကျသကွ၊ ဘုရားဟောဇာတ်တော်တွေ မဖတ်ဖူးဘူးလား"

အနိုသူငယ် သနားစဖွယ် ခေါင်းယမ်းပြလေ၏။

"ခက်ပါ့ကွာ၊ ကိုင်း မင်းနားလည်အောင် ဘုရားဟောမဟာကုဏာလဇာတ်ကို တစ်ခါဥပမာပြလို့ ပြောရသေးသပေါ့ကွာ၊ ကြားချင်ရင်တော့ နားဆင်သွားပေတော့ ငါ့ကောင်"

သို့နှုယ် အစပျိုးပြီးနောက် အောက်ပါကုဏာလဥဩမင်းဇာတ်ကြောင်းအား ထပ်လောင်းခင်းကျင်းကာ အနိုသူငယ် အလင်းရအောင် ရှင်းပြလိုက်လေတော့သတည်း။

× × ×

ကုဏာလဥဩရဲ့ အဟုတ်သဘောကို ထုတ်ပြောရရင်ဖြင့် ရုပ်ဆေးကြီးဖြစ်ဟန်တူပါရဲ့။ ဘာကြောင့်ဆိုတော့ မယားသုံးထောင့်ငါးရာ ရှိတယ်ဆိုထားပေသကိုး။ ဟယ် မယားအပြားကလည်း မျှားပါဘိ။ နားစရာအင်တောင် ရှိရဲ့လား အရှင်ဩရယ်၊ ရင်မောလိုက်တာနော် ဆိုပြီး တစ်မှတစ်အပူမကြီးကြပါနဲ့၊ သူ့ထံမှာ နည်းကောင်းတွေ ရှိပေသဗျ၊ ကြည့်ပါလား ခွဲသွားတဲ့ပုံစံကို၊



အယုတ်စုံမနောဆိုး အဟုတ်အကုန် သဘောမရိုးဘာတိုးတတ်သည့် မိန်းမများအား စကားချိုသာ(...)င်နေခြင်းသည်ကား မြွေပွေးအားယဉ်ကျေးအောင်(...)င်ပေးနေခြင်းနှင့်သာ ဥပမာတူလှပေ၏။

ခပ်တောင့်တောင့်ဥဩမနှစ်ကောင်က တုတ်လုံးတန်စွန်းနှစ်ဘက်ကို (...)စ်ကောင်စီ နှုတ်သီးနဲ့ချီပြီးကိုက်၊ အဲဒီအပေါ်မှ ကျုပ်တို့ရဲ့ဥဩမင်းက ခန့်(...)ကြီးလိုက်သဗျ။ ပျံသန်းတဲ့အခါ ငါးရာသောဥဩမတွေက ဥဩမင်းကြီး(...)နှမသင့်ပြုတ်ကျလာခဲ့သည်ရှိသော် အတောင်တို့ဖြင့် ခံထားပေးဖို့ အောက်(...)ပ်မှပျံ၊ အခြားငါးရာသော ဥဩမတို့ကလည်း ဥဩမင်းကြီးကို နေပူမခစေ(...) အထက်အရပ်မှ ထီးသဏ္ဌာန် ပျံကြရလေသတဲ့။

ဒီလိုပဲ ငါးရာငါးရာစီသော မယားများက ရှေ့မှာတစ်စု ဘေးတစ်(...)တစ်ချက်မှာ တစ်စုစီနဲ့ ဥဩမင်းကြီး ရန်ဘေးမှအမှန်ဝေးရန် ပျံပေးကြ(...)တဲ့ဗျာ။ ကျန်ရှိတဲ့ ငါးရာသော မယားတို့က နောက်တော်ပါးမှ ချန်ရံ။(...)ဆုံး ငါးရာသော မယားများကတော့ ဥဩမင်းကြီးအတွက် ခဲဖွယ်ချိုချဉ်(...)ဝလံတို့ကို ဆက်သလို့ အချက်ကျကျ ပျံသန်းကြရသပဗျာ။

အဲသလို လိုလေသေးမရှိ ပြုစုလုပ်ကျွေးကုန်ကြပါလျက် မယားများ(...)နှာကောင်း မရရှာဘူးတဲ့ဗျာတို့။ မိန်းမများအပေါ် မျက်နှာသာပေး(...)ဘာယူ မလုပ်ရုံမက

"ဟဲ့ အယုတ်တမာမ၊ သူခိုးမ၊ ဇာရင္ဂကာချလာ လဘာဂျာမ၊(...)တ မြင်းနီမတွေ"ဆိုတဲ့ ကောလုံးကြမ်းတွေ ဖောသီစွာသုံးပြီး ပယော(...)နိုင်အောင် ခြိမ်းခြောက်ဟိန်းဟောက်လေ့ရှိသတဲ့။

အဲ သူနဲ့မတူ တမူကွဲတဲ့ ဥဩထီးတစ်ကောင်လည်း အဲဒီနားမှာ(...)။ ဒီဥဩရဲ့ နာမည်က ဖုဿတဲ့။ ပါဠိအသံထွက်အရဆို ဖုတ်သ,လို့(...)သပေါ့ဗျာ။ အနှီဖုဿဟာ ကုဏာလလောက် ပါဝါကြီးသော်ငြား

www.burmeseclassic.com

www.burmeseclassic.com



သူလည်း မယားသုံးရာ့ငါးဆယ် ရှိလေသတဲ့။

ဖုသဥဩသည်ကား ကုဏာလနှင့်ကွဲပြားစွာ မယားများကို မျက်နှာသာပေးလွန်းသည်ဟူသတတ်။ အင်း ကျုပ်တူမောင်သိန်းဆန်းလိုပေါ့ဗျာ၊ မယားများကို စကားချိုစွာဖြင့် "ချစ်နှမတို့၊ အမျိုးကောင်းသမီးလေးတို့" ဆိုပြီး နှီးကျူးမြှောက်စား တောက်ကြွားစေလေသတဲ့။

ကိုင်း အဲသလို ကွာခြားနေတော့ ကုဏာလရဲ့မယားတချို့ဟာ ဖုသဆီ ရောက်လာပြီး

"များတို့ရဲ့ယောက်ျားဟာ အားကြီးဆိုးတာပဲ၊ များတို့က ကောင်းပါလျက်နဲ့ တစ်ချိန်လုံးထောင်းခံထိနေတယ်၊ မောင်ကြီးဖုသရယ် တော့်သူငယ်ချင်းကြီးကို နူတ်လျှာချိုသာအောင် ပြောဆိုပေးပါလားတော်"

ဆိုပြီး အကူအညီ တောင်းကြတော့တာပေါ့။ ဒီတော့ ဖုသလည်း ကုဏာလဆီ ရောက်လာပြီး

"ရောင်းရင်းကြီးကုဏာလ၊ သင်၏သတင်းပုံ့သင်းပုံကား ညှံ့ဖျင်းလှချေမှတကား၊ မယားကညာများကို ပျားသကာလို စကားချိုသာဆိုသင့်ပါလျက် မလိုတမာ အမြဲ ဆိုကာဆဲနေတာတော့ မသင့်ဘူးထင်တာပဲ"

ဒီလိုဆိုတော့ ကုဏာလက

"အို အသင်ဖုသ၊ သင်သည်ကား သုခနှင့်ဒုက္ခကို မှုချမခွဲနိုင်သူပါပဲလား၊ မယားကို စကားချိုခြင်းသည် ကျားကို သနားပိုခြင်းနှင့်တူသည် ဆိုသည့်အကြောင်း ကောင်းကောင်းနားမလည် သနားစဖွယ်ပါတကား၊ သွားလော့ ဖုသ၊ သင့်ဒုက္ခသင်ခံ၊ အမြင်မှန်ရမှ ဆက်ပြီးစကားဆိုကြစို့ရဲ့"

ကဲ ဒီတော့ ပြောစရာစကားကုန်ပြီပေါ့။ ဘယ်သူမှန်ဘယ်သူမှားဆိုတာကိုတော့ သိပ်မကြာခင်မှာပဲ သိကြရတော့တယ်။ ဒီလို

"ဖုသဥဩ သွေးဝမ်းသွန်နာ ဖြစ်နေရှာပြီတဲ့"

ဒီသတင်းဟာ ဥဩလောကမှာ အုတ်အော်သောင်းတင်း ဖြစ်သွားတော့တယ်။ သူ့မယားဥဩမတွေလည်း ပျာယာခတ်ကုန်တော့တာပေါ့။ ငါတို့လင်သည်ကား သေမည်ရှင်မည်မသိ၊ ဝေဒနာနှိပ်စက်ခံနေရသူနှင့် အတူနေခြင်းသည်လည်း အကျိုးမရှိ၊ ဖုသလင်အား တစ်အုပ်တစ်မကျဉ်ပြီး



ကုဏာလဆီ စုကာသွားလို့ သူ့မယားအဖြစ် ချက်ချင်းလက်ငင်း အသတ်သွင်းကြစို့ရဲ့၊ အဲဒီလိုသဘောညီပြီးသကာလ ကုဏာလဆီ ရောက်လာကြတော့တာပေါ့။

"ဟယ် အယုတ်တမာမ၊ မျောက်သားစား၊ နောက်မီးလင်းမတွေ၊ နာနေတဲ့ ကျေးဇူးရှင်လင်ကို ပြုစုယုယမှုအလျဉ်းမရှိဘဲ ကမြင်းဖို့ပဲ ကြံစည်အမှန်ပလီလွန်းလှဘိ၊ သင်တို့ ငါ့အနားကပ်လာက ဖြတ်ကာရိုက်ပုတ်ခြင်းခံရမည်၊ သွားကြဟုန်ဟုန် သွားဟုန်ဟုန်"

သို့ကလို မောင်းမဲနှင်ထုတ် ပုတ်ခတ်ဆဲဆိုပြီး ဖုသဥဩရှိရာ ဌာနသို့ ကုဏာလဟာ ရောက်ချလို့လာပါတယ်။ မိတ်ဆွေကောင်းပီပီ နေကောင်းထွန်းမာအောင် ဦးစွာပြုစုပေးပြီးမှ အသုံးကျတဲ့ ဆုံးမစကားကို ဆိုပါလေတော့တယ်။

"အချင်းဖုသ၊ ဒုက္ခရောက်ချိန်မှာ မယားဆိုတာ ဘယ်လိုဟာမျိုးသဲ၊ ဝေခွဲတတ်ပြီထင်ပ့ါ၊ အသင်သည်ကား ကျွဲပါးစောင်းတီးသကဲ့သို့ မိန်းမများအပေါ် ကောင်းချီးဆိုခဲ့သမျှ ကောင်းကောင်းကြီး ငိုခဲ့ရပြီမဟုတ်တုံလော၊ အယုတ်စုံမနော်ဆိုး အဟုတ်အကုန် သဘောမရိုး တောတိုးတတ်သည့် မိန်းမများအား စကားချိုသာ ဆိုနေခြင်းသည်ကား မြွေပွေးအား ယဉ်ကျေးအောင် သင်ပေးနေခြင်းနှင့်သာ ဥပမာတူလှပေ၏၊ ဆင်ခြင်လော့ ဖုသ"

ကိုင်း ဘုရားဟောမဟာကုဏာလဇာတ်တော်လိုပဲ ဆင်ခြင်ပေတော့ မောင်သိန်းဆန်းရေ ဒီလိုမှမဟုတ်ဘဲ ဆက်အလိုလိုက်နေရင်တော့ အချုတ်ပိုအရိုက်ခံရဦးမယ်ဆိုတာ ရင်ထဲအသည်းထဲ အစဉ်အမြဲ စွဲမြဲစွာမှတ်၊ ဆိုပြီး အသေအချာ ဆုံးမလိုက်တာတောင်မှ ဒီကောင်ကြီးက အခုအချိန်ထိ အတီးခံနေရတယ်ဆိုတဲ့အကြောင်း ထပ်လောင်းပြန်ကြားလာတော့လဲ အဟဲ။

ဪ တချို့သောသူများသည်ကား ပေကဲ့သို့ အထုခံ၊ ဆုံကဲ့သို့ အထောင်းခံရဖို့ လူဖြစ်လာကြပြီး တချို့သူများမှာတော့ တူအဖြစ်ထုရန်၊ ကျည်ပွေ့ကဲ့သို့ထောင်းရန် ရောက်လာကြပေသည်ဟုသာ တွေးဆဆင်ခြင်မိပါတော့တယ်ဗျာ။ ဝမ်းနည်းဖွယ်ကောင်းပေစွ။

**▌အရှုံးသူရာစည်သူပါမွှား**

www.burmeseclassic.com

# ပက်ဦးမောင်

## ဇာတ်ညွှန်းမရှိတဲ့ ပြဇာတ်



www.burmeseclassic.com

www.burmeseclassic.com



## ဇာတ်လွှမ်းမှုံဖဲ့ပြဇာတ်

လူတော်တော်များများက လောကကြီးဟာ မတရားဘူးဟု စွပ်[illegible] တတ်ကြ၏။ ထိုသူများထဲတွင် ကိုလှဖေမပါ,ပါ။ ကိုလှဖေက လောကကြီး[illegible] ကျေးဇူးရှင်အဖြစ် အမြဲအမွှမ်းတင်နေတတ်သူဖြစ်သည်။ အမှန်တကယ်လည်း လောကကြီးက ကိုလှဖေအပေါ် တရားမျှတခဲ့ပါသည်။ အဘယ့်ကြောင့်[illegible] သော် စာရေးဆရာတစ်ယောက် ဖြစ်ကိုဖြစ်ရမည်ဟု ကြွေးကြော်၍ စာ[illegible] စာဖတ်ခြင်းမှတစ်ပါး ဘာအလုပ်မှမလုပ်ချင်သောသူကို ခန္ဓာကိုယ်မှ ရေသူ[illegible] ထွက်အောင် ရှာဖွေကျွေးမွေးမည့် ငါးစိမ်းသည်မ,ခါဥနှင့် ဖူးစာဖက်[illegible] သောကြောင့် ဖြစ်ပေတော့သည်။

× × ×

"တစ်မိသားစုလုံးရဲ့စားဝတ်နေရေးကို မိန်းမတွေကသာ တာ[illegible] ရမယ်ဆိုတဲ့ဥပဒေကို ဘယ်နှခုနှစ်မှာ ပြဋ္ဌာန်းခဲ့တာလဲ ကိုလှဖေ၊ ကျုပ်[illegible] လိုက်လို့ ပြောပြစမ်းပါ"



မာဂရက်မစ်ချယ်ကဲ့သို့ တစ်ပုဒ်တည်းနှင့်ကမ္ဘာကျော်ရမည်ဟု ကြုံးဝါး၍ စိတ်ရောကိုယ်ပါနှစ်ပြီး စာရေးနေသော ကိုလှဖေ၏လက်များ တုန့်ခနဲဖြစ်သွားရလေသည်။ အားကိုးအားထားပြုနေရသော ချစ်မဟေသီမခါဥ၏ ကျွဲမြီးတိုနေသော တိုက်ပွဲခေါ်သံမဟုတ်ပါလား၊ မခါဥပေါက်ကွဲမည်ဆိုလျှင်လည်း ပေါက်ကွဲလောက်ပါသည်။ တနေကုန် အယုတ္တအနတ္တဟာစ်ပေါ့သံစဉ်များနှင့် ဈေးလယ်ခေါင်တွင် စီးပွားရှာပြီး ခြေကုန်လက်ပန်းကျခဲ့ရသည်။ အိမ်ပြန်ရောက်တော့လည်း ကလေးသုံးယောက်၏ ဝေယျာဝစ္စနှင့်အတူ အဟာရမှိုဝဲ[illegible] စီမံချက်ပြုတ်ရပြန်သည်။ လင်တော်မောင် အဖိုးတန်ကြီး ကိုလှဖေက ဧည့်သည်တစ်ဦးကဲ့သို့ အရာရာကို ဥပက္ခာပြုလွန်းလှပေ၏။

ပြောင်းဆန်နေသော မျောက်သုံးကောင်ကို စိတ်ကြွဆေးကျွေးထားသကဲ့သို့ ဆော့ကစားတတ်သော သားသမီးများ၏ဒဏ်ကိုပင် မတုန်မလှုပ်ခံနိုင်ရည်ရှိလွန်းလှ၏။ အနုပညာဖန်တီးမှုအပေါ်တွင် မည်မျှအထိ အာရုံနှစ်ထားသနည်းဆိုသော် သူ၏ရင်နှစ်သည်းချာသုံးဦးသား ညီညွတ်စွာဖြင့် အိမ်ကိုဖျက်ဆီးတမ်းဆော့သည်ကို မသိလိုက်သောကြောင့် အဖမ်းခံခဲ့ရဖူးသည်အထိပင်။

ဤကဲ့သို့သော် ကိုလှဖေကို မည်ကဲ့သို့သောဇနီးသည်က ကြည်ဖြူ[illegible] ဆော့ပါမည်နည်း။ သို့သော် ကိုလှဖေတွင် ဆေးနည်းကောင်းရှိပါသည်။ ထိုဆေးနည်းက လုပ်ကိုင်ကျွေးမွေးနေသော ဇနီးသည်ကို မိဘဆရာကဲ့သို့ ရိုသေ[illegible] စွာ ဆက်ဆံတတ်ခြင်းပင်။ မခါဥကလည်း လင်ယောက်ျား၏ရိုသေကျိုး[illegible] အပေါ် အလိုက်သင့်စီးမျောရင်း မတန်တဆ ဆူပူငေါက်ငမ်းရသောအရသာ[illegible] ဖိုးလိုမွဲသကဲ့သို့ စွဲလမ်းသာယာနေတတ်၏။ မိမိပြောသမျှကို မျက်လုံးလေး[illegible] ကလယ်ကလယ်နှင့် ပြန်မပြောဘဲ နားထောင်နေတတ်သော လင်ယောက်ျား[illegible] မြင်ရလျှင် ငါးခေါင်းများကို စိစိညက်ညက်ကြေအောင်ထုသတ်၍ အော်[illegible] ဆဲဆိုကာ ဈေးရောင်းကျွေးရသည်ကို တန်သည်ဟု ထင်မှတ်နေသူဖြစ်သည်။

ယခုလည်း အိမ်ဦးနတ်သခင်မှိုခိုသူကိုလှဖေကို အာဏာပြရန် နိဒါန်း[illegible] ပျိုးတော့ခြင်းဖြစ်၏။ ကိုလှဖေကလည်း နပ်ပါသည်။ ချစ်ဇနီး၏ စကားလုံး[illegible] ပြင်းထန်မှုကို နားထောင်လိုက်ခြင်းအားဖြင့် မယ်ဝန္တာ[illegible]ရောင်း ရိုက်ပြီဖြစ်

www.burmeseclassic.com



ကြောင်း ဒက်ခနဲသိလိုက်၏။ ထို့ကြောင့် သက်သက်ညာညာနှိပ်ကွပ်စေရန် လိုင်စင်အသိမ်းခံရသော တက္ကစီသမား၏မျက်နှာမျိုး ခံထားလိုက်ပြီး လေပြည်ထိုးလိုက်သည်။

"သမားရိုးကျ ဟိုင်းဝေးလမ်းပေါ်မှာ ဒေါသကိုလီဗာတပ်ပြီး ကီး မမြင့်ချင်စမ်းပါနဲ့ မိန်းမရယ်၊ မေတ္တာစောင်နဲ့ပဲထွေးထွေး၊ ကရုဏာအနွေးထည် ပဲဝတ်ဝတ်၊ နှလုံးသားအေးခဲမှုဒဏ်ကို ကာကွယ်နိုင်ဖို့အဓိကမဟုတ်လား၊ လ ရောင်ဆမ်းမှုပွင့်တဲ့ ကုမုဒြာလို သမုဒယကြိုးတွေ ကူးလူးယှက်သန်းနေတဲ့ဘဝ ရေအိုင်ကြီးထဲမှာ ပုံစံခွက်ဆိုတာ စွန့်ပစ်ပစ္စည်းပါကွယ်"

ကိုလှဖေ၏ မျက်ဖြေလက်ာက မခါဉ၏ နှလုံးသားကို ဗဟိုချက်တည့်တည့်မှ ထွင်းဖောက်သွားပုံရသည်။ မခါဉ၏မျက်နှာက ဖလ်ကြည်တုံးကို ဆီသုတ်ထားသကဲ့သို့ တင်းမာပြောင်လက်လာ၏။ လက်သီးနှစ်ဖက်ကို တင်းတင်းဆုပ်ထားသဖြင့် အကြောများက ညောင်မုတ်ဆိတ်ကျသလို ဖွားဖွားထောင်ထလာ၏။ မျက်လုံးနှစ်ဖက်ကလည်း ခုန်ထွက်တော့မတတ် ပြူးဝိုင်းလာကာ အံကြိတ်သံများက ခါးပန်းတွင် ပုခက်ချိတ်၍လွှဲနေသကဲ့သို့ တကျွိကျွိမြည်နေသည်။

"တော့်ပါးစပ်ကိုပိတ်ထားလိုက်စမ်း ကိုလှဖေ၊ ကျုပ်နဲ့စကားပြောရင် လူနားလည်မယ့်စကားလုံးနဲ့ပြောစမ်းပါလို့ တော့်ကို ဘယ်နှခါပြောရမလဲ၊ ရှေ့မှာဆိုရင်လည်း ထမင်းလွှတ်ရှူး၊ ဘယ့်နှယ်တော် ဗမာစကားကို ဗမာချင်း နားမလည်အောင် ဘယ်လိုများသင်ကြားတတ်မြောက်လာသလဲ မသိပါဘူး"

"ဒါဟာ ငါ့ရဲ့နှလုံးသားမြေပေါ်မှာ ထွန်ယက်စိုက်ပျိုးခြင်းကင်းမှု ပေါက်နေခဲ့တဲ့ ဗီဇပါရမီပဒေသာပင်က အနုပညာအသီးအပွင့်တွေပါခဲ့ ရယ်"

"ဒုန်း"

ကိုလှဖေ၏စကားကို ဟမ်း(မ်)ပေးသော ဂီတသံမဟုတ်ပါ၊ မခါဉ သူ၏ဒေါသမြင်းရိုင်းကို ဇက်ကြိုးဖြည်လွှတ်လိုက်ပြီး ပစ်လွှတ်လိုက်သော ရှတ်ကျည်ပွေ့က ကိုလှဖေ၏ဘေးမှန်ရံကို မှန်သောအသံဖြစ်လေသည်။

"တော့်ရဲ့အနုပညာအသီးအပွင့်တွေ တစ်ခုထွက်လာတိုင်း ကျုပ်နဲ့



ဒေါသလက်နက်တစ်ခုလာမယ် ကိုလှဖေ၊ နောက်ထပ်ပြောရဲပြောကြည့်စမ်း ဒီမှာ ယောင်းမ၊ ဓား၊ မီးညှပ်၊ ဒယ်အိုး၊ စလောင်းဖုန်း အများကြီးရှိသေးတယ် ဗွန်း"

ကိုလှဖေ၏ ရင်တွင်းဖြစ် ရတနာများ အခွင့်အခါမသင့်သေး၍ ဘဲ့ဖြန့်ခွင့်မရတော့ပါ။ မျက်လုံးလေး ကလယ်ကလယ်နှင့် ချစ်ဇနီးကျေးဇူးရှင် ကို ကြည့်ရုံသာတတ်နိုင်တော့၏။ မီးခြစ်ကျောက်တမျှ သေးငယ်သွားသော ကိုလှဖေ၏မျက်နှာလေးကိုကြည့်၍ မခါဉ သနားသွားပုံရသည်၊ လေသံအ နည်းငယ်ပျော့သွား၏။

"တော်ဒီလိုပဲ စာအုပ်တွေနဲ့ အချိန်ကုန်နေတော့မှာလား ကိုလှဖေ တော့်သားသမီးတွေရဲ့ ရှေ့ရေးကို ထည့်မတွက်တော့ဘူးလားဟင်"

"ဝီရိယလေးညှို့နဲ့ ဝါသနာမြားကိုပစ်ခတ်. . (အဲ)ငါဟာ အချိန်တွေ ကို အလဟဿ ဖြုန်းပစ်နေတာ မဟုတ်ပါဘူးမိန်းမရယ်၊ ငါမျှော်လင့်တဲ့ ပန်းတိုင်ကို အားသွန်ခွန်စိုက်ချီတက်နေတာဟာ မင်းနဲ့သားသမီးတွေအတွက် ပါကွာ"

ကိုလှဖေ၏စကားကို ကြားလိုက်ရသောမခါဉ၏ မျက်နှာသည် ဘမ်းမှုန်းရှိကြောင်း၊ ကားရှိကြောင်းကို ပရိသတ်သိစေရန် တမင်ထည့်ရေးထား သောစာရေးဆရာကြီးတစ်ဦး၏ ဆောင်းပါးကို ဖတ်လိုက်ရသကဲ့သို့ ဆတ်ဆတ် ခါ ရှုံ့မဲ့သွားရလေ၏။

"ပါးစပ်ပေါက်နဲ့တန်တဲ့စကားလုံးကို ထွက်ပါ ကိုလှဖေရယ်၊ ထမင်း အိုးထဲ ကလေးများရဲ့ ယောက်ျားရှိကြောင်း ပြရုံကလွဲပြီး အချိန်ပြည့် စာရွက်၊ ဘော(လ်)ပင်နဲ့ အချိန်ကုန်နေတဲ့သူက မိသားစုအတွက် အားသွန်ခွန်စိုက် ချီတက်နေသတဲ့"

"အဲဒီလို စာရေးစာဖတ် လုပ်နေတာကိုက မင်းတို့အတွက်ပဲလေ"

"(၄)တန်းအထိပဲ ကျောင်းနေဖူးတဲ့ကျွန်မလို အနုံအအ,က တော့် စကားတွေကို လိုက်မမီပါဘူး ပညာရှိကြီးရယ်၊ တော့်စကားအဓိပ္ပာယ်ကို တော် ရှင်းပြစမ်းပါဦး"

မခါဉ၏အရွဲ့စကားကို ကိုလှဖေက သိသိကြီးနှင့် ဂိုက်ခံလိုက်ပြီး

www.burmeseclassic.com



"ဒီလိုမိန်းမရဲ့၊ ငါ့ရင်ထဲမှာ ထာဝရစီးနေတဲ့ အိပ်မက်မြစ်ဟာ. ."

"ကျုပ်တောင်းပန်ပါတယ် ကိုလှဖေရယ်၊ ကျုပ်ကိုသနားရင် နားလည်လွယ်မယ့် စကားလုံးနဲ့ ရှင်းပြပါနော်၊ တော့်စကားတွေကိုနားထောင်ပြီး ကျုပ်ဦးနှောက်ပျက်သွားရင် တော်နဲ့သားသမီးတွေကို လုပ်မကျွေးနိုင်တော့မှာ ကြောက်လို့ပါ"

ကိုလှဖေက ခေါင်းကို ဖြည်းညင်းစွာခါယမ်း၍ သက်ပြင်းတစ်ချက်ချပြီး

"အေးပါကွာ၊ အတတ်နိုင်ဆုံး ငါဆင်ခြင်ပါ့မယ်၊ ငါ့ရဲ့အမြင့်ဆုံးရည်မှန်းချက်က စာရေးဆရာဖြစ်ဖို့ပဲ၊ စာရေးဆရာဖြစ်ပြီဆိုတာနဲ့ မင်းတို့မိသားစု လက်ခမောင်းခတ်ပေတော့မိန်းမရေ"

မခါဥက မျက်လုံးလေး ပေကလပ်ပေကလပ်ဖြင့် ကိုလှဖေကိုမော့ကြည့်ရင်း

"ဘာဖြစ်လို့ လက်ခမောင်းခတ်ရမှာလဲ ကိုလှဖေ၊ တော် စာရေးဆရာဖြစ်တာနဲ့ ကျုပ်တို့သားအမိက မြန်မာ့လက်ဝှေ့တက်ထိုးရတော့မှာလားဟင်"

ဟု မေးသည်။ ကိုလှဖေမျက်နှာ စိတ်ပျက်စွာဖြင့် ရှုပ်ပျက်ဆင်းပျက်ရှုံ့မဲ့ပြီးခါထွက်သွား၏။ ပါးစပ်မှလည်း စုတ်တစ်ချက် ပြင်းပြင်းသပ်လိုက်ပြီး

"ကျွတ် ခက်လိုက်တာ ခါဥရယ်၊ စကားလုံးတိုင်းကို ရိုးယယ်လစ်ဖင်အတိုင်းကြီးစဉ်းစားနေတော့တာပဲ၊ လက်ခမောင်းခတ်တယ်ဆိုတာ နိမိတ်ပုံဟ၊ မင်းတို့သားအမိတွေရဲ့ဘဝ အောင်ပွဲခံနိုင်ပြီမို့ အားရဝမ်းသာဝင့်ကြွားဂုဏ်ယူနိုင်ပြီလို့ ပြောတာဟ"

မခါဥ၏မျက်နှာလေး ငယ်နေသလောက် ရှားရှားပါးပါးရသောအထက်စီးအခွင့်အရေးကြောင့် ကိုလှဖေ၏အသံက တင်းပြောင်နေ၏။

"ဘယ်လိုတွေ အောင်ပွဲခံပြီး၊ ဘယ်လိုတွေ ဂုဏ်ယူဝင့်ကြွားရမှာလဲဆိုတာ ကျုပ်နားလည်အောင် လည်လည်ပတ်ပတ်ရှင်းပြစမ်းပါ ကိုလှဖေရယ်ခုလည်း တော် စာတွေရေးနေတာပဲ မဟုတ်လား၊ အဲဒါ စာရေးဆရာမဖြစ်ဘူးလား"



"စာရေးတိုင်း စာရေးဆရာမဖြစ်ဘူးမိန်းမရဲ့၊ ကိုယ်ရေးတဲ့စာတွေဟာ ပုံနှိပ်စာလုံးအဖြစ်နဲ့ တစ်နိုင်ငံလုံးဖြန့်ချိတဲ့ စာအုပ်တွေမှာပါတော့မှ စာရေးဆရာဖြစ်တာဟ၊ ငါ စာရေးဆရာဖြစ်တာနဲ့ မင်းလည်း အလိုလိုစာရေးဆရာကတော်ဖြစ်ပြီပေါ့ဟာ"

"အဲဒီလို နိုင်ငံကျော်စာအုပ်တွေထဲမှာ တော့်စာက ဘယ်တော့ပါမှာလဲဟင်"

"ငါကြိုးစားနေတယ်ဆိုတာ အဲဒါပေါ့ဟ၊ ဘယ်နေ့ရယ်လို့တော့ အတိအကျပြောလို့ ဘယ်ရပါ့မလဲ"

"ကိုလှဖေရယ်၊ တော် ကျုပ်နဲ့မရခင် ကပေကမ္ဘာထဲက ရေးခဲ့တာ၊ အလေး(၃)ယောက်လည်း မွေးပြီးပြီ လူ့သက်တမ်းလည်း သုံးချိုးနှစ်ချိုးနားကပ်နေပြီ၊ ဒီလောက်ကြိုးစားခဲ့တာတောင် မဖြစ်သေးဘူးဆိုတော့ ဒီတစ်သက်ဖြစ်ပါ့မလားဟင်"

"ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ၊ မင်းပါးစပ်က နိမိတ်မရှိလိုက်တာခါဥရယ်၊ တစ်နေ့တလဲ ပုဂံဘယ်ပြေးမတုန်းပေါ့ဟဲ့"

"ဒီလောက်တောင် ခက်ခဲတဲ့ စာရေးဆရာဆိုတာကြီးကို မြန်မြန်ဖြစ်အောင်လုပ်စမ်းပါတော်၊ ငယ်လင်ငယ်မယားမို့သာ ကျိတ်မှိတ်ပြီးပေါင်းနေတာ၊ ဟဲ့ နင့်ယောက်ျားက ဘာလုပ်တာလဲလို့မေးရင် ဘာပြန်ပြောရမှန်းမသိတဲ့ဘဝလောက် မျက်နှာငယ်တာ ဘာရှိတော့မတုန်း၊ တော် စာရေးဆရာဖြစ်သွားတော့ ကျုပ်တို့သားအမိလည်း ဂုဏ်တက်တာပေါ့"

"အေးပါဟာ၊ လေနှင်ရာတို့၊ သုံးလခံတို့၊ ဖုတ်လှိုက်ဖုတ်လှိုက်တို့၊ မနေမရာတို့၊ ကံစီမံရာတို့၊ ကြုံသလိုပေါ့တို့၊ ငါ့ဝတ္ထုပို့ထားတဲ့မဂ္ဂဇင်းဂျာနယ်တွေ အများကြီးပါဟ၊ စာရေးဆရာကတော်ဆိုပြီး မိန့်မိန့်ကြီးကြွားဖို့သာပြင်ထားစမ်းပါမိန်းမရာ"

× × ×

"မိန်းမရေ မိန်းမ၊ ဟေ့ ခါဥ မိန်းမရေ"

လေ၏လျှင်မြန်ခြင်းမျိုးဖြင့် ခြံဝင်းထဲသို့ ပြေးဝင်လာသော ကိုလှဖေ

www.burmeseclassic.com

သည် ပါးစပ်မှလည်း အဆက်မပြတ် ချစ်ဇနီးကိုအော်ဟစ်ခေါ်နေ၏။ လက်ထဲတွင်လည်း စာအုပ်တစ်အုပ်နှင့်။ ဈေးသိမ်းပြန်လာခါစ ရေချိုးရန်ပြင်နေသော မခါဥက ကိုလှဖေ၏ အရေးတကြီးအော်သံကြောင့် ခုတင်အောက်မှ သော့ခတ်ထားသောသေတ္တာကို မနိုင်ရင်ကာ ဆွဲထုတ်တော့၏။ အခန်းထဲသို့ ပြေးဝင်လာသော ကိုလှဖေက သေတ္တာကို ခြေကန်ဆွဲထုတ်နေသော ဇနီးသည်ကို မြင်လိုက်ရ၍ ရုတ်တရက် နားမလည်နိုင်စွာ ကြည့်မိ၏။

"မင်း ဘာတွေလုပ်နေတာလဲဟင်"

"အို တော်ကျုပ်ကို အော်ခေါ်ပြီး အရေးတကြီးပြေးဝင်လာတာ မီး

တော်တန်တိတ် ကိုလှဖေ၊ ဒုက္ခိတမျောက်နာကို
မိတ်ကပ်လိမ်းပြနေစမ်းနဲ့၊ ငွေရေးကြေးရေး
မအောင်မြင်ပေမယ့် ကျုပ် စာရေးဆရာကတော်
ဆိုတဲ့နာမည်တစ်ခွင့်ရလို့ ခွင့်လွှတ်လိုက်မယ်၊

လောင်လို့မဟုတ်ဘူးလား"

"သေလိုက်စမ်းပါတော့ဟာ"

"ဘာပြောတယ်ကိုလှဖေ၊ တော်သေပါလား၊ ကျုပ်က ဘာလို့သေရမှာလဲ"

"ကဲပါဟာ၊ ငါပြောတာ နားထောင်စမ်းပါ၊ ဘယ်ရပ်ကွက်မှ မီးလောင်လို့မဟုတ်ဘူး၊ ငါ စာရေးဆရာဖြစ်ပြီဟ၊ ဒါကြောင့် ဝမ်းသာရအောင် နင့်ကို အရေးတကြီးလာပြတာ၊ ဒီမှာလေ စုန်းစုန်းမြုပ်မဂ္ဂဇင်းထဲမှာ ပါလာတဲ့ 'ပြာခုံထဲသို့ဝင်မိပြီ'ဆိုတဲ့ ငါ့ဝတ္ထုလေ"

"အင် ဟုတ်လား ကိုလှဖေ၊ ဟုတ်ကောဟုတ်ရဲ့လားတော်"

"ဟုတ်ပါတယ်ဟ၊ ဒီမှာ ငါ့ကလောင်နာမည် ဆာဒူးကြီးဆိုတာ"

"အို ဟုတ်ပါရဲ့၊ ဒါနဲ့ ကလောင်နာမည်ကို ဘာဖြစ်လို့ ဆာဒူးကြီးလို့ ပေးတာလဲဟင်"

"ဩော် ငါ့မိန်းမကလည်း ဒါတွေ မင်းနားမလည်ပါဘူးကွာ၊ ဒီ

ငါ့ကလောင်နာမည်ကိုက အားပါမနေဘူးလား"

"ဟုတ်တယ်နော်၊ စာရေးဆရာဖြစ်တာလည်း မပြောနဲ့၊ ကလောင်နာမည်ကြားတာနဲ့တင် အားရစရာကြီး ဟီးဟီး"

စာအုပ်ထဲမှ ကလောင်နာမည်ကို ကြည့်ရင်း တဟီးဟီးနှင့်ဝမ်းသာနေသောဇနီးသည်ကို မိန့်မိန့်ကြီးကြည့်၍ ကိုလှဖေတစ်ယောက် ပြုံးနေလေသည်။ သို့အပြုံးကား ကြာရှည်မခံပါ။ မခါဥ၏မေးခွန်းတစ်ခုက လျှပ်တစ်ပြက်ဝင်လာသောကြောင့် တွန့်ခနဲဖြစ်သွားရ၏။

"တစ်နိုင်ငံလုံး ဖြန့်ချိတဲ့စာအုပ်ထဲမှာ ပါတဲ့အတွက် တော်ကဘယ်လောက်ရမှာလဲဟင်"

"ဟို ဟို လေးငါးထောင်တော့ရမှာပေါ့မိန်းမရဲ့"

"ဘာ"

ခယ်မဖြစ်သူက ခဲအိုဖြစ်သူထံမှ ထင်မှတ်မထားသော ချစ်စကားကြားလိုက်ရသကဲ့သို့ ဝမ်းခေါင်းသံကြီးနှင့် မခါဥ အာမေဋိတ်ပြုလိုက်သည်မှာ ကိုလှဖေပင်လန့်သွား၏။

"အံမယ်လေးလေး၊ ဖြစ်မှဖြစ်ရပလေတော်၊ အနှစ်နှစ်ဆယ်လောက် ဘာအလုပ်မှမလုပ်ဘဲ အပတ်တကုတ်ကြိုးစားခဲ့တဲ့ တော့်ရလဒ်က ကိုပြားကြီး တစ်နေ့တာ ရေထမ်းရောင်းသလောက်ပဲ ရှိတာပါလား၊ ဘုရား ဘုရား မျှော်လင့်ချက်ကြီးနဲ့ စောင့်လိုက်ရတာတော်၊ တော်သေးတာပေါ့၊ အထင်တကြီးနဲ့ အကြွေးကြီးကြီးမားမားတွေများ ယူထားမိရင် ဒုက္ခပောင်ရောက်သွားဦးမယ်"

"အဲဒီလိုတော့ မနှိုင်းပါနဲ့မိန်းမရယ်၊ နှလုံးသားအမြှုတေတွေရဲ့ အိပ်မက်နန်းသိမ်းပွဲပါ"

"တော်တန်တိတ် ကိုလှဖေ၊ ဒုက္ခိတမျောက်နာကို မိတ်ကပ်လိမ်းပြနေစမ်းနဲ့၊ ငွေရေးကြေးရေး မအောင်မြင်ပေမယ့် ကျုပ်စာရေးဆရာကတော်ဆိုတဲ့နာမည်တစ်ခွင့်ရလို့ ခွင့်လွှတ်လိုက်မယ်၊ ဒီနေ့ကစပြီး တော်လည်း စာရေးဆရာနဲ့ တူအောင်နေ"

"အေးပါဟာ၊ လိုအပ်တဲ့ပစ္စည်းတွေတော့ ဝယ်ပေးပေါ့"

"စာရေးဆရာဖြစ်ရင်ပြီးတာပဲ၊ ဘာတွေဝယ်ပေးရမှာလဲပြော"

www.burmeseclassic.com



"မျက်မှန်တစ်လက်ရယ်၊ စတစ်အကျႌအဖြူရယ်၊ လွယ်အိတ်တစ်လုံးရယ်"

"စတစ်အကျႌကတော့ ချုပ်ပေးမယ်၊ မျက်မှန်ကတော့ ဝယ်မပေးနိုင်ဘူး၊ ကျုပ်အဖေဆုံးတုန်းက အမှတ်တရဆိုပြီး ယူထားလိုက်တဲ့ ကျွဲကော်ကိုင်းနက်မျက်မှန်ရှိတယ်၊ အဲဒါတပ်"

"ဟ ခါဥကလည်း မင်းရဲ့အဖေမျက်မှန်က ပါဝါဘယ်လောက်မှန်းလဲ"

"မသိဘူး၊ ၃၀၀လို့တော့ ကြားမိတာပဲ၊ ကိုက်ကိုက်မကိုက်ကိုက် အဲဒါပဲတပ်၊ လွယ်အိတ်လည်းဝယ်မပေးနိုင်ဘူး၊ တော့်သားသမီးအကျွတွေ့ရှိသားပဲ အဲဒါတွေဖာသုံး"

ကိုလှဖေ စာရေးဆရာဖြစ်ပြီဆိုတော့ စာရေးဆရာပုံစံပေါက်အောင် ပြင်ဆင်ရလေပြီ။ စတစ်အကျႌက အသစ်ချုပ်ဖြစ်ခြင်းကြောင့် အဆင်ပြေသော်လည်း လွယ်အိတ်နှင့်မျက်မှန်က အဆင်မပြေပါ။ ကိုလှဖေ၏ညွှန်ကြားသည့် ပြဋ္ဌာန်းကျောင်းမှုအောက်တွင် ကြီးပြင်းလာရသော မျောက်ငိုသားသမီးတို့၏ လွယ်အိတ်အကျသည် ဗမာစက္ကူရေစိုကို ဖုံးကွဲထားသကဲ့သို့ ရှိချေ၏။ ဖာထေးရသည့်အစသည်ပင် လွယ်အိတ်တစ်လုံးစာမက ကုန်လေ၏။ မျက်မှန်ကလည်း ယောက္ခမ၏ကျွဲကော်ကိုင်းနက် ပါဝါ၃၀၀ဖြစ်သောကြောင့် မှန်ပေါ်မှကျော်ကြည့်တတ်အောင် ကျင့်ရသည်။ မှန်တွင်းမှ ကြည့်မိပါက စူဠာသမ္မာဝ၊ မဟာသဗ္ဗာဝ ညီအစ်ကိုတို့၏ဖောင်ပေါ်တက်လိုက်ရသကဲ့သို့ပင်။

မည်သို့ပင် ဆိုစေကာမူ ဇနီးသည်၏မြှောက်စားမှု၊ စာပေလောက၏ကံဇာတာညီးမှိန်မှုတို့ကြောင့် ကိုလှဖေတစ်ယောက် စာရေးဆရာဖြစ်လာခဲ့လေပြီ။

× × ×

ကိုလှဖေ၏ဇာတိချက်ကြွေမွေးရပ်မြေသို့ မိသားစုလိုက် အလည်ရောက်ခဲ့ကြသည်။ ကိုလှဖေ၏ရွာသို့ ရောက်ရန်အတွက် မြန်မာနိုင်ငံတွင်ရှိသောယာဉ်မှန်သမျှ စီးရလေသည်။ မစုံလျှင် မရောက်နိုင်ပါ။ (လေယာဉ်ပျံနှင့် တင့်ကားကလွဲ၍)နှစ်ရှည်လများကွဲကွာနေသော မြို့ကြီးသားဆွေမျိုးကိုလှဖေကို သောင်းသောင်းဖြဖြ ကြိုဆိုကြလေသည်။ ကြီးပွားရေး၊ စီးပွားရေးတို့ဖြင့်



နည်းနာကြလေ၏။ ကိုလှဖေတို့မိသားစု ရောက်လေရာနေရာတွင် မျက်နှာကြီးအိမ် ကလေးမွေးသကဲ့သို့ ရှိချေ၏။ ကိုလှဖေတို့၏ ပဲစပ်မှထွက်သမျှပုံပြင်တို့ကို တအံ့တဩ အာမေဋိတ်သံပြုကြလေ၏။ အာဏာကုန်ပညာရေးဟူ၍ ထိုတန်း ကျောင်းသာရှိသော ရွာကလေးတွင် မြို့ကြီးသူမြို့ကြီးသား ကိုလှဖေတို့မိသားစုကား မျက်နှာပွင့်လွန်းလှချေတကား။

နေပြန်တိုးများ၏ လည်ပင်းညှစ်မှုကြောင့် အချိန်ပြည့်မျက်လုံးပြူးနေရသော မခါဥတစ်ယောက် ငန်းတို့ပျော်ရာရေကန်သာထဲမှ အထွေးဆုံးငန်းမလေးကဲ့သို့ လွတ်လပ်ပေါ့ပါးပြီး အသံစာစာ,စာစာနှင့် လွင်လို့နေသည်။ ငန်း၏ဆရာချစ် သားသုံးယောက်ကား စိတ်ရှိလက်ရှိ မဆော့နိုင်ရှာကြ။ အာဟာရဓာတ်နှင့်ကျွေးသတ်ရန် ရည်ရွယ်ထားသကဲ့သို့ အလျှံအပယ်တည်ခင်းသည့် အဟာရများကို ဆိုမာလီ၊ အီသီယိုပီးယား ဇာတ်ခင်း၍ အချိန်ပြည့်စွယ်ကြသောကြောင့် လမ်းပင် ကောင်းကောင်းမလျှောက်နိုင်ကြပါ၊ ခွေခွေလေးလှဲ့နေကြရ၏။ ငွေကာလမ်းစဉ် လိုက်သွားကြမည်စိုးသောကြောင့် ကျိတ်၍ငေါက်ငမ်းတားမြစ်နေရသည်။

အစစအရာရာ အဆင်ပြေချောမွေ့နေသော ကိုလှဖေတို့မိသားစုသည် 'ငါတို့အမျိုးလှဖေက ဘာလုပ်တာလဲ'ဟူသောမေးခွန်းနှင့်သာ မကြုံတွေ့ခဲ့လျှင် အထစ်အငေါ့ဟူ၍ ပြစရာရှိမည်မထင်ပါ။ သို့သော် မိမိတို့၏ ဂုဏ်ကို ဂုဏ်ယူကြွားဝါလိုသူတို့က အမေးရှိလာပါသည်။

မခါဥသည် အချို၊ အချဉ်၊ အသုပ်၊ ဘယ်လိုမှလုပ်စား၍မရသော ကိုလှဖေကို စာအုပ်များနှင့် ယှဉ်တွဲတွေ့ရလျှင် အူထဲမှ လိပ်လိပ်လိပ်လိပ်နှင့် အော်ဂလီဆန်လှသော်လည်း ပတ်ဝန်းကျင်မှမေးလျှင်တော့ စာရေးဆရာဖြစ်ကြောင်း အလင်္ကာပေါင်းစုံနှင့် အမွှမ်းတင်၍ ကြွားဝါတတ်လေသည်။

"ကိုယ်ကသာ လင်ယောက်ျားမို့ အထင်မကြီးတတ်တာ၊ ဟိုတစ်နေ့က အုန်တာရာဆိုလား ဘာဆိုလား မသိပါဘူးအေ၊ ကိုလှဖေကို မြင်ဖူးချင်လို့ဆိုပြီး ပြိုင်ဘီးလေးစီးပြီး လာသေးတယ်၊ ဒေါ်မြသန်းတင့်ဆိုရင် အခေါက်ပေါင်းမရေနိုင်ဘူး၊ ဦးအေးမောင်တို့၊ ဦးရွှေအောင်တို့ဆိုတာ ကိုလှဖေကို ဟောပေးလို့ဆိုပြီး စိတ်တောင်ဆိုးကြသေး"

www.burmeseclassic.com

www.burmeseclassic.com



ဝါစိန္တချိုင်းမှတစ်ပါး ဘာစာရွက်၊ စာအုပ်မှမကိုင်သော မခါဥတရုတ်တွက်တွင်းမှာ ဤသို့ကြား၏။ စာရေးဆရာကြီးများ၏ အမည်ကိုတော့ ကိုလှဖေနှင့် အပေါင်းအသင်းများ၏ စကားဝိုင်းမှ နားစွန်နားဖျားမှတ်ထားပြီး ရမ်းတွယ်ခြင်းသာဖြစ်၏။ မည်သူတွေရှိသေး၍ မည်သူတွေ ဆုံးပါးသွားကြပြီကို မခါဥမသိပါ။ သို့သော် ကိစ္စမရှိ။ အကြွားခံရသူများကလည်း မခါဥနှင့် ဘာမှမထူး၊ ပုဂံနှင့်ညောင်ဦးကဲ့သို့ပင်။

ယခုလည်း "ကျွန်မယောက်ျားက စာရေးဆရာကြီးလေ"ဟူသော စကားစက ပြဿနာသန္ဓေကို စတည်စေခဲ့သည်။ မိမိတို့၏အမျိုး ကိုလှဖေကို တခမ်းတနား ကြွားဝါဂုဏ်ယူလိုကြသော်လည်း ရွာဦးကျောင်းမှ ပါဠိစာအုပ်များမှလွဲ၍ မူလတန်းဖတ်စာအုပ်လောက်သာရှိသောရွာတွင် စာရေးဆရာဆိုသည်ကို အဓိပ္ပာယ်ဖော်မရဖြစ်နေလေတော့သည်။ ထိုအခါ နီးစပ်ရာသို့ မေးမြန်းစုံစမ်းကြရလေတော့သည်။

ကိုလှဖေ၏ ဦးရီးတော်သူက ကိုလှဖေ၏အဘိုးလေးတော်သူ ရွာဦးကျောင်းဆရာတော်ကို မေးလျှောက်၏။

"တပည့်တော်တူက စာရေးဆရာလုပ်တာလို့ ပြောတယ်ဘုရား၊ စာရေးဆရာဆိုတာ ဘာမှန်းမသိလို့ တစ်ရွာလုံး ဂွကျနေကြတယ်၊ ဘုန်းဘုန်းသိရင် ရှင်းပြစေချင်ပါတယ်"

ဘုန်းကြီးက ဆွေမျိုးများအတွက် ယူကြုံးမရမျက်နှာအမူအယာနှင့်

"ကျုပ်အမျိုးတွေအတွက် သနားစရာကောင်းလိုက်တာ ဒကာကြီးရယ်၊ ကိုယ့်အမျိုးတစ်ယောက် ကြီးကျယ်ခမ်းနားနေတာတောင် ဘယ်လိုခမ်းနားမှန်းမသိလို့ ဂုဏ်မယူတတ်ကြရတဲ့ ဘဝတွေပါလား"

ဆရာတော်၏စကားကြောင့် စာရေးဆရာကို ဘာမှန်းမသိသော ကိုလှဖေ၏ဦးရီးတော်ပင် ကိုယ့်ဘဝအတွက် ဝမ်းနည်းအားငယ်ပြီး ငိုချင်သွားမိသည်။

"မှတ်ထား ဒကာကြီးရဲ့၊ ကျုပ်တို့ဘုန်းကြီးတွေ သင်ကြရတဲ့စာအုပ်တွေကို ရေးတာ စာရေးဆရာတွေပေါ့၊ ရှင်မဟာရဋ္ဌသာရ၊ ရှင်မဟာသီလဝံသ၊ မင်းဘူးဦးဩဘာသ စသည်ဖြင့် အများကြီးပေါ့ကွယ်"



"ဟာ ဒါဆိုရင် တပည့်တော်တို့တူက ပညာရှိကြီးပေါ့နော်"

"အင်းပေါ့ ဒကာကြီးရဲ့၊ ဘုန်းကြီးတွေသင်ရတဲ့စာတွေကိုတောင် ရေးပါတယ်ဆိုမှတော့ ပညာမရှိဘဲ နေပါ့မလား၊ ကိုယ့်အမျိုးထဲ ဒီလိုထွန်းထွန်းပေါက်ပေါက်ပါလာတာ ဂုဏ်ယူစရာပေါ့"

ရိပ္ပိတာဦးရီးတော်၏ သတင်းဖြန့်မှုကြောင့် ကိုလှဖေ၏ ကျော်ဇောသတင်းက ဖိန့်ဖိန့်တုန်သွားရလေပြီ။ မဂ္ဂဇင်းပေါ်တွင် သုံးမျက်နှာခန့်ဝတ္ထုတိုတစ်ပုဒ်သာ ပါဖူးသော ကိုလှဖေတစ်ယောက် အဘိုးလေးဆရာတော်၏ မြှောက်မှုကြောင့် ရှင်မဟာသီလဝံသတို့နှင့် တစ်တန်းတည်း ကျော်ဇောသွားရလေတော့သည်။ မခါဥကား မျက်လုံးပင်မဖွင့်တော့။ ကိုလှဖေလည်း ခေါင်းတိုဖက်၍ တပေါးပေါး တဝါးဝါးပျော်ခဲ့ကြသော ငယ်ပေါင်းများလည်း ကျဲ့တဲ့လေးထိုင်၍ ရိုရိုသေသေဆက်ဆံကြလေတော့သည်။

× × ×

"ဒကာကြီးမောင်လှဖေကို တစ်ခုလောက်တော့ တောင်းဆိုချင်တယ်"

အဘိုးလေးဆရာတော်က အရေးတကြီးတွေ့ချင်သည်ဆို၍ ကိုလှဖေ လာကန်တော့ရခြင်းဖြစ်၏။

"ကျုပ်အမျိုးတွေရဲ့ ဗဟုသုတ၊ အသိဉာဏ်ပညာတွေအတွက် ကျုပ်စွန့်ပဲ ရှက်မိတယ်ဒကာလှဖေရယ်၊ ဆွေစဉ်မျိုးဆက် ယာထွန်၊ နွားကျောင်း၊ ထန်းတက်၊ ပေါင်းနုတ်ရင်းနဲ့ ဘဝတုံးနေကြရသူတွေကိုကြည့်ပြီး သနားလည်း သနားမိတယ်၊ တော်သေးတာပေါ့၊ ဒကာလှဖေလို ပညာရှိတစ်ယောက် ထွန်းပေါက်ပါဝင်လာရတာကိုက တို့ဆွေမျိုးတွေအတွက် အဖတ်ဆယ်စရာလေး ရှိနေသေးတာပေါ့"

ဆရာတော်၏မိန့်စကားများက ကိုလှဖေ၏ကျောရိုးအတွင်းရှိ ချဉ်ဆီသည်မှစိမ့်ချမ်းချမ်းရင်း ကြက်သီးများထ၍ထ၍လာရပေသည်။ မိမိကိုယ်မိမိ ညံ့ဖျင်းသည်ဟု ဘဝင်မြင့်စိတ် အနည်းငယ်ရှိသော်လည်း ဤမျှလောက်ကြီးအမွှန်းတင်သာသောဒဏ်ကို ကိုလှဖေ မခံရဲတော့လောက်အောင် ကြောက်ရွံ့လာမိသည်။ မခါဥကတော့ လင်ယောက်ျားအတွက် ဂုဏ်ယူပြုံးကို မျက်နှာပေါ်တွင်

www.burmeseclassic.com

www.burmeseclassic.com



နှစ်(၆၀)ဂရဲယူထားလေသည်။

"အဲဒီတော့ ကျောက်ပေါက်မာကို ကတ္တီပါစနဲ့ ပွတ်ချောတယ်လို့ပဲ ပြောချင်ပြောတော့ သူတို့အတွက် တတ်နိုင်သလောက်လေး အရောင်တင်ပေး ချင်တယ်ကွယ်၊ ဒီလိုအမျိုးတွေထဲမှာ လူလာဖြစ်ရတာ ကျုပ်ရော၊ ဒကာလှဖေ ပါ သိက္ခာကျလွန်းလို့ပါ"

"ဘုန်းဘုန်းမိန့်တာ ဟုတ်ပါတယ်ဘုရား၊ တပည့်တော်မတို့ဘက်က ဘာတွေပံ့ပိုးစေချင်တယ်ဆိုတာသာ အမိန့်ရှိပါ၊ တတ်နိုင်သမျှ အကျိုးဆောင် ပေးရမှာပေါ့ ဘုရား၊ ကိုလှဖေအမျိုးတွေဆိုတာလည်း တပည့်တော်မရဲ့အမျိုး တွေပဲ မဟုတ်လား"

မခါဥက အခွင့်အရေးရခိုက်တွင် ကိုလှဖေ၏အရှိန်အဝါနှင့် စွတ်တင် လေတော့သည်။ ကိုလှဖေကတော့ တေမိမင်းကို ဘီန်းကျွေးထားသကဲ့သို့ပင်

"ကျုပ်ဖြစ်ချင်တာကတော့သူတို့တွေအတွက် တစ်လုံးပဲရရ၊ နှစ်လုံး ပဲရရ ဒကာကြီးရဲ့ အသိပညာတွေကို ဖြန့်ဝေဟောပြောတဲ့ပွဲလေး လုပ်ပေးဖို့"

"အဲဒီအစီအစဉ်က အကောင်းဆုံးပဲဘုရား"





မခါဥကသာ ပြောခြင်းဖြစ်သည်။ တစ်ရွာလုံး၏အမြင်တွင် ကိုလှဖေ သာ ဘုရင်တစ်ပါးဖြစ်နေသော်လည်း မခါဥ၏ရင်ခွင်ပိုက်ဖြစ်သော အခြေအနေ အစစ်အမှန်ကို မည်သူမျှမသိကြပေ၊ ရွာသူရွာသားများကို ဟောပြောပွဲလုပ် ရန် အစီအစဉ်က သေချာသွားခဲ့လေပြီ၊ ဆရာတော်က နောက်ဆက်တွဲ မိန့် ကြားလိုက်သည်မှာ

"ဒကာမကြီးကလည်း စာရေးဆရာကတော်ဆိုတော့ ခင်ပွန်းဖြစ်သူ နဲ့အတူ ပါရမီဖြည့်ပေးရမှာပေါ့၊ ကျုပ်ရဲ့အမျိုးဒကာလှဖေနဲ့အတူ အူလှ၊ နံ့လှ တို့ကျုပ်ရွာသားတွေကို အတူဟောပြောပေးရမယ်နော်"

"တင်ပါ့ဘုရား၊ တပည့်တော်မ နောက်မတွန့်ပါဘုရား"

အသာအယာထိုင်ကြည့်နေရုံမှလွဲ၍ ကိုလှဖေကရော ဘာတတ်နိုင် ပါည်နည်း။

× × ×

လေးတန်းပင်မအောင်သော မခါဥ ဟောပြောပွဲတက်ရန် အလုပ်ရှုပ် သည်။ ဗလစ်ဆန်အောင်ပြောတတ်သော မခါဥအနားဝယ် အမျိုးထဲမှ အရာရောက်လိုသူတို့က ဝိုင်းဝိုင်းလည်လျှက်၊ ဤဟောပြောပွဲတွင် စာရေး ဆရာကတော်မခါဥက အဓိကမင်းသမီးမဟုတ်ပါလား။

"ကျွန်မအတွက် မျက်မှန်တစ်လက်နဲ့ ခြုံပဝါတစ်ထည်တော့ လို မယ်"

မခါဥ၏နှုတ်ထွက်စကားဆုံးသည်နှင့် မျက်နှာရလိုသော ကိုလှဖေ အမျိုးတို့ ဝရုန်းသုန်းကားနှင့် အရပ်ဆယ်မျက်နှာသို့ဖြန့်၍ ပြေးလွှားသွား ကြရန်၏၊ မကြာမီအချိန်အတွင်း ဖုန်တထောင်းထောင်းနှင့် ပြန်ရောက်လာ ကြလေသည်။ ရရှိလာသောပစ္စည်းများကို မခါဥထံ သူထက်ငါပေးဆက်ကြ သည်၊ မျက်မှန်(၆)လက်နှင့် ခြုံပဝါ(၉)ထည်၊

ခြုံပဝါရွေးချယ်ရာတွင် မခါဥအတွက် အခက်အခဲမရှိသော်လည်း မျက်မှန်ရွေးချယ်ရာတွင်တော့ အခက်အခဲရှိသည်၊ လမ်းသွား၍မမြင်တော့ လောက်အောင် မှုန်ဝါးသွားမှုကြောင့် မလုပ်မဖြစ်လုပ်ထားကြရသော သက်ကြီး ရွယ်အိုများ၏ မျက်မှန်များကို ဘုန်းကြီးဩဇာကို အလွဲသုံးစားပြု၍ ချွတ်ယူလာ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်သောကြောင့် ကော်ကိုင်းအနက်ပုံဆိုးဆိုးနှင့် ပါဝါ(၃၅၀)အကျော်မျှေချည်း ဖြစ်သည်။ တစ်လက်ပြီးတစ်လက် တပ်ကြည့်သောမခါဉခမျှာ လဲကျတော့မတတ်မူးနောက်နေသည်။ မခါဉ၏အရိပ်အခြည်ကို စောင့်ကြည့်နေသောအမျိုးတို့က ထုံးနှင့်လျက်ဆားကိုပွတ်၍ နှာခေါင်းဝကိုတေ့ပေးတော့မှ သက်သာသလိုရှိလာလေ၏။

ကိုလှဖေကတော့ မိမိ၏နာရေးအတွက် ပိုင်းဝန်းပြင်ဆင်နေကြသူတွေကို ကြည့်နေရသောမျှော်လင့်ချက်ကုန် လူနာကဲ့သို့ ရှိချေတော့သည်။

× × ×

ဟောပြောပွဲနေ့သို့ ရောက်ခဲ့လေပြီ။ မခါဉက အမျိုးများရှာဖွေလာခဲ့သောမျက်မှန်(၆)လက်စလုံးကို မကြိုက်ဟုဆိုကာ ပယ်ချလိုက်၏။ အကြောင်းမှာ ရွာဦးကျောင်းဆရာတော်၏ ရွှေကိုင်းဘိုင်ဖိုကယ်မျက်မှန်ကို ကျိတ်၍သဘောကျနေသောကြောင့်ဖြစ်၏။ မခါဉပယ်ချလိုက်သောမျက်မှန်ပိုင်ရှင် သက်ကြီးရွယ်အိုများကတော့ အတိုင်းထက်အလွန် ပျော်ရွှင်ကြလေသည်။ အဘယ်ကြောင့်ဆိုသော် မျက်မှန်ချွတ်ယူသွားစဉ်ခဏလေးအတွင်းမှာပင် နောက်ဖေးနောက်ဖီမျှမသွားနိုင်ဘဲ ငုတ်တုတ်ထိုင်စောင့်နေကြရသောကြောင့်ဖြစ်၏။ မခါဉသာ မျက်မှန်တစ်လက်ကိုရွေးချယ်လိုက်ပါက ထိုမျက်မှန်ပိုင်ရှင်သည် ဟောပြောပွဲမပြီးမချင်း အိပ်ရာထဲ၌ တုံးလုံးလဲ့နေရပေလိမ့်မည်။

ထိုအခက်အခဲကို ဆရာတော်အား တင်ပြသောအခါ ဆရာတော် အကြုပ်ရိုက်သွား၏။ ဆရာတော်ကိုယ်တိုင်ကလည်း မျက်မှန်ချွတ်လိုက်လျှင် ခြောက်ပေအကွာလောက်ကို သဲသဲကွဲကွဲမြင်ရသူမဟုတ်ပါ။ သို့သော် မခါဉအတွက် မရှိမဖြစ်လိုအပ်နေသည်ဆိုခြင်းကြောင့် ဟောပြောပွဲမပြီးခင်ထိုင်နေမည်ဟုဆိုကာ တွန့်ဆုတ်မှုမရှိချွတ်ပေးလိုက်လေတော့သည်။ ရပ်ရွာ၏အကျိုးအတွက် ကြည့်လွန်းလှသော ဆရာတော်ပါပေ။

ဟောပြောပွဲသို့ ရောက်ရှိလာကြသော ကိုလှဖေ၏ ဦးကြီး၊ ဦးလေး၊ ဘကြီး၊ ဘထွေး၊ အဘွားလေး၊ အရီးလေးတို့ကိုလည်း ကြည့်ပါ ဟောပြောမည်ဆို၍ ဆရာတော်က ဆင့်ခေါ်ထားသောကြောင့်လည်းကောင်း၊ ဆွေမျိုးပညာရှိကိုလှဖေ၏ဂုဏ်ပုဒ်ကို လှေလာလို၍လည်းကောင်း၊ အားကျိုးမာန်တက်လာကြသော်လည်း ဘာတွေဟောပြော၍ ဘယ်လိုပုံစံနာယူကြရမည်မသိကြ။ ထို့ကြောင့် တဘက်ကလေးများ ပခုံးပေါ်ကိုယ်စီတင်၍ ဆန်၊ ကြက်သွန်၊ ဖယောင်းတိုင်၊ အမွှေးတိုင်၊ ပိုက်ဆံကန်တော့လေးများ ထိုးစိုက်ထားသော လင်ဗန်းလေးများရွက်၍ လာကြလေကုန်သတည်း။



ကိုလှဖေတို့ ပညာရှိဇနီးမောင်နှံတို့ကို တည်းခိုရာအိမ်မှ ဟောပြောရေးဘုန်းကြီးကျောင်းဆီသို့သွားရန် ပြင်ဆင်ထားသည်မှာလည်း ခမ်းနားလှသည်။ ထန်းသားပက်လက်ကုလားထိုင်နှစ်လုံးကို ဝါးလုံးနှစ်လုံးနှင့်ညှပ်ချည်ပြီး ဝေါသဘောမျိုး ထမ်းသွားရအောင် စီစဉ်ထားခြင်းဖြစ်၏။ မခါဉက ဝေါစီးရတော့မည်ဟု လက်ခုပ်လက်ဝါးတီးမတတ် ပျော်ရွှင်နေပေသည်။ ကိုလှဖေကတော့ ဘယ်လိုသတ္တိမျိုးမွေးကြည့်လို့မှ မစီးရဲသောကြောင့် အိုးစည်ဗုံပတ်များပွက်ပွက်ညံ၍ ဝေါနှင့်လာကြိုသောကာလသားအဖွဲ့ကို အတင်းတောင်းပန်ပြီး လမ်းလျှောက်လိုက်ခဲ့ရလေသည်။

စာရေးဆရာကတော် မခါဉ၏ပုံစံကိုလည်း ကြည့်ပါ။ သူ၏အဝတ်အစားထဲမှ တစ်စုံတည်းသာအကောင်းရှိသော ကျောက်စိမ်းရောင် အီတလီဝိုးဝမ်းဆက်မှာ အနက်နုရောင် သူ့အသားအရေနှင့်လိုက်ဖက်လွန်းလှပေ၏။ ထိုဝမ်းဆက်ပေါ်မှ ကြက်သွေးရောင်ခြုံပဝါကြောင့်လည်း ပိုမိုထင်ပေါ်သွားရခြင်းဖြစ်သည်။ ဆယ်ကျော်သက်ရွာသူများ သားရေတမြားမြားနှင့် မက်မက်စက်စက်အားကျခဲ့ရသော ဒေးဗစ်ခန်း ဓားယမ်းခံထားရသည့်ပုံစံ ကြေးနီရောင်ဆံပင်ကလည်း အလှတစ်ခုပင်။ ဆရာတော်၏ ရွှေကိုင်းဘိုင်ဖိုကယ်မျက်မှန်ကို အားဖြည့်လိုက်သောအခါ ကိုလှဖေကိုယ်တိုင်ပင် လေးစားကြည်ညိုရတော့မတတ် ခန့်ညားလှပနေတော့၏။

သို့သော် မခါဉမှာတော့ သူ့ဒုက္ခနှင့်သူပင်။ ဘာကိုပဲကြည့်ကြည့် မျက်မှန်အတွင်းဘိုင်ဖိုကယ်အကွက်ကလေးနှင့် လွတ်အောင် ဂရုစိုက်ရှောင်ရှားနေရလေသည်။ သတိလွတ်၍ ထိုအကွက်ကလေးကို ကြည့်လိုက်မိသည်နှင့် တရုတ်သိုင်းကားထဲမှစည်ကြီးကို တုတ်တိုနှင့်တီးသကဲ့သို့ နားထင်ကြောများပြတ်လုမတတ် ထိုးကိုက်လာသောကြောင့်ဖြစ်၏။ အောက်ကိုမကြည့်ရဲသောကြောင့် ခလုတ်ခဏခဏတိုက်ပြီး ခြေမနှစ်ဖက်လုံးကွဲကာ သွေးများ

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ချင်းချင်းနီနေတော့သည်။ သို့သော် မခါဥမမှုပါ။ ဟောပြောပွဲသို့ ကြွရောက်လာကြသော ဧည့်သည်များ တဘက်ပခုံးတင်ကလေးတွေနှင့် ကျုံ့ကျုံ့ကလေးတွေထိုင်နေကြသည်ကို ရှေ့ကိုင်းမျက်မှန်ပေါ်မှ ကျော်ကြည့်ရင်း ပီတိတွေ လိပ်လိပ်တက်နေတော့သည်။

မခါဥက သူ့ပီတိနှင့်သူ အဆင်ပြေနေသော်လည်း ကိုလှဖေကတော့ ဟောပြောပွဲပြင်ဆင်ထားပုံကိုကြည့်၍ နဖူး၊ ချိုင်းကြားတို့မှ ဇီးကင်းလုံးခန့် ဇောချွေးများ တမြိုက်မြိုက်ယိုစီးထွက်လာလေတော့သည်။ ပြင်ဆင်ထားပုံတလည်း ကြည့်ပါဦး၊ ဖျာသေးသေးတစ်ချပ်စာမျှ ကျယ်ဝန်း၍ လက်ရမ်းများပါသော ရှေးဟောင်းတရားဟောပလ္လင်ကြီးကို ကိုလှဖေဟောပြောရန် အရန်သင့်ပြုလုပ်ထား၏။ ခြသေ့်ခံခြေထောက်များနှင့် ဆဋ္ဌဂံပုံပလ္လင်ကြီးအား အနုစိတ်ပန်းပုလက်ရာများနှင့် လှပခန့်ညားလှပေသည်။ နောက်မှီတံကဲကြီးကား အရပ်မြင့်သော ယောကျာ်းကြီးတစ်ယောက်၏ လက်ခုပ်တစ်ဖောင်ပင်မကချင်။

မခါဥအတွက်တော့ ရိုးရိုးစားပွဲကုလားထိုင်သာ စီစဉ်ထားလေသည်။ ဟောပြောပွဲမစမီတွင် ကိုလှဖေတို့လင်မယားကို ဘုန်းကြီးကျောင်းပေါ်တွင် နေရာယူစေသည်။ အလှည့်ကျမှဆင်းလာပြီး ဟောပြောရမည်ဖြစ်၏။ ပထမဦးစွာ မခါဥအလှည့်ဖြစ်လေသည်။ စာအုပ်ကို မထိကိုင်ကောင်းသောအရာအဖြစ် သဘောထားသော မခါဥ မည်သို့သောအကြောင်းအရာကို ဟောပြောပါမည်နည်း။

မခါဥက လေးတန်းမျှပင် မအောင်သော်လည်း အရှိုးအရှမ်း ဂိုက်ထုတ်တတ်သောဘက်တွင် ပါရဂူဘွဲ့ပေးလောက်သည်။ ဟောပြောရန်ပေးထားသည့်ခေါင်းစဉ်ကိုက“စာရေးဆရာကတော်၏ စာပေလောကဖြတ်သန်းမှု”ဟူသတည်း။

× × ×

မခါဥ၏ဟောပြောချက်စလေပြီ။

“စာရေးဆရာကတော်ဆိုတာ တန်ဖိုးရှိတဲ့စာပေတွေကို ကိုယ်တိုင်ရေးသားဖန်တီးတာတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ကိုလှဖေရေးထားတဲ့ စာတွေကိုတော့ ကြည့်ရှုစစ်ဆေးပြုပြင်ပေးရပါတယ်”



ကိုလှဖေအပေါ်တွင် အထင်ကြီးလေးစားနေမှုများကို အလုံးသိမ်း၍ ချုပ်ယူလိုက်သည့်စကားဖြစ်သည်။

မခါဥကား ဤသို့ကျွမ်းကျင်ပါသည်။ ရွာသူရွာသားများကလည်း သိချင်သည်များကို တိုက်ရိုက်မေးမြန်းကြသည်။

“စာရေးတော့ ဘယ်လောက်ရသလဲဟင်”

“လစဉ်ထွက်တဲ့စာအုပ်ကို မဂ္ဂဇင်းလို့ခေါ်ပါတယ်၊ အပတ်စဉ်ထွက်တဲ့စာအုပ်ကိုတော့ ဂျာနယ်လို့ခေါ်ပါတယ်၊ အဲဒီအထဲမှာပါရင် တစ်ပုဒ်ကို ငါးသောင်းလောက်ရပါတယ်”

“တစ်လကို ဘယ်နှပုဒ်လောက်ရေးရလဲ”

“အပုဒ်နှစ်ဆယ်လောက်တော့ ရှိမယ်ထင်တယ်”

ကိုလှဖေ၏အမျိုးများ ငါးသောင်းကို အပုဒ်(၂၀)နှင့် မြှောက်၍ ကိုလှဖေကို လေထဲတွင် ယမ်းလျှောက်ပြနေသော ဒေးဗစ်ကော့ပါးဖီးကိုကြည့်သော မျက်လုံးမျိုးဖြင့် ကြည့်ကြလေသည်။

ကိုလှဖေက မခါဥကို လှမ်းကြည့်သည်။ (နည်းနည်းလျှော့ပြောစေချင်သောအဓိပ္ပာယ်)

မခါဥက ကိုလှဖေကို မျက်စောင်းပြန်ထိုးသည်။ (အသာနေဟုဆိုသောအဓိပ္ပာယ်)

ကိုလှဖေ၏မျက်လုံးထဲတွင် ဝါးကပ်မမိုးနိုင်သဖြင့် မိုးကာအပြာစအယောင်းတစ်ခုတောင်း၍ ဖာထေးထားရသော ခိုအိမ်ပမာ ဘုံဗိမာန်လေးကို မျက်စိထဲတွင် မြင်ယောင်နေသည်။

ကိုလှဖေ၏အလှည့်ကျရောက်လာပေပြီ။ ကိုလှဖေ ကတုန်ကယင်နှင့်မတ်တပ်ရပ်လိုက်ပြီး တရားဟောပလ္လင်ကြီးကို တွေတွေကြီးစိုက်ကြည့်နေ၏။ မခါဥက ကိုလှဖေ၏ခြေဖမိုးကိုနင်း၍ သတိပေးလိုက်တော့မှ အမြောက်ထိုးတည့်၍ အပစ်ခံပြီမည့်သူ၏မျက်နှာမျိုးနှင့် တရားဟောပလ္လင်ရှိရာသို့ လျှောက်သွားလေသည်။ တရားဟောပလ္လင်ပေါ်သို့ အိမ်ရှင်အလစ်တွင် ဆိုဖာပေါ်သို့တက်သော ခွေးဝဲစားကဲ့သို့ မဝံ့မရဲ ကုန်းတုန်းကွကွနှင့် တက်ထိုင်သည်။ ဘင်ပလ္လင်ခွေထိုင်လိုက်ပြီး ချောင်းတစ်ချက်ဟန့်လိုက်၏။ အရာအားလုံးကို

www.burmeseclassic.com

www.burmeseclassic.com



သတိနှင့်ထိန်း၍ပြုလုပ်နေရသဖြင့် ပြောမည်ဟု စဉ်းစားထားသော စကားများ မေ့သွားလေတော့သည်။ ထို့ကြောင့် စာပေစကားပိုင်းများတွင် မျက်လုံးသေ ပေကလပ်ပေကလပ်နှင့် နားထောင်ခဲ့ရသော မိမိနားမလည်သည့် စကားလုံး များကို မှတ်မိသလောက် ပြောပြရတော့သည်။

ဖြစ်တည်မှုပမာနဝါဒ၊ ပို့စ်မော်ဒန်လစ်ဇင်၊ ကုဒ်၊ ကွန်ဆာဗေးတစ် ဂွန်အပ်ဖွိုက်၊ ကက်(ဖ်)ကာ၊ မက်ဂျစ်ရီယယ်လစ်ဇင်၊ နီယို၊ အယ်(လ်)ပီ အစ ရှိသောစကားလုံးများကို လှိုင်လှိုင်ကြီးသုံး၍ပြော၏။ ပရိသတ်၏ အထင်ကြီး မှုက ဓာတ်ဆီဒီဇယ်လျှောင်သောရပ်ကွက်ကို မီးလောင်သကဲ့သို့ပင်။

ခွေမျိုးဒကာလှဖေ၏ရဲရဲတောက် ထက်ရှချွန်မြသော ပညာခန်းများ ကို ကြားရသဖြင့် ဆရာတော်၏ ဂုဏ်ယူမှုက ပြုံးပြုံးကြီးဖြစ်နေ၏။ ငြိမ်သက် စွာအထင်ကြီးနေသော ပရိသတ်ကို ပီတိစိတ်ဖြင့် ငေ့ဝဲကြည့်ကာ ကျေနပ်ပြုံး ပြုံးနေသော်လည်း ဘာမှ သဲသဲကွဲကွဲမြင်ရဟန်မတူပါ၊ မျက်မှန်က မခါ့ခည် ရောက်နေသည်မဟုတ်ပါလား။ ကိုလှဖေ၏ ဟောပြောချက်များကို နားလည် ဟန်ပေါက်အောင် ခေါင်းတညိတ်ညိတ်နှင့် ပြုံးနေရသော်လည်း ဘာမှနား မလည်ပါ။ မည်ကဲ့သို့ နားလည်နိုင်ပါမည်နည်း။ ဟောပြောသည့် ကိုလှဖေ ကိုယ်တိုင်ပင် ကြားဖူးနား၀ရှိ၍သာ ပြောရသည်။ ဘာမှနားလည်သည်မဟုတ်။ နားထောင်သည့်ပရိသတ်များအတွက်ကတော့ မြစ်ကြီးနားနှင့်ကော့သောင်း ပင်။

ကိုလှဖေလည်း ကြားဖူးနား၀ရှိသော စကားလုံးများ ကုန်သွားသည် နှင့် အမျိုးများကျန်းမာကြစေကြောင်း မေတ္တာပို့ဆုတောင်းပြီး နိဂုံးချုပ်လိုက် လေသည်။ ဘာလုပ်ရမှန်းမသိသော အမျိုးပရိသတ်ကြီးက ကျယ်လောင်ညီ ညွတ်စွာဖြင့် "သာဓု သာဓု သာဓု"ဟူ၍ သုံးကြိမ်ခေါ်လိုက်လေသတည်း။

သစ်ဦးမောင်

| မှတ်နော် မှတ် | -အချိန်နှောင်းပြီဆိုမှတော့ ဘာမှထလုပ်မနေပါနဲ့။ အေးရာအေးကြောင်း မှန်ပိမ်းပေါင်းပေါ့။ |
| --- | --- |



www.burmeseclassic.com



## ညိုမိုးအောင်

"ပါဆယ်ပဲဟင်း"

"ပါဆယ်ပဲဟင်း"

"ဒီပဲဟင်းကို အမုန်းဆွဲလဲ ပုံးကြခြင်းမဖြစ်စေရ"

"တို့ဝမ်းချုပ်ခါ ဒိုးကွဲလို့ အကျိုးနည်းခြင်း မရှိစေရ"

"ပါဆယ်ပဲဟင်း"

"ပါဆယ်ပဲဟင်း"

"ဝမ်းသွားခြင်းမရှိ၊ ဝမ်းချုပ်ခြင်းမရှိ၊ ဝမ်းကို ပုံမှန်သွားစေသည့် ကိုမွတ္တား ပါဆယ်ပဲဟင်းဆိုင်၊ စားလို့လဲကောင်း အထွက်ပိုင်းမှာလဲ လူသက်သာ၊ ရန်ကိုပါ ထုံထုံကြိုင်စေတဲ့ ကိုမွတ္တားပါဆယ်ပဲဟင်းတိုပဲ ရွေးချယ်လိုက်ပြီ"

**တိုမွတ္တားပါဆယ်ပဲဟင်းဆိုင်**

**မြို့လယ်အမှတ်ပုံနှင့်မြောင်းပုပ်ဝုပ်ကြီးကြား၊ ရော်တလွန်မြို့**

**ပါဆယ်ပဲဟင်း**

**ပါဆယ်ပဲတင်း**

ဟုတ်ကဲ့။ ဒီနေ့ညကြီးပိုင်းမှာ ထုတ်လွှင့်တင်ဆက်မယ့် အစီအစဉ်ကတော့ ပရိသတ်များမျှော်လင့်စောင့်စားနေတဲ့ ချဉ်ပတ်စုံရာ အစီအစဉ်ပဲဖြစ်ပါတယ်။ ဒီအစီအစဉ်ကို အဓိက ကူညီပံ့ပိုးသူကတော့ ငပေါ်အန်ဘတ်ကပဲ ဖြစ်ပါတယ်။

-ငပေါ်အန်ဘတ်ကို စားသုံးခြင်းအားဖြင့် ပုရွက်ဆိတ်များ ကျန်းမာ



ပြီးအလှတိုးပြီး ဗလငါးတန်နဲ့ ပြည့်စုံနိုင်ပါတယ်၊

-ပုရွက်ဆိတ်တွေတောင့်တတာ ငပေါ်အန်ဘတ်ပါ။

-ဟေ့ ဆားထည့်ဦးနော်၊

-အချိုမှုန့်ထည့်ဖို့လဲ မမေ့နဲ့ဦး၊

-ကျွန်မအတွက်တော့ ဒါတွေလုံးဝလုံးဝ မလိုတော့ပါဘူး၊ ဟင်းအိုးဆာ တူးလို့ သွန်ပစ်လိုက်တာကြာပါပြီ၊

-ဝိုး ငါ့မေကြီးတော်အတိုင်းပါပဲလား။

ဟုတ်ကဲ့။ ဒါတွေက ကြော်ငြာတွေပါ။ ခု ချဉ်ပတ်စုံရာ အစီအစဉ်ကို စတင်တင်ဆက်တော့မှာ ဖြစ်ပါတယ်။ မြို့တွင်းလမ်းတွင်း ရပ်ကွက်များအတွင်း လတ်လျား၊ ဂရောင်၊ ကြောင်တောင်တောင်များပေါင်းပြီး တင်ဆက်မှာမို့ ချဉ်ပတ်စုံရာ အစီအစဉ်လို့ နာမည်ပေးထားတာဖြစ်ပါတယ်။ ဟုတ်ကဲ့။ ဒီအစီအစဉ်ကို ဒိုင်လူကြီးများအဖြစ် ပါဝင်ဆောင်ရွက်ပေးမှာကတော့ ဘယ်ဘက်ထောင့်မှာ သန်းဥထိုင်ဆွဲနေတဲ့သူကတော့ ယခင်ချဲဒိုင်ဟောင်း ညော်လစီဆေါ်လကို မမတော်ကီပါ။ အလယ်မှာ အခန့်သားထိုင်ပြီး ရှပ်ကြီးဆိုးပုပ်ပြီး သိုးနေတာကတော့ လောင်းကစားဒိုင်ပြုတ်တွန်းရေးဆရာ ဆရာအီစလံ၊ ပြီးတော့ ညာဖက်ထောင့်မှာထိုင်ပြီး ဗိုက်လှန်ဝဲကုတ်နေတဲ့ အဲ အဲ ခု ဖင်ကုတ်နေတဲ့ဒိုင်ကတော့ သတ္တုကုလားပဲဒိုင်ဟောင်း တေးတွဲရှင်က ဖိုးကြာတို့ပဲ ဖြစ်ပါတယ်။

ဟုတ်ကဲ့ ခု ဒီအပတ်မှာ ဘယ်သူဖြေဖျော်ရမလဲဆိုတာကို ပရိသတ်ကြီးကလဲ စိတ်ဝင်တစားနဲ့ သိချင်နေပြီဆိုတော့ အလှည့်ကျတဲ့ တေးတွဲရှင်ခေါ်လိုက်တော့မယ်၊ ဟုတ်ကဲ့ ခု ပရိသတ်ရှေ့မှောက် ရောက်လာသူကတော့ ဝါသနာကို အရင်းခံ၊ ဖာတစ်ရာကို အတင်းလှန်မယ့်(ဟုတ်ကဲ့ ထန်းခေါက်များတွေ လှန်တာတဲ့ရှင့်)ဒေါ်မာမာမင်းမှန်ပဲ ဖြစ်ပါတယ်ရှင့်။

"ကဲ အန်တီ့အကြောင်းလေး မိတ်ဆက်ပေးပါဦး၊ အရင်တုန်းက ဘာအလုပ်လုပ်ခဲ့လဲရှင်"

"ဟုတ်ကဲ့၊ ကျွန်မအကြောင်းကို တစ်ခါတည်း မှတ်မိသွားအောင်

www.burmeseclassic.com

www.burmeseclassic.com



လက်ာလေးနဲ့ ပြောပြပါရစေရှင်"

ဆယ်ဘဲဘဲ တစ်လင်၊
ဆယ်လင်တစ်စင်တင်၊
ဆယ်စင်တင် တစ်ကေတီဗိ၊
ဆယ်ကေတီဗိ တစ်မာဆတ်၊
ဆယ်မာဆတ် တစ်ဘီ၊
ဆယ်ဘီ တစ်ကျွန်မပါရှင်၊

"အောင်မလေးလေလေး အသည်းယားစရာကြီး အံ့ကြောကိုဆွဲရော အန်တီ အခုလို အသက်ကြီးမှ ချဉ်ပတ်စုံရာ အစီအစဉ်မှာ ဝင်ပြိုင် ဖြစ်ခဲ့ပုံက"

"ဟုတ်ကဲ့၊ အန်တီ့ရဲ့ ခြောက်ယောက်မြောက်လင်က အန်တီ့ကိုပစ်ပြီး စမောဆွဲသွားလို့ လုပ်စရာမရှိ ကိုင်စရာမရှိ ထမင်းကငတ်လာတဲ့အတွက် ကြံမိကြံရာကြံရင်း ရှုတင်ထမင်းလေးပဲ စားရစားရဆိုတဲ့ ကြီးမားတဲ့ရည်ရွယ်ချက်နဲ့ လာပြိုင်တာပါ။ ကိုယ်ကိုယ်တိုင်ကလဲ ချဉ်ပတ်အစစ် ကြီးဆိုတော့လေ"

"ဟုတ်ကဲ့၊ ရည်ရွယ်ချက်က ကြီးပါရဲ့ရှင်၊ ဟုတ်ကဲ့ပါ။ ခုသီဆိုဖြေဖျော်မယ့် သီချင်းလေးရဲ့အမည်လေးလဲ မိတ်ဆက်ပေးပါဦး"

"မိုးနေသည်သီချင်း ဖြစ်ပါတယ်ရှင့်"

"ဟုတ်ကဲ့ စိတ်ဝင်စားစရာပါပဲ၊ ကဲ ခု ဒေါ်မာမာမင်းမှန်ကလဲ စင်ပေါ်မှာ အဆင်သင့်ဖြစ်နေပြီဆိုတော့ အော်ဂလီဘန်နဲ့ ဘယ်လိုတင်ဆက်မယ်ဆိုတာ ပရိသတ်ကြီးနဲ့အတူ နားဆင်ကြရအောင်ရှင့်"

## မိုးနေသည်

**မူလဘူတ-မိုးအိပ်ရှင်**

*ဒီလိုမရွှမထန့် ဒီကဘာဝန့်ရင်းတာ*
*ညတစ်ညအတွက် တစ်သက်လုံး*
*ငွမ်းနေရမှာ. . မလှမပန့်*
*ဓမ္မတာကို မလွန်ဆန်ချင်ပါ. .*



*ဒီမှာ လတစ်လပဲ၊ တော်ကြီးထိန်းသိမ်းစမ်းပါ*
*ခဏခဏပဲ ဒါပဲတားနေရတာ မကုန်းတစ်ကွန့်*
*ငွေကုန်ပါစေ အပြင်မှာရှာပါ*

*ကျွန်မဘာဝက မိုးနေသည်ပါ*
*ကျွန်မဘာဝက မိုးနေသည်လေးပါ*
*ထိတ်လန့်တတ်သူပါ. . သွေးသားနုသူပေါ့*
*သေမယ်တော် သည်းညည်းခံ*

"အောင်မလေး ကြောက်စရာအဖြစ်အပျက်ကို ကွက်ကွက်ကွင်းကွင်း ရေးထားတာပါလား"

"ဟုတ်ကဲ့၊ ကိုယ်တွေ့မို့လို့ပါရှင်၊ တော်ပါပြီ၊ ဒီသီချင်း ဒီတစ်ပိုဒ်နဲ့ဆင် ကလေးတစ်ယောက် ရနေပါပြီ နောက်တစ်ပိုဒ်ကို မဆက်ပါနဲ့တော့နော်၊ ဆောင်းပန်ပါတယ်၊ ကဲ ခုတေးသံရှင် ဒေါ်မာမာမင်းမှန်က စင်ပေါ်မှာ မာန်နဲ့ဒှာန်နဲ့ ပါဖောမင့်အပြည့်နဲ့ သီဆိုသွားပြီးပြီ၊ တဲ ဒိုင်တွေရဲ့ထင်မြင်ချက်လေးတွေ မသိချင်ဘူးလား၊ ဘယ်သူ့ထင်မြင်ချက်ကို အရင်ကြားချင်လဲ"

"မတော်ကီပါ"

"ဟော မတော်ကီ ဘာလို့ငိုနေပါလိမ့်"

> ဟုတ်ကဲ့
> ရှုပ်ကတော့
> ဝိုင်း ဝိုင်း သုည
> လုံး ဘဲဥ အို
> ပါတဲ့ရှင် အမှတ်တွေ
> အများကြီးပဲ

"အဟီးဟီး အဲလိုအခွင့်အရေးမျိုးနဲ့လွဲခဲ့တဲ့ အပျိုကြီးမို့လို့ ကိုယ့်ဘဝကိုကိုယ်သနားမိလို့ ငိုနေတာပါ။ ဪ သီချင်းလေး ကောင်းတယ်ပေါ့နော်၊ မတော်တို့ကလဲ တစ်ခါလာလဲ ကောင်းတယ်၊ တစ်ခါလာလဲ ကောင်းတယ်နဲ့ အဲ ဘယ်လိုပြောရမလဲ၊ မပြောတတ်တော့ဘူး၊ ကောင်းတယ်ပေါ့နော်၊ ရုပ်ကလေးကလဲ ချောတော့လေ၊ ရုပ်ရှင်လိုင်းကူးပြီး အမေခန်း အဘွားခန်းတွေ ဝင်ရိုက်လို့ ရတယ်ပေါ့နော်၊ အဲဒါပါ ကောင်းတယ်လို့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မတော်ကီရဲ့ သုံးသပ်ချက်အပြီးမှာ ဆရာအီစလ်ဝေရဲ့ ထင်မြင်ချက်လေး ပြောပါဦး"

"ဟုတ်ကဲ့ ဆရာ့အနေနဲ့ ပြောရရင်တော့ ဘယ်လိုပြောရမလဲ၊ ဟို လိုပေါ့၊ အဲ ဒီလို အင်း မပြောတတ်တော့ဘူး၊ အဲဒီလိုပါပဲ"

"သြော် မပြောတတ်လဲ ဒိုင်လာမလုပ်နဲ့ပေါ့၊ ဒိုင်လုပ်ပြီး မပြောတတ် တော့ဘူး လာလုပ်နေတယ်၊ ပြော တစ်ခုခုပြော"

"သြော် ပြောရမယ်ဟုတ်လား၊ အင်း အဲလိုပေါ့၊ ဘယ်လိုပြောရမလဲ ဘဲရိုးဂွက်ပေါ့နော်၊ အဲလို"

"ကဲ တော်ပါပြီရှင်၊ ရုပ်ဆိုးလို့ အားမရဘူး၊ ဉာဏ်ကပါ လာထိုင်းပြ မနေပါနဲ့တော့ရှင်၊ ဟိုဒိုင်အာပြဲက ဖိုးကြာရဲ့ထင်မြင်ချက်လေး ပြောပါဦး"

"ဟုတ်ကဲ့၊ ပညာသားပါပါ သုံးသပ်ရရင်တော့ ဆံပင်ပုံစံလှပါတယ်၊ မိတ်ကပ်မဆိုးဘူး၊ ဝတ်ပုံစားပုံကလဲ အဆင့်မြင့်တယ်၊ ဒါပေမယ့် အသက် နည်းနည်းကြီးနေတော့ ဈေးရမှာမဟုတ်ဘူး၊ ဒီလောက်ပါပဲ"

"သြော် ကိုယ်သန်ရာလိုင်းကိုပဲ သုံးသပ်သွားသကိုး၊ ကဲ ထားပါတော့ ခု ဒိုင်သုံးယောက်ပေးထားတဲ့ ရမှတ်ပေါင်းကိုပဲ ကြည့်ကြပါတော့"

"ဂွီညောင်ညောင် ဂွီညောင်ညောင်၊ ဂွီညောင်ညောင်၊ ဂွီညောင်ညောင်"

"ဟုတ်ကဲ့ ရမှတ်ကတော့ ဇီးရိုး ဇီးရိုး သုည ဝလုံး ဘဲဥ အို ပါတဲ့ရှင် အမှတ်တွေအများကြီးပဲ၊ ကဲ အမှတ်အများကြီးရတော့ ဘာလုပ်မယ်စိတ်ကူးလဲ"

"ဇီးရိုး ဇီးရိုး သုည ဝလုံး ဘဲဥ အို ဆိုမှတော့ မျက်မှန်လုပ်ပြီး တပ်ရုံရှိတော့တာပေါ့ရှင်"

ချဉ်ပတ်စုံရာအစီအစဉ်မှာ သီချင်းပေါင်းများစွာကို ဇွတ်တင်ဆက် ရန် ကျန်သေးပေမယ့် နေခြည်ဖျိုးရွှေရည်စိုနေပြီမို့ ကျွန်မတို့ရဲ့ ချဉ်ပတ်စုံ အစီအစဉ်ကို ဤနေရာတွင် စခန်းသပ်၍ တစ်ခန်းရပ်ရပါစေတော့ရှင်။

ဆွိုးထီး

**မှတ်နော် မှတ်**

-ဒီအချိန်မှာ အရက်သောက်နေလျှင် မင်းမူးလိမ့်မည်။
ဒီအချိန်မှာ မူးလျှင် မင်းကောင်းနေမည်။



# ကောင်းသည့်

## ကိုမောင်စံနဲ့ မပိန်သေး

www.burmeseclassic.com

www.burmeseclassic.com



# ကိုမောင်စံနဲ့မပိန်သေး

တစ်ခါတုန်းက ကိုမောင်စံဆိုတဲ့ လက်သမားတစ်ယောက်ရှိတယ်။ သူ့မိန်းမနာမည်က မပိန်သေး။

လက်သမားအလုပ်လုပ်ရင်း အေးအေးဆေးဆေးနေကြသတဲ့။

ကိုမောင်စံက လက်သမားဆိုတော့ တီထွင်ကြံဆ စဉ်းစားတတ်တဲ့ ဉာဏ်ရှိတယ်။

သူတို့လင်မယားက အမွေရထားတဲ့ ယာတောစပ်မှာ အိမ်လေးတစ်လုံး ဆောက်ပြီးနေကြတယ်။ ယာလုပ်ငန်းကိုတော့ သူ့မိန်းမက စီစဉ်လုပ်ကိုင်တယ်။ သားသမီးမရှိတော့ ချောင်ချောင်လည်လည်ပါပဲ။ သူတို့ယာထဲမှာ မြေပဲစိုက်တယ်။ ဖရဲစိုက်တယ်။

တစ်နေ့တော့ ညသန်းခေါင်ယံမှာ ယာတောထဲက အသံကြားတယ်။ ကိုမောင်စံ လန့်နိုးသွားပြီး အိမ်ပြတင်းပေါက်က လှမ်းကြည့်တော့ လရောင်အောက်မှာ အတောင်ပံနဲ့ မြင်းဖြူကြီးတစ်ကောင်ကိုတွေ့တယ်။

ခြံထဲဆင်းပြီး အနီးကပ်ချောင်းကြည့်တော့ တောင်ပံပါတဲ့ မြင်းဖြူတစ်ကောင်က သူ့မြေပဲခင်းထဲ ဝင်စားနေတာတွေ့ရတယ်။ ကေန္တတော့ ဒါ နတ်ပြည်ကလာတဲ့ နတ်မြင်းပျံ ဖြစ်မှာပဲလို့ တွေးမိတယ်။

ကိုမောင်စံက ရွာဦးဘုန်းကြီးကျောင်းက ဆရာတော်ဦးကဝိရဲ့ နတ်ပြည်ကောင်းကြောင်း တရားနာဖူးတယ်။ နတ်ပြည်က အရမ်းသာယာပြီး အရမ်းကောင်းတယ်။ နတ်ပြည်က အသီးအနှံတွေကလည်း အရမ်းချိုတယ်လို့ပြောတယ်။ သူ နတ်ပြည်ကို အရမ်းရောက်ဖူးချင်တယ်။ ဒီနတ်မြင်းပျံကြီးရဲ့ အမြီးဆွဲလိုက်သွားရင် နတ်ပြည်ရောက်မယ်လို့ထင်တယ်။



အဲဒီအချိန်မှာ နတ်မြင်းပျံကြီးက အစာဝလို့ ပြန်တော့မလို့မျှား နှာမှုတ်တယ်။ ခွာယက်တယ်။ ကိုမောင်စံက အနောက်ဘက်ကနေပြီး အမြီးရှိရာ အပြေးသွားတယ်။ နတ်မြင်းပျံကလည်း မြေပေါ်ကခွာပြီ။ ကံသီလို့ ကိုမောင်စံ အမြီးကို အမိအရဆွဲမိပြီး မိုးပေါ်ကို ပါသွားတယ်။

အချိန်အတော်ကြီးကြာတော့ သစ်ပင်ပန်းမာန်တွေ ဝေဆာပြီး လှပနေတဲ့ နတ်ပြည်ကိုရောက်တယ်။ ပထမဆုံး ဝင်းမှည့်နေတဲ့ သရက်ပင်ကို တွေ့တယ်။ အပင်က နိမ့်နိမ့်လေးဆိုတော့ သရက်သီးတစ်လုံး ခူးစားကြည့်တယ်။ ကောင်းလိုက်တာ။ ချိုမြိန်နေတာပဲ။ တစ်လုံးစားတာနဲ့ အဟာရပြည့်သွားသလိုပဲ။ ထမင်းမဆာတော့ဘူး။

ဒါနဲ့ သူ့မိန်းမအတွက် သရက်သီးတစ်လုံးခူးပြီး ခါးပုံစထဲ ထည့်ထားတယ်။ အိပ်ရေးပျက်ပြီး ပင်ပန်းထားတာမို့ သရက်ပင်အောက်မှာ အိပ်ပျော်သွားတယ်။ အိပ်ရာကနိုးတော့ မြင်းဟီသံကြားတယ်။ နတ်မြင်းပျံက နတ်ဩဇာတွေစားရတာ ငြီးငွေ့လို့ လူ့ပြည်က ဖရဲသီး ဆင်းစားတော့မယ်ထင်တယ်။

ကိုမောင်စံလည်း နတ်မြင်းပျံနောက် အပြေးအလွှားလိုက်ပြီး အမြီးဆွဲလိုက်တယ်။ အချိန်မီလေးပဲ။ နတ်မြင်းပျံ လူ့ပြည်က ကိုမောင်စံရဲ့ယာတောကို ပြန်ဆင်းလာတယ်။ ကိုမောင်စံလည်း အိမ်ပြန်ပြေးလာတယ်။ ကိုမောင်စံက ပါလာတဲ့ နတ်သရက်သီးကို ပေးလိုက်ပြီး အကြောင်းစုံ ပြောပြလိုက်တော့ မပိန်သေး အရမ်းအံ့အားသင့်သွားတယ်။ ဒီကိစ္စ ဘယ်သူ့မှမပြောဖို့လည်း တားထားတယ်။

ဒီလိုနဲ့ ကိုမောင်စံဟာ ဒုတိယအကြိမ် နတ်ပြည်လိုက်သွားပြီး နတ်ဒူရင်းသီးယူလာတယ်။ မပိန်သေးက စားကောင်းလွန်းလို့ နတ်ပြည်ထပ်သွားခိုင်းတယ်။ တတိယအကြိမ်မှာတော့ ကိုမောင်စံက နတ်ပြည်က ကုမုဒြာကြာတစ်ပွင့် ခူးလာတယ်။ ကြာပွင့်ကြီးက အကြီးကြီး။ တစ်အိမ်လုံးမွှေးနေတော့ အိမ်နီးနားချင်းတွေ သိကုန်တယ်။

မပိန်သေးကလည်း ပြောချင်ချင်ဆိုတော့ မေးသမျှလူ အကုန်ပြောတော့တာပဲ။ မှန်တာပြောတာပဲ။ ဘာဖြစ်လဲ။ လိမ်ညာပြောတာမှ မဟုတ်တာ။

ဒီလိုနဲ့ သူ့အပေါင်းအသင်းတွေက မပိန်သေးပြောတာ နားထောင်

www.burmeseclassic.com

ပြီး တို့လည်း အရှင်လတ်လတ် နတ်ပြည်ရောက်ဖူးချင်တယ်လို့ တောင်းဆိုကုန်ကြတယ်။

"အေး ဒီတစ်ခါက် ငါကိုယ်တိုင်လိုက်သွားမယ်၊ ငါက ငါ့ယောက်ျားခြေထောက်ဆွဲလိုက်မယ်၊ နင်တို့က ငါ့ခြေထောက်ဆွဲလိုက်ခဲ့ကြ"လို့ ပြောလိုက်တယ်။

နတ်မြင်းပျံလာတဲ့အခါမှာ သူတို့က တောင်ယာထဲမှာ တိတ်တိတ်လေးချောင်းနေရတယ်။ သူ့ယောက်ျားကလည်း မပိန်သေးကို မလွန်ဆန်ရဲတာမို့ မင်းတို့သဘောလို့ပဲ ပြောရတော့တာပေါ့။

ဒီလိုနဲ့ နတ်မြင်းပျံက လူ့ပြည်ကအစာတွေစားပြီး နတ်ပြည်ပျံအတက်မှာ ကိုမောင်စံက အမြီးကိုဆွဲလိုက်တယ်။ ကိုမောင်စံခြေထောက်ကို မပိန်သေးက ဆွဲတယ်။ မပိန်သေးခြေထောက်ကို သူ့သူငယ်ချင်းတွေက တစ်ယောက်ပြီးတစ်ယောက် ဆွဲလိုက်တယ်။ တန်းလန်းတန်းလန်းနဲ့ မိုးပေါ်ပါသွားကြလေရဲ့။ အဲဒီအချိန်မှာ အောက်ဆုံးကလူက မပိန်သေးကို လှမ်းမေးတယ်။ နတ်ပြည်မှာ ဩဇာသီးရှိလား။ အဲဒီဩဇာသီးက ဘယ်လောက်ကြီးသလဲ။

မပိန်သေးက ကိုမောင်စံကို လှမ်းမေးတယ်။

"နတ်ပြည်က ဩဇာသီးကို ရှင်မြင်ဖူးခဲ့တယ်မဟုတ်လား။ အဲဒီဩဇာသီးက ဘယ်လောက်ကြီးသလဲ"

ပထမတော့ ကိုမောင်စံ မဖြေဘူး။ ဒါပေမယ့် သူ့ခြေထောက်ကို အတင်းကုတ်ပြီးမေးတော့ မနေနိုင်တော့ဘဲ ဖြေလိုက်ရတော့တယ်။

"ဟောဒီလောက်တောင် ကြီးတယ်ဟေ့"ဆိုပြီး မြင်းမြီးဆွဲထားတဲ့လက်ကိုလွှတ်ပြီး ပြလိုက်မိတယ်။

အဲဒီအခါ မြေပေါ်ကို အားလုံးပြုတ်ကျပြီး သေကုန်ကြသတဲ့။

အလိုမလိုက်သင့်တဲ့နေရာမှာ မိန်းမကို အလိုလိုက်မိတဲ့ကိုမောင်စံ၊ လျှို့လျှို့ဝှက်ဝှက်နေရမယ့်ကိစ္စမှာ မှန်တာပြောတာပဲဆိုတဲ့ မပိန်သေး။ သေဘေးဆိုက်ကြတာ သင်ခန်းစာပါပဲ။

■ တောင်းသန့်






ဖယ်ပေးမှာပေါ့



ပြတိုက်ထဲသို့ လူတစ်ဦးဝင်လာကာ ပြတိုက်ထဲတွင် ပြသထားသော ပစ္စည်းများကို လိုက်ကြည့်နေစဉ် သူ့ဟာမ်းဖုန်းက မြည်လာ၏။ ၎င်းက အနီးရှိခုံတွင် ကျကျနနဝင်ထိုင်ရင်း ဖုန်းကိုပြော၏။ ပြတိုက်ဝန်ထမ်း အမျိုးသားတစ်ဦးက မျက်ကလဲဆံပြာနှင့် ပြေးလာရင်း မကျေမနပ်နှင့် တားမြစ်သည်။

"ဟေ့လူ ဘာလုပ်တာလဲ၊ ဒါ ...တုန်းမင်းထိုင်တဲ့ သလွန်ညောင်စောင်းဗျ"

ဟိုလူက အေးဆေးစွာ ပြန်ပြော၏။

"ကဲ အဲဒါဘာဖြစ်လဲဗျာ၊ မင်းတုန်းမင်းလာတော့ ကျုပ်က မဖယ်ဘဲ ...မလား ဟင်"

ဖုန်းကို ဆက်ပြောနေ၏။


www.burmeseclassic.com

www.burmeseclassic.com



## အယဉ်ဆုံးကောင်

ဤဂေါက်ကွင်းတွင် အလွန်အမင်း ဝါသနာထုံသူ၊ ဂေါက်မကစားရ မနေနိုင်သူ ကစားသမားများသာ လာရောက်ကစားလေ့ရှိ



ကြသည်။ အကြောင်းမှာ ဤဂေါက်ကွင်းပတ်လည်တွင် သားရိုင်းတိရစ္ဆာန်များကို ဘေးမဲ့ပေးထားသော တောအုပ်ရှိနေ၍ဖြစ်သည်။ သားရဲတိရစ္ဆာန်များက နယ်ကျော်လာသော ကစားသမားများကို စားပစ်တတ်ကြသည်။

တစ်နေ့ တရားဟောဆရာတစ်ဦးက ဂေါက်ကို အားပါးတရရိုက်လိုက်ရာ လက်လွန်သွားပြီး တောအုပ်ထဲသို့ ကျသွားသည်။ ဂေါက်သီးအပြန်ပါမလာသဖြင့် တရားဟောဆရာက ဘုရားသခင်ထံဆုပန်ပြီး ကြောက်ကြောက်လန့်လန့်နှင့် တောအုပ်ထဲဝင်ရှာရာ ခြင်္သေ့ကြီးတစ်ကောင်၏ရှေ့တွင် သူ၏ဂေါက်သီးရောက်နေကြောင်း တွေ့ရ၏။

တရားဟောဆရာက ခြင်္သေ့ကြီးစိတ်ကောင်းဝင်ပါမည့် အကြောင်း ဘုရားသခင်ထံကို ဒူးထောက်လိုက်ပြီး ဆုတောင်းသည်။ ခြင်္သေ့ကြီးကလည်း တရားဟောဆရာနည်းတူ ရှေ့ခြေနဲ့ထက်ကာ ဒူးထောက်လျက် ဘုရားသခင်ထံထ၍ ဆုတောင်းသည်။ ဤအခြင်းအရာကိုမြင်မှ တရားဟောဆရာက စိတ်အေးသွားပြီး

"ကျေးဇူးတော်အနန္တပါပဲ ဘုရားသခင်ရယ်၊ တော်သေးတယ်၊ အရှင့်ဘုန်းတော်ကြောင့် ဒီခြင်္သေ့လေးက အယဉ်လေးဖြစ်နေတာကိုး"

ခြင်္သေ့ကလည်း ဤသို့ပြန်ပြော၏။

"ဒီတောထဲမှာတော့ ကျုပ်က အယဉ်ဆုံးပေါ့၊ ခုလို မနက်စာကောင်းကောင်းလေးစားရတိုင်း ဘုရားသခင်ထံ ဆုတောင်းတတ်တာ ဒီတောမှာ ကျုပ်တစ်ကောင်တည်း ရှိတာကလား"

"စား စား စားကြမယ်ဟေ့ ကောင်းကောင်း"



## ယဉ်ကျေးမှု



ဆရာအုပ်က ဟားစာတိအဖွဲ့များကို ရင်ဖွင့်သည်။

"တောက် ဒီခေတ်ကလေးတွေဟာ တော်တော်လေးကို မိုက်ကန်းလာကြတယ်၊ လူကြီးလဲ လူကြီးမှန်း သိတတ်ကြတော့ဘူး"

"ဘာဖြစ်လို့လဲ ဆရာအုပ်"

ကျူပ်ကြီးက ပြန်မေးသည်။

"ဘာဖြစ်ရမှာလဲ၊ မနေ့က ငါ အရက်ဆိုင်ကထွက်တော့ ချာတိတ်တစ်ကောင်ကွာ ဘလိုင်းကြီး ငါ့ဦးဆက်ကို တက်နင်းပြီး ဆိုင်ထဲဝင်သွားတယ်"

## ကလေးကြီး



အမျိုးသမီးကြီးတစ်ဦးက စိတ်ရောဂါဆရာဝန်တစ်ဦးထံ အကြံ ...ောင်းခံသည်။

"ဒေါက်တာ ကျွန်မသား ...လေ၊ တစ်နေ့လုံး မြစ်ကမ်းဘေး ... သဲတွေနဲ့ဆော့တယ်၊ သဲအိမ် ...ဆောက်တယ်၊ သဲနဲ့ ကိတ်မုန့်တွေ ...တယ်၊ တစ်ခါတလေ သူ့ဘာသူ အဲဒီ ...မုန့်တွေကို စားသလိုလိုလုပ်တယ်၊ အဲဒါ ပုံမှန်မှဟုတ်ရဲ့လား ဆရာ"

"ပုံမှန်ပါပဲ၊ ကလေးဆိုတာမျိုးက သူ့စိတ်ကူးနဲ့တည့်တဲ့ နည်းမျိုးနဲ့ ...နေတတ်ကြတာ သဘာဝပါပဲ"

"ဒါဖြင့်ဆရာရယ်၊ သူ့မိန်းမက ဘာလို့ မကျေမနပ် ဖြစ်နေရတာလဲ ...ဘူး"

www.burmeseclassic.com

www.burmeseclassic.com



## ရေတိမ်မှာ မနစ်ပါနဲ့



ပင်လယ်ပျော်ဆလုံလူမျိုးတစ်ဦး မြို့ပေါ်တက်လာသည်။ ဆိပ်ကမ်း လူမိုက်နှစ်ဦးက ၎င်းကိုဖမ်းပြီး လူရှင်းသည့် ကမ်းပါးသို့ ခေါ်သွား၏။ ၎င်းအားကြောက်လန့် အောင် ရည်ရွယ်ချက်ဖြင့် ခေါင်းကို အတင်းညှပ်ဖမ်းကာ ရေထဲသို့နှစ်ကြ၏။ ပြီး ပြန်ဆွဲတင်ပြီးမေးသည်။

"ဟေ့ကောင် ငါတို့ကို ရှုတ်ရှုတ်မလုပ်နဲ့၊ ပိုက်ဆံရှိတယ်မဟုတ်လား" ကိုဆလုံ ခေါင်းကုတ်ရင်းဖြေ၏။

"မရှိဘူး"

လူမိုက်များက နောက်တစ်ကြိမ် တော်တော်ကြာကြာ ရေထဲသို့နှစ် ကြပြန်သည်။ ပြီးမှ ဆွဲတင်ပြီး

"ဘယ်လိုလဲ၊ ခု ပိုက်ဆံရှိပြီလား"

"ဟင့်အင်း မရှိဘူး"

"အာ ဒီလောက်ခေါင်းမာတဲ့ကောင် ထပ်နှစ်ကွာ"

ထပ်နှစ်သည်။ ပိုကြောက်အောင် ပို၍ကြာကြာနှစ်ထားသည်။ ပြီး ပြန်ဖော်ကြရင်း မေးပြန်သည်။

"ကဲ ခုတော့ ပိုက်ဆံရှိပြီမဟုတ်လား"

"ဟင့်အင်း မရှိဘူး"

"ဟေ့ကောင် ဒါဆို ရွှေရောရှိလား"


"ဟင့်အင်း မရှိဘူး၊ ဘာမှကိုမရှိတာ"

"ကြာတယ်ကွာ၊ ဒါဆို ဘာရှိလဲ၊ ပြောစမ်းကွာ"

"ကမ်းစပ်ဆိုတော့ ရေက နောက်နေလို့ သိပ်လဲ ကောင်းကောင်း မမြင်ရဘူး၊ ဒီလိုလုပ်လေ၊ ဟောဟိုဖက်က ရေနက်နက်မှာ နှစ်ကြည့်၊ အဲ ဖက်မှာဆို ရှိချင်ရှိမှာပေါ့"



## မြေခွေးနဲ့တွေ့ရင်



ငတုံးနှစ်ယောက် တောထဲ သင်းခုတ်သွားဖို့ ချိန်းထားကြသည်။ ချိန်းထားရာသို့ ငတုံး တစ်ဦးက တယ်လီဖုန်းရုံကြီး မနိုင်နင်းမ,ကာ လမ်းလျှောက်ရောက်လာသည်။ ကျန်တစ်ဦးကလဲ ကြီးမားသော သစ်တုံးကြီးတစ်တုံးကို ကြိုးနှင့်ပတ်ခါ ၎င်းကြိုးကို ပခုံးသိုင်းဆွဲ၍ ရောက်လာသည်။

ကိုသစ်တုံးက ကိုဖုန်းရုံကိုမေး၏။


"ဟေ့ကောင် ဘယ့်နှယ် ဖုန်းရုံကြီးမ,လာရတာလဲ၊ ဘာလုပ်မလို့လဲ"

"တောထဲသွားလို့ မြေခွေးအုပ်ကြီးနဲ့တိုးရင် တယ်လီဖုန်းရုံထဲ ဝင်နေလို့ရတယ်လေ၊ ဒါကြောင့် ငါသယ်လာတယ်၊ မင်းကရော ဘာလို့ အဲဒီသစ်တုံး ကြီးကို ဆွဲလာရတာလဲ"

"မြေခွေးပဲပေါ့ကွာ၊ တကယ်လို့ မြေခွေးအုပ်နဲ့တိုးရင် ငါ ဒီသစ်တုံး ကြီးကို ဖြတ်ချလိုက်မယ်ကွာ၊ အဲဒါဆို လွတ်လွတ်လပ်လပ် ခြေကုန်ပြေးသွား လို့ ရတာပေါ့"

## သူဌေးချော

ကိုမောင်မောင်က အသက်အာမခံစာရွက် စာတန်းများကို မိန်းမအား ပြ၍ပြောသည်။



"ဒါ အသက် အာမခံစာချုပ်ပဲ၊ ငါ အသက်တရက်သေသွားရင် မင်းဒုက္ခရောက်ကျန် ရစ်မှာစိုးလို့ ကြိုပြီးစီစဉ် ထားတာ၊ ဒါကို ရုံးမှာ သွားပြရင် မင်း ငွေ(၁၀) သိန်းရမယ်"

"မောင်က ကျွန်မ အပေါ် အရမ်းကြင်နာ တာပဲ၊ ဒါဆို နောက်တစ်ခါ မောင်ဖျားရင် ဆေးခန်းသွားပြစရာ မလိုတော့ဘူးပေါ့ နော်"

www.burmeseclassic.com

www.burmeseclassic.com



## မပွဲ့ခုံး



သားဖြစ်သူက ဖခင်အား မေးမြန်းစပ်စုနေသည်။

"ပိုက်ဆံရှိတယ်ဆိုတဲ့ပုံကို ဘယ်လိုပုံဖော်ပြလို့ရမလဲဖေဖေ"

ဖခင်က မေးစေ့ပွတ်ရင်း စဉ်းစားကာဖြေ၏။

"အေး ပိုက်ဆံရှိတယ်ဆိုတဲ့ပုံက အကောင်းစားဖိနပ်ခံကားစီးမယ်၊ တန်ဖိုးကြီး စကော့ဝီစကီသောက်မယ်၊ ဘေးမှာလဲ တောင့်တောင့်ဖြောင့်ဖြောင့် မိန်းမလှလေး တစ်ဖက်တစ်ယောက်နဲ့ပေါ့ကွာ"

"ဒါဖြင့် ပိုက်ဆံမရှိဘူးဆိုတဲ့ပုံကရော"

"အေး အဲဒါဆိုရင်တော့ ဘတ်စ်ကားစီးရမယ်၊ ရေနွေးကြမ်းသောက်မယ်၊ ဘေးမှာတော့ မင်းအမေပေါ့ကွာ"

## ဘယ်သူမှာလဲ ဘယ်ကမှာလဲ



ဆရာဝန်က လူနာအား စစ်ဆေးကြည့်ရှုရင်း ဤသို့မှတ်ချက်ပြု၏။

"အင်း ခင်ဗျားရောဂါက ဦးနှောက်နဲ့အာရုံကြောနဲ့ဆိုင်တဲ့ရောဂါဗျ၊ ဒါနဲ့ စကားပြောသံ တစ်ခုခု ကြားနေရတာမျိုး ဘယ်သူပြောနေတာလဲ အသံ ဘယ်ကထွက်နေတာလဲပေါ့လေ၊ အဲလို ဝေခွဲမရတာမျိုးတွေ ဖြစ်ဖူးလား"

"ဖြစ်ဖူးတာပေါ့ဗျာ၊ ခဏခဏ ဖြစ်ဖြစ်နေတာပဲဥစ္စာ"

"အာ ဒါဆိုရင်တော့ စိုးရိမ်စရာ အခြေအနေကို ရောက်နေပြီ၊ တစ်နေ့ ဘယ်နှကြိမ်လောက် ဖြစ်တတ်လဲ"

"အင်း တစ်နေ့နဲ့တစ်နေ့တော့ ဘယ်တူမလဲ"

ဆရာဝန်က စိုးရိမ်စွာဖြင့်

"ဘယ်လိုအချိန်မျိုးတွေမှာ ဖြစ်တတ်လဲ"

"တယ်လီဖုန်းပြောတဲ့အချိန်တွေမှာ"




## လျှို့ဝှက်ရာ မလိုတော့ပါ



'ဝန်ကြီးငပေါ'ဟူသောစာတန်းကို ဝန်ကြီးရုံးနံရံတွင် လက်ကမြင်းရေးသားသူအား တရားရုံးမှ ထောင်ဒဏ်(၆)နှစ်ချလိုက်သည်။ (၁)နှစ်က ပြည်သူပိုင်ပစ္စည်းအား ဖျက်ဆီးညစ်နွမ်းစေမှုအတွက်ဖြစ်ပြီး ကျန်ငါးနှစ်က နိုင်ငံတော်လျှို့ဝှက်ချက်ကို ပေါက်ကြားစေမှုအတွက်ဖြစ်သည်။

ကာလတစ်ခုတွင် ကုလသမဂ္ဂဆွေးနွေးပွဲမှ ဖိတ်ကြားသဖြင့် ဝန်ကြီးတက်ရောက်စကားပြောရသည်။ ဝန်ကြီးပြန်ရောက်သောအချိန်မှာ အထက်တွင် ထောင်ဒဏ်ကျခံရသူ ထောင်သက်တစ်နှစ်တိတိ ကျခံပြီးချိန်ဖြစ်သည်။ သို့နှင့် ၎င်းအကျဉ်းသားကို အာဏာပိုင်တို့က အပြစ်မရှိတော့ဟုဆိုကာ လွှတ်ပေးလိုက်ကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းလက်ကမြင်းခဲ့သော အကြောင်းအရာမှာ လျှို့ဝှက်ချက်တစ်ခု မဟုတ်တော့သောကြောင့်ဖြစ်သည်။

## အသုဘ



နံနက်စောစော တည်းခိုခန်းတွင်ဖြစ်သည်။

ဧည့်သည်အား တည်းခိုခန်းပိုင်ရှင်က ဤသို့ ယောကျ်ာတ်စကားဆို၏။

"ညက ကောင်းကောင်းအိပ်ပျော်ပါရဲ့လား ခင်ဗျာ"


"ကောင်းကောင်းအိပ်ရမယ် ဟုတ်လား၊ ဒိတ်ရာပေါ်မှာ ကြွက်ပိုးတစ်ကောင် သေနေတယ်ဗျ"

"သြော် ကြမ်းပိုးအသေကောင်တစ်ကောင်ကြောင့်တော့ စိတ်အနှောင့်အယှက် မဖြစ်လောက်ပါဘူးထင်တယ်နော်"

"စိတ်အနှောင့်အယှက် မဖြစ်ရဘူး ဟုတ်လား၊ အဲဒီအသေကောင်ရဲ့ ဆွေမျိုးသားချင်းတွေက အသုဘလိုက်ပို့ကြတယ်၊ ပြီးတော့ ရက်လည်ဝှမ်းဆိုပြီး ကျွပ်သွေးတို့ ဝိုင်းစုတ်ကြတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## ရှာန်

ဒါကို စိတ်နဲ့ဆိုင်တဲ့ ရောဂါတစ်ခုလို့ပဲ ပြောရမလား။ အနိုးစွဲနေတဲ့ အကျင့်တစ်ခုလို့ပဲ ပြောရမလား။ ဒါမှမဟုတ် ထက်သန်လွန်းဇွဲဆိုတဲ့ ပါရမီ တစ်ခုကြောင့်လား။ ကျွန်တော်တို့ ဝေခွဲမရဘူး။ သေချာတာတစ်ခုက သူ့မှာ အဲဒီ ဘာမှန်းညာမှန်း တိတိကျကျ ဝေခွဲမရတဲ့ ပြဿနာတစ်ခု၊ အင်း အမှန် က ပြဿနာလို့လည်း စွတ်စက်ပြီး ခေါင်းစဉ်တပ်လို့ မရပြန်ဘူး။ ပြဿနာ မဟုတ်ရင် ဘယ်လိုပြောမလဲ အဖြစ်အပျက်။ အင်း ဒါမျိုးကြီးကျလည်း မဟုတ် ပြန်ဘူး။ ကဲဗျာ ရှည်ရှည်ဝေးဝေးတွေ လုပ်မနေတော့ဘူး။ ကျွန်တော် ပြောချင် တာက သူ့မှာ အဲဒီဘာမှန်းညာမှန်းမသိတဲ့ဟာကြီး လာဖြစ်နေတာ။

ပိုဆိုးတာက ရှာကီဝင်သွားတဲ့အချိန်ဆို အဲဒီဟာကြီးက ပိုသိသာ လာတတ်တယ်။ စိတ်ခံစားချက်တွေ မွန်ထူနေတဲ့အချိန်၊ ရှာကီနည်းနည်းလောက် ဝိတ်ထည့်ကြည့်လိုက်ပါလား။ ဘာမှန်းညာမှန်းမသိတဲ့ အဲဒီဟာကြီးက ဘာမှန်း ညာမှန်းမသိတဲ့ ကွိုင်တွေ တောက်လျှောက်ကြီး သယ်ယူလာတတ်တာလေ။ ကဲ ကျွန်တော် နည်းနည်းပြောကြည့်မယ်။

× × ×

ရှေးဦးပဓာန အနုပညာသမားလို့ ကိုယ့်ကိုကိုယ် သတ်မှတ်ထားတဲ့ ကျွန်တော်ဟာ သူ့လောက်တော့ အနုပညာလုပ်ငန်း တော်တော်များများ



မကျွမ်းကျင်ကြောင်းကို ဝန်ခံရမှာပါ။ သူကတော့ အကုန်တတ်တယ်။ ဆို တာ၊ ရေး၊ တီး အကုန်ရတဲ့အပြင် ပန်းချီ၊ ပန်းပု၊ အနုသုခုမကအစ လိုလေ သေးမရှိအောင် သူကျွမ်းတယ်။ မကွယ်ဝှက်တမ်းပြောရရင် တခြားအနုပညာ နဲ့ မဆိုင်တဲ့အလုပ်တွေတောင် သူ တော်တော်များများ လုပ်တတ်ပါတယ်။ သူ ဒုန်းပင်တက်တယ်၊ အိမ်သာကျင်းတူးတယ်၊ စပယ်ယာလိုက်တယ်၊ ဂက်စ် ဆည့်တယ်။ ဦးရှင်ကြီး အငှားလိုက်တင်တယ်၊ နောက်ဆုံးဗျာ ကထိန်မှာ အလှူခံလှည့်တဲ့ ခြင်းကြားရုပ်ထဲတောင် ဝင်ကတယ်ဆိုတော့ စုံစီနဖာ ဆရာ ချလွန်းတဲ့ သူ့ပါဖောမင့်ကို ကျွန်တော်တို့ အသိအမှတ်မပြုဘဲ နေလို့မရဘူး။

ဒီပါဖောမင့်တွေကို ထပ်ပြီး မိန်းသွားရှိန်းသွားစေတဲ့ စကားတစ်ခွန်း ရှိပါသေးတယ်။ အဲဒါ သူပြောတာပါ။

"အလုပ်လုပ်တယ်ဆိုတာ စန်း ထက်၊ ရှာန်က ပိုအဓိက ကျတယ် ဗျ၊ စန်းဆိုတာလည်း တကယ်တော့ ကံတရားပဲလေ၊ ကံဆိုတာ အလုပ်ပဲ အဲဒီအလုပ်ကိုပဲ ရှာန်ဝင်စားပြီး လုပ်ထည့်လိုက်တော့ ဟော အောင်မြင်မှု ဆိုတာ ရလာရော မဟုတ်လား အဟုတ်"

ကျွန်တော်တို့ ပါချီပါချက်ကောင်လေးတွေ ဘာဝင်ပြောရမှာလဲ။ ကိုယ့်ဆရာက ရှာန်ဝင်ပြီးတော့ကို ပြောနေတာဆိုတော့ ဖူးကြားလက်ညှပ်ရင်း ခေါင်းသွက်သွက်ပဲ

"ဟုတ်ပါတယ် ဆရာကြီး"

လုပ်လိုက်ရတော့တယ်။ တကယ်လည်း ဟုတ်ပါတယ်။ ကိုယ့်ဆရာ ဟာ ဘာလုပ်လုပ် ရှာန်ဝင်ပြီးလုပ်တဲ့ဗီဇက ရှိနေတာမို့လား။ အဲဒီတုန်းကလည်း သူရှာန်ဝင်နေတုန်း ကျွန်တော်တို့ လစ်ထွက်လာတာ။ ကိုယ့်ဆရာက နာရီ ဝက်လောက် ပရိသတ်မဲ့ ဟောပြောပြီးမှ ကျွန်တော်တို့မရှိမှန်း သိတာတဲ့။ အဲသည်လို သူ့ရှာန်က။

× × ×

ဆိုကြပါစို့။ လမ်းတစ်ခု အတူလျှောက်သွားရင်း ကျွန်တော်တို့က ခေါင်းတစ်ခု မြင်လိုက်တယ်ဆိုပါတော့။ သူက စမ်းချောင်းအသင်မကဘူး၊ ချောင်းထဲစီးနေတဲ့ရေဟာ အရှေ့ကိုလား၊ အနောက်ကိုလား၊ ပြီးတော့

www.burmeseclassic.com



စမ်းချောင်းအောက်ခြေက ကျောက်စရစ်ခဲလေးတွေနဲ့ ဆတ်ဆလူးထနေတဲ့ ရွှေငါးလေးတွေတင်မက နောက်ခံသစ်တောအုပ်နဲ့မှိုင်းထားတဲ့ ကောင်းကင်ပြာကြီးပါ သူက မြင်တာ၊ ခံစားတတ်တာ၊ ခံစားရုံမကဘူး၊ စျာန်ဝင်ပြီး လတ်လွတ်ခွက်ကျွတ်ကို မျောဝင်သွားတာမျိုး။ စျာန်ဝင်ပြီဆိုမှဖြင့် ခေါ်မကြားအော် မကြားတော့ဘူး။ တခြားဟာ ဘာမှမမြင်တော့ဘူး။ သူ့ရဲ့အသိအာရုံအားလုံးတို့ အဲဒီအလုပ်ထဲနစ်ဝင်ပြီး မျောကိုမျောသွားတော့တာ။

တစ်ခါက မြို့ထဲက ကားစီးပြီးပြန်လာတော့ ကိုယ့်ဆရာက နားကြပ်ဝီတနဲ့ ငြိမ့်ပြီးပါလာတာ။ ဂီတမှာပျော်ဝင်ပြီး မျက်နှာသေနဲ့လိုက်လာရင်း ကားက မှတ်တိုင်ကျော်လို့ ဂိတ်ဆုံးရောက်သွားတယ်။ ဒါလည်း သူမထသေးဘူး။ ကားက နောက်တကျော့ပြန်ထွက်လို့ မြို့ထဲပြန်ရောက်လာတယ်၊ ဒါလည်း သူမသိသေးဘူး၊ အိပ်ပျော်နေတာမျိုး မဟုတ်ဘူးနော်၊ ဂီတမှာဝင်စားရင်း မျက်နှာသေနဲ့ တည်တည်ကြီးပါလာတာ။ ကြာတော့ စပယ်ယာတွေက အစ္စလား၊ ဘာလား မသေချာတာနဲ့ ဝင်မေးတော့မှ သူ အာရုံပြန်ကပ်နိုင်တော့တာ။

ဒါက ပုံမှန်အခြေအနေနော်။ ရှုကီလေး နည်းနည်းထုပြီး တွေနေတဲ့ အချိန်တွေဆိုရင်တော့လား။ တစ်ခါကလည်း ပနိုးမီးယားလိဂ်ဘောပွဲကောင်းလို့ ရပ်ကွက်ဗီဒီယိုရုံမှာ သူရယ် ကျွန်တော်ရယ် သွားကြည့်တယ်။ အပုပ်ချိန်ဆိုတော့ မသိမသာတော့ အာလေးလျှာလေးတွေ လုံးကုန်ကြပြီ။ ပုံစံတော့ မပျက်ကြသေးပါဘူး။ သူ့ကိုကြည့်တော့လည်း ကွမ်းလေးမြုံ့လို့၊ ဘောပွဲကလည်း အကျိတ်အနယ်ပါပဲ။ ဒါနဲ့ ကိုယ့်ဆရာလည်း သူ့ဝသီအတိုင်း ဘောပွဲထဲမျောဝင်သွားရင်း ရုပ်နဲ့နာမ် မကပ်တော့တဲ့အချိန် သူ့အားပေးတဲ့အသင်းကလည်း ဂိုးအရှုံး။

"ဂိုး"

"ရှုစ် အဲဒါမန်ယူကွ၊ ကျား"

"ဘောင်း"

"ဟာ ဟေ့ ဟေ့ ဘာ ဘာတွေလဲ ဟာ"

သိတယ်မှတ်လား။ ကိုယ့်ဆရာစိတ်ကလည်း ဘောပွဲကလွဲပြီး ဘာမှ မသိတော့တာမို့ မန်ယူလည်း ဂိုးအသွင်း သူ့လက်ထဲက ကွမ်းတံတွေးအိတ်



ကြီးကို အားရပါးရ ထုခွဲချလိုက်တာ။ ကွမ်းကလည်း နှစ်ရာတန်အထုပ်ကြီး ထုပ် ကုန်ထားပြီမို့ ဘေးပတ်ဝန်းကျင်ကလူတွေများ မျက်နှာဆိုတာ ရဲခနဲ။

အဲဒီတုန်းကလည်း တစ်ရပ်တည်းသားတွေမို့သာ ဆွမ်းကြီးအလောင်း ခံရတာ ခြေသားလုံးဖက်မတတ်တော့ တောင်းပန်လိုက်ရသေးတယ်။ တစ်ခါ သလေ ကျွန်တော်တို့လည်း ပြောပြကြပါတယ်။

"ခင်ဗျား အဲဒီလို တစ်ခုခုလုပ်တိုင်း ကျန်တဲ့ကိစ္စတွေ မေ့မေ့ပြီး မျောသွားတာကြီးက ရေရှည်မလွယ်ဘူးနော်၊ ပြင်ဗျာ၊ စာများများဖတ်"

"ဖတ်တယ်၊ ကိုယ်ဖတ်တယ်၊ ဒါ စာနဲ့မဆိုင်ဘူး၊ ပါရမီလို့ခေါ်တယ်၊ ကိုယ်ရဲ့ပျော်ဝင်နိုင်တဲ့ ဂုဏ်သတ္တိကိုက လူတကာထက် လန်ထွက်လျှံတက်ပြီး အရေးသဖြင့်ကို အားကောင်းလွန်းနေတော့ ကိုယ်လည်းမတတ်နိုင်ဘူး၊ ပြောင်းဆိုရင်းကို ပျော်ဝင်ချင်လာပြီ၊ ငါ့နှယ်"

အဲဒီလို ဘုန်းကြီးတစ္ဆေကို သမ္ဘုဒ္ဓေရွတ်ပြနေသလို သူကပဲ တတ်ပြီး သိပြီး၊ နားလည်ပြီးဖြစ်နေတာဆိုတော့ ကျွန်တော်တို့ပြောကြည့်တာမှန်သမျှ အဟောသိကံတွေချည်း။

ဒီတော့ ကျွန်တော်တို့လည်း ဘာမှမပြောတော့ဘူး။ သူနဲ့အတူရှိနေတဲ့အချိန်တလျှောက် သူ့ခြေခင်းလက်ခင်း အပြုအမူ စတာတွေကို ဇောင်းပေးပြီး ချက်နေရတော့တာ။ သည်လောက် သတိထားနေတဲ့ကြားထဲက တစ်နေ့။

× × ×

"ဟော့ကောင်တွေ လုပ် လုပ်ကြပါဦးကွာ၊ ကိုယ့်စက်ဘီး အခိုးခံရလို့" ဆိုပြီး အပူတပြင်းပုံစံနဲ့ ရောက်လာတယ်။

"ဘယ်တုန်းက အခိုးခံရတာတုန်း"

"အခု အခုလေးတင်ကွ၊ ငါ လက်ဖက်ရည်ဆိုင်ထိုင်တော့ ဆိုင်ရှေ့ရပ်ထားတာ၊ သော့တောင် မခတ်ထားဘူး၊ အဲဒါ"

သည်တော့မှ ကျွန်တော်တို့လည်း ထွေလီကာလီ မေးမနေတော့ဘဲ နီးစပ်ရာတွေလိုက်ပြီး တွေ့လိုတွေ့ညား စုံစမ်းရတော့တယ်။ စက်ဘီးက ဂျပန်ဘီး အသစ်ကလေးရယ်ပါ။ ကိုယ့်ဆရာလည်း ဆောက်တည်ရာမရလို့။ နောက်ဆုံး နေသာကုန်လာတယ်။ ဂျပန်ဘီးနဲ့ တူတာဆိုလို့ ဂျပန်မိနပ်စုတ်တောင်

www.burmeseclassic.com

www.burmeseclassic.com



မယ်မယ်ရရ မတွေ့ခဲ့ဘူး။

"တောက် ငါ့အဖေစက်ဘီးကွာ၊ မနေ့ကမှ ဝယ်လာတယ်၊ ဒီနေ့ ပျောက်တယ်ဆိုတော့ ငါ့ရှိသမျှသွား ဒီဆိုင်မှာခဏအပ်ထားပြီး ပြန်မှရမယ် ထင်တယ်"

လက်ဖက်ရည်ဆိုင်ရောက်တော့ ဟောင်ဖွာဟောင်ဖွာ ပြောနေတဲ့ သူ့စကားတွေကြောင့် စားပွဲထိုးကောင်လေးက ဘေးလာရပ်ရင်း

"အစ်ကို စက်ဘီးပျောက်သွားတာလားဟင်'

"အေးကွာ အေး၊ မင်းတို့ကလည်း တမျောင့်"

သူ့ရဲ့ဘုတောတဲ့ စကားကိုပဲ စားပွဲထိုးလေးက ဇဝေဇဝါဟန်နဲ့

"ဟင် ဟုတ်သေးဘူးလေ၊ မနက်ကပဲ လူတစ်ယောက် အဲဒီစက်ဘီး စီးထွက်သွားတာ အစ်ကို့ရှေ့တင်လေ၊ အစ်ကိုပဲ ငေးကြည့်နေပြီးတော့၊ ကျွန်တော်က အစ်ကို့အသိလို့တောင် ထင်တာ"

"ဟင် တကယ်လား"

ဆိုတော့မှ ကိုယ့်လူက နားထင်လက်ထောက်ပြီး မန်မိုရီပြန်တောက် ကြည့်တာ။ ပြီးမှ ညစ်ထေးစုတ်ပြတ်တဲ့ ရုပ်ကလာပ်နဲ့ ဘယ်သူ့ကို ရည်ရွယ် မှန်းမသိ၊ လေဟာနယ်ထဲကို ဖရုဿဝါစာတစ်ကြောင်းထိုးကျွေးလိုက်ရင်း

"တောက် ငါ စက်ဘီးအကြောင်းစဉ်းစားနေတာကို သက်သက်အ ခွင့်ကောင်းယူတဲ့ကောင်"

ဒါကို နားစွန်နားဖျား ထပ်ကြားလိုက်ပြန်တဲ့ စားပွဲထိုးက

"ဟုတ်တယ် ဟုတ်တယ် အစ်ကို၊ အဲဒီမှာထိုင်ပြီး ရီဝေတဲ့မျက်ဝန်း တွေနဲ့ ပေါ်တင်ကြီးငေးကြည့်နေတာ"

"ဟေ့ကောင် မင်း တော်စမ်းကွာ"

"မဟုတ်ဘူးလေ အစ်ကိုရ၊ ကျွန်တော်ပြောတာက စက်ဘီးကို အစ်ကို့ ရှေ့တင် ဒေါက်ဖြုတ်၊ အစ်ကို့ရှေ့တင်တွန်းပြီး၊ အစ်ကို့ရှေ့တင် စီးချသွားတာ၊ အစ်ကိုပဲ ပြူးပြူးကြီး စိုက်ကြည့်နေပြီး"

"ဟေ့ကောင် တော်ဆိုတော်နော်"

"မဟုတ်ပါဘူး၊ ကျွန်တော်စဉ်းစားတာက ဘာလို့ တွေတွေကြီးစိုက်



ကြည့်နေပြီးမှ"

"အာ ဒီကောင်"

အီကြာကွေးတစ်ချောင်းကိုင်ပြီး ထရွယ်လိုက်တော့မှ အထူးအပါး နားမလည်တဲ့ စားပွဲထိုးလေး ထပြေးသွားတယ်။ သည့်နောက်တော့ ကိုယ့် ဆရာလည်း သူ့အဖေ ဘယ်လိုရှင်းပြရမလဲ စဉ်းစားခန်းဝင်ရင်း သူ့ချာန်နဲ့သူ ချော့ပြီးကျန်ခဲ့တယ်။ ကျွန်တော်တို့နှုတ်ဆက်ခဲ့တာတောင် မသိတော့ဘူး။

× × ×

ကျွန်တော်ထင်ပါတယ်။ သူပြောတဲ့အတိုင်း သူ့ချာန်ကြီးက လျှံ ဆက်လန်ထွက်နေတာဆိုတော့ စက်ဘီးအကြောင်း ချာန်ဝင်သွားရင်း မျက်စိရှေ့က အရာ ဘာမှမမြင်တော့တာဖြစ်မယ်။ ဒါကြောင့်လည်း ပြူးပြီးစိုက်ကြည့်နေတဲ့ သူ့ရှေ့မှာတင် စက်ဘီးခိုးသွားတာ။

အဲလိုအဖြစ်အပျက်တွေက ကျွန်တော်တို့အတွက် ရိုးနေပါပြီ။ လမ်း ထိပ်ကွမ်းထွက်ဝယ်ရင်း အဝေးပြေးကားပေါ် မျောပြီးလိုက်သွားတာတွေ၊ ရုပ် ရှင်ရုံမှာ တစ်ယောက်တည်း ထိုင်ကျန်ခဲ့လို့ လုံခြုံရေးက ဆွဲထုတ်ခဲ့ရတာတွေ၊ ထမင်းချက်ရင်း ထရံမီးလောင်တာ ငုတ်တုတ်ကြည့်ရင်း မျှောနေတာတွေ။ အများ ကြီး ရှိပါသေးတယ်။ ဒါပေမယ့် ကံကောင်းနေသေးတော့ ဘာဒုက္ခမှ ကြီးကြီး ကျယ်ကျယ် မခံရသေးဘူး။ ဒါကိုပဲ သူ့အတွက် ကျွန်တော်တို့က ဝမ်းသာပေး နေတာ၊ အဲဒီဝမ်းသာမှုတွေက နောင်အချိန် သောင်ပြင်သေးပန်းသလို အရာ ထင်ဖြစ်မှာ မတွေးမိသေးဘူး။ နောက်ပိုင်းကျမှ

× × ×

"ကျွေးရမယ်ကွ၊ ကျွေးကိုကျွေးရမယ်၊ မကျွေးလို့ကတော့ မင်းတို့ ငါနဲ့တွေ့ပြီသာမှတ်"

လက်ထဲကဖုန်းကိုချပြီး အရုပ်ကြိုးပြတ် ထိုင်ကျသွားတဲ့ ကိုယ့်ဆရာ ကိုကြည့်ပြီး ကျွန်တော်တို့ ဝေခွဲမရစွာ မေးရပါတယ်။

"ဘာဖြစ်လာပြန်ပြီတုန်း၊ တကတည်း"ဆိုတော့ သူက

"ဘာဖြစ်ရမလဲကွာ၊ ရပ်ကွက်ဆွမ်းသိမ်းအောင်ပွဲလေကွာ၊ အဲဒါကို မင်းတို့က အကျွေးအမွေးအစီအစဉ် မထည့်ဘူးပြောနေတယ်၊ ဘယ်ဖြစ်သင့်

www.burmeseclassic.com

www.burmeseclassic.com



မလဲ၊ ဟုတ်တယ်မှတ်လား၊ ငါလို အထင်ကရတစ်ယောက် နေထိုင်တဲ့ရပ်ကွက်မှာ ဒါမျိုးလာလုပ်လို့မရဘူး၊ ဒါကြောင့် ငါလည်း အပြတ်ပြောပစ်လိုက်တယ် တွေးကိုကျွေးရမယ် လို့"

ဒီလိုပြောပြီး သူ့ရှေ့က အရက်ခွက်ကို ကောက်မော့ပါတယ်။ ပြီးတော့ ဝက်နံရိုးနုကြော်တစ်ခု ကောက်ဝါး၊ ပြီးတော့ နောက်တစ်ခွက် ဆက်ငှဲ့ရေရော။ ဘုတ်သိုက်ဖြစ်နေတဲ့ ဦးစွန်းဖုတ်ကို တစ်ချက်သပ်တင်။ အာဂလောင်မှာ ကပ်နေတဲ့ အသားစကို လျှာနဲ့ကလော်ထိုး။ ဒီလိုမျိုး သူ့ဈာန်နဲ့သူ မီးလယ်တက်နေတုန်း သူ့ဖုန်းက ထမြည်လာတယ်။

"ဟလို"

ဖုန်းက စပီကာဖွင့်ထားတဲ့အတွက် တစ်ဖက်ကအသံကို ကျွန်တော်တို့ အတိုင်းသားကြားရတယ်။

"ဘယ်လိုမှမဖြစ်နိုင်ဘူး ကိုချစ်ကိုကို၊ ကျွန်တော်တို့ အဖွဲ့အစည်းကို တင်ပြပြီးပါပြီ၊ အဖွဲ့အစည်းကလည်း ဟင့်အင်းတဲ့၊ ဒါကြောင့် ကျွန်တော် အပြတ်ပြောမယ်၊ အော်ဂနိုင်ဇေးရှင်းဆိုတာဗျာ အများနဲ့ဖွဲ့စည်းထားတာမို့ အများဆုံးဖြတ်တဲ့အတိုင်း အကျွေးအမွေးကဏ္ဍကို ကန်ဆယ်လုပ်ရပါမယ် ဒီတော့ ကိုချစ်ကိုကိုရဲ့ အကြံပြုချက်ကို ကတ်တောက်လုပ်လိုက်ရတာ ဆိုး အမ် ဘဲလီး ဆောဒလီးပါ"

"ဘာကွ မင်းက ငါ့ကိုဆဲရအောင် ဘာကောင်မို့လဲ၊ ချစ်ကိုကိုထင် ဆိုတဲ့ကောင်ဟာလေ"

"......"

ဖုန်းက ကျသွားပါတယ်။ ကိုယ့်ဆရာလည်း မျက်နှာပုပ်နဲ့ ပွစိပွစိ လုပ်ရင်း ငုတ်တုတ်ထိုင်လိုက်၊ မတ်တတ်ထလိုက်၊ ဖုန်းကို ထပ်ခေါ်ဖို့ကြိုး လိုက်နဲ့ ဒေါသရင်ဝယ်ပိုက်ရင်း ကြေကွဲမှုဒ်တွေ အပြည့်ဝင်နေတာ။ နဂို ကလည်း ဈာန်သမားစစ်စစ်ဆိုတော့ ခံစားချက်နဲ့အရက် ထပ်မံပေါင်း လိုက်တဲ့အခါ

"မရဘူး ကျွေးရမယ်၊ မင်းတို့ ကျွေးကိုတွေးရမယ်ကွ၊ တောင် သောက်ဖုန်းကလည်း ခေါ်လို့ကိုမရဘူး။ အပြတ်ချဲချင်ပါတယ်ဆိုမှ"



■

ခင်ဗျားတို့က ဝတ်ဝန်းကျင်အမြင်ပဲ၊ ကျွန်ုပ်က

အပေါ်သွားဆို့ အိမ်သာအသွား ဒီကောင်

သပီးအသန်းထဲ တောင်းတိမောင်းတိုကြီး

ဝင်သွားတာကို မြင်လိုက်တာ၊

ပက်ပင်းနော် ပက်ပင်း

■

ကိုယ့်ဆရာက ဖုန်းထုတ်ပြီး ထပ်ခေါ်ပြန်တယ်။ မရဘူး။ မရတော့ မီးလိကပို ထန်လာပြီး ပုလင်းထဲရှိသမျှ အရက်တွေကို တစ်ခွက်ပြီးတစ်ခွက် ဇယ်ဆက်သလို ဖြုတ်တယ်။ ကျွန်တော်တို့လည်း တစ်ခါမှမမြင်ဘူးတဲ့ ထူးဆန်း သတ္တဝါကို ကြည့်သလို သူ့ကိုကြည့်နေမိတယ်။ ဒါကိုပဲ ဒင်းက

"ဝဟမ်း ဘာကြည့်ဒါရဲ မိုက်ရိုးရား"

"ဟုတ်ပါဘူး၊ မိုက်ပါဘူး၊ ကျွန်တော်တို့က ကိုယ့်ဆရာများနေမှာ စိုးလို့ခင်ဗျ"

"ငါ့အကြောင်း ငါတိရယ်၊ ချရာလာမရုပ်နဲ့ အားရုံ ရှုတ်ပြတ်တွားမယ်"

ဒီတော့လည်း ကျွန်တော်တို့ ဘာပြောနိုင်မှာတဲ့လဲ။ ကိုယ်က ပါနိုဝါချဲ့လေ။ သူက ဝါသန္တာအရရော၊ မြာတကျာအရရော၊ ဘာညာရော၊ ဆမာ ထလာရော၊ ကိုယ်တွေထက် အပုံကြီးသာတာမို့ အယုံကြီးစွာနဲ့ လွှတ်ပေးထား မိတယ်။ ဒါဟာပဲ အမှားတစ်ခုလို့ နောက်ပိုင်းမှာ ပြန်တွေးမိပေမယ့် 'ဩော် ဘိုယ်လည်း ရှုကိပြုနေတာဆိုတော့ အင်းလေ'ဆိုပြီး ဖြေရပါတယ်။

အဲဒီတုန်းက ကိုယ့်ဆရာက အရက်ခွက်နဲ့ဖုန်းကိုပဲ ပတ်လည်ရိုက် ပြီး ပြဿနာရှာနေတာ။ အရက်တိုသောက်လိုက်၊ ဖုန်းကိုနှိပ်လိုက်၊ နှိပ်ရင်းနဲ့ သောက်လိုက်၊ သောက်ရင်းနဲ့နှိပ်လိုက်။ တစ်ချီမှာတော့ သူပဲ ကံကောင်းသွား သလားတော့ မသိ ဖုန်းဝင်သွားတယ်။ ဒီတော့မှ သူလည်း အားရပါးရချဲ့လို့ရပြီ ဆိုတဲ့အတွေးနဲ့ ထင်ပါတယ်။ ဆိုင်ထဲကနေ လမ်းမကို တစ်ယောက်တည်း အော်ကျယ်အော်ကျယ်နဲ့ ဖုန်းပြောရင်း ထွက်သွားတယ်။ ဘာတွေချဲနေလဲ တော့ မသိဘူး။ နားစွန်နားဖျား ကြားရတဲ့အသံကတော့

www.burmeseclassic.com

www.burmeseclassic.com



"ကျွေးရမယ်၊ ကျွေးကိုကျွေးရမယ်ကွ"ဆိုတာပဲ။

ဖုန်းလိုင်းမမိလို့ ထင်ပါရဲ့။ ကိုယ့်ဆရာက နေရာရွှေ့ရင်း လျှောက်ရင်းလျှောက်ရင်းနဲ့ မြင်ကွင်းက ပျောက်သွားတယ်။ သူ ကလေးတစ်ယောက်မှမဟုတ်တာ၊ သူ့ဘာသာပြန်လာတတ်တာပဲ ဆိုတဲ့အတွေးကြောင့်တစ်ကြောင်း၊ သူက ဈာန်ဝင်ရင် ဒီလိုပဲ ဖြစ်နေကျဆိုတာကတစ်ကြောင်းကြောင့် ကျွန်တော်တို့လည်း လိုက်မကြည့်မိတော့ဘူး။

ဒီလိုနဲ့ ကျွန်တော်တို့လည်း ထိုင်လာလိုက်တာ နည်းရောင်းများရောင်းတောင်းပြည့်ဆိုသလို စားပွဲပေါ်မှာလည်း ပုလင်းကြီးငယ်အသွယ်သွယ် စိုင်းလာပြီ။ ရင်ထဲမှာလည်း အူတွေဘာတွေ ရှိုင်းလာပြီဆိုတဲ့အချိန်ကျမှ သူ့တို သွားသတိရမိတယ်။ ဒါကြောင့် ဘော်ဒါတစ်ယောက်က သူ့နောက် ထလိုက်မယ်ကြံတုန်းရှိသေး

"ချကွာ ချ အပြတ်သာတီး"

"ဟုတ်ပ ဟုတ်ပ မျက်နှာတည်ကြီးနဲ့ အတင့်ကိုရဲလွန်းတယ်"

"မ မဟုတ်ဘူး ကျွန်တော်ရှင်း"

"ဟင့်အင်း ဘာမှလာရှင်းပြမနေနဲ့ ရော့"

"အုန်း"

အသံတွေကြားလို့ အမူးပြေချင်သလိုလို ဖြစ်သွားပြီး ဆိုင်ရှေ့ထွက်အကြည့်

"ဟင်"

ကိုယ့်ကိုကိုယ် အမူးလွန်နေပြီလားလို့တောင် သံသယဝင်ရသေးတယ်၊ မြင်ကွင်းကိုကြည့်လေ။ ကိုယ့်ဆရာကို ရပ်ကွက်လူအုပ်က ငါးဖယ်တောတေရင်း တရွတ်ဆွဲခေါ်လာတာ။ ဒီတော့မှ ကျွန်တော်တို့လည်း သူတို့ဆီပြေးဝင်သွားရင်း

"ကိုယ့်လူ ဘယ် ဘယ်လိုဖြစ်တာတုန်း"

ကျွန်တော့်အသံကြားတော့ ဆရာသမားက ပျော့သွားပြီး အားတိုးပါရစေဆိုတဲ့ မျက်ဝန်းချိုချိုကြီးတွေနဲ့ စိုက်ကြည့်ရင်း တစ်ခုခုပြောဖို့ပြင်တယ် ဒါပေမယ့် သူ့အရင် တစ်ယောက်ဦးတယ်။



"ဘယ်လိုဖြစ်ရမှာလဲ၊ တောက် ကျော်မကောင်း ကြားမကောင်းကွာ၊ ငါလို အရပ်လူကြီးတစ်ယောက်ရဲ့အိမ်ကို ပေါ်တင်ကြီး ဝင်လာပြီး ဝင်လာပြီး တောက်ကွာ အင်းကွာ"

"အုန်း"

"ဝါးအို့ သေပါပြီဂျ"

ရပ်ကွက်လူကြီးက ခြေမြန်လက်မြန် နားပန်အုပ်တယ်၊ ဆိုတော့ တာ နောက်က ကပ်ပါးတစ်သိုက်လည်း ပါးရင်းနားရင်းရိုက်ဖို့ ပြုဝင်လာတယ်၊ ကျွန်တော့်မှာ ကြားထဲက ကာဆီးကာဆီးလုပ်ရင်း

"ကိုချစ်ကိုကိုတင့်ရယ် ဘယ်လိုဖြစ်ရတာလဲဗျာ"

"ဟင့်ဟင့် ငါလည်း ဖုန်းဆက်ရင်းနဲ့ ဈာန် ဈာန်ဝင်ပြီး လျှောက်သွားမိတာ ဘယ်ကနေဘယ်လို အဲဒီနေရာကို ရောက်သွားမိလဲဆိုတာ မသိတော့ပါဘူးကွာ၊ ငါ့အကျင့်လည်း မင်းသိရဲ့သားနဲ့'

"ရှင် ရှင်အခုမှ မလည်ရှုပ်မလုပ်နဲ့၊ သူ သူများအခန်းထဲကို ဒေါင်းဒီမောင်းတိကြီးဝင်လာပြီး အီးဟီးဟီး ပြီးတော့ ပါးစပ်ကလည်း ပြောသေးတယ်လေ၊ ကျွေးရမယ် ကျွေးရမယ်ဆိုပြီး အဟင့်ဟင့်"

မိန်းမသံကြားလို့ လူအုပ်ထဲ အကဲခတ်မိတော့ ဟုတ်တယ်။ ရပ်ကွက်လူကြီးသမီး စိန်မိမိ။ နှုတ်ခမ်းညိုညို၊ ဂုတ်တိုတိုနဲ့ ပုတ်လိုခန္ဓာကိုယ်ကြီး ဒိမ့်သိမ့်တုန်အောင် ငိုကာရှိုက်ကာ။ ဆိုတော့ ကျွန်တော်တို့လည်း ကိုယ့်ဆရာ ဒုတ်မှဟုတ်ရဲ့လား'ဆိုတဲ့ မျက်ဝန်းနဲ့ သူ့ကိုအကြည့်၊ သူကလည်း

"မကြည့်နဲ့၊ အဲလိုမျက်ဝန်းကြီးတွေနဲ့ ငါ့ကိုမကြည့်ကြပါနဲ့၊ ဒါမျိုးကြီးတို့ ငါက ကြံစရာလားကွာ၊ ဖုန်းပြောရင်း မှောပြီး တွေးရင်း တွေးရင်း ဆမ်လျှောက်ရင်း လျှောက်ရင်း ခဏလေးပါပဲကွာ၊ တကယ်ကို ခဏလေးပါ၊ လျှောက်ရင်း တွေးရင်းနဲ့လေ"

"ဘာလျှောက်ရင်းတွေးရင်းလည်း ခင်ဗျားမျက်နှာတည်နဲ့ ဖုန်းပြောဟန်ဆောင်ပြီး တောင်းတိမောင်းတိကြီး ဒုံဝင်သွားတာ၊ ကျုပ်မီးကင်းတဲကနေ အပ်မြင်လိုက်တယ်၊ မငြင်းနဲ့"

"အဲဒါတော့ ဟုတ်တယ်၊ ကျုပ်လည်း သူတို့မြင်တယ်၊ တောင်းတိ

www.burmeseclassic.com



မောင်းတီကြီးပဲ၊ ပါးစပ်ကတောင် အော်သွားသေး၊ ကျွေးရမယ် ကျွေးကိုကျွေးရမယ်ဆိုပြီး"

ထောက်ခံသူတွေ ပါလာပြီဆိုတော့ ရပ်ကွက်လူကြီးကလည်း လက်သီးလက်မောင်းတန်းပြီ။

"ခင်ဗျားတို့က ပတ်ဝန်းကျင်အမြင်ပါ၊ ကျုပ်က အပေါ့သွားဖို့ အိမ်သာအသွား ဒီကောင် သမီးအခန်းထဲ တောင်းတီမောင်းတီကြီး ဝင်သွားတာကို မြင်လိုက်တာ၊ ပက်ပင်းနော် ပက်ပင်း"

ဒီလိုကြားတော့ လူကြီးသမီးစိန်မိမိကပါ မျက်ရည်ကို မရမက ချူထုတ်ရင်း ရင်ဘတ်ပြားပြားကို ပုတ်ကာ

"အမ်းမရေး အဖေတို့က ဘေးအမြင်ပါ၊ သမီးဆို ဘယ်လောက်ကြက်သီးထစရာကောင်းလဲ၊ ကျွေးရမယ် ကျွေးကိုကျွေးရမယ်ဆိုပြီး ဖြောင်ဝင်လာတာ၊ တောင်းတီ"

"တော် တော်ပါပြီဗျာ၊ ရှေ့မှာပြောပြီးသွားကြပါပြီ ဟင်"

ကိုယ့်ဆရာကလည်း ပါးစပ်က ဆတ်ဆော့ရသေးတယ်။ ဒီတော့မှ အဘိုးကြီးက ပိုတင်းသွားပြီး

"ဟေ့ကောင် မင်း ထွေလီကာလီတွေ လုပ်မနေနဲ့၊ အခုကိစ္စ ရပ်ကျော်ရွာကျော်တွေ ဖြစ်ကုန်ပြီဆိုတော့ ငါ့ဂုဏ် ငါ့သိက္ခာ ငါ့အရှိန်အဝါနဲ့ ငါ့သမီးရဲ့ အရှက်အတွက် မင်း ဘယ်လို တာဝန်ယူမလဲ၊ အာ ရှုပ်တယ်ကွာ ငါ့သမီးကို မင်း လက်ထပ်ရမယ်၊ ကဲ ရှင်းရော"

"ခင်ဗျာ ကျွန်တော့်မှာ ဘာ ဘာအပြစ်ရှိလို့ ဒီလောက်ရက်စက်လွန်းတဲ့ ပြစ်ဒဏ်ကို ပေးရတာလဲ ဦးရယ်"

မျက်နှာမွဲနဲ့ သူ တောင်းပန်ကြည့်သေးတယ်၊ သိတယ်မှတ်လား လူကြီးသမီးဆိုတော့ကာ ဘယ့်နှယ် ဆတ်ဆတ်ထိခံလိမ့်မတုန်း။

"မရဘူး မင်းယူရမယ်ကွာ"

"ကျွန်တော်က ဖုန်းထဲရှာနဲဝင်ရင်း တွေးရင်း လျှောက်ရင်း"

"အပိုမပြောနဲ့၊ မင်းပဲ တောင်းတီမောင်းတီ"

"ဟင့်အင်း ဟင့်အင်း အဲဒါ အတွေးလွန်တာ"



"မရဘူးလေ၊ ပက်ပင်းကြီးဆိုတော့"

"ကြာတယ်ကွာ၊ ယူမလား မယူဘူးလား"

"မယူ"

"ယူရမယ်ကွ"

"မယူ"

"ယူ" "..." "..." (စကားတွတ်ထိုးသံ)

× × ×

ဟုတ်ကဲ့ ယူရပါတယ်။ အခြေအနေကလည်း ရပ်ကွက်က အသိပဲလေ။ သူကလည်း တောင်းတီမောင်းတီကြီးမဟုတ်လား။ သည်တော့ နောက်တစ်လလောက်အကြာမှာပဲ သူတို့မင်္ဂလာဆောင်လိုက်ကြရတယ်။ သူတို့ အိမ်ထောင်ရေး အဆင်ပြေ၊ မပြေဆိုတာတော့ နောက်ပိုင်း သူနဲ့ မဆုံဖြစ်တော့တဲ့အတွက် ကျွန်တော် မသိလိုက်ပါဘူး။ ကြာတော့ ကြာပါပြီ။

ခဏအရယ်လျှုတဲ့
ဂ. ကြည်သူ



www.burmeseclassic.com



# ဆူပရာနို အတွေး

အကူအညီပေးခြင်းဖြင့်လဲ ဘဝအောင်မြင်ကြောင်းဖြစ်တတ်ပါသည်။

လူမှုပတ်ဝန်းကျင်သည် အသိုက်အမြုံ အဖွဲ့အစည်းနှင့် သိမ့်ဖွဲ့နေထိုင်ကြရသည် ချည်းဖြစ်ပါသည်။ ထိုးထိုးနေမရ။ အလုပ်ရှင်က လူအနည်းစုဖြစ်ပြီး အလုပ် သမားက လူအများစုဖြစ်သည်။ အလုပ်သမားကို ချစ်ကြည်သနား ကူညီခြင်း အားဖြင့် အလုပ်သမားကလည်း အလုပ်ရှင်အပေါ် စေတနာပြန်ဖြစ်ကာ ပြန်၍ ကြိုးစားပေးပါလိမ့်မည်။ ၎င်းတို့၏ ကြိုးစားမှု အသီးအပွင့်သည် အလုပ်ရှင်တို့ အတွက် အကျိုးအမြတ်များပင် ဖြစ်လိမ့် မည်။ ကူညီခြင်းသည် လူမှုဝန်းကျင် တွင် မရှိမဖြစ် လူမှုရေးအလုပ်တစ်ခု ဖြစ်ပါ သည်။


ကူညီတတ်သူတစ်ဦးကို ဥပမာပြပါဦးမည်။

လုပ်ငန်းရှင်သူဌေးတစ်ဦး လမ်းလျှောက်လာစဉ် မျက်စိမမြင်ဟုဆိုကာ တောင်းပန်ခယပြီး တောင်းရမ်းနေသူတစ်ဦးကို တွေ့သဖြင့် သနားကာ ငွေ (၅)ဒေါ်လာတန်တစ်ရွက် ခွက်ထဲထည့်ပေးလိုက်သည်။ သူဌေးက လမ်းဆက် လျှောက်သွားပြီးမှ မသင်္ကာဖြစ်ပြီး မျက်မမြင်ဖက်သို့ ပြန်လျှောက်လာ၏။ မျက်မမြင်ဆိုသူက မိမိပေးသည့်ငွေစက္ကူနှင့် အခြားအကြွေစေ့များကိုကြည့်ပြီး ရေတွက်နေပုံကို မြင်ရသဖြင့် ဤသို့ရှုံ့ချ၏။

"ခင်ဗျားဗျာ၊ မျက်စိမြင်မြင်ကြီးနဲ့ ဘာလို့မျက်မမြင်ဟန်ဆောင်ပြီး တောင်းရတာလဲ"

"ကျွန်တော်ရှင်းပြပါရစေ၊ တကယ်တော့ ဒီနေရာဟာ ကျွန်တော် တောင်းတဲ့နေရာ မဟုတ်ပါဘူး၊ ဒီနေရာမှာ အမြဲတောင်းတဲ့သူက ကျွန်တော့် မိတ်ဆွေ တကယ့်မျက်ကန်းတစ်ယောက်ပါ။ ခု သူ ရုပ်ရှင်သွားကြည့်နေလို့ သူ့နေရာမှာ ကျွန်တော် ကူညီပြီး တောင်းပေးနေတာပါ။ အမှန်တော့ ကျွန်တော် က ဟောဟိုဖက် ပလက်ဖောင်းမှာ တောင်းတဲ့ ဆွံ့အနားမကြားလေးပါခင်ဗျာ"

ကူလည်းကူညီတတ်သူများပါပေ။ ▌ ဆူပရာနို




www.burmeseclassic.com

www.burmeseclassic.com



# နွား

ကျွန်တော်က နွား။

ဩော် နွားပါဆိုမှ နွားပဲပေါ့။ နွားပါလို့ ရှင်းရှင်းကြီးပြောထားတဲ့
နွား။ အနှိမ်ခံ အနိုင်းခံနွား၊ ညှင်းပန်းနှိပ်စက်ခြင်းရဲ့ သားကောင်
နွား။

နွားသဘာဝ ပျော်ခဲ့ရဖူးသလားဆိုတော့

ငယ်စဉ်တောင်ကျေး နွားသားပေါက်လေးဘဝမှာ ဘာမသိညာ
ပျော်ခဲ့ဖူးတာပေါ့။ အမိဝမ်းမှ ကျွတ်ကတည်းက ကိုယ့်ခြေထောက်ပေါ်
ရပ်နိုင်ခဲ့တဲ့ကောင်ဆိုပြီး အမြီးလည်း ထောင်ခဲ့ဖူးပေသပေါ့။

ပြေးလွှားဆော့ကစား မြက်နုဝါး နို့ချိုသောက် အမေ့ရဲ့အရိပ်အော
မှာ ငါနွားဖြစ်ရတာ စားသာလိုက်လေခြင်းဆိုတဲ့အထင်နဲ့ စိတ်ကြီးဝင် မာန်
ခဲ့သေး။

တဒင်္ဂထဲက တစ်ခဏအပျော်လေးတွေ ကြာကျမသွားမီ နွား
နွားဘဝ မဆိုက်ရောက်မီ၊ သွားဟယ် ဝါးဟယ် ကစားဟယ် လုပ်ခဲ့တဲ့ အ
လေးတွေဟာ ကျွန်တော့်ရဲ့နိဗ္ဗာန်ပါပဲ။

အဲဒီများမကြာလှသော ကာလတိုလေးကို တွေးမိတိုင်း ပြေး
ပျော်ဖက် နွားမလေးမိနီကို ပြန်သတိရ တမ်းတမိတယ်ဗျာ။ ဟိုးတုန်းက

× × ×



"ဟဲ့ ညီ၊ နင်ကလည်း ပြေးဆိုတာနဲ့ စွတ်ရွတ်ပြေးနေတာပဲ၊ နွားမ
လေးဆိုတဲ့အသိနဲ့ ညာတာစိတ်ကို မရှိဘူး"

မိနီရဲ့ အလိုမကျသံတွေက ကျွန်တော့်ရဲ့မာန်ကို ပိုကြွစေတယ်။

"အဲဒါ ငါဘယ်လောက်သန်တယ်ဆိုတာကို ပြလိုက်တာဟ၊ နင်တို့
နွားမတွေက ငါတို့နွားထီးတွေကို မီနိုင်မှာတဲ့လား"

"သိပ်လည်းမာန်တက်မနေနဲ့ ညီ၊ နွားလောကဆိုတာ များများသန်
လေ များများခိုင်းခံထိလေပဲတဲ့၊ အမေက ပြောတယ်"

"အံမာ နင်က ငါ့ကို နွားရှေ့ထွန်ကျူး လာလုပ်နေပြန်ပြီ၊ နွားဆိုတာ
တမ္ဘာမြေလုပဖို့အတွက် ခွန်အားနဲ့ အလုပ်အကျွေးပြုနေတဲ့ ကြီးမြတ်သော
သတ္တဝါဟ၊ လုပ်နိုင်တဲ့အချိန်မှာ များများလုပ်၊ များများကုသိုလ်ရ၊ ပြီးရင်
သုခဘုံကို သွားရမှာ"

"နင့် ဘယ်သူပြောလဲ"

"နွားအိုကြီးဖိုးဖြူပြောတာ၊ တို့ရဲ့ဘိုးဘေးတွေက သုခဘုံအဝင် သက်
တန့်တံခါးဝမှာ စောင့်နေကြမှာတဲ့"

"သွားစမ်းပါဟာ၊ အဲဒီဖိုးဖြူကြီးက သားသတ်ရုံသွားခါနီး စိတ်ကူး
ကြီးယဉ်နေတာ၊ အိုကြီးအိုမ ဘာမှလည်းဟုတ်တာမဟုတ်ဘဲနဲ့"

"နင်က တအားရိုင်းတာပဲ၊ နွားပျိုသန်လှ နွားအိုပေါင်ကျိုးဆိုတဲ့
စကား မကြားဖူးဘူးလား၊ အိုပေမယ့် သူ့မှာလည်း သူ့အစွမ်းနဲ့သူ ရှိမှာပေါ့"

"တော်ပါ၊ ဘာအစွမ်းမှမရှိဘူး၊ အမေက ပြောတယ်၊ မွေးကတည်း
က သင်းထားတဲ့ဟာကြီးက ဘယ်နေရာ စွမ်းနိုင်မှာလဲ၊ သူ့ကိုအားကိုးရင်
နင်တို့တောင် နွားဖြစ်လာမှာ မဟုတ်ဘူးတဲ့"

"ဘာလဲ ဘာသင်းတာလဲ"

"မသိဘူးဟာ၊ သိချင်ရင် အမေ့ကိုမေး"

ပြောပြီးတာနဲ့ အမြီးနန့်ပြီးတော့ကို ပြေးထွက်သွားတာ။ ကျွန်တော့်
မှာသာ သူပြောတဲ့ သင်းတယ်ဆိုတဲ့ကိစ္စ ခေါင်းထဲကျန်ပြီး မအူမလည်ကြီးကို
ဖြစ်လို့။

× × ×

www.burmeseclassic.com

www.burmeseclassic.com



မေ့မေ့ပျောက်ပျောက်သမားဆိုတော့ မိနီပြောတဲ့ သင်းတယ်ဆိုတဲ့ကိစ္စ ဘယ်သူမှ ပြန်မမေးဖြစ်ပါဘူး။ အဲ တစ်နေ့မှာတော့ ဒီကိစ္စကြီးကို ကိုယ်တိုင် နဖူးတွေ့ဒူးတွေ့ ကြုံရတော့တာပါပဲလား။ အဲဒီနေ့မှာ ရုတ်တရက်ဆိုသလို တစ်ကိုယ်လုံး မလှုပ်ရှားနိုင်အောင် ကြိုးတုတ်ခြင်းခံလိုက်ရတယ်။ ဘာလဲ၊ ဘာကြောင့်လဲ၊ ပိုင်ရှင်က ကျွန်တော့်ကို သတ်တော့မှာလား။ ထိတ်လန့်တုန်လှုပ်မှုတွေနဲ့အတူ အားကုန်ရုန်းကန်မိတယ်။ ချည်ထားတဲ့နိုင်လွန်ကြိုးတွေ အသားထဲအထိ နစ်မြုပ်ပြီး သွေးချင်းချင်း ရဲတဲ့အထိပေါ့။ လှုပ်လေမြုပ်လေ နာကျင်ခြင်းဝေဒနာတွေနဲ့အတူ နောက်ဆုံးကျတော့ အားမတန်မာန်လျှော့ရပါတော့တယ်။

အဲဒီမှာ သင်းတယ်ဆိုတဲ့ကိစ္စ စတော့တာပါပဲ။ ရင်ထဲအထိ မချိအောင်နာ သေရာပါဒဏ်ရာအနာတရ အဲဒီကနေ စခဲ့တာ။ အဲဒီနေ့မှာ ကျွန်တော်အပါအဝင် ရွယ်တူနွားပျိုတစ်သိုက် သင်းကွပ်ခြင်း ခံလိုက်ရပါတယ်။ ဒီအထဲမှာ ကံထူးသူဖိုးထောင်ဆိုတဲ့ကောင်ကတော့ မပါလိုက်ဘူး။ ဒီကောင်က လုံးပြည့်ကျစ်ပြည့် နွားချောချောတဲ့ကောင်။ သူ့ကိုကျတော့ ဘာလို့လွှတ်ပေးခဲ့သလဲဆိုတာ ကျွန်တော်နားမလည်ခဲ့ဘူး။

× × ×

"ဘယ်လိုလဲ ညီ၊ သင်းတယ်ဆိုတဲ့စကားအဓိပ္ပာယ် နင်သိသွားပြီမဟုတ်လား၊ နင်လည်း နွားအိုကြီးဖိုးဖြူလို ဖြစ်သွားပြီ"

နာရတဲ့အထဲ မိနီကလည်း တမျောင့်။

"စိတ်တိုနေတယ်နော်၊ ငါ့ကို လာမဆွနဲ့"

မိနီက ဘာမှမပြောတော့ပါဘူး။ မျက်ရည်ဝိုင်းနေတဲ့ မျက်လုံးကြီးအစုံနဲ့ ကျွန်တော့်ကို စိုက်ကြည့်နေရှာတယ်။ ကျွန်တော့်မှာလည်း မျက်ရည်တွေနဲ့ပါ။ တကယ်တော့ သူပြောခဲ့တာ ကျွန်တော့်ကို လှောင်ပြောင်သရော်ဖို့မှ မဟုတ်တာ။ သူ့လေသံမှာ မချိတင်ကဲ ဝမ်းနည်းမှုတွေ စွက်နေတာ ကျွန်တော်သိဖို့ကောင်းပါတယ်။ သူ့ဝမ်းနည်းနေတာကို မြင်ရတော့လည်း ကျွန်တော်မနေနိုင်ပါဘူး။

"စိတ်မဆိုးပါနဲ့ မိနီရယ်၊ ငါတကယ် နာနေလို့ပါ"



"ငါသိတယ်ညီ၊ သင်းတယ်ဆိုတာကို အမေပြောဖူးလို့သာ သိရတာ၊ ဒီလောက်ရက်စက်မယ်လို့ မထင်ဘူး၊ ငါကိုယ်တိုင် မြင်လိုက်ရမှ"

သူမရဲ့စကားသံက ဝမ်းနည်းမှုနဲ့အတူ တိုးတိမ်သွားပါတယ်။

"ဟိုကောင်ဖိုးထောင်ကိုကျတော့ ဘာကြောင့်မသင်းတာလဲ မသိဘူး"

စကားလမ်းကြောင်းကို တမင်လွှဲလိုက်တာပါ။ သူမ ဖိုးထောင်ဘက်ကို လည်ပြန်တစ်ချက် လှည့်ကြည့်လိုက်တယ်။ ဟိုကောင်ကတော့ မြက်နုလေးတွေဝါးပြီး ပြုံးနေသလား မသိဘူး။ အဲဒီကောင်ဖိုးထောင်။ ကျွန်တော်တို့ထဲမှာ အသန်ဆုံးကောင်။ အရွယ်နဲ့မလိုက်အောင် မိန်းမသနာကိစ္စတွေကိုလည်း စိတ်ဝင်စားနေပြီ။ ဘူးကျတယ်လို့ ဆိုရမှာပေါ့။ နွားမဒန်းလေးတွေအားလုံးကို ဒီကောင်က ရှိသ့ဲသ့ဲလုပ်နေတာ။

ကျွန်တော်ကတော့ ဒီကိစ္စကို စိတ်မဝင်စားဘူး မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်တော်စိတ်ဝင်စားတာက မိနီတစ်ကောင်တည်းရယ်။ သူ့ကို ကျွန်တော် တကယ်ချစ်တာပါ။ ကျွန်တော်ချစ်တာကို သူသိမယ်ထင်ပါရဲ့။ ပြီးတော့ သူကလည်း ကျွန်တော့်ကိုချစ်တယ်လို့ ယုံကြည်နေမိတယ်။ အချစ်ဆိုတာက နှုတ်မပြောဘဲနဲ့လည်း ခံစားနားလည်နိုင်တဲ့အရာလို့ ထင်တာပဲ။ အခုတော့

× × ×

"မင်းတို့ကို တစ်သက်လုံး ခိုင်းနွားအဖြစ် ခိုင်းစားဖို့ သတ်မှတ်လိုက်တဲ့သဘောပဲ၊ ငါ့လိုပေါ့ကွာ"

နွားအိုကြီးဖိုးဖြူက လေးတွဲ့တဲ့အသံနဲ့ဆိုပါတယ်။

"ဖိုးထောင်ကိုကျတော့ ဘာမှမလုပ်ဘူး"

ကျွန်တော်သိချင်နေတဲ့အကြောင်းပါ။ ဖိုးဖြူက ချက်ချင်းပြန်မဖြေသေးဘဲ ငုံထားတဲ့ ကောက်ရိုးခြောက်ကို ဖိမ်ဆွဲစမြုံ့ပြန်နေသေး။ သူ့ရဲ့မှုန်ရီနေတဲ့ မျက်ဝန်းအစုံက ပိုပြီး ညိုးလျော်နေသလို။

"ငါ ငယ်ငယ်က မိသားစုမှာ အသန်ဆုံးနွားတစ်ကောင်ပါ၊ ငါ့လိုပဲ ဘိုဘက်အုပ်စုမှာ ဖွေကြီးဆိုတာ အသန်ဆုံးကောင်ပေါ့၊ ဖွေကြီးက အခု ဖိုးထောင်လိုပဲ အင်မတန်ဘူးထတဲ့ကောင်၊ ငါက အဲဒါတွေကို ရွံမုန်းတယ်၊ ပိုင်ရှင်

www.burmeseclassic.com

ဖြစ်တဲ့သူရဲ့ ရွေးချယ်မှုက အဲဒီအပြုအမူတွေပေါ် မူတည်နေသလား မသိဘူး၊ သူ့ကို မျိုးနွားအဖြစ် ရွေးချယ်ပြီး ငါ့ကိုတော့ ခိုင်းနွားအဖြစ် သင်းကွပ်ပစ်လိုက်တယ်လေ"

"မျိုးနွားဆိုတာက"

"မင်းက တော်တော်ဒုန်းဒေးတဲ့ကောင်ပါပဲလား၊ မျိုးနွားဆိုတာ နွားမျိုးဆက် ပြန့်ပွားဖို့အတွက် တာဝန်ယူရတဲ့ကောင်လေ၊ အချိန်ရောက်ရင် မင်းတွေ့ရပါလိမ့်မယ်၊ နွားမဒန်းအားလုံးနဲ့ မိတ်လိုက်ခွင့်ရထားတဲ့ အဲဒီကောင်ရဲ့လုပ်ရပ်ကို"

ကျွန်တော့်ရင်ထဲ နင့်ခနဲဖြစ်သွားတယ်၊ မိနီ။ ဒါဆိုရင် ကျွန်တော်ချစ်တဲ့မိနီလည်း ဒီကောင့်လက်ချက် မိပြီပေါ့။ သြော် နွားလောကမှာ ဘူးထခြင်းဟာလည်း အခွင့်အရေးကြီးတစ်ခုကို ရရှိတတ်ပါလားလို့လည်း ရင်နာနာနဲ့ တွေးမိပါတော့တယ်။

"စိတ်မကောင်းမဖြစ်ပါနဲ့ကွာ၊ ကံစီမံရာပေါ့"

"မဟုတ်ဘူး၊ ဒါ ကံစီမံတာ မဟုတ်ဘူး၊ လူတွေက စီမံနေတာ"

နွားအိုကြီးဖိုးဖြူဆီက မချိသွားဖြဲ ရယ်သံတစ်ချက် ထွက်လာတယ်။ ပြီးတော့မှ

"ကောင်လေးရယ် မင်းကို အဆုံးစွန်ပြောရဦးမယ်၊ ငါတို့က နွားတွေလေ၊ ငါတို့ကိုယ်ငါတို့ စီမံပိုင်ခွင့်မှ မရှိတာ၊ ထားရာနေ စေရာသွား ခိုင်းတာလုပ် တုတ်ရင်ခံ၊ အဲဒါ ငါတို့ရဲ့ဘဝပဲ၊ မင်း မကြာခင်မှာ နဖားကြိုးထိုးခံရမယ်၊ ပြီးရင် ဆူးချွန်နဲ့ထိုး၊ ကြိမ်နဲ့ရိုက်ပြီး မင်းရဲ့ခွန်အားတွေ ကုန်တဲ့အထိ ခိုင်းစေခြင်းခံရမယ်၊ နောက်ဆုံး အဆုံးစွန်မှာ ဘာဖြစ်ဦးမယ် မင်းသိလား"

> နွားဘဝမှာ ဘာမှ မလုပ်နိုင်တော့ရင် သားသတ်ရုံ ရောက်ပြီပေါ့၊ သူတို့တွေက ငါတို့ရဲ့ အသွေးအသားကို သောက်စားဝါးမြိုကြမယ်၊ ငါတို့ရဲ့ သားရေကို

နွားကြီးဖိုးဖြူရဲ့အသံမှာ နာကျင်ကြေကွဲမှုတွေ စွန်းထင်းလာသလိုပဲ။

"နွားဘဝမှာ ဘာမှမလုပ်နိုင်တော့ရင် သား



သတ်ရုံရောက်ပြီပေါ့၊ သူတို့တွေက ငါတို့ရဲ့အသွေးအသားကို သောက်စားဝါးမြိုကြမယ်၊ ငါတို့ရဲ့ သားရေကို ဖိနပ် ခါးပတ် တန်ဆာပလာ အသုံးအဆောင်ပစ္စည်းတွေ အမျိုးမျိုး လုပ်ကြမယ်၊ ငါတို့ရဲ့အရိုးတွေကိုတောင် အလွတ်ပေးဘဲ ဖွတ်ပြုတ်လုပ်သောက်၊ ဒါမှမဟုတ် အမှုန့်ကြိတ် မြေသြဇာလုပ်နဲ့ တစ်စမှမကျန်အောင် ကိုယ်ကျိုးရှာသွားကြဦးမှာ"

နွားဘဝ ဘာတစ်ခုမှ ကောင်းကွက်မရှိပါလားဗျာ။ အဲဒီနေ့ဟာ ကျွန်တော့်ဘဝအတွက်တော့ ခန္ဓာကိုယ်ရဲ့ နာကျင်မှု၊ စိတ်နှလုံးသားများရဲ့ နာကျင်မှုတွေ ဖုံနဲ့ကျင်းနဲ့ ဝင်ရောက်ခဲ့တဲ့နေ့လို့ ဆိုရမှာပဲ။ စိတ်လိုက်မာန်ပါ ပြောနေတဲ့ နွားအိုကြီးဖိုးဖြူလည်း ဒါကိုသတိထားမိလိုက်ဟန်တူပါရဲ့။

"ကောင်လေးရေ စိတ်မကောင်းမဖြစ်ပါနဲ့ကွာ၊ မျှော်လင့်ချက်မဲ့တဲ့ နွားဘဝဇာတ်ကြောင်းကို စောစောစီးစီး ကောင်းကောင်းကြီးသိထားတော့ ထပ်နာကျင်စရာ မရှိတော့ဘူးပေါ့။ ဘာပဲပြောပြော ငါက သွားရတော့မယ့်သူပါ၊ သိပ်မကြာခင်မှာ ငါ့ရဲ့ခန္ဓာကိုယ်တစ်ခုလုံးကို သူတို့လိုရာသုံးဖို့အတွက် ပေးဆပ်ရမယ့်သူပါ၊ မင်းသိထားရမှာက ပြုသူအသစ် ဖြစ်သူအဟောင်းတဲ့၊ ကမ္ဘာမြေလုပဖို့ ခွန်အားနဲ့ အလုပ်အကျွေးပြုခဲ့တဲ့ ငါတို့တွေသေလွန်ရင် သုခဘုံကို ရောက်မှာပဲ၊ ငါတို့ကို နှိပ်စက်ခဲ့တဲ့သူတွေကတော့ တစ်ချိန်မှာ နွားဘဝနဲ့ ပြန်ခံစားကြရလိမ့်မယ်၊ မေတ္တာတရားသာ နှလုံးသားထဲ အမြဲထည့်ထား ကောင်လေးရေ ငါ မင်းကို ဘုံဘွားတွေနဲ့အတူ သက်တန့်တံခါးဝကနေ စောင့်နေမှာပါ"

× × ×

အခုဆိုရင် နွားအိုကြီးဖိုးဖြူ မရှိတော့တာ ကြာလှပေါ့။ ကျွန်တော့်ရဲ့ နွားသက်တန်းတောင် အတော်ရှည်ကြာလာခဲ့ပြီပဲ။ ခန္ဓာကိုယ်ပေါ်မှာ တင်ကျန်နေတဲ့ ဒဏ်ရာအနာရွတ်တွေက ဘယ်လောက်အထိ ညှဉ်းပန်းနှိပ်စက်ခြင်းခံခဲ့ရလဲဆိုတာ ပြဆိုနေတယ်။ ကျွန်တော်တို့နွားတွေအနေနဲ့ သေမတတ်အောင်မောအောင် လုပ်ကျွေးသမှု ပြုခဲ့သော်လည်း လူဆိုတာက လိုဘမပြည့်တတ်တဲ့ သတ္တဝါမျိုးပဲလေ။ ဒီတော့ နွားမှန်ရင် ဒဏ်ရာဘယ်ကင်းနိုင်ပါမလဲ။

နွားအိုကြီးဖိုးဖြူပြောခဲ့တဲ့ စကားအတိုင်း ဖြစ်လာတဲ့ဘဝမှာ နာကျင်

www.burmeseclassic.com



မှုဝေဒနာတွေကို မေ့ဖျောက်လို့ လုပ်နိုင်တဲ့အချိန်မှာ အကောင်းဆုံးပေးဆပ်ပြီး မြင့်မြတ်တဲ့သတ္တဝါအဖြစ် ကျွန်တော်နေပစ်လိုက်ပါတယ်။ နာကျင်တာတွေကို မတွေးဘဲနေပေမယ့် တစ်ခါတစ်ခါများကျတော့လည်း မနာကျင်ဘဲ မနေနိုင်တဲ့ အခါမျိုးလည်း ရှိခဲ့ပေါ့။ ကျွန်တော်ချစ်တဲ့ မိနီနဲ့ နသိုးဖိုးထောင်တို့ရဲ့ ဇီးတင်သားထိုးပွဲမျိုးကို ထမ်းပိုးအောက်ကနေ မြင်ရတဲ့အခါမျိုးမှာ ဘယ်လိုလုပ် မနာကျင်ဘဲ နေနိုင်မှာတဲ့လဲဗျာ။

သူတို့ပျော်နေသလားဆိုတာ မသိပေမယ့် အဲဒီအခါမျိုးဆို ကျွန်တော်ကတော့ ငိုခဲ့ရတာပါပဲ။ ဩော် အခုဆိုရင် မိနီတောင်မှ သားပေါင်းများစွာကျခဲ့တဲ့ နွားမကြီးဗီဘိ ဖြစ်ခဲ့ပြီပဲလေ။ နွားချင်းတူတူ ကျွန်တော်တို့က ကံဆိုးပြီး နသိုးဖိုးထောင်ကျတော့ နွားမပေါင်းများစွာနဲ့ နွားလောကစည်းစိမ် အပြည့်အဝ ခံစားနေရတာ ကံကောင်းလှပါလားဆိုပြီး ထင်ကြမှာပေါ့။ ဟုတ်မှာပေါ့။ ကျွန်တော်တို့ထက်တော့ အပုံကြီးကံကောင်းတာပေါ့။ အခုတော့ နသိုးဖိုးထောင်လည်း မရှိရှာတော့ပါဘူး။ တစ်မြန်နှစ်ကပဲ အစ်ပွဲအတွက်ဆိုလား ဘာလားတော့မသိပါဘူး။ မုတ်ဆိတ်ဖားလျားနဲ့ ငနဲကြီးတွေလာပြီး ဈေးကောင်းပေးဆွဲသွားလေရဲ့။ ဒီလိုဆွဲသွားခြင်းခံရတဲ့ နွားတွေရဲ့လားရာကို ခင်ဗျားတို့သိကြမှာပါ။ အင်း သူ့ခမျာလည်း အသက်က ရလာပြီး စွမ်းဆောင်ရည်လည်း ကျလာပြီလေ။ အခု သူ့နေရာကို ကံကောင်းတဲ့ နွားသန်လေး ဖီးကြမ်းဆိုတဲ့ ကောင်တောင် တာဝန်ယူနေပြီပဲ။

ကျွန်တော်လည်း နွားအိုကြီးဖိုးဖြူလို နောင်လာနောက်သား နွားကလေးတွေကို မှန်သောစကားနဲ့ ဆုံးမဩဝါဒပေးတဲ့ နွားအိုကြီးဖြစ်လာခဲ့ပြီ။ သက်တန့်တံခါးဝဆီသွားရဖို့ အချိန်ကလည်း တစစ နီးကပ်လာပြီလေ။ အဲနောက်ဆုံးဇာတ်သိမ်းခန်းမတိုင်မီ မင်းသမီး မင်းသားတွေဆုံခန်းလေးတွေကိုတော့ ခင်ဗျားတို့ စိတ်ဝင်စားကြမှာပေါ့။ မိနီနဲ့ကျွန်တော်က တစ်ခြံတည်းအတူနေကြတဲ့ နွားအချင်းချင်းပဲ ဘယ်မဆုံရှိပါ့မလဲ။ မိနီကလည်း အဲဒီအချိန်မျိုးဆို ကျွန်တော့်နားမှာပဲ နေပါတယ်။ သူရယ်ကိုယ်ရယ်က ဟိုဥစ္စာ ဟာတာ ဟိုဒင်းမပါတဲ့ တကယ့်သံယောဇဉ်အနှစ် တကယ့်ငယ်ကျွမ်းအစစ်ကြီးတွေပဲ ဟာ နော့။



“ငါတို့တွေအိုလာပြီ မိနီရေ ငါလည်း အားမရှိ ခါးချိနေပြီ၊ နင်လည်း တပိန်ပိန် တလိန်လိန်နဲ့ ရိုးမြေကျခါနီးနေပြီ သိလား”

“မသိဘယ်နေပါ့မလဲ ညီရယ်၊ ဇရာဆိုတာ တားဆီးလို့ရတဲ့ဟာမှ မဟုတ်တာ”

မိနီကတော့ ကလေးဘဝကတည်းက ကျွန်တော့်ထက် ပိုရင့်ကျက်ခဲ့တယ်ထင်တာပဲ။ အိုကြီးအိုမကျမှ သူ့ကို ငယ်ငယ်ကလို ကျွန်တော် စနောက်ချင်လာတယ်။

“နေပါဦး၊ ငါက အလုပ်အဆမတန် လုပ်နေရလို့ ထားပါတော့၊ နင်က ဖေးရာဖေးကြောင်း ဇီးထိုးသားကျလေး လုပ်နေရပြီး ဘာလို့ ဒီလောက်ပိန်နေရတာလဲ”

“ဘာလို့ပိန်နေရလဲ ဟုတ်လား။ သားတစ်ကောင်မွေးပြီးရင် ငါ့မှာ တလေးကိုတောင် နို့ဝအောင် မတိုက်ရဘူး၊ ဟိုလူတွေက နို့ရည်ကုန်ခမ်းပြီးသွားပါတဲ့အထိကို ဝင်ညှစ်နေကြတာ နင်မမြင်ဘူးလား၊ ငါမှမပိန်ရင် ဘယ်သူပိန်မှာလဲ”

“ဒါနဲ့ နင် နင့်အကောင်·ဖိုးထောင်ကြီးကို သတိမရဘူးလား။ ဒီကောင်ကြီးက အားကောင်းမောင်းသန်ကြီးဆိုတော့”

“နင် ဘာတွေလာပြောနေတာလဲ ညီ။ ငါက ဘာလို့သတိရရမှာလဲ”

“သိဘူးလေ၊ ငါက အဲဒါတွေ သိတာမှမဟုတ်တာ၊ ငါ့အထင်တော့ နင် နောက်တစ်သားလောက် ကျနိုင်သေးတယ် ထင်တာပဲ၊ အခု ဟိုကောင်လေး ဖီးကြမ်းက ပိုသန်သတဲ့”

“ငါစိတ်တိုလာပြီနော်ညီ။ ဒီလောက်အာချောင်ချင်တာ အင်းဟာ”

မိနီက သူ့ဦးချိုကောက်လေးနဲ့ ကျွန်တော့်နံဘေးကို ထွေလိုက်တယ်။ မနာပါဘူး။ ချစ်သူစိတ်ဆိုးတာ နာစရာမှမဟုတ်တာ။

“နောက်ဘဝကျရင်”

“ကဲ ပြော၊ ဘာမဟုတ်တာ ပြောဦးမလို့လဲ”

“ဒီတစ်ခါတော့ ဟုတ်တာပြောမှာပါ။ နောက်ဘဝကျရင် နင်နဲ့ငါ သုခဘုံမှာဆုံပြီး သေအတူရှင်မကွဲ ရာသက်ပန် ပေါင်းဖက်သွားချင်တယ်ဟာ

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ငါ့မှာရှိတဲ့ တစ်ခုတည်းသော ဆန္ဒပဲ"

သူငြိမ်သွားပါတယ်။ အတန်ကြာမှ

"နင်က ဦးဖိုးဖြူကြီးပြောသွားတဲ့စကားတွေကို တကယ်ယုံခဲ့တာပဲ"

ဆိုပြီး တိုးညှင်းစွာဆိုပါတယ်။

"ယုံတာပေါ့ မိနီရယ်၊ ငါတို့ ကောင်းတာတွေချည်း လုပ်ခဲ့တာပဲ ကောင်းတဲ့ဘုံဘဝ ရောက်ရမှာပေါ့။ ဒါပေမယ့် ငါ့စိတ်ထဲမှာ တစ်ခုတော့ စနိုးစနောင့် ဖြစ်နေတယ်"

"ဘာကိုလဲ"

"ဟိုလေဟာ၊ ငါ ငါက နင်သိတဲ့အတိုင်းပဲ"

"ဘာသိရမှာလဲ"

မိနီစိတ်မရှည်တော့ဘူး ထင်ပါရဲ့။ ကျွန်တော် လေပြင်းတစ်ချက် မှုတ်ထုတ်လိုက်မိတယ်။ ပြီးတော့မှ စိတ်ကို အေးအေးထားလိုက်ပြီး

"ငါက နင်သိတဲ့အတိုင်း ဒီဘဝမှာ သင်းကွပ်ခံထားရတာလေ၊ ဟို ဘဝရောက်ရင် အဲဒါ အကောင်းပကတိ ပါမှပါပ့ါမလားလို့"

"ဘာများလဲလို့၊ နင်ဟာလေ ပေါက်ပေါက်ရှာရှာ တော်တော်တွေး တာပဲ၊ အဲဒါမပါတော့လည်း လူပျိုကြီးပဲ လုပ်လိုက်ပေါ့၊ တော်ပြီဟာ၊ အိပ်ငိုက် လာပြီ၊ ငါအိပ်တော့မယ်"


အဲဒီညက ပြောဖြစ်တာကတော့ ဒီလောက်ပါပဲ။ တကယ်ပြောတာ ပါ။ ကျွန်တော်တွေးပူနေတာက အဲဒါပဲလေ။ ဒီကိစ္စ သုခဘုံရောက်မှ ပြန်စုံ ကြည့်ရဦးမှာ။ အင်း သုခဘုံဆိုတာက ဝေးပါသေးတယ်လေ။ ကျွန်တော်တို့ တကယ့်ကို အရင်သွားရမှာက သားသတ်ရုံပဲ။ ဟုတ်တယ်။ ဘာကြောင့်လဲဆို တာ ခင်ဗျားတို့လည်း သိပါတယ်။ ကျွန်တော်က နွား။ နွားဆိုမှတော့ နွားတို့ရဲ့ လားရာပဲပေါ့။

ခင်ဗျားက ဖိုတ်တင်းဘောမှ အရသာခံချင်တဲ့သူဆိုရင်တော့ ကျွန် တော့်ဆီက မမျှော်လင့်နဲ့ကိုယ့်လူ၊ ပြောထားပြီးပြီပဲ။ နောင်ဘဝကျရင် ဒီကိစ္စ ကိုယ့်ဟာကိုယ် ပြန်ငုံ့ကြည့်ရဦးမယ်ဆိုနေမှ။

စည်သူအောင်



အတွေးလက်ဆောင်



www.burmeseclassic.com



# ဟုတ်ပလေ့ ကျုပ်တို့ရွာ

# မလာကျိုး

www.burmeseclassic.com

www.burmeseclassic.com



## ဟုတ်ပလေ့ ကျုပ်တို့ရွာ

မပြောချင်ပေမယ့် ပြောမှကိုဖြစ်မယ်။ လျှောက်ပြောရင်လည်း ကိုယ့်ပေါင်ကိုယ်လှန်ထောင်း ကိုယ့်ရွာသားတွေ သူများပြောစရာဖြစ်မဟုဲလို့ စကားလုံးတွေ တစ်လှေကြီး ရင်ထဲမှာ ကိုယ်ဝန်ဆောင်ပြီး လင်ကောင်မဖော်ဘဲ ဖုံးဖုံးဖိဖိလေး လုပ်လာခဲ့တာ။ ခုတော့ မဟုတ်ဘူး သင်းတို့က၊ အောင့်ထားရတာကြာတော့ ရင်ထဲက ရေမွှာက ပေါက်ချင်လာသလိုလို။

ပြောဆို ကျုပ်တို့ရွာနာမည်လေးကပဲ စရလိမ့်မယ်။ ဘယ်ဗရုတ်သုက္ကဘိုးဘေးဘီဘင်က စပေးခဲ့သလဲ မသိဘူး။ 'ရွာတန်းရှည်'တဲ့။ ဆန္ဒစောပြီး 'နာမည်လေးက အလန်း၊ ရေလည်မိုက်တယ်'တို့ဘာတို့ သွားမလုပ်နဲ့ဦး။

အမေက ယာခင်းထဲ ငရုတ်ခူးရင်း မွေးထားလို့လားမသိဘူး။ ကျုပ်ဆိုတဲ့ကောင်က ဟိုစပ်စပ် ဒီစပ်စပ်။ တစ်နေ့ ရွာလယ်ကအောင်ကြိုင်တို့ ထန်းပင်ထိပ်ဖျားတက်ပြီး ကိုယ့်ရွာလေးကို အပေါ်စီးကနေ ကြည့်ဖူးတယ်။ အဲဒီထန်းပင်က ရွာထဲမှာ အမြင့်ဆုံးလေ၊ တစ်ရွာလုံးကို အပေါ်စီးကနေတို့ မြင်ရတာ။

ဒီတိုင်းတက်တာတော့ ဘယ်ဟုတ်မလဲဗျာ။ ထန်းရည်ခံတဲ့အပင်ဆိုတော့ ဝါးလှေကားနှစ်ဆင့်လောက် ကပ်ချည်ထားတာလေ။ နို့မို့ဆို ကျုပ်ဆိုတဲ့



ကောင်က ငှက်ပျောပင်တောင် အဖျားရောက်အောင်တက်နိုင်တာမဟုတ်ဘူး။

ဇာတ်လမ်းက အဲဒီမှာစတာ။ မထင်မှတ်ဘဲ ကျုပ်တို့ရွာလေးရဲ့ ပုံသဏ္ဌာန်ကို discovery သွားရိုက်မိတာ၊ ဟိုကောင်အောင်ကြိုင်ဆိုတဲ့ငတိက အပင်ပေါ်နေ့တိုင်းတက်နေရပေမယ့် ပတ်ဝန်းကျင်ကို ဘာမှစိတ်ဝင်စားရကောင်းမှန်း သိတာမဟုတ်ဘူး။ ကမ္ဘာကြီးပြားတာ ငါ့မိန်းမ ပြားတာမဟုတ်ဘူးဆိုတဲ့ လူစားမျိုး။

ထားတော့။ ကျုပ်လည်း အဲဒီနေ့က 'ဒူဘိုင်းတာဝါ'ပေါ်ရောက်နေသလို 'အီဖယ်မျှော်စင်'ပေါ်ရောက်နေသလို ကိုယ့်ရွာလေးကို လှည့်ပတ်ရှုစားမိတော့ ရွာရဲ့အရှေ့ဘက်မှာက ဆရာတော်ဘုရားရဲ့ကျောင်းဝင်းရှိတယ်။ ရွာပြင်ဖက်ကို တစ်ဝန်းထဲဖယ်ထွက်ပြီး ရွာက အဲဒီနားမှာ ဗိုက်ပူနေတယ်။

မှန်းစမ်း။ ရွာမြောက်ဘက်ပိုင်း။ အံမယ် အရိုးမနီတို့ခြံနဲ့ ဖိုးစံဘော်ကြီးတို့ခြံနှစ်ခြံကြားကို ကိုရင်ဖိုးကွင်းရဲ့ လယ်ယာလေးက ခေါင်းလေးတိုးဝင်ထားတော့ အဲဒီနားမှာ နည်းနည်းသိမ်ပြီး ချိုင့်ဝင်နေတယ်။

အလဲ့ ရွာတောင်ပိုင်းကျတော့ အိမ်မြှောင်လေး သားရေပင်နဲ့အပစ်ခံရသလို ရှည်သွယ်သွယ်လေးထွက်ပြီး ခါးလေးကော့နေတယ်။

ရွာအနောက်ဘက်ခြမ်းကတော့ ရိုးချောင်းလေးက မညီမညာ ကွေ့ကွေ့ကောက်ကောက် အနားသတ်ထားတော့ လက်သင်ပန်းရုံဆရာ ကနုတ်ပန်းခွေထားသလို ဘယ်လိုမှ အထာမကျဘူး။

ဒီကြားထဲ မီးရေထင်းရေး ကြောက်လို့ဆိုပြီး ကောက်ရိုးပုံတွေကို ကိုယ့်ခြံထဲကိုယ်မပုံဘဲ ခြံနဲ့လယ်ကွင်းအစပ်ကိုထုတ်ပြီး ရွာပတ်လည်မှာ တန်းစီပုံထားကြဆိုတော့ ရွာက ဘာပုံပေါက်နေမလဲ စဉ်းစားကြည့်။ ကျုပ်မြင်တာတော့ ကြယ်ငါးကို လက်တစ်ဘက်ကျော်စီဖြတ်ပြီး လက်သီးစာဝိုင်းကျွေးထားသလိုပဲ။

အဲဒါပြောတာပေါ့။ ဘယ်မှာလဲ ရွာတန်းရှည်။ ရွာနဲ့နာမည်က ဘယ်လိုမှ လမိုင်းမတာပ်ဘူး။ ပဲလင်းမြွေရွာလို့ မမှည့်တာတော်သေး။ ဘိုးမြို့စင်နဲ့သောက်ရေချမ်းအိုးစင်လေးပါ ထည့်တွက်မှ အိမ်ခြေက လေးဆယ်ပတ်လည်လောက်ပဲရှိတယ်။ မြို့ပေါ်ကနေ တစ်နာရီပျော့ပျော့လောက် လမ်းသလား

ရင် ကျုပ်တို့ရွာရောက်ရော။

ကျုပ်တို့ရွာရဲ့ ခေါင်းကြီးပိုင်းကို မောင်းတီးဝိုင်းလို ပတ်လည်လှည့်နိုက်ပြုပြီးသကာလ အထာမကျတဲ့ ကိုရီးယားကားလို ဘလိုင်းကြီးရင့်ရရင် အပိုင်း(၃၂)မျှော်၊ အဲလေ လက်ညှောင်းလို့ ခဏနားဦးမယ်လို့။

× × ×

ရွာကသာ မြို့မကျတောမကျပေမယ့် ရွာထိပ်မှာ စေတီနဲ့ ဓမ္မာရုံနဲ့ အုပ်စီသွပ်မိုး မူလတန်းကျောင်းနဲ့ဗျ။ ပြီးတော့ ကျုပ်တို့တစ်ရွာလုံးလိုလိုက အမျိုးချည်းပဲ။ သူ့နှမကိုယ်ယူ၊ ဒင်းတူမငါ့ပေး၊ ငါ့ဦးလေးက ဒင်းအဒေါ်နဲ့ သစ်သီးပိုးဝင်လို အတွင်းသားလှိုက်စားနေတော့ကာ အမျိုးမတော် ခံနိုင်ရိုးလား။

အဲဒီလောက်အမျိုးများတော့လည်း စိတ်ပျက်စရာ၊ ကောင်းလည်းကောင်းတယ်။ မကောင်းလည်းမကောင်းဘူးပေါ့။ ပြီးခဲ့တဲ့နှစ်က ကျုပ်ဦးလေးကိုဖိုးဝရယ် ဘာစိတ်ကူးပေါက်လဲမသိဘူး၊ အမြော်အမြင်ကြီးစွာနဲ့ ကုန်စုံဆိုင်ဖောက်တည်တယ်။ တံလိုက်လို့လား မသိဘူး၊ ဘာကြာလို့လဲ အရင်းပြုတ်သွားတာ။

ဟိုအိမ်က ကြက်သွန်ဖြူတစ်တက် ပြေးယူ၊ ဒီအိမ်က နနွင်းတစ်ခါချက် ပြေးကော်၊ တောင်ဘက်က ဆီတစ်ဇွန်းလာခပ်၊ မြောက်ဘက်က အချိုမှုန့်တစ်ထုပ် လာဆွဲနဲ့၊ တစ်ရွာလုံးလိုလိုက အမျိုးတွေပါဆိုမှ ဘယ်မှာနေရောင်းစားလို့ ရမှာလဲလို့။

အဟုတ်ပြောတာ၊ ကျုပ်တို့ရွာလာကြည့် ဈေးဆိုင်ကိုမရှိတာ။ မရှိဘူးဆိုတာထက် မဖွင့်ရဲကြတာပါ။ အမျိုးတွေကိုကြောက်လို့။

လွန်ခဲ့တဲ့သုံးလလောက်တုန်းကလည်း အမေ့ဘက်က ဘကြီးဝမ်းကွဲတော်တဲ့ ဦးလှသိန်းကြီး အသည်းကင်ဆာဖြစ်လို့ မြို့မှာ ဆေးရုံသွားတက်တယ်။ နောက်တော့ ဆေးရုံက မရတော့ဘူးပြောလိုက်လို့ ရွာပြန်ခေါ်လာကြတယ်။

အိမ်ရောက်တော့ သားမတ်လုပ်သူ စိန်သောင်းနဲ့ အိမ်သားတွေ ခေါင်းချင်းဆိုင်တိုင်ပင်ကြပါရောလား၊ မိတ်စာက ဘယ်လောက်ရိုက်ရမယ်၊ ဝက်က အချိန်ဘယ်လောက်မှရမယ်၊ မဏ္ဍပ်က ဘယ်နားထိုးရင် ကောင်းမယ်လုပ်ကုန်ကြရော၊ ဆရာဝန်တွေက မရတော့ဘူး ပြောလိုက်တော့ ကြိုတင်စီစဉ်



ကြတာတဲ့လေ။ ဩော် တတ်လိုက်တဲ့ ကိုတတ်ပါ့ဆယ့်တစ်တန်းတွေရယ်၊

လူမမာက ချက်ချင်းပဲ အသက်ကောက်ထွက်ပေးရတော့မလိုလို။ ဒါကို ဦးလှသိန်းကြီးက အိပ်ရာထက်ကနေပြီး ပက်လက်ကလေး လှမ်းပြီးသတိပေးရှာရဲ့။

"ဟေ့ မင်းတို့ဘုန်းကြီးပင့်ရင် ဦးကေလာသကို ထည့်မပင့်နဲ့၊ ဒီကိုယ်တော် ငါနဲ့ မျက်နှာကြောမတည့်ဘူး"တဲ့။

မခက်လားဗျာ၊ ဘုန်းကြီးပဲ သွားပင့်ရင် သင့်တော်တဲ့ဘုန်းကြီး ကြွမှာပေါ့။ ဒီကိုယ်တော်ကြွပါ၊ ဟိုကိုယ်တော်မကြွပါနဲ့လို့ ပင့်လို့ရတာမျိုးမှ မဟုတ်တာ။ လျှောက်ပြောရရင် အရှည်ကြီးပဲ၊ တရုတ်ပြည်က မဟာတံတိုင်းနဲ့ အီချစ်က နိုင်းမြစ် ဖက်ပြီး ထိုင်ငိုသွားလိမ့်မယ်။

ဒီအထိ ကျုပ်ဘာမှမဟာဘဲ ယုန်လေးနှာစေးနေလို့ ရသေးတယ်၊ ရွာထိပ်က ကိုမြင့်အောင်သား စကားမပီတဲ့ ပိစိရဲ့စကား မိတ္တူဆွဲပြီး ပွားရရင် ဘကြွတနာ မပြီးသေးဘူး တကြွတနာ ဆိုသလို ကျုပ်တို့ရွာသားတွေစကားကြားလိုက်ရရင် ပြဿနာပေါင်းသောင်းခြောက်ထောင်။

ဗဟုသုတခေါင်းပေါင်းကြတာလည်း ပါတာပေါ့။ ကိုယ့်ရွာသားတွေ အမြင်ကျယ်ပြီး လည်လည်ပတ်ပတ် ရှိပါစေတော့ရယ်လို့ ပြီးခဲ့တဲ့ရွာအစည်းအဝေးတုန်းက အယူအဆလေးတစ်ခု တင်ပြဘူးပါတယ်။

ရွာမှာရှိတဲ့ ဘွဲ့ရလူငယ်လေးတွေစုပြီးတော့ စာမတတ်သူတွေကို အသုံးလုံး သင်တန်းလေးပေးဖို့နဲ့ ကိုယ်ထူကိုယ်ထ ကျေးရွာစာကြည့်တိုက်လေး ထူထောင်ဖို့ပါ။ ဒါကို ရွာလူကြီး ဦးစံနဘုကြီးကိုယ်တိုင်က ဘာပြောလဲဆိုတော့

"ဟ နဂိုထဲကမှ ကိုယ့်ရွာသားတွေက ခပ်ထူထူခပ်အအရယ်၊ အ,သုံးလုံး သင်တန်းထပ်ပေးတော့ ပိုအ,ကုန်တော့မပေါ့၊ ရှိမှပဲ"

စဉ်းစားပေါ့။ ငယ်တော့တာလည်း မဟုတ်ဘူး နော်လို့။

× × ×

အောင်ဘု၊ ဒီကောင်က ရွာလူကြီး ဦးစံနဘုရဲ့သား။ နည်းနည်းပုံမှော်ကြည့်ဗျာ၊ ဒီကောင့်ရုပ်ကို။

နေထွက်ရာအရပ်ကို မျက်နှာမူပါဆိုတော့ အရှေ့ခြမ်းကပဲစံကြရ

www.burmeseclassic.com



အောင်။ လူက အရှေ့တောင်အာရှမှာ အင်အင်းထိုင်ပါနေရင် သွားကမြောက်အမေရိကတိုက်ကို အလည်ရောက်နေတယ်။ ခေါ်တာမှ ကြည့်မကောင်းဘူး။

သွားလေးသာခေါ်တာ။ နှာခေါင်းလေးက ဆော်ဒါများများ မီးပြင်းပြင်းဖုတ်ထားတဲ့ဘိန်းမုန့်လို မဲကြုတ်ကြုတ် ပွစိစိ။ မျက်လုံးနှစ်လုံးက မွေးကတည်းက အခေါ် အပြောမလုပ်တာ။ ဟိမဝန္တာမှာတစ်လုံး၊ ခါကာဘိုရာဇီမှာတစ်လုံး။

ဒီလောက်ပါရမီနည်းတာတောင် ဒင်းက အေးအေးမနေဘူး။ ရွာတောင်ပိုင်းက စနေမကို ကြိတ်ပြီးကြွေနေတယ်။ ဩော် စနေမဆိုတာတ ဒေါ်မယ်အေးသမီး ကွမ်းတောင်ကိုင်မလေး။ စနေနေ့မှာမွေးလို့ စနေမလို့ မှည့်ထားတာ။

စနေနေ့မှာ မွေးလို့သာနော်။ ဘယ်လင်တိုင်းဒေးမှာသာ မွေးကြည့်။ ဘယ်လင်တိုင်းမဆို တကယ့်ကို ကျော်မကောင်းကြားမကောင်း ဖြစ်ဦးမယ်။

ဒင်းကလေးက တောသူဆိုပေမယ့် မတော်ရာကြွလို့ အတော်သာလှသဗျ။ 'ဒု-သ-န-သော'မူအရဆို ကျုပ်တို့ရွာကာလသားတွေ ငရဲပြည်မှာ တစ်ရွာတစ်ကျိ ဆောက်ရမယ့်အဆင်မျိုး။

တစ်ညနေ စနေမက ရေအိုးလေးခါးထစ်ခွင်ရင်း ကော့ပက်ကော့ပက်နဲ့ ရေခပ်ထွက်အလာမှာ အောင်ဘုက စကားလိုက်ပြောတယ်။ ဒါပေမယ့် ရည်းစားစကားပြောရင်လည်း ရိုးရိုးလိုက်ပြောရောပေ့။ ခုတော့မဟုတ်ဘူး ဒီကောင့်လုပ်ပုံ။

အောင်ဘုတို့မှာ အရမ်းလိမ္မာတဲ့ ငယ်မွေးခြံပေါက် နွားနီကြီးတစ်ကောင်ရှိတယ်။ သူ့ကျောပေါ် လူတောင်တက်စီးလို့ရတယ်။ အောင်ဘုက အဲဒီနွားကြီးကိုစီးပြီး စကားလိုက်ပြောတာ။ ဒီထက်ရုပ်ပျက်တာက မြို့ကဝယ်လာတဲ့ ဘေထုပ်ဂျင်းပင် မွဲပြာပြာကို ခါးပတ်မပတ်ဘဲ ဒူးဆစ်ထိလိပ်တင်ထားသေး။ အထက်ပိုင်းက သူ့အိုသူနာသရုပ်ပြ နံရိုးကြဲကြဲ ကိုယ်လုံးတီးနဲ့။

စနေမလား။ ဘာပြောကောင်းမလဲ။ နွားကျောပေါ်က သူ့ပုံစံလည်း မြင်ရော၊ မှုန်နေအောင် သုတ်ခြေတင်တာပေ့။ အောင်ဘုကလည်း ခြေနှစ်ချောင်းကို ခြေလေးချောင်းအားကိုးနဲ့ မီအောင်ယှဉ်ပြီး လိုက်ဖိုက်တယ်။



အောင်ဘုကံကောင်းတာက သူလိုက်ပြောတဲ့အချိန် ရွာလယ်လမ်းမှာ လူရှင်းနေတယ်။ ကံဆိုးတာက ဒေါ်နှင်းရွှေတို့ခြံစပ်က အုန်းပင်တစ်ပင်က အယှုတိမ်းပြီး လမ်းမဖက်ကိုင်းနေတယ်။ ကံကောင်းချင်တော့ အဲဒီနားရောက်မှ စနေမကရပ်ပြီး သူ့ကို စကားပြန်ပြောတယ်။ အမှန်က ရန်တွေ့တာပါ။ အဲ ကံဆိုးချင်တော့ သူ့ခေါင်းပေါ် တည့်တည့်ကို

"ခွပ်"

"အား"

အောင်ဘု မျက်စိထဲမှာ 'ဆူပါနိုတာ'ကြယ်ပေါက်ကွဲမှုတွေ ဖြစ်သွားသလို လူကလည်း နွားဖင်ဖက်ကို ပက်လက်လန် ပြုတ်ကျသွားတယ်။ တော်သေးတယ်။ ကြွေကျတာက လသားအုန်းသီးခြောက် အပေါ့စားလေးမို့။ နို့မဟုတ်ရင် မွေးမေဒေါ် အုံးညွန့်ကြီးပါ မေ့မယ်။

စနေမလည်း ရုတ်တရက်ဆိုတော့ အံ့အားသင့်ပြီး ကြောင်ကြည့်နေတယ်။ ဝေဝါးဝါးနဲ့ သကောင့်သားက ဆွဲမိဆွဲရာ အားပြုပြီး လန့်ကြားကြားနဲ့ ပြန်ထဖို့ ကျိုးစားရှာတယ်။ သူ့နွားနီကြီးမှာက အကျင့်တစ်ခုရှိတယ်။ ကျောပေါ် လူတက်စီးရင်သာခံတာ။ သူ့အမြီးကိုတော့ ယောင်လို့မှ သွားထိလို့မရ



www.burmeseclassic.com



ဘူး။ ဒါတို့မှ ဟိုကောင်က ဆွဲပြီးထလိုက်မိတော့

"ဖုန်း"

"ဠား"

တိရစ္ဆာန်ဘသားက ကျောက်ကန်ကန်လိုက်ပေမယ့် ဒီကောင့်ရဲ့ အရှေ့အလယ်ပိုင်းရပ်ဝန်းက ရတနာကြောကို သွားထိတော့ ပေါင်ခွကြားကို လက်နဲ့အုပ်ပြီး ဒုတိယံမ္ပိ မျက်ဖြူလန်လဲကျသွားတာပေါ့။

မိရိုးဖလာအရဆို 'အား'လို့ အော်ရမှာ။ အခုက 'အား'လို့အော်ဖို့တောင် အချိန်မရလိုက်ဘဲ လောကကြီးနဲ့ အဆက်ပြတ်သွားတော့ 'ဠား'ဆိုပြီး ကြေကွဲသံလေးပဲ လှိုက်ထွက်လာတာ။

စနေမကလည်း ကြင်နာရှာပါတယ်။ စိုးရိမ်တကြီးနဲ့ အုန်းသီးခြောက်လေးကို ပြေးကောက်ပြီး ရေတောင်မခပ်တော့ဘဲ အိမ်ကို အသော့ပြန်ပြေးသွားလေရဲ့။

× × ×

"သူငယ်ချင်းတို့ မင်္ဂလာပွဲဟာ ဂုဏ်ယူလောက်ပါပေ. . တူနယ်"

"နှစ်ဘက်သော အသိုင်းအဝိုင်း အပေါင်းအသင်းများနဲ့ ညှော်ခံပွဲမှာ အစ်ကိုတွေ. . တီးနောင် တီးနောင်"

ဝါးရုံပင်ထိပ်ဖျားမှာ လော်စပီကာကြီးနှစ်လုံးတင်ပြီး ဆိုင်ဖွင့်ထားတဲ့ မင်္ဂလာတေးသံလေးတွေက ရွာနီးချုပ်စပ်ကို ပျံ့လွင့်လို့။

ရွာလူကြီး ဦးစံနဘုရဲ့အိမ်ရှေ့မှာထိုးထားတဲ့ မင်္ဂလာမဏ္ဍပ်ကြီးထဲမှာ ညှော်ပရိသတ်တွေနဲ့ ဆူညံစည်ကားနေသလို အိမ်နောက်ဖက်က ထမင်းချက်ရုံလေးထဲမှာလည်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟတွေကို ကျွေးမွေးဖို့ ချက်ပြုတ်ကြော်လှော်နေကြတယ်။

အပျိုမထွေးရီတို့အုပ်စုလည်း လှီးသူလှီး၊ ချွတ်သူချွတ်(အဲလေ)ခုတ်သူခုတ်၊ ထစ်သူထစ်။ ကာလသားခေါင်း ဇင်ကိုတို့အုပ်စုလည်း အပျိုတစ်သိုက်ကြားမှာ ထမ်းသူထမ်း၊ ပိုးသူကပိုး(အဲလေ)ခပ်သူခပ်၊ ခွဲသူခွဲ။

ဗျာ၊ ဘယ်သူ့မင်္ဂလာဆောင်လဲ ဟုတ်လား။ ကျုပ်တို့လူ အောင်ဘုနဲ့ မိစနေမတို့လေဗျာ။ အားလုံးမျက်စိလည်ကုန်ကြပြီလား မသိဘူး။ ဇာတ်ရည်



လည်ချင်ရင်တော့ မနှစ်က မိုးရာသီအစ ကျေးရွာအုပ်စုပတ်လည်ဘောလုံးပြိုင်ပွဲက ပြန်ကောက်ရလိမ့်မယ်။

ကျုပ်တို့ရွာက ရေကျော်ကြီးကျေးရွာအုပ်စု အပိုင်ထဲမှာပါ။ ရေကျော်ကြီး၊ သဲကုန်း၊ မောင်းတီး၊ လက်ဆောင်ကွင်း၊ ရွာတန်းရှည်၊ ရေတွင်းကုန်းဆိုပြီး ခြောက်ရွာရှိတယ်။

ကျုပ်တို့ရွာဘောလုံးအသင်းမှာ ဒီနှစ်ပြဿနာက ရှေ့တန်းတိုက်စစ်မှူးဖြစ်တဲ့ သက်စိုးက အူကျထားလို့ မကစားနိုင်ဘူးဖြစ်နေတယ်။ သူ့နေရာမှာ လူစားထိုးဖို့ တစ်ရွာလုံးမှာ လိုက်ရှာတော့ အောင်ဘုတစ်ယောက်ပဲ သွားတွေ့တယ်။ ဟုတ်ဟုတ်မဟုတ်ဟုတ် အောင်ဘုက ဘောလုံးနဲ့ သိပ်မစိမ်းတဲ့ကောင်။ ဗလက နည်းနည်းအကြည်ညိုပျက်ချင်စရာ ဖြစ်နေလို့သာ ဥပေက္ခာပြုထားရတာ။ ဒီနှစ်တော့ မဖြစ်မနေ ပွဲထုတ်ရတော့မယ်။

အဲဒါနဲ့ ဘောလုံးပွဲတွေစတော့ ကျုပ်တို့ရွာတန်းရှည်အသင်းက ဒီနှစ်ဘုရားမ,လို့ အုပ်စုပတ်လည်ပွဲတွေ၊ အကြိုဗိုလ်လုပွဲတွေကိုဖြတ်ပြီး နောက်ဆုံးဗိုလ်လုပွဲထိ တက်လာတယ်။ တစ်ဘက်က ရေကျော်ကြီးအသင်းကလည်း သဲကုန်းအသင်းကိုနိုင်ပြီးတက်လာတယ်။

အဲဒီမှာ ရေကျော်ကြီးအသင်းကကောင်တွေ၊ ကျုပ်တို့တိုက်စစ်မှူးအသစ် အောင်ဘုကိုကြည့်ပြီး ပြုံးစိစိတွေ ဖြစ်ကုန်ကြတယ်။ ပရိသတ်တွေလည်း သူ့ကို တစေ့တစောင်း အကဲခတ်နေကြတယ်။ ဟိုကောင်ကလည်း ခြေမပေါ်မှာစိုးလို့ ဖိနပ်ကိုချွတ်ကန်မယ်၊ ပွဲပြီးတဲ့အထိ မြက်ပင်တွေကို ဖိကစားမယ်ဆိုပြီး လုပ်နေသေးတာ။

တစ်ဘက်အသင်းကကောင်တွေ အောင်ဘုကို စိတ်ထဲထည့်တွက်ထားပုံ မရပါဘူး။ ပွဲစလို့ သိပ်မကြာခင်မှာပဲ အားလုံး မျက်လုံးတွေပြူးကုန်ကြတယ်။ နည်းနည်းလေ့လာကြည့်ဗျာ။

ကျုပ်တို့ရဲ့ အလယ်တန်းလူ ဖြတ်ထိုးပေးလိုက်တဲ့ ဘောလုံးနောက်ကို အောင်ဘုနဲ့ တစ်ဘက်အသင်းက ကျွဲပေါက်လိုကောင်ကြီး ယှဉ်ပြီးပြေးလိုက်တယ်။ ပြေးရင်း အောင်ဘုက သူ့ငါးဖောင်ရိုးဘော်ဒီနဲ့ ကျွဲကြီးကို ပစ်တိုက်လိုက်တယ်။ ဟိုကောင်ကြီးက သိလိုက်ပုံတောင် မရပါဘူး။ အောင်ဘုသာ

www.burmeseclassic.com



သူ့အရှိန်နဲ့သူ ကန်ထွက်ပြီး ခွေးကျကျသွားတယ်။

ဒိုင်က ကျွဲကြီးတံတောင်နဲ့တွတ်တယ်ဆိုပြီး ခရာမှုတ်ပြစ်ဒဏ်ဘော လုပ်လိုက်တော့ ဟိုဖက်ကကောင်ကြီး ခေါင်းကုတ်ဖင်ကုတ်နဲ့ ဘုမသိဘမသိ ခံလိုက်ရတာပေါ့။ အဲဒီပစ်ဒဏ်ဘောကို အောင်ဘုက သူကိုယ်တိုင် တည်ပြီး ကန်တယ်။ ဘောလုံးကို ပြေးအကန်မှာ လေတစ်ချက်ဆောင့်တိုက်လိုက်တော့ ဘေးချော်ပြီး လူက ရွှံ့ထဲမှာ ဘောကန်ဖိနပ်အရှိန်နဲ့ ချာလပတ်လည်ပြီး ပစ်ကျသွားပါလေရော။ ဘောလုံးက နေရာမှာတင် အပျံ့ရည်မပျက်ဘူး။

ကံကောင်းချင်တော့ အောင်ဘုက တစ်ပတ်လည်ပြီးအကျမှာ ဘောလုံးကို ဖနောင့်နဲ့ပေါက်လိုက်သလိုလေးဖြစ်ပြီး ကြောင်စီစီဖြစ်နေတဲ့ ဂိုးသမားရဲ့ ပေါင်ကြားကနေ ဂိုးဝင်သွားတယ်။ အဲဒီမှာပဲ တစ်ကွင်းလုံး အုံးခနဲ ဖြစ်သွားပြီး

"တောက်၊ လွတ်ကိုမိုက်တာကွာ"

"အဲဒါပဲကွ ဘောပရိယာယ်ဆိုတာ"တွေ ဖြစ်ကုန်ကြရော။

ကျုပ်တို့လူ ဘာမှမသိလိုက်ပါဘူး။ ဘောလုံးဘယ်ရောက်သွားသလဲ ဆိုပြီး လိုက်ရှာနေသေးတာ။

နောက်ပိုင်းတော့ ဟိုဘက်အသင်းသားတွေ အောင်ဘုနဲ့ယှဉ်ပြေးရင် အောင်ဘုရဲ့လက်မောင်းကို မသိမသာ ထိန်းကိုင်ပေးထားရတယ်။ သူ့ဟာသူ လဲကျပြီး ပစ်ဒဏ်ဘောတွေ ခဏခဏပေးနေကြရတာကိုး။

ပွဲပြီးဖို့ ငါးမိနစ်အလိုထိ ကျုပ်တို့အသင်းက တစ်ဂိုးဂိုးမရှိနဲ့ ဦးဆောင်နေတယ်။ ပွဲပြီးဖို့ တစ်မိနစ်အလိုလေးမှာ တစ်ဘက်အသင်းနောက်တန်းတစ်ယောက်က ပြန်ပို့လိုက်တဲ့ ဘောလုံးကို ဂိုးသမားက ပြေးထွက်လာပြီး ကန်ထုတ်လိုက်တယ်။ အောင်ဘုကလည်း ဘောလုံးနောက်ပြေးလိုက်ရင်း ခလုတ်တိုက်လဲအကျမှာ ဘောလုံးက ခေါင်းကို အရှိန်နဲ့လာမှန်ပြီး ဂိုးတိုင်ထောင့်လေးကို ကွက်တိဝင်သွားပါရော။

"ဟယ် မြေရှပ်ဘောကို ခေါင်းနဲ့တိုက်သွင်းတယ်၊ အံ့ရော"

"သမ္မာက စကားပြောတာတွ"

ဟိုကောင်ကတော့ ဘောလုံးခေါင်းမှန်ပြီး သတိလစ်နေလို့ မနည်း



နှာနှပ်ယူနေရတုန်း။ အဲဒီတုန်းမှာပဲ ဒိုင်က ပွဲသိမ်းခရာမှုတ်၊ ကျုပ်တို့ရွာသားတွေဆို က,လိုက်တာမှ ကွေးရော။

× × ×

ရွာထဲမှာ နေ့ချင်းညချင်း အောင်ဘု ဟီးရိုးဖြစ်သွားတယ်။ ကောက်စိုက်ချိန် အေးကြည်မတို့ ပါးစပ်ဖျားမှာလည်း အောင်ဘု။ မြေပဲနှုတ်ချိန် ဝါဝါတို့ပါးစပ်ဖျားမှာလည်း အောင်ဘု။

ကိုယ့်လူကတော့ မွေးရာပါခေါ်နေတဲ့သွားကို ပါးစပ်ထဲ ပြန်သွင်းဖို့ကို မစဉ်းစားတော့ဘူး။ စနေမတောင်မှ အခေါ်အပြောလေးတွေ ညက်လာပြီး တစ်နေ့က လယ်ထဲကအပြန်လမ်းမှာ အောင်ဘုနဲ့ဆုံတော့

"အောင်ဘု၊ နင့်ကိုငါ ပြောစရာရှိတယ် သိလား"

"ဘာ၊ ဘာလဲဟင်"

"ဟိုတစ်ခါ နင့်ခေါင်းပေါ်ကြွေကျတဲ့ အုန်းသီးလေး ငါ အမှတ်တရ သိမ်းထားတယ်"

ပြောပြီး စနေမက ရှက်စနိုးနဲ့ ခေါင်းလေးငုံ့သွားတယ်။ လေအဝှေ့မှာ မိုးငွေ့သဲ့သဲ့ ပါလာသလို မွှေးမြတဲ့ တောပန်းရနံ့လေးတွေကို နှစ်ယောက်လုံး ရှူရှိုက်မိကြတယ်။

"နင် ဘာလို့ သိမ်းထားတာလဲဟင် စနေမ"

ရှေ့က ဖြတ်ပျံသွားတဲ့ လိပ်ပြာလှလှလေးကို လိုက်ငေးနေတုန်း အောင်ဘုက ကောက်မေးလိုက်တော့ စနေမက မျက်လုံးရွဲကြီးတွေနဲ့ မော့ကြည့်ရင်း

"ငါ နင့်ကို သနားလို့"တဲ့။

မိန်းမများခက်ပါတယ်ဗျာ။ အချစ်ဆိုတာ ဘာက,စ,တယ်ဆိုလား၊ အဲဒါနဲ့ပဲ အခုနှစ် ဝါထွက်လို့ သီတင်းကျွတ်တော့ အားလုံးမြင်တဲ့အတိုင်း၊ ကျုပ်လည်း သိပ်မပြောချင်ပါဘူး။

ဗလကျူရိုး

တ်ခဲ့နော် မှတ် -အောင်မြင်မှုရဖို့ထက် ဝီးလ်လာဖို့က ပိုအရေးကြီးတယ်။ ဝီးလ်မလာရင် အီးတောင်မပါဘူးမှတ်။

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## ဒုက္ခပါ

ဟိုဘက်အိမ်ခေါင်မိုးမှာ
စာကလေးနှစ်ကောင်ထိုးတာ
အတော်ဆိုးတဲ့ တိရစ္ဆာန်
ပိုးလိုးပက်လက်လန် ဆိုပြီးတော့တစ်မျိုး

စာကလေးနှစ်ကောင်
မင်္ဂလာဆောင်
ဘာကျွေးမှာလဲမောင်
ခြင်ထောင်ထောင် မီးခွက်မှုတ်
ပုကျွံ ပုကျွံလုပ် ဆိုတာတတစ်မျိုးနှင့်

တစ်မျိုးပြီးတစ်မျိုး မရိုးနိုင်အောင် ထပ်ကာတလဲလဲ အသံပြကြီးနှင့် စောစောစီးစီး ထအော်နေသော ခေါင်းရင်းကပ်လျက်အိမ်မှ 'ပြူးနောင်'ဟု အမည်ရသော ကလေးငယ်လေး၏အသံကြောင့် အစီအစဉ်မရှိစွာ ရုတ်တရက် နိုးလာရပြီးလျှင် မနက်ခင်းပြုဖွယ်ကိစ္စများအား အသိမဲ့စွာ တစ်ခုပြီးတစ်ခု ဆက်တိုက်လုပ်ပြီးနောက်၊



အိမ်စောင့်နတ်၏ ဖင်ပိတ်ကန်ချလိုက်မှုကြောင့်လား၊ မီးဖိုထဲအမြဲ တချော်ကချွတ် ကုတ်ချိကုတ်ချိ တပြုံနှစ်ပြုံနှင့် ရှိနေတတ်သော အော့နှလုံးနာချင်စရာ ချွစ်ချွစ်တုံကြီး၏ အသံတိတ် အရိပ်ပျောက် ခြိမ်းခြောက်မှုကြောင့်လားမသိ။

အိပ်ရာထဲက မိမိရဲ့သဘောဆန္ဒကြောင့်မဟုတ်ဘဲ ထလိုက်ရတဲ့ သူတွေရဲ့ ထုံးစံအတိုင်း ယောင်ဝါးဝါး ကကျိုးကကြောင် အရုဏ်တို့ နှင့်အတူ မိုးစက်မှုန်ကလေးများ ပက်ဖြန်းနေသော မနက်ခင်းဆည်းဆာလေးမှာ ပြင်ပသြကာသလောကကြီးထဲသို့ အစပျိုခြေလှမ်းများဖြင့် လမ်းထိပ်ဘက်သို့ ထွက်လာမိတော့သည်။

(ကြည့်။ မမူးဘဲနဲ့တောင် အတော်ရစ်တတ်တဲ့သူဗျ နော်)

သို့ကလို စိတ်နဲ့ကိုယ် လမိုင်းမကပ်ဘဲ ပျံ့လွင့်စွာ လျှောက်လှမ်းလာရင်း လမ်းထိပ်နားမရောက်တရောက်ရှိ ရပ်ကွက်ကျက်သရေဆောင် ခိုးဆင်ခင်စိုး၏ လက်ဘက်ရည်ဆိုင်ရှေ့အရောက်တွင် အမြဲထာဝရ လူတစ်ယောက်မှမရှိအောင် ရှင်းလင်းစုတ်ပြတ်နုံချာလွန်းလှစွာသော ဆိုင်တွင်းအပြင်အဆင်များနှင့် လိုက်ဖက်လွန်းလှသည့် တစ်ဦးတည်းသော ရာသက်ပန်စားပွဲထိုး ချက်နှာပြောင်ဘိုကြီးမှ

"ဆတ်ပုံလာတယ်ဟေ့၊ လမ်းဖယ်ထားမယ်၊ ရှုပ်နေတာတွေ ရှင်းထားမယ်၊ ရှယ်ကြီးတစ်တွဲ ပြင်ထားမယ်"

ဟူသော ဆိုင်ပေါက်တည့်တည့် လမ်းမပေါ် ပိတ်ရပ်၍ လောကွတ်ပြုတာလား၊ အပေါက်ချောင်တာလား၊ ဈေးခေါ်တာလား မသိ၊ ဗလွတ်ရွတ်တနှင့် အော်ဟစ်နေသံကြောင့် နဂိုတည်းက ဦးတည်ရာမရှိ လေလွင့်နေသော မသိစိတ်နှင့် လှမ်းလာသည့်ခြေလှမ်းများမှာ အလိုလိုပင် သူညွှန်ပြရာဆိုင်အတွင်းသို့ လှမ်းဝင်လိုက်မိလျက်သား ဖြစ်ရပေတော့သည်။

မဝင်လို့ကလည်းမဖြစ်။ မဝင်လျှင် နောက်မှဆက်၍ ဘွတ်ရွတ်ဘွတ်ရွတ်နှင့် ဆက်လိုက်လာဦးမည့် မျက်နှာပြောင်ဘိုကြီး၏ စကားလုံးများအား စောစောစီးစီး နားမခံသာအောင် စိတ်မတိုဘဲ ပြန်မပြောဘဲ မနေနိုင်အောင်ကို ကြားရဦးမည်ကို ကြောက်နေရသည်ကိုး။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူတောင်းစားခွေးဝဲစား တစ်ကောင်တစ်လေလောက် လောလောဆယ်အလုပ်ရှိပြီး အပေါက်ခဏပိတ်သွားလျှင် ပတ်ဝန်းကျင်လောကကြီး ခဏနားအေးပြီးရော ဆိုသောသဘောနှင့် ဆိုင်တွင်းလှမ်းဝင်ပြီးလျှင် တစ်ဆိုင်လုံးတွင် စုတ်ပြတ်ညစ်ပတ်ပေသလူးနေသော ခနော်ခနဲ့ စားပွဲခုံလေးခုံထဲကမှ ထောင့်အကျဆုံး စားပွဲခုံတစ်ခုဆီ ဦးတည်၍သွားပြီး ထိုင်ချလိုက်၏။

ဆိုင်အတွင်း ရွေးချယ်စရာမရှိ စဉ်းစားစရာမလို၊ တစ်ခုတည်းသော စားသောက်ဖွယ်ရာများဖြစ်သော မျက်နှာပြောင်ဘိုကြီး အမြဲအော်နေသော ရှယ်တွဲကြီးတစ်တွဲမှာ လှမ်းကြည့်စရာမလို၊ မှာစရာမလို ထိုင်ချလိုက်ပြီး မကြာခင်ပင် ရောက်လာလေတော့သည်။ ထိုရှယ်တွဲကြီးမှာ

"ကြက်ဥမာဆတ်ကြော် ဖုံးထားသော ဝက်ပြေးခွေးငိုကြော်အေးထမင်းလှော်နှင့် စိတ်ကျလက်ဘက်ရည်အေး"

(ဘယ်ဘဝကတည်းက ကြော်ထားမှန်း ကျန်ထားမှန်းမသိသည့် အေးစက်မာတောင့်နေသော ကြက်ဥကြော်ကို ဘယ်ဘဝ ဘယ်ကမ္ဘာတည်းက လှော်ထားမှန်းမသိသည့် ဆီမပါပြားမပါ ခွေးကျွေးလျှင်ပင် ခွေးက ငိုငိုပြီး တောင်းပန်ရှောင်ပြေးတတ်သော ဝက်ကျွေးလျှင် ဝက်ပင်နံလို့ ပြန်အန်ထွက်တတ်သော ထမင်းကြော်နှင့် ဘယ်တော့မှမပူ ဘယ်တော့မှမဆိမ့်၊ ဘယ်တော့မှ မနှပ် ဘယ်တော့မှမကျသည့် လက်ဘက်ရည်အေးကြီးတစ်ခွက်)

စားမကြည့်ဘဲ သိနေသည့်အရသာအား မမြင်ရလျှင် ပိုအဆင်ပြေမည်ဟု ထင်မိသောအထင်ကြောင့် မျက်စိမျက်နှာတွင် ထာဝရအဲဟားကပ်နေသော မျက်မှန်ထူကြီးအား မိမိ၏မျက်လုံးနှစ်လုံးအလား ညင်သာစွာချွတ်၍ စားပွဲပေါ်တွင် အသာအယာချပြီး ဝက်ပြေးခွေးငိုကြော်အေးထမင်းလှော်ကြီးအား ခေတ်ပေါ်ကံစမ်းမဲ တစ်ခုခုထွက်လာနိုး တွေ့လိမ့်နိုးနှင့် ဘာရယ်မဟုတ် လှန်လှောမွှေနှောက်ရင်း စားချင်စိတ်ကို ကိုယ့်ဘာကိုယ် မှုားနေမိ၏။ ထိုစဉ် ဆိုင်ရှေ့အပေါက်ဝထိပ်မှ မျက်နှာပြောင် ဘိုကြီး၏ ခွေးဝဲစားကားကြိတ်သံကြီးအား ကြားလိုက်ရပြန်သည်။

"ဦးလေဗျော့ ရှယ်တွဲကြီးရှိတယ်ဟေ့ လုပ်ထား"

အသံကြားပြီး မရှေ့မနှောင်းပင် ဗျတ်သီဗျတ်သီနှင့် မျက်စိနောက်



စရာ ကောင်းလောက်အောင် ဂနာမငြိမ်ပုံစံဖြင့် ဝင်လာသော ပိန်ရှည်ရှည်လူကြီးတစ်ဦးမှာ မိမိထိုင်နေသော စားပွဲခုံပုလေးတွင် ပုဆိုးစလေး ဆွဲသိမ်းတင်လိုက်ရင်း ဒူးရှည်ကြီးအား ခွင်ခေါက်၍ ထိုင်ချလိုက်ပြီး လက်ကြားတွင် တန်းလန်းတန်းလန်းနှင့်ပါလာသော ဆေးပေါ့လိပ်တိုအား စားပွဲအောက်သို့ပစ်ချ၊ တျန်လက်ကြမ်းပေသလူးကြီးတစ်ဖက်နှင့် အစောက အသာအယာ ချွတ်ချထားခဲ့သော ကျွန်တော့်မျက်မှန်ထူကြီးအား မှန်မှမညှာမတာ ဆုပ်ကိုင်၍ ကျွန်တော့်ရှေ့သို့ 'ဗျောက်'ဆို စိတ်တိုစရာမကောင်းကောင်းအောင်(သူ့အတွက်တော့) အမှတ်တမဲ့ပင် မှန်ကို အောက်ကထားလျက် ပက်လက်အနေအထားဖြင့် ရွှေ့ချပေးလိုက်၏။

ကျွန်တော့်မှာ ဒင်းကြီး၏ မဆင်မခြင် အပြုအမူကြောင့် မျက်စိကိုလက်နှင့်ကလော်ခံလိုက်ရသကဲ့သို့ တုန်တက်သွားပြီးလျှင် တစ်မနက်ခင်းလုံး အဆင်မပြေ အချိုးမကျမှုများမှာ 'ထောင်း'ဆို ဖုံးမနိုင်ဖိမရ ဒင်းကိုအခြေခံ၍ ပွင့်အန်ကျကုန်တော့၏။

"ဦးလေဗျော့၊ ခင်ဗျား ရပ်ထဲကွက်ထဲနေတာ အနေအထိုင်တော့ ဆင်ခြင်သင့်တယ်ဗျ သိလား၊ မပြောဘူး မပြောဘူးနဲ့ အောင့်ထားတာကြာပြီ၊ ခုတော့ ပြောမှရတော့မယ် ဟင်း"

"အင် ငါဘာများလုပ်မိလို့လဲ ဆဝံ့ရာ"

ရုတ်တရက်မို့ နားမလည်နိုင်လွန်းသည့်ပုံစံနှင့် ပုဆိုးအောက်စများအား ကမန်းကတန်း လုံးလက်ဆွဲစေ့လိုက်ပြီး အံ့ဩတကြီးပြောလိုက်သော ဒင်းကြီးအားကြည့်ကာ မျက်မှန်ထူကြီးအား မျက်နှာပေါ် အသာအံ့ယာပြန်၍ ကောက်စွပ်လိုက်ပြီးလျှင်

"ဘာလုပ်မိလို့လဲပေါ့လေ ဟုတ်လား၊ အေး ခင်ဗျား ဘာတစ်ခုမှ မလုပ်လို့ပြောနေတာ၊ ပြောနေတာ သိပလား၊ သောက်လုပ်ကျ ဘာတစ်ခုမှ လောက်လောက်လားလား မလုပ်ဘဲနဲ့ မိန်းမကျ လိုတာထက်ပိုကြောက်ပြနေတာ ကြည့်မရလွန်းလို့ နှလုံးနာစရာကောင်းလွန်းလို့ ပြောနေတာ သိလား"

"အဲ အဲဒါ ငါ့ကိစ္စလေ၊ မင်းတို့နဲ့ ဘာဆိုင် ဆိုင်"

"ဆိုင်တယ်ဗျ၊ ဆိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဦးလေဖျော့မှာ ခွေးငိုကြော်အေးထမင်းလှော်အား ပါးစပ်တွင်း ပလုပ်ပလောင်း ခွန့်ထည့်နေရင်းမှ မျက်လုံးအပြူးသားနှင့် မေးပြောလေးပြောနေသံအား ဖြတ်၍အော်ထည့်လိုက်ပြီး

"ခင်ဗျားက အဲလောက်ကြောက်ပြလေ၊ ကျုပ်တို့အနေခက်လေ၊ ခင်ဗျားက အဲလောက်အလျှော့ပေးလေ ကျုပ်တို့လုပ်ရကိုင်ရခက်လေ၊ ခင်ဗျားက အဲလောက်အထုအထောင်း အစော်ကားခံလေ ကျုပ်တို့အသည်းနာလေ အ

မလုပ်ပါနဲ့ ဆဝုံရာ၊ မင့်မိန်းမကလွဲရင်
ဘုရားပေးပေး ကျမ်းပေးပေး အကုန်ယူပုံမယ်ကွာ၊
မင့်မိန်းမ အော်ရီကျင်နယ် အဆံချောင်ကြီးကိုတော့
မကညော့ပါဘူး၊ စိတ်နဲ့တောင်
လေချူဖို့မစဉ်းစားပါဘူးကွာ၊

ကျေလေဆိုတာ ခင်ဗျားလုံးဝမသိဘူးပေါ့လေ"

"ဟင် ဟုတ်လား"

"နေစမ်းပါဦး၊ ကျုပ်မရှင်းလို့ မေးရဦးမယ်၊ ခင်ဗျား ကျုပ်မိန်းမတို့များ ကြိုက်နေလို့များလား"

ကျွန်တော့်ရဲ့ မထင်မှတ်တဲ့ထောက်လုံးကြောင့် ဦးလေဖျော့မှာ ငေါက်ခနဲ မတ်တက်သွားကာ စားသောက်လတ်စ ပါးစပ်အတွင်းမှအရာများ 'ဖွီး'ဆိုကန်ထွက်သွားပြီး မျက်သလူးဆန်ပြာနှင့်

"ဘာ ဘာဖြစ်တယ်၊ မင့်မိန်းမ ငါကြိုက်လို့ အောင်မလေး ဆဝုံရယ်၊ ကြံကြီးရယ်တဲ့မှစည်ရာဆိုတာလိုပဲ၊ မင့်သောက်မိန်းမ အဆံချောင် ကျက်သရေကျက်သရာတုံး သောက်ပေါ် သောက်ရှူးမ ဝတုတ်ပြဲ ပလဲကွဲကြီးကို ငါက ဘာကိစ္စကြိုက်ရမှာတုန်း"

"ဒါဆို ကျုပ် တစ်ခုခုလုပ်မယ်ကြံတိုင်း ခင်ဗျားကိုပဲ တ,တ,နေတာ ဘာသဘောလဲဗျ၊ ဟင်း မပြောချင်လို့ ကြည့်နေတာ ကြာပြီဗျ နော့"

"ဟာ လုပ်ချလိုက်ပြန်ပြီကွာ၊ ဘာ ဘာ မင်းက တစ်ခုခုလုပ်မယ်



ကြံတိုင်း မင့်မိန်းမက ငါ့ 'တ'တယ်"

"ဟုတ်တယ်ဗျ၊ ဟုတ်တယ်၊ နေဦး၊ ကျုပ်ပြောတဲ့ ဟုတ်တယ်ဆိုတဲ့အထဲမှာ ခု ခင်ဗျားမြင်နေတဲ့ 'အောက်ကမြစ်'ကို 'သဝေထိုး'တဲ့ကိစ္စကို ပြောတာမဟုတ်ဘူး၊ တစ်ခုခုလုပ်ဖို့ကြံတိုင်း ခင်ဗျားကို 'တ'တယ်ဆိုတာက ဒင်းကို ခင်ပိတ်ကန်ဖို့ကြံတိုင်း နားပန်ကျင်းဖို့ရွယ်တိုင်း၊ ထုမယ်ထောင်းမယ်ပြင်တိုင်း ခင်ဗျားနဲ့ယှဉ်ယှဉ်ပြီးပြောတာ၊ တ,တ,နေတာကို ပြောတာဗျ၊ ကျုပ်အလစ်မှာ ကျုပ်မိန်းမကို ခင်ဗျားတစ်ခုခုဝင်ကညော့ထားလို့ ဖြစ်မှာပေါ့၊ ဟုတ်တယ်မဟုတ်လား"

"မလုပ်ပါနဲ့ ဆဝုံရာ၊ မင့်မိန်းမကလွဲရင် ဘုရားပေးပေး ကျမ်းပေးပေး အကုန်ယူပုံမယ်ကွာ၊ မင့်မိန်းမ အော်ရီကျင်နယ် အဆံချောင်ကြီးကိုတော့ မကညော့ပါဘူး၊ စိတ်နဲ့တောင် လေချူဖို့မစဉ်းစားပါဘူးကွာ၊ ဘုရားကြီး ပက်ပက်စက်စက် စူးပါစေတော့ရဲ့"

"ဒါဆို ဘာကြောင့် ခင်ဗျားက ခင်ဗျားမိန်းမကို လူတကာတွေထက်ပိုပြီး အလိုလိုက်ပြ၊ ဒင်းကြီးရဲ့လုပ်ချင်ရာလုပ်တာကို ခံပြနေရတာလဲဗျ၊ အိမ်ရှေ့ညည့်ခန်းမှာကျတော့ မိန်းမက အလေးပြုနေတာကို မိန့်မိန့်ကြီး ခံယူနေတဲ့ပုံကို တစ်ပုံအကြီးကြီးရိုက်၊ ရောက်လာတဲ့သူတွေ အထင်ကြီးအောင် မင်္ဂလာယူ မဏ္ဍပ်တိုင် တက်ပြပြီး ချိတ်ထားပြီးတော့ တကယ်လုပ်နေတာကျ သောက်တလွဲ"

ဦးလေဖျော့ကြီးက ပတ်ဝန်းကျင်မှလူအများ လုံးဝမသိစေချင်သည့် အလွန်အင်မတန် အရေးကြီးလှစွာသော အကြောင်းအရာတစ်ခုအား ပြောကြားမည့်သူတစ်ဦး၏ပုံနှင့် သူ့မျက်နှာကြီးအား ကျွန်တော့်မျက်နှာနှင့် ထိလုမတတ် ခေါင်းကိုငုံ့ချလိုက်ပြီးလျှင် အသံကိုလည်း လေးပုံသုံးပုံခန့် လျှော့ချကာ

"ပြောပြမယ်၊ ပြောမယ်၊ အနေအထားက ပြောပြမှ ရှင်းပြမှ ရတော့မှာမို့ ပြောပြတော့မယ်၊ ဗျူဟာတွ ဗျူဟာ၊ အဲဒါ ငါ တစ်သက်လုံးကျင့်သုံးသွားမယ့် မိန်းမနဲ့ပတ်သက်တဲ့ မဟာဗျူဟာ နည်းဗျူဟာတွေကွ၊ မင်းမဆုံးမင်းသိဖို့လိုတာက ခုနက မင်းပြောတဲ့ညည့်ခန်းကဓာတ်ပုံ ကိစ္စ၊ အေး အဲဒီကစရှင်းမှ ရတော့မယ်"

"အဲဒီပုံက မင်းထင်သလို ငါ့မိန်းမအေးဘုကြီးက ငါ့အလေးပြုနေ

www.burmeseclassic.com

www.burmeseclassic.com



တာ မဟုတ်ဘူးဟေ့၊ ပါးရိုက်နေတာ ပါးရိုက်ခွဲဖို့ လက်ရွယ်နေတာ၊ ငါကလည်း ဒင်းရဲ့လက်ဝါးစာကြီးကို မြိန်မြိန်ကြီးခံနိုင်ဖို့အတွက် အံကြိတ်ပြီး မျက်နှာကြီး တင်းခံပေးထားတာ၊ ဒီလိုဒီလို ရှင်းပြီလား"

ဆိုပြီး ကျွန်တော့်ကို လက်ဝါးနဲ့ရွယ်ပြတယ်။ ပြီးတော့ သူ့ဘာသူ အံတင်းတင်းကြိတ်ပြီး မျက်နှာကိုမာန်ထည့်၊ အားထည့်ပြီး အရိုက်ခံတဲ့ပုံလုပ် ပြတယ်။ ပြီးတော့မှ ဆက်ပြီး အရှက်ပြောင်အခွက်ကြီးနဲ့

"အေး အဲဒါကို အနားမှာရှိနေတဲ့ ဓာတ်ပုံဆရာက အံ့အားသင့် ကြောင်ကြက်လန့်လက်ပြီး အမှတ်မထင်ရိုက်လိုက်မိတာ၊ အဲ ပုံလည်းထွက် လာရော ငါ့မိန်းမက မေ့မရနိုင်တဲ့ အမှတ်တရကိစ္စကြီးဆိုပြီး ဝမ်းသာအားရ ဂုဏ်ယူဝင့်ကြွားစွာနဲ့ ပုံအကြီးကြီးချဲ့ပြီး အိမ်ရဲ့လူမြင်ကွင်းမှာ ခုလိုချိတ်ထား တာကွ၊ သိပြီလား ဟားဟားဟား ဘာတတ်နိုင်သေးလဲ၊ မှတ်ကရောဟုတ်လား မင်းထင်ထားတာနဲ့ ပြောင်ပြောင်ကြီး လွဲကရောမဟုတ်လားဟေ့"

တဲ့ဗျာ။ အံ့သြစရာကောင်းရော၊ ကျွန်တော့်မှာတော့ ကြားရတာ တောင် နားတွေရှက် မျက်နှာကြီးပူနဲ့ အနေခက်ရတာများ ပြောမနေနဲ့တော့။ အဲဒါကိုများ ဒင်းက ဟီးဟီးဟားဟားနဲ့ အားတွေရနေတာများလေ အံ့ရောပါ ဆို။

ပြီးတော့ သူ့ အဲလိုရှင်းပြလိုက်မှပဲ ကျွန်တော်တို့ခင်ဗျားတို့ တစ်သက် လုံး တွေ့တွေ့နေတဲ့ ဂုဏ်ယူဝင့်ကြွားစွာ ဘဝင်လေသလပ်ခဲ့တဲ့ ပုံတစ်ပုံ တောင်မှပဲ သူ့စကားအရ သူ့ဓာတ်ပုံအတွေ့အကြုံအရဆို ဆင်ဆာမလွတ် သလို ဖြစ်သွားတယ်။

တွေ့လား၊ ခင်ဗျားလည်း အမြင်အာရုံထဲ ဖြန်းဆို ရုတ်တရက်တွေ့ လိုက်တယ်မဟုတ်လား။ အေး အေးဗျာ၊ စစ်သူကြီးမဟာဗန္ဓုလကို ကုလားဖြူ စစ်ဗိုလ်က အလေးပြုနေတဲ့ပုံလေ။ အေး အဲ့ပုံကိုပြောတာ။

ဆဲ။ ပိုးစိုးပက်စက် အားရပါးရကြီးသာ ဆဲတြပါတော့ဗျာ။ (ကျွန်တော့် တို့တော့ မဟုတ်ဘူးနော်၊ ဒီကိစ္စကိုစခဲ့တဲ့ အဲဒီဦးလေပျော့ကြီးကိုသာ ဝိုင်းဆဲကြ ပေတော့)ဟုတ်တယ်၊ အတော်သောတ်ကျင့်မကောင်းတဲ့သူကြီး။

အဲ အဲဒါပြီးမှ သူ့ဘဝဇာတ်ကြောင်း၊ သူ့ရပ်တည်ချက်၊ သူ့ဗျူဟာ



တွေကို ဆက်ပြောတာက ဒီလိုဗျ။

"ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ လူ့သဘာဝ လူ့ယဉ်ကျေးမှုဆိုတာမှာ အဲဒါ တစ်ခုရှိတယ်ကွ၊ သူ့ဘာသူ သဘာဝက ပြဋ္ဌာန်းထားတဲ့ဥပဒေခေါ်မလားပဲ၊ ဘာတုံးဆိုတော့"

"ရှုံးတဲ့သူကို နိုင်တဲ့သူက တစ်သက်လုံး ကျေးမွေးပြုစုစောင့်ရှောက် ရတယ်တဲ့၊ ဟောကြည့် ငါက ငါ့မိန်းမဆိုတာကြီးကို ဘယ်တော့မှ အနိုင်မယူ ဘူး၊ အမြဲအရှုံးပေးထားတယ်၊ ကဲ ဒီတော့ကာ နိုင်သူဖြစ်တဲ့ ငါ့မိန်းမက ရှုံးသူ ဖြစ်တဲ့ငါ့ကို ကျေးမွေးပြုစုစောင့်ရှောက်ပေတော့၊ ဒါပဲ ဒါလေးပဲ၊ သဘာဝ ဥပဒေ လူ့လောကယဉ်ကျေးမှုကိုတော့ တပြောင်းကပြန်မလုပ်နဲ့၊ မရှုပ်ထည့်နဲ့ ဒီသဘော"

"ကဲ အဲဒီတော့ အဲလိုနေထိုင်ရပ်တည်နိုင်ဖို့အတွက်ဆို မင်းဆီမှာ ထာဝရ မယိမ်းမယိုင် ခိုင်မြဲမယ့် လမ်းစဉ်မူဝါဒတစ်ခုတော့ ရှိရမယ်၊ မရှိသေး ရင်လည်း အဲဒီတစ်ခုကိုတော့ သတ်မှတ်ထားရမယ်"

"ငါကတော့ ငါ့ကိုယ်ငါ နှုတ်ဝါဒီသမားလို့ပဲ ရိုးရိုးသားသား သတ် မှတ်ထားတယ်၊ နှုတ်ဝါဒီဆိုတာရဲ့ မူလဘူတ၊ အခြေခံသဘောတရားကတော့ 'ဝါးတီးဖွင့်ဖို့'ဆိုတဲ့အပေါ်မှာ အစိကထားတယ်။ သူ့ဘာသူ ကိုယ့်အပေါ် ဘယ် လိုသဘောထားထား ဘယ်လိုပဲဆက်ဆံဆက်ဆံ၊ ကိုယ့်ရဲ့မူလဘူတ အခြေခံ သဘောတရားဖြစ်တဲ့ ဝါးတီးဖွင့်ဖို့ဆိုတာကိုတော့ မမှိတ်မသုန် မပျက်မကွက် ဆောင်ရွက်ပေးရမယ် ဆိုတာပေါ့၊ အေး အဲဒီမှာ ကိုယ့်ရဲ့မူဝါဒလမ်းစဉ်ကို ထိခိုက်လာနိုင်တဲ့ ပါးရိုက်နားရိုက်ခံရခြင်း အထုအထောင်းခံရခြင်း၊ နင်ပဲမဆုံ ဆဲဆိုကြိမ်းမောင်းခံရခြင်းဆိုတဲ့ အပနိကလေးတွေကို လျစ်လျူရှုထားတတ်ရ မယ်၊ ပြီးရင် ဝါးတီးမှန်မှန် ဖွင့်ရမယ်၊ ဒါပဲ၊ ဟုတ်ပြီနော်"

"ကဲ ပြီးရင် နောက်တစ်ခုရှိတယ်၊ အဲဒါကိုတော့ မိန်းအကျဆုံး အရေးကြီးဆုံးအချက်လေးတစ်ခုအဖြစ် မင်းအမြဲသတိထားနှလုံးသွင်းထား ရလိမ့်မယ်၊ အဲဒါကတော့ မင်းရဲ့အတ္တကို ဖြစ်နိုင်ရင် လုံးဝမဖြစ်နိုင်သေးရင် လည်း အတတ်နိုင်ဆုံး ဘေးဖယ်ထားရမယ် ဆိုတာပဲ"

"အဲဒါကိုလည်း ရှင်းပြရဦးမယ်ဆိုရင်တော့ ဒီလိုကွ၊ မင်းဆီမှာ အဲ...

www.burmeseclassic.com

www.burmeseclassic.com



လောက်လောက်လားလားနဲ့ လက်ညှိုးထိုးပြစရာ မိန်းမဆိုတဲ့ဟာကြီး ရှိနေ တော့ မင်းဆိုတဲ့အတ္တကြီးက မလိုတော့ဘူး၊ မင်းရဲ့ဆန္ဒတွေ တပ်မက်စွဲလမ်း ခြင်းတွေ တစ်ခုမှရှိစရာမလိုတော့ဘူးဆိုတဲ့သဘော၊ ဥပမာ မနေ့ကညနေက ငါအရက်ထွက်သောက်တယ်၊ ဘာကြောင့်လဲ၊ ခင်းကြောင့်၊ ပြီးတော့ အရက် အရမ်းမူးသွားတယ်၊ အဲဒါ ဘာကြောင့်လဲ၊ ငါ့ကြောင့်မဟုတ်ဘူးကွ၊ ခင်းကြောင့် ပြီးတော့ စက်ဘီးမှောက်ကျန်ခဲ့တယ်၊ ပျောက်သွားတယ်၊ ဒါလည်း ငါ့ကြောင့် မဟုတ်ဘူး၊ ခင်းကြောင့်ပဲ၊ ဟိုကွာ ငါ့ဘာငါ ဘာလုပ်လုပ် ဘယ်လိုနေနေ ဘာ စားစားသောက်သောက် အဲဒါအားလုံးဟာ ခင်းကြောင့်ကြီးပဲလို့ ခံယူထားတာ ငါ့ကြောင့် ငါ့ပစ္စည်း ငါ့ဟာ ငါ့တာဝန်ဆိုတဲ့ ငါစွဲ ငါ့အတ္တတွေကို အကုန်ဖျေ ထားတယ်၊ ပစ်ထုတ်ထားတယ်၊ ဒါပဲ၊ ငါ ဘာလုပ်လုပ် ခင်းကြောင့်၊ ငါဘာ ဖြစ်ဖြစ် ခင်းကြောင့်ချည်းပဲ ရှင်းတယ်နော်"

ခင်ဗျားတို့တော့မသိဘူး။ ကျွန်တော်တော့ဗျာ အံ့ဩပြီးရင်းအံ့ဩ အားကျရမှာလား လေးစားလိုက်နှာ အတုယူရမှာလား ဘာလားမသိ တွေ မရ ဒွိဟ တြိဟ စတ္တုဟ် စိတ်တွေဗရပွနဲ့ သူ့ရဲ့ဗလစ်ဗလစ်နဲ့ နန်းစတော့ပြော နေတဲ့ ဗျူဟာပေါင်းစုံကို နားထောင်နေရတယ်၊ မကြားဘူးတဲ့စကားတွေကြား မတွေးဘူးတဲ့အတွေးတွေကြား ယောင်တောင်ပေါင်တောင်နဲ့ အငုတ်တည်ပြီး ထိုင်ပေးနေမိတယ်။ သူကတော့ ရေအေးကြမ်းကြီး ဂလုဂလုဆိုသောက်လိုက် ဆေးလိပ်တိုကြီးကို ရှလူးရှလူးဖွာလိုက်နဲ့ အရှိန်တွေရပြီး တော်ကီတွေပွနေတာ ပွနေ တာ၊ ကိုယ့်မှာတော့ ကိုယ့်စကားနဲ့ကိုယ်မို့ ကိုယ့်ဘာကိုယ်ဖင်ယားထားတဲ့ ကိစ္စမို့ ချောင်ပိတ်မိသလိုဖြစ်ပြီး ထိနေတာပေါ့။

"တကယ်ကျတော့ ဆပုံရဲ့ ခုန ငါပြောခဲ့တာတွေက ရှေးအတီတော ကတည်းက သူတော်ကောင်းဆိုတာကြီးတွေရဲ့ထုံးကို နှလုံးမူထားတာတွေပဲကွ မြင်လား၊ သူတော်မှ ငါစားရမယ်၊ ငါစားမှ ငါကောင်းနိုင်မယ် ဆိုတာမျိုးပေါ့ ဟော့ အဲလို ဆင်ခြင်ကြည့်လိုက်တော့မှ ငါက သူတော်ကောင်းဆိုတာကြီး စင်စစ်ကေန်ဖြစ်တာကို တွေ့ရတော့တာကိုးကွ အဟေ့ အဟေ့"

"ကဲ ခုငါပြောခဲ့တဲ့ အဲဒီအချက်တွေကို ပကတိအမြင် သတိတရားနဲ့ ဆင်ခြင်ကြည့်လိုက်တော့မှ ဘယ်လိုမှ မထင်မှတ်စရာတစ်ခုကို အမှန်အကန်



ကြီး ထပ်တွေ့လိုက်ရတာက"

"အလို ရလေ့ ရလေ ငါသည်ကား ပညာရှိ ပညာရှင် အစစ်အမှန် ကြီး ဖြစ်တော့သကိုး"ကွနော့။

ကြည့်စမ်း၊ ကြည့်ကြစမ်းတော့ဗျာ။ ခင်ဗျားတို့တော့ ဘယ်လိုနေမလဲ၊ ဘယ်လိုခံစားမလဲတော့ မသိဘူးဗျာ၊ ကျွန်တော်ကတော့ ဒီလူ့ကို တကယ့် တီကောင် အင်အင်းလို့ပဲ သဘောထားလိုက်တော့တယ်။

တီကောင်အင်းအင်းဆိုတာ သိလား။

လူ့ရဲ့အင်အင်းဆို ခွေးအတွက် အစာအဖြစ် အသုံးဝင်သေးတယ် ဗျာ။ ဟော ခွေးရဲ့အင်အင်းကျ တီကောင်ရဲ့အစာ ဖြစ်နိုင်သေးတယ်။ တီ ကောင်ရဲ့ အင်အင်းကျ ဘယ်ကောင့်အတွက်မှ ဘယ်သူမှစားလို့မရတော့တဲ့ သဘောလေ။ အင်အင်းရဲ့အင်အင်းထက် အင်အင်းပိုကျတဲ့ အင်အင်းကောင် ကြီးဗျာ။ ကဲ ပြောမိပြီ အဲလို။

"ဒါနဲ့ ဦးလေဗျော့ရယ်၊ ခင်ဗျားတို့နှစ်ယောက် ဘယ်လိုဘယ်ပုံနဲ့ ညားခဲ့ကြတာတုန်းဗျ"

ဆိုတော့ ခင်းကြီးက အတိတ်ကို ပြန်ပြောင်းသတိရတဲ့ ပုံစံမျိုးနဲ့ ဟိုးအဝေးကြီးဆီ အကြည့်ကို ပစ်ထုတ်လိုက်ပြီး

"အဲဒါက ဒီလိုကွ"

"တစ်နေ့ကျတော့ပေါ့ကွာ၊ ခင်းနဲ့ငါနဲ့ ဆရာတော်ဘုရားကြီးရဲ့ ကျောင်းဝင်းထဲက သောက်ရေကန်ကြီးမှာ ရေခပ်ရင်းဆုံတော့ သူက ငါ့အနား ကပ်ပြောတယ်ကွ"

"ကိုဗျော့ ရှင်နဲ့ကျွန်မ ဘုရားပွဲညက ဟောဒီဘုန်းကြီးကျောင်းထဲ အတူတူအိပ်ခဲ့တာကို ရှင်မေ့နေပြီလားဟင်"တဲ့။

"ငါ့ကွာ လူပျိုငေါက်တောက်လေးကို အပျိုအငန့်လေးက အဲလိုပြော တယ်ဆိုတော့ စဉ်းစားသာကြည့်တော့၊ အမွေးတွေ အတောင်တွေ ထောင်ထက် ကုန်ပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိနဲ့ အဲ့တုန်းကတော့ အငြေ့အကြံုတာ လည်းမရှိ အတွေးအခေါ်ကလည်း မရင့်ကျက်သေးတော့ ငါ့မှာကွာ ဝေမရ ခွဲမရနဲ့"

"ဟင် ဟုတ်လားပေါ့၊ အဲလိုလေး မေးမိတယ်၊ ဒီတော့ ဒင်းက ပြုံးစစ မျက်နှာပေး ရှက်တက်တက်လေးသံနဲ့"

"ထင်တော့ထင်သား၊ ရှင်ကတော့ ခုလိုပဲမေ့နေမှာပဲလို့၊ ပြီးတော့ ခုလိုပဲ မေးမှာပဲလို့၊ ရှင်တို့ယောကျ်ားတွေဟာလေ အဲဒါတွေကြောင့်ခက်နေတာ၊ သိလား ဟင့်"

"ဆိုပြီး မူပိုပိုမြူသလိုလို လုပ်နေတာနဲ့ ငါလည်း ဒီလောက်တောင် ဖြစ်ခဲ့ပြီးမှတော့ ငြင်းလို့မကောင်းတော့ပါဘူးလေဆိုပြီး ကိုယ့်ရဲ့အလေးမထား တတ်တဲ့ မေ့တတ်တဲ့စိတ်ကို ကိုယ့်ဘာကိုယ် အပြစ်ပေးတဲ့အနေနဲ့ဆိုပြီး သူ့ကို တစ်ခါတည်းနိုးပြေးခဲ့မိတော့တာပဲ"

ကျွန်တော်က ဟင်းခနဲ သက်ပြင်းချလိုက်သံ ကြားတော့မှ ဦးလေဖျော့က ကျွန်တော့်ဆီ အကြည့်ပြန်ပို့ရင်း

"နေဦးကွ မပြီးသေးဘူး၊ အဲလိုနိုးပြေးပြီးတော့မှ ငါက အေး ဒါကတော့ တစ်ခုခုတော့ တစ်ခုခုပဲဆိုပြီး သူ့ကို ကြိတ်ပြီးပြန်မေးကြည့်ရတော့တာပေါ့"

"မင်းနဲ့ငါ ဘုန်းကြီးကျောင်းထဲ အတူတူအိပ်ခဲ့တယ်ဆိုတာ ဘယ်လိုလဲဟင်၊ ဘယ်နေရာမှာလဲဟင်ပေါ့၊ ဒင်းကြီးက ရယ်ကြဲကြဲမျက်နှာကြီးနဲ့ ငါ့ ဆံပင်မွေးတွေကို ဟောသလို ဟောသလို ဆွဲဖွပစ်ပြီး

"တော်ကလဲလေ၊ ရှက်စရာကြီးကို ဟင့်ဟင့်"

ဆိုပြီး

"ကျောင်းကြီးပေါ် အတူအိပ်ခဲ့တယ်ဆိုတာ ကျွန်မက ဆွမ်းကွမ်းချက်ရင်း မီးဖိုဘေးမှာလေ၊ တော်က ဝေယျာဝစ္စလုပ်ရင်း ဆရာတော်ဘုရားကြီးရဲ့ ခြေရင်းမှာပေါ့တဲ့ကွာ၊ ကိုင်း ကောင်းရော၊ အဲဒီအချိန်မှာ ကိုယ်က သူ့ကို နိုးပြီးနေပြီ၊ ပြေးခဲ့ပြီးနေပြီ၊ ပြီးရောပေါ့"

ပြီးတော့ ပြောသေး

"အတိတ်ကို အတိတ်မှာပဲထားခဲ့ပါတော့ ဖျော့ဖျော့ရယ်"တဲ့၊

"ဘာရမလဲ ငါလည်း အဲဒီကတည်းက တစ်ခါတည်း ဟောသလို ပြောပလိုက်တယ်ကွ"




"အနာဂတ်ဆိုတာမှာ ဘာမှမရှိနိုင်တဲ့ ပစ္စုပ္ပန်ကလူတစ်ယောက် အတွက် အတိတ်ကိုပါ ထားခဲ့ရမယ်ဆို ဘာကျန်တော့မှာလဲ အေးပူလေးရယ် လို့"

ပေါက်သွားပြီ၊ ကျွန်တော်သဘောပေါက်သွားပြီ။ ဒီဘာမှမဟုတ် တဲ့လူရဲ့ ဘာမှန်းမသိနိုင်တဲ့ ဦးတည်ရာမဲ့စကားတွေကို ဘယ်လိုမှဆက်ပြီး နားထောင်ဖို့မသင့်တော့မှန်း နားထောင်ဖို့မလိုတော့မှန်း လုံးဝသိသွားပြီမို့ ကိုယ် အားထားသောက်ထားတဲ့ ရှယ်တွဲကြီးဆိုတဲ့ ရှယ်တွဲဖိုးကို စားပွဲထိုးမျက်နှာပြောင် ကြီး ခေါ် ရှင်းလိုက်ပြီး ခုတိုင် ထိုင်နေတုန်းဖြစ်တဲ့ ဦးလေဖျော့ကြီးနဲ့သူ့ရဲ့ ဟာဗျူဟာ နည်းဗျူဟာဆိုတာတွေထက် ကြီးကျယ်မြင့်မြတ်နေတဲ့ 'အဂ္ဂဗျူ ဟာ'ကို ယဉ်ကျေးမှုအရ ကုလားလိုထောက်ခံ မွေထိုင်းလို အရိုအသေပေးပြီး ထွက်ခဲ့တော့တယ်။

(ကုလားလို ထောက်ခံတယ်ဆိုတာ ခေါင်းကို ဖြည်းဖြည်းလေးခါပြ တာလေ၊ မွေထိုင်းလက်ဝှေ့သမားလို အရိုအသေပေးတယ်ဆိုတာက ဖင်ကို နုံးလေးချက်လောက် ရှေ့ကို ကညော့ထိုးပြတာ ပြောတာပါ)

ဖိုးဗလုံး




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## ဒိတ်ဒိတ်ကြဲ

"မင်းဘယ်လိုသဘောရလဲ"

လင်းမြတ်၏အမေးကို လက်ဘက်ရည်ဝိုင်းတွင် ထိုင်နေကြသော နေလင်း၊ သိန်းဇော်နှင့်အောင်ဖြိုးတို့ သုံးဦးစလုံး ခေါင်းထောင်ထသွားသည်။ ရေနွေးကြမ်းမှုတ်ပြီး သောက်မလို့လုပ်နေသည့် အောင်ဖြိုးက

"ဘာလဲဟ၊ အရင်းမရှိ အဖျားမရှိ၊ ဘယ်ဟာကို ဘယ်လိုသဘော ရရမှာလဲ"

"ကိုယ့်အိမ်ပေါ်တက်ပြီး ကိုယ့်ကို ဘလိုင်းကြီး လာစော်ကားနေတဲ့ ဟိုမိုးမခဆိုတဲ့ မိန်းမကြီးကို ဘယ်လိုသဘောရလဲလို့ မေးတာ"

သိန်းဇော်က လက်ဘက်ရည်ခွက်ကို ဆောင့်ချရင်း

"အေး ဒီမိန်းမကြီး တော်တော်တော့ အကြောကြီးကွနော်၊ လူကို သူမွေးထားတဲ့ ကလေးကျနေတာပဲ၊ အော်လိုအော် ငေါက်လိုငေါက်နဲ့"

အောင်ဖြိုးကလည်း ခံစားချက်ကြီးနှင့် ဝင်ပြော၏။

"အော်တာငေါက်တာ ထားပါကွာ၊ ဆရာနဲ့တပည့်ပဲ၊ လက်ပါတာ တ ဆိုးတာ၊ အနိုင်ကျင့်နေပုံက မသိရင် ထောင်ထဲရောက်နေသလိုပဲ"



လင်းမြတ်က သက်ပြင်းချရင်း ညှိုးသံလိုနှင့်မေးသည်။

"ဟုတ်ပါပြီ၊ ငါဆိုလိုတာက ခုလို သူလုပ်သမျှ ခေါင်းငုံ့ခံပြီး ဒီလို ပဲ အတင်းထိုင်တုတ်နေမှာလား၊ ဒါမှမဟုတ် လက်တွေ့ လက်တုန့်ပြန်မလား။ ဒါကိုမေးတာ"

"အောင်မလေး လုပ်ချင်တာမှ လက်ကိုယားနေတာပဲ၊ ဘယ်လိုလုပ် ရမှာလဲ"

လင်းမြတ်က လေးလေးနက်နက်ပြောသည်။

"ကြံရမှာပေါ့၊ ငါတို့တွေလဲ အရပ်ထဲလမ်းထဲ ကျောင်းထဲမှာ ကျား တွေပဲဟာ၊ နဂါးမှန်းသိအောင်တော့ အမောက်ထောင်ပြရမယ်၊ လူလုပ်ရင် လူတောင်ဖြစ်သေးတာပဲ"

အောင်ဖြိုးက ကြောက်လန့်တကြားနှင့်

"ဘာ ဘာပြောတယ်၊ မင်းက ဆရာမကို အတင်းကြံပြီး"

"လုပ်ပြီ ပေါက်ကရ ငါလား ဒါမျိုးကြီးကို စိတ်ဝင်စားမှာ၊ ငါဆိုလိုတာ က ငါတို့ပညာပေးလိုက်လို့ ဆရာမမိုးမခ ကျွတ်သွားတာမျိုး၊ နောင်တရပြီး အပိုးကျိုးသွားတာမျိုး အဲလိုအကြံတစ်ခုခုပေါ့ကွာ"

သိန်းဇော်က သူ့ဘာသူတွေးရင်းပြောသည်။

"အင်း အင်း ဟုတ်ပြီ၊ ဒီလိုလုပ်ရအောင်၊ အင်း မကောင်းပါဘူး။ အေးအေး ဒီလိုဆိုရင်ရော၊ အာ မကောင်းဘူး မကောင်းဘူး"

"ကဲ ဘာအကြံမှလဲ ထွက်တာမဟုတ်ဘူး။ တိုးတိုးစဉ်းစားကွာ"

လင်းမြတ်ကပြောပြီး သူလဲ နက်နက်နဲနဲတွေးသည်။ လင်းမြတ်က စားပွဲကို လက်ဝါးနှင့်ရိုက်ရင်း

"သိပြီ၊ သိပြီ၊ မနေ့က ငါတို့ကို ဘာမှာသွားလဲ"

အားလုံးက ဝမ်းသာအားရထအော်၏။

"သူငယ်တန်းစာအုပ်"

"အာ ငါပြောတာက သူငယ်တန်းစာအုပ်မဟုတ်ဘူး၊ အလက်ဘုတ် ကြီးကြီးနဲ့ မြေဖြူတစ်ဘူး လုပ်ပေးဖို့ပြောတယ်လေ၊ အဲဒါအကွက်ပဲ"

"အကွက်"

www.burmeseclassic.com

www.burmeseclassic.com



အားလုံးက ဂန္ဓဝင်ဂယောင်၊ ကရုဏာဂယောင်၊ ကောင်းကင်ဂယောင်၊ မြင့်မိုရ်ဂယောင် ချည်းပဲ မဟုတ်လား။ ဘာပဲလုပ်လုပ် ဝါးတားတားချည်းပဲပေါ့။

အားလုံးက ကြောင်စီစီနှင့် သံယောင်လိုက်ကြသည်။

"အေး အကွက်"

"ဘာအကွက်လဲ"

အောင်ဖြိုးက ကြောင်စီစီနှင့်မေး၏။

"သိချင်ရင်လိုက်ခဲ့ကြ၊ ဟေး ဒီမှာ စားပွဲပေါ်မှာ ပိုက်ဆံတင်သွားပြီဟေ့"

လင်းမြတ်က စားပွဲထိုးကို အော်ပြောပြီး အလောတကြီး ထထွက်သွား၏။ အောင်ဖြိုးတို့ သုံးယောက်ကလည်း တစ်ယောက်ကိုတစ်ယောက် တွန်းထိုးကြရင်း လင်းမြတ်နောက်သို့ ဘုမသိဘမသိနှင့် ပြေးလိုက်သွားကြ၏။ အားလုံးက ဂန္ဓဝင်ဂယောင်၊ ကရုဏာဂယောင်၊ ကောင်းကင်ဂယောင်၊ မြင့်မိုရ်ဂယောင်ချည်းပဲ မဟုတ်လား။ ဘာပဲလုပ်လုပ် ဝါးတားတားချည်းပဲပေါ့။

× × ×

လင်းမြတ်က လမ်းထိပ်ရှိ ကုန်မာပစ္စည်းဆိုင်သို့ဝင်၍ ရှစ်ပေလေးပေ ငါးထပ်ပြားတစ်ချပ်၊ သင်ပုန်းသုတ်ဆေးတစ်ပူး၊ မြေဖြူဘူးကြီးတစ်ဘူးနှင့် ကြွတ်ထောင်ချောက်တစ်ခုဝယ်၏။

"ဟေ့ကောင် လင်းမြတ်၊ ကြွက်ထောင်ချောက်က ဘာလုပ်ဖို့လဲ"

သိန်းဇော်က နားမလည်နိုင်စွာမေး၏။ လင်းမြတ်ဖြေတာက တစ်ခွန်းတည်း။

"အကွက်"

"အကွက်"

အားလုံးက ပါဝါ(၃၀၀)သမား ဝါးတားတားချည်းမို့ သံယောင်သာလိုက်နိုင်၏။

× × ×

ဆရာမမိုးမခ လင်းမြတ်တို့အိမ်ထဲသို့ ဝင်လာ၏။ နံရံတွင်ကပ်ထား



သော black board အသစ်ကြီးကို မြင်ရ၏။ black boardရှေ့တွင် ခါတိုင်းနေ့များနှင့်မတူ အင်မတန်ရိုကျိုးလှစွာ ထိုင်နေကြသော တပည့်များကို တွေ့သဖြင့် စိတ်ထဲက ထင့်ခနဲတော့ တစ်ချက်ဖြစ်သွား၏။ သူ၏ကျောင်းသားများကို တစ်ချက်စူးစမ်းကြည့်မိသည်။ အားလုံးက အငြိမ်။ ရှိသေလို့၊ ရိုးသားလို့။ ဒီလောက်ရိုးသားနေပုံထောက်ရင် မရိုးသားတော့ဘူး။

မိုးမခက ကျောက်သင်ပုန်းရှေ့တွင် ချထားသောစားပွဲခုံသို့သွား၍ သူ၏ဆွဲခြင်း လက်ကိုင်အိတ်များကိုချ၏။ လင်းမြတ်တို့လေးယောက်လုံးကို သေသေချာချာ စူးစမ်းကြည့်၏။ အားလုံးကအငြိမ်။

စာရေးဖို့ black board ဖက်လှည့်သည်။ မြေဖြူမရှိသေး။

"မြေဖြူမဝယ်ရသေးဘူးလား"

ငြိမ်ဝပ်နေသောကျောင်းသားများ ရုတ်ခနဲလှုပ်သွားသည်။ လင်းမြတ်က

"ဟေ့ ဟေ့ကောင်တွေ၊ ဆရာမ မြေဖြူလိုပြီတဲ့၊ သွားပေးလိုက်လေ"

အောင်ဖြိုးက တစ်ချက်ကြိတ်ပြုံးလိုက်ရင်း မြေဖြူဗူးလေးကို ရှူရှူ


www.burmeseclassic.com

www.burmeseclassic.com



လေးကိုင်လာကာ ခါးကိုကိုင်းလျက် ရှိသေစွာကမ်းပေး၏။

"ဒီမှာမြေဖြူဘူးပါဆရာမ၊ နှိုက်ပါ ဆရာမ"

မိုးမခက လင်းမြတ်၊ သိန်းဇော်နှင့် နေလင်းတို့ကို အကဲခတ်ကြည့်၏။ အားလုံးက မျှော်လင့်ချက်များစွာနှင့် အရောင်တောက်နေသော မျက်လုံးများနှင့် သူ့ကိုစူးစမ်းကြည့်နေကြသည်။ အောင်ဖြိုးက ခါးကိုင်းနေရာက အနောက်လှည့်ကြည့်ကာ မျက်စိမှိတ်ပြနေသေး၏။ အားလုံးက အားပါးတရ ရယ်ဖို့အတွက် စောင့်နေပုံမျိုး။ အောင်ဖြိုးက တိုက်တွန်းပြန်၏။

"နှိုက်လေဆရာမ၊ အထဲမှာ မြေဖြူရှိတယ်"

မိုးမခက အံ့သြဟန်နှင့်

"ဟဲ့ အောင်ဖြိုး၊ နင်လက်သည်းမညှပ်ဘူး၊ နင့်လက်သည်းမှာ ချေးတွေချည်းပဲ"

အောင်ဖြိုး တစ်ချက်ကြောင်သွား၏။

"ဗျာ ဆရာမ၊ ညှပ်ထားပါတယ်၊ ဒီမှာကြည့်ပါလား"

အောင်ဖြိုးက လက်ခုံမှောက်လျက် သူ့လက်ကို မိုးမခအရှေ့ထိုးပြ၏။

မိုးမခက လက်သည်းကို ကြည့်သလိုနှင့် အောင်ဖြိုး၏လက်ကို မြေဖြူဘူးထဲ ဖိတွန်းချလိုက်သည်။

"ပြောင်း"

"အိ"

အောင်ဖြိုး၏မျက်နှာက ချက်ချင်းကြီး နီတက်လာ၏။ ရုတ်တရက် သွေးဆောင့်တိုးလာသလိုမျိုး။ ပြီးမှ အာခေါင်ခြစ်သံကြီးနှင့်

"အား"

အောင်ဖြိုး၏လက်ကို မိုးမခက ပြန်ဆွဲထုတ်ပေးလိုက်၏။ လက်ဖြူးတွင် ကြွက်ထောင်ချောက်ကြီး ညှပ်လျက်ပါလာ၏။

"ကဲ ဘယ်သူ့လက်ချက်လဲ မမေးဘူး၊ ကျောင်းသားက နင်တို့လေး ယောက်ပဲရှိတဲ့အတွက် နင်တို့လေးကောင် ပေါင်းလုပ်တယ်ဆိုတာ ငါသိတယ်၊ ဘယ့်နှယ်လဲ အောင်ဖြိုး၊ မြေဖြူနှိုက်ရတာ အရသာရှိရဲ့လား ဟင်"



အောင်ဖြိုးမပြောနိုင်။ ပါးစပ်ကြီးဖေ့ပြီး မျက်ရည်တွေတွေကျနေသော မျက်လုံးများနှင့် သူ့လက်ထိပ်ကို ညှပ်နေသော ကြွက်ထောင်ချောက်ကို ကြည့်နေသည်။

"ဘာကြောင်ကြည့်နေကြတာလဲ၊ ဖြုတ်ပေးလိုက်ကြစမ်း"

အားလုံးက ရုတ်ရုတ်သဲသဲနှင့် အောင်ဖြိုးလက်မှ ကြွက်ထောင်ချောက်ကို ထဖြုတ်ပေးကြ၏။

"နင်တို့ငြိမ်နေကတည်းက တစ်ခုခုတော့ ကြံထားပြီဆိုတာ ငါသိတယ်၊ ဒါနဲ့ စေ့စေ့စပ်စပ်ကြည့်လိုက်တော့ အောင်ဖြိုးအံဆွဲထဲမှာ မြေဖြူချောင်းတွေ ပြန့်ကျဲနေတာ တွေ့တယ်၊ အဲဒီထဲက ဘာလုပ်ထားပြီလဲဆိုတာ ငါသိတယ်၊ ငါ့အတန်းမှာ စာသင်ရင် ငါ့ကိုကြိုက်သလို ယှဉ်ပြိုင်လို့ရတယ်၊ အေး ကိုယ်ပြန်ခံရရင်တော့ ငါ့အဆိုးမဆိုနဲ့၊ ကဲ ဒီနေ့လုပ်ရပ်ကို အပြစ်ပေးတဲ့အနေနဲ့ Aကနေ Zအထိ အခေါက်တစ်ရာစီရေးကြ"

မိုးမခက ပြောပြီး ကုလားထိုင်တွင်ထိုင်ကာ သူ့ခြေသည်းများကို ဆေးဆိုးနေတော့သည်။

လင်းမြတ်တို့အဖွဲ့က မကျေမနပ်နှင့် တကုတ်ကုတ်ထိုင်ရေးနေကြသည်။

"ဟိုကောင်အောင်ဖြိုး ရေးလေ"

အောင်ဖြိုး ငိုမဲ့မဲ့နှင့်ပြောသည်။

"ဟို ဟို လက်က မဟားဒယားကြီး နာနေလို့ပါဆရာမ"

"နင့်နာတဲ့လက်က ဘယ်ဖက်လက်၊ စာရေးရမှာက ညာဖက်လက်၊ ဘာဆင်ခြေမှ ပေးမနေနဲ့၊ ရေး"

အောင်ဖြိုး ငိုမဲ့မဲ့နှင့် ရေးရရှာသည်။

အနေဆွ တော်

| | |
|---|---|
| မှတ်နော် မှတ် | ဘာလုပ်လုပ် သေချာဖို့လိုတယ်။ မသေချာရင် ငွေရင်းတောင် ကျန်မကောက်ဘူး။ ပင်းယုန်လို့ |

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# ယုန်နှင့်လိပ်တို့၏ ထော်သယ်အပြေးပြိုင်ပွဲကြီး

တစ်နေ့သော် လိပ်တစ်ကောင်သည် အညောင်းပြေ အညာပြေအလို့ငှာ ၎င်းတို့တောအုပ်ကြီး၏အလယ်၌ရှိသော ရေကန်ကြီး၏ဘေးပတ်လမ်းအတိုင်း လမ်းလျှောက်လာခဲ့လေ၏။

၎င်းလိပ်သည် လွန်စွာမှ စာဖတ်ဝါသနာကြီးသူဖြစ်ရကား ၎င်း၏ခါးကြား တွင် စာအုပ်လေးတစ်အုပ်ကိုလည်း ထိုးညှပ်၍ ထားလေ၏။ အနည်းငယ် လမ်း လျှောက်ပြီးသည့်နောက် အတန်ငယ်မောလာပြီဆိုလျှင် သစ်ပင်အရိပ်ကောင်း ကောင်းတွင် ထိုင်၍နားကာ ခါးကြားမှ စာအုပ်ကိုထုတ်၍ အမောဖြေရင်း အဖတ် ကြီးဖတ်လေတော့၏။

ယခုလည်း ကိုရွှေလိပ်သည် ကုက္ကိုလ်ပင်ကြီးတစ်ပင်အောက်၌ထိုင်ကာ နှုးခေါင်းတစ်ဖက်ပေါ်၌ အခြားခြေထောက်တစ်ဖက်ကိုချိတ်၍ အခန့်သားထိုင်ရင်း စာအုပ်တစ်အုပ်ကို ဖတ်နေခဲ့လေ၏။ ၎င်းဖတ်နေသောစာအုပ်တွင် ရှေးအခါက ယုန်တစ်ကောင်နှင့် လိပ်တစ်ကောင်တို့ အပြေးပြိုင်ကြရာ အမျင်းထူသောယုန် သည် မရှုမလှ ရှုံးနိမ့်၍ အရှက်ကွဲသွားရသည့်အကြောင်း ပါရှိလေ၏။ လိပ်သည် ထိုစာကိုဖ( )ပြီးနောက် တဟားဟားဖြင့် သဘောအကျကြီး ကျနေလေတော့၏။

ထိုအချိန်မှာပင် သူ့အတွေးနှင့်သူ ဝေး၍ လမ်းလျှောက်လာသော ယုန်ဝဝကြီးတစ်ကောင်သည် စာအုပ်ထဲ၌ အာရုံစိုက်နေသည့် လိပ်အား မတော် တဆ ဝင်၍တိုက်မိလေတော့၏။ စာအုပ်ကိုဖတ်ပြီး လိပ်သွေးကြွနေသော ကိုရွှေလိပ်သည် ဆတ်ဆတ်ထိမခံ ရန်တွေ့လေတော့၏။ ဖိုးရွှေယုန်ကလည်း အတောင်းပန်ကြီး တောင်းပန်၏။ သို့ပါသော်ငြား ၎င်းတို့နှစ်ဦး၏ပြဿနာသည် အကျယ်ကျယ် မငြိမ်းမှုယ်ဖြစ်လာလေတော့၏။ သူတစ်ခွန်း ကိုယ်တစ်ခွန်း ခွန်းကြီးခွန်းငယ် စကားများကြလေ၏။



ကိုရွှေလိပ်ကလည်း စာအုပ်ကို လက်ဝါးဖြင့် တဖျန်းဖျန်း ပုတ်ရင်း

"ဘာမှတ်နေလဲ၊ ခင်ဗျားဟာ စာအုပ်စာပေနဲ့လည်း မနီးစပ်ဘူးထင်ပါရဲ့ လေးတန်းကျောင်းသားလောက်ဆီမှာလည်း သွားပြီး နည်းနာခံကြည့်ပါဦး ကျုပ်တို့လိပ်တွေဟာ ရာဇဝင်မှာ ဘယ်လောက်တော်ကြောင်း၊ ဘယ်လောက် ကောင်းကြောင်း ခင်ဗျားသိသွားပြီး ညအိပ်ရာဝင်ခါနီးတိုင်း လိပ်တွေကို ရှိခိုးပြီးမှ အိပ်ချင်စိတ်ပေါက်သွားမယ်။ ဘာမှတ်နေလဲ"

ဟု ပြောလျှင် ဖိုးရွှေယုန်ကလည်း

"ဘာမှမမှတ်ဘူး။ မင်းက လိပ်ဆိုတော့ လိပ်စာပဲ ဖတ်တာကိုးကွ၊ လိပ်ဖတ်စာထဲမှာတော့ လိပ်တော်ကြောင်းပဲ ရေးမှာပေါ့၊ ယုန်ဖတ်စာ နည်း နည်းပါးပါးလည်း ဖတ်ကြည့်လိုက်စမ်းပါဦး။ ယုန်ကလေးက နားရွက်ထောင် ပညာရှိပေါင်ခေါင် ဆိုတာမျိုးတွေ တွေ့ရမယ်၊ ယုန်ဖတ်စာထဲမှာဆိုရင် ယုန်တွေဟာ ပညာရှိတယ်ကွ၊ ပညာရှိလွန်းလို့ ကျားကြီးတွေကိုတောင် ပညာနဲ့ အနိုင်ယူထားတယ် ဆိုတာတွေ မင်းတွေ့သွားမယ်"

ဟု ပြန်၍ ခွန်းတုံ့ပြန်လေတော့၏။

ထိုသို့ မပြစ်စလောက် ပြဿနာမှသည် ယုန်နှင့်လိပ်တို့ ထိပ်တိုက် တိုးနေသည့်အနီးသို့ ကလေးကျောင်းပို့ပြီး ပြန်လာသော မျောက်တစ်ကောင် သည်လည်း ရောက်ရှိလာခဲ့လေ၏။ ခွန်းကြီးခွန်းငယ် ငြင်းခုံနေသော ယုန်နှင့် လိပ်အနီးသို့ မျောက်သည် စပ်စပ်စုစုဖြင့် လာပြီးရပ်လေ၏။ ထိုအခါ ယုန်နှင့် လိပ်ကလည်း ဖြစ်ကြောင်းရယ်မှ ကုန်စင်ကို သူ့ထက်ငါ ပြောကြ၏။ ထိုအခါ မျောက်က

"အေးကွ၊ မင်းတို့နှစ်ကောင် ငါ့ကို အားကိုးပယ်ဆိုရင်လည်း ကိုးစရာပေါ့ ဘာလို့လဲဆိုတော့ ငါတို့မျောက်စာအုပ်တွေထဲမှာ ငါတို့မျောက်တွေတော်တဲ့ အကြောင်းပဲ ဖတ်ရတယ်၊ မင်းတို့နှစ်ကောင် ဘယ်သူက တော်တယ် မတော် ဘူးတော့ ငါလည်း ရုတ်တရက် မဆုံးဖြတ်တတ်ဘူး။ ငါတို့တော်တာကတော့ အမှန်ပဲကွ၊ မယုံရင် ငါတို့ရဲ့မျောက်အဘိုးတို့ မျောက်အမေတို့ကို သွားမေး ကြည့်လေကွာ"

ဟု၍ မဆီမဆိုင် မျောက်ကိုယ်ရည်သွေးစကားကို ဆိုလာသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ယုန်နှင့်လိပ်မှာလည်း ခေါင်းကိုကုတ်ကြရလေတော့၏။

ဤသို့နှင့် ဈေးဝယ်ထွက်လာသော ဖေါက်မ၊ ငှက်ပျောသီး လည်ရောင်းသော ကိုမြင်း၊ တက္ကစီသမား မောင်ဖွဲ့တို့သည်လည်း ထိုအနီးသို့ရောက်လာကြပြီးလျှင် ယုန်နှင့် လိပ်၏ပြဿနာမှာ အများသဗ္ဗဝါဝို့ ပါဝင်လာကြကာ ရုံးရုံးရုံးစုနှင့် ဖြစ်လာလေတော့၏။

နောက်ဆုံးတွင် ယုန်နှင့်လိပ်တို့သည် အပြေးပြိုင်၍ အနိုင်အရှုံးကို ဆုံးဖြတ်ရန် အားလုံးက သတ်မှတ်ပေးလိုက်လေ၏။ ထိုအခါ ကိုရွှေလိပ်က

"တစ်ခုတော့ရှိတာပေါ့ဗျာ၊ ပုံပြင်ထဲကခေတ်နဲ့ ဒီနေ့ခေတ်က တူတော့ မတူတူးလေ၊ ပုံပြင်ထဲက လိပ်ဟာ ကြီးစားတယ်ဆိုပေမယ့် ကံကလည်း တော်တော် ကောင်းလို့ နိုင်သွားတာ၊ တကယ်ကတော့ အဲဒီလိပ်ဟာ တော်တော်တော့ ညံ့ တဲ့လိပ်ပဲဗျ၊ ယုန်နဲ့လိပ် သတ်မှတ်ချက်ချင်းအတူတူ အပြေးပြိုင်ရင်တော့ ဘယ်ဖြစ် မလဲ။ ကမ္ဘာကြီးကိုလည်း လေ့လာကြည့်လိုက်ဦး၊ မတရားတော့ လုပ်မယ် မကြံနဲ့ပေါ့ ပြေရင်းဆိုရင်း မီဒီယာတွေတောင် ဟိုကကြား ဒီကကြားနဲ့ ရောက် လာကြပြီ၊ ကျုပ်ကို ခရီးတစ်ဝက်တော့ အကျောပေးရလိမ့်မယ်ဗျ"

ဟု တောင်းဆိုလေ၏။

ကိုရွှေလိပ်ပြောသည့်အတိုင်းပင် ကြက်တူရွေးဂျာနယ်၊ လင်းနှို့ ကောင်စာစောင်၊ ပွတ်နေ့စဉ်သတင်းစာ၊ ခွေးနင့်ကြောင် ညီညွတ်ရေးဂျာနယ် စ သည့် စသည်တို့မှ သတင်းထောက်များသည် ကင်မရာကိုယ်စီကိုကိုင်လျက် ယုန်နှင့်လိပ်တို့ အငြင်းပွားရာနေရာသို့ ဝိုင်းအုံလာကြပြီဖြစ်လေတော့၏။

ကိုရွှေလိပ်၏တောင်းဆိုချက်ကို အချို့က သဘာဝကျသည်။ မျှတသည် ဟု ထောက်ခံကြ၏။ အချို့ကလည်း မူလရာဇဝင်ဟောင်း မပျက်ကောင်းဟုဆိုကာ ရှေးပုံပြင်ထဲကအတိုင်းပင် သတ်မှတ်ချက် တစ်ခုတည်းဖြင့် ပြိုင်ပွဲကျင်းပရန်သာ ထောက်ပြပြောဆိုကြလေတော့၏။ ဤသို့နှင့်ပင် ယုန်နှင့်လိပ်ပြဿနာ၏အနီးတွင် အစကပင် တစ်ကောင်နှင့်တစ်ကောင် စောင်နေခတ်နေကြသော ကန်ကြီးအရှေ့ ပိုင်းဆိုင်ရာ ခွေးပေါင်းစုံတို့၏ကိုယ်စားလှယ် ဦးဖိုးခွေးနှင့် ကန်ကြီးအနောက်ပိုင်း အေသလုံးဆိုင်ရာ ကြောင်အမျိုးမျိုးသမဂ္ဂတို့၏အတွင်းရေးမှူး ခေါ်ကြောင်မတို့သည် တစ်ကောင်နှင့်တစ်ကောင် သတ်မတတ် ဖြတ်မတတ် ငြင်းခုံကြလေတော့၏။



(မှတ်ချက် ။ ။ ယုန်နှင့်လိပ်တို့၏ ခေတ်သစ် အပြေးပြိုင်ပွဲတွင် မူဟောင်းအတိုင်း ကျင်းပသင့်သည်၊ မူသစ်ဖြင့် ကျင်းပသင့်သည် စသည်ဖြင့် အငြင်းအခုန်ဖြစ်ကြသော ဦးဖိုးခွေးနှင့် ခေါ်ကြောင်မတို့၏ပြဿနာသည် ထိုနေရာတွင်ပင် မပြီးတော့ဘဲ တိရစ္ဆာန်ပေါင်းချုပ်အသင်းကြီး၏ အထွေထွေညီလာခံသို့ပင် ရောက်ရှိသွားကာ ညီလာခံပျက်မတတ် ငြင်းကြခုန်ကြပြီး နောက်ဆုံးတွင် တိရစ္ဆာန် ဒီမိုကရေစီစနစ်ဖြင့် မဲခွဲဆုံးဖြတ်ရသည်အထိ ကြီးထွားသွားခဲ့လေ၏။ ထိုအကြောင်း မှာ ဤတတ်ထုပ်နှင့် တိုက်ရိုက်မဆိုင်လှသောကြောင့် နောင်အလျဉ်းသင့်မှ ရေးသား ဖော်ပြပါဦးအံ့။

စာရေးသူ)

အထက်က ယုန်နှင့်လိပ်တတ်ထုပ်ကို ဆက်ရသည်ရှိသော် ဂုဏ်သရေရှိ တိရစ္ဆာန်မင်းငါးဦးအား ဒိုင်အဖြစ် ရွေးချယ်တင်မြှောက်ကြပြီးလျှင် ယုန်နှင့်လိပ်တို့ သည် အပြေးပြိုင်ပွဲကြီးတစ်ပွဲ ကျင်းပကြလေတော့၏။ ထိုပြိုင်းနဲ့ပွဲသို့ ရောက်ရှိလာ သော တိရစ္ဆာန် နှစ်ဆယ့်နှစ်ကောင်အနက် ဆယ်ကောင်က လိပ်အား ခရီး တစ်ဝက် အကျောပေးသောစနစ်ကို ထောက်ခံကြ၏။ ခြောက်ကောင်က အပြင်း အထန် ကန့်ကွက်ကြ၏။ ခြောက်ကောင်ကမူ ကြားနေအဖြစ် နှုတ်ဆိတ်၍သာ နေလေ၏။

အသို့ဖြင့် ကန်တစ်ပတ် အပြေးပြိုင်ရန် သတ်မှတ်ထားသော ပြိုင်ပွဲတွင် လိပ်သည် ကန်တော်ကြီးတစ်ပတ်ခရီး၏တစ်ဝက်မှစ၍ ပြေးရလေ၏။ ကိုရွှေမျောက် နှင့် တက္ကစီသမား ကိုဖွဲ့တို့က လမ်းကြောင်းဒိုင်များအဖြစ် လိုက်လံကြီးကြပ်ကြလေ ၏။

ပြိုင်ပွဲစပြီးအတန်ကြာလျှင် ခရီးတစ်ဝက်ကစ၍ ပြေးရသော ကိုရွှေလိပ် အား ဖိုးရွှေယုန်သည် ကျော်တက်သွားခဲ့လေ၏။ ကိုရွှေလိပ်သည် မခံချင်ဇောဖြင့် ရင်နှစ်ခြမ်းပင် ဖျန်းဖျန်းကွဲမတတ် အားစိုက်၍ လိုက်လေ၏။ တအောင့်မျှကြာသော် သစ်ပင်ကြီးတစ်ပင် အောက်၌ ခွေခွေကလေးလဲ၍ အိပ်နေသော ဖိုးရွှေယုန်ကို တွေ့လိုက်ရလျှင် ကိုရွှေလိပ်သည် လွန်စွာမှ ဝမ်းသာသွားလေ၏။ ထိုနောက် အပျင်းကြီးကာ အိပ်ပျော်နေသော ယုန်အား တိတ်တိတ်ကလေး ကျော်တက်သွား နိုင်ခဲ့ပါလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်မြင်သံကြားတွင် မြင်ဖူးသည့်အတိုင်း ဂိုးသွင်းနိုင်လိုက်သော ဘောလုံးသမားပမာ အနီးတွင်တွေ့ရသည့် ဒေါ်ဆိတ်မအား ငှတ်အတင်းဖက်၍ ရွှေးသံရှဲရှဲဖြင့် ငှတ်အတင်း နမ်းလိုက်လေတော့၏။

ဤသို့ဖြင့် ပန်းတိုင်ကိုပင် လှမ်း၍ မြင်လာရပြီဖြစ်လေ၏။ သတ်မှတ်ထားသော ပန်းတိုင်တွင် နိုင်ငံ့ဦးသာမက တိရစ္ဆာန်အဆော်များများမှာလည်း စုရုံးစုရုံးဖြင့် ထိုပြိုင်ပွဲကို စိတ်ဝင်စားစွာ ဆီးကြိုနေကြလေ၏။ ထို့အပြင် ကိုရှေလိပ်အား အားပေးရင်း ဘေးနားမှ ခြံရံ၍ အော်ဟစ်လိုက်ပါလာကြသော တိရစ္ဆာန်များမှာလည်း မနည်းမနောပင် ရှိလေတော့၏။

ဤသို့ဖြင့် လိပ်သည် ပန်းတိုင်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်ရှိသွားလေတော့၏။ ယုန်ကိုကား အရိပ်အယောင်ပင် မတွေ့ရပါချေ။ ထို့ကြောင့် ကိုရှေလိပ်သည် ဂိုးသွင်းနိုင်လိုက်သော ဘောလုံးသမားများ၏ အတုကိုယူကာ လက်သီးလက်မောင်းတန်း၍ အော်ဟစ်၏။ ရှေ့ကျွမ်းနောက်ကျွမ်းထိုး၏။ ထို့အပြင် ရုပ်မြင်သံကြားတွင် မြင်ဖူးသည့်အတိုင်း ဂိုးသွင်းနိုင်လိုက်သော ဘောလုံးသမားပမာ အနီးတွင်တွေ့ရသည့် ဒေါ်ဆိတ်မအား ငှတ်အတင်းဖက်၍ ရွှေးသံရှဲရှဲဖြင့် ငှတ်အတင်း နမ်းလိုက်လေတော့၏။ ရုတ်တရက်လန့်သွားသော ဒေါ်ဆိတ်မကလည်း ကိုရှေလိပ်၏ပါးကို ဘယ်ပြန်ညာပြန် ချလိုက်လေတော့၏။

(ဒုတိယအကြိမ်မှတ်ချက် ။ ။ မိမိအား လူတော သူတော၊ အဲလေ တိရစ္ဆာန်တောတွင် ပါးကိုရိုက်ရပါမည်လောဟု ကိုရှေလိပ်က ဒေါ်ဆိတ်မအား အမှုဖွင့် တရားစွဲခဲ့၏။ ဒေါ်ဆိတ်မကလည်း အများတိရစ္ဆာန်ပုံအလယ်တွင် သူ့အားဖက်နမ်း၍ ကာယိန္ဒြေပျက်စေသည်ဟုဆိုကာ အပြန်အလှန် အမှုဖွင့်ခဲ့လေ၏။ ထိုအမှုမှာလည်း အဆင့်ဆင့်တက်သွားကာ နောက်ဆုံး တိရစ္ဆာန်လွှတ်တော်အထိ ရောက်ရှိသွားကြောင်း ကြားသိရလေ၏။ ဤဇာတ်လမ်းနှင့် တိုက်ရိုက် မပတ်သက်သောကြောင့် အကျယ်မရေးတော့ပြီ။

စာရေးသူ)

မိမိအနိုင်ရပြီဟုဆိုကာ ဝမ်းသာအားရ ခုန်ပေါက်နေသော ကိုရှေလိပ်အား မလှမ်းမကမ်းတွင်ရှိသည့် ဒေါ်ကြက်မက ကတော် ကတော်ဟု အော်ရင်း



လှောင်ပြောင်လေ၏။ ထိုအချိန်မှာပင် နိုင်ချုပ်ဖြစ်သော ဦးဖိုးကွက်က ယုန်နှင့် လိပ်တို့၏အပြေးပြိုင်ပွဲတွင် ယုန်က အနိုင်ရရှိသွားကြောင်း ကြေညာလိုက်လေတော့၏။

မိမိတစ်ဦးတည်း လွှတ်လွှတ်ကျွတ်ကျွတ် အနိုင်ရပါလျက် ယုန်ကနိုင်သည်ဟု ကြေညာလိုက်သံကိုကြားလျှင် ကိုရှေလိပ်သည် ရုတ်တရက် ပြင်းထန်စွာ ဒေါသပေါက်ကွဲပြီးလျှင် နိုင်ချုပ်ဦးဖိုးကွက်အား လက်သီးဖြင့် ပြေး၍ ထိုးလေတော့၏။

(တတိယအကြိမ်မှတ်ချက် ။ ။ ဤသို့လျှင် ယုန်နှင့်လိပ်တို့သည် ခေတ်သစ်အပြေးပြိုင်ပွဲကို အကြောင်းပြု၍ တိရစ္ဆာန်တို့၏ ရဲစခန်းများတွင် အမှုတွဲပေါင်းများစွာ ရောက်ရှိလာခဲ့လေ၏။ ထို့ကြောင့် ထိုပြိုင်ပွဲကို အကြောင်းပြု၍ တိရစ္ဆာန်လွှတ်တော်ကြီးတွင် ဥပဒေသစ်များစွာ တင်ကြ ငြင်းကြ ဖြစ်ခဲ့ကြရပါလေသတည်း။

စာရေးသူ)

"ကိုရှေလိပ်သည် ဘာကြောင့် ယုန်ကနိုင်ရမှာလဲ ၊ အဲဒီယုန်ပျင်းဟိုးအဝေးကြီးမှာ အိပ်ပြီးကျန်နေခဲ့တယ်လေ၊ ပုံပြင်ထဲမှာ ယုန်ပျင်းရှုံးခဲ့တယ်ဆိုတာကို သင်ခန်းစာမယူတဲ့ကောင် ခံပေါ့။ ဘာလဲ ဦးဖိုးကွက်က အဲဒီယုန်ရဲ့ နမအငယ်ဆုံးကို ကြိုက်နေလို့ မျက်နှာလိုက်လိုက်တာမဟုတ်လား။ ဟို နိုင်ထဲမှာပါတဲ့ ဒေါ်ဝက်မကလည်း အဲဒီယုန်ကို အကြောင်းပြုပြီး မှန်လာဥကာန်ထရိုက်ရထားတာဆိုပြီး ဘက်လိုက်တာမဟုတ်လား။ ကျုပ်ကတော့ မခံဘူး၊ ခေတ်တွေ စနစ်တွေ ပြောင်းသွားပြီဆိုတာ သဘောပေါက်ကြ၊ လွှတ်တော်အထိ တိုင်မယ်၊ ကန်တော်ကြီးတစ်ပတ် ယုန်ဆန္ဒပြပွဲကြီး မြိုးမြိုးမြိုးသဲသဲ လုပ်ပစ်လိုက်မယ်၊ ဘာမှတ်နေလဲ"

ဟု ပေါက်ကွဲပြီး ငယ်ကျိုးငယ်နာများကိုပါ ဖော်လျက် ပြောလာသောကြောင့် နိုင်အဖွဲ့ဝင်ဖြစ်သော ဒေါ်ဝက်မသည် အခြားနိုင်တစ်ဦးဖြစ်သော ဦးဆံပိုအား

"မြန်မြန်ရှင်းပြလိုက် မြန်မြန်ရှင်းပြလိုက်၊ တော်ကြာ ဒေါ်ဝက်မြစ်တူးတာ မှတ်သင်ဥတင်မကဘူး၊ ကျန်တဲ့ဥတွေပါ ပေါက်နှံလိမ့်မယ်"

ဟု တီးတိုးတိုက်တွန်းလေ၏။

www.burmeseclassic.com



ထို့ကြောင့် နိုင်တစ်ဦးဖြစ်သော ဦးဝံ့ကို လယ်ကြီးကြပ်နိုင် ကိုရွှေမျောက် ထံမှ ရလာသည့် စာရွက်တစ်ရွက်ကို အများမြင်သာအောင် ဖြန့်၍ပြရင်း

"ဘာဖြစ်လို့ ဖိုးရွှေယုန်ကို အနိုင်ပေးလိုက်ရသလဲဆိုတာကို ရှင်းပြပါမယ်။ ယောဒီ ကိုရွှေလိပ်ရဲ့ရှေ့ အာတော်စောစောမှာပဲ ခေါ်ကြက်မ ပန်းဝင်လာပါတယ်။ သူနဲ့အတူ ကြီးကြပ်နိုင်တစ်ဦးဖြစ်တဲ့ တက္ကစီဆရာ ကိုဖျံလည်း ပါလာပါတယ်။ ယောဒီစာရွက်မှာ ရေးထားတာကတော့"

ဟု ပြောပြောဆိုဆိုပင် စာရွက်မှစာကို အောင်မြင်ခန့်ညားသော လေသံဖြင့် ဖတ်ပြလိုက်သည်ဖြစ်ရာ ပွဲပြင်ထဲတွင် အနိုင်ရခဲ့သော ကိုရွှေလိပ်သည် လက်သီးနှစ်ဖက်ကိုဆုပ်၍ ဗွေဗွေခုန်ရင်း ခေါင်းငိုက်စိုက်ကျသွားခဲ့ရလေတော့၏။ စာတွင်ရေးထားသည်မှာ အောက်ပါအတိုင်း ဖြစ်ပါလေတော့သတည်း။

"လေးစားအပ်ပါသော နိုင်တိရစ္ဆာန်မင်းကြီးများခင်ဗျား။

ကျွန်တော် ဖိုးရွှေယုန် ကျန်းမာရေးမကောင်းပါသောကြောင့် ကျွန်တော်၏ လေးဝမ်းကွဲနှမတော်သူ ခေါ်ကြက်မအား ဤပွဲတွင် ကိုယ်စားလှယ်အဖြစ် လွှဲအပ်လိုက်ပါကြောင်း ရိုသေစွာ အကြောင်းကြားအပ်ပါသည် ခင်ဗျား"

ယောနိသော မနသိကာယ

ကျော်ပြောင်







www.burmeseclassic.com

www.burmeseclassic.com

## သခင်ငတိုး

တစ်နေ့သ၌ ကျွန်ုပ်သည် မိတ်ဆွေတစ်ဦး၏ သတင်းပေးချက်အရ ရွှေမိနောက်မီအပေါ်မီအောက်မီသော ထူးဆန်းအံ့ဖွယ် ပုဂ္ဂိုလ်ကြီးတစ်ဦးထံသို့ ရောက်ဖြစ်တော့သည်။ ထိုသူကြီး၏အမည်မှာ သခင်ငတိုးဟု သိရပြီး သူ၏ ညှိုခန်းနံရံတွင် အလွန်တရာ ဂုဏ်ယူဖွယ်ကောင်းလှသည့် ဓာတ်ပုံကြီးတစ်ပုံ ကို ချိတ်ဆွဲထားပေ၏။ ဂျပန်ကင်ပေတိုင်ဗိုလ်ကြီးက ဆလုရိုက်အလေးပြုနေ သည်ကို မြိန်မြိန်ကြီးခံယူနေသည့် သခင်ငတိုး၏ရုပ်ပုံသည်ကား အားရစရာ ကောင်းလွန်းလှပေသည်။

ကျွန်ုပ်လည်း မျိုးရိုးဇာတိဂုဏ်ကို မြင့်မားစေသည့် ထိုဓာတ်ပုံအား ဟား ခလုတ်အမှတ်(၂၄)အထူးထုတ်၌ မျက်နှာဖုံးတင်ချင်သည့်အကြောင်းနှင့် နောင်



လူများအတုယူအားကျစေရန်အတွက် ဆရာကြီးသခင်ငတိုး၏ Biography ကိုချီးမြှင့်ပေးပါရန် တောင်းဆိုလေရာ ဆရာကြီးက ကြည်ဖြူစွာခွင့်ပြုသော ကြောင့် အောက်ပါဆရာကြီး၏ ကိုယ်ရေးအကျဉ်းအား ဖော်ပြလိုက်ရလေ တော့သတည်း။

ဆရာကြီးသခင်ငတိုး၏ ငယ်နာမည်မှာ ငတင်ဖြစ်သည်။ သူသည် နယ်ချဲ့ကိုလိုနီမျက်နှာဖြူများအား တော်လှန်ချင်စိတ်ပြင်းစွာရှိခဲ့သော်လည်း ထိုအချိန်က မမွေးဖွားသေးသောကြောင့် မတော်လှန်ဖြစ်ခဲ့။ ဂျပန်ခေတ်တွင် တစ်ပိုင်တစ်နိုင် တော်လှန်မည်ဟူသောစိတ်နှင့် ကင်ပေတိုင်ဗိုလ်ကြီး ကိုယ်လုံး တီးရေချိုးနေစဉ် ထိုသူ အရှက်ရစေသောငှာ ထိုသူ၏ဘောင်းဘီကို ခိုးခဲ့ရာ ဖမ်းဆီးခြင်းခံခဲ့ရသည်။ ဂျပန်ဗိုလ်ကြီးက ဤသူသည်ကား ရဲတင်းလှပေသည် ဟု အသိအမှတ်ပြု ချီးကျူးပြီး ယခုမြင်တွေ့နေရသော သမိုင်းဝင်ဓာတ်ပုံကို ရိုက်ကူးခဲ့လေသည်။

ဖဆပလခေတ်တွင် တည်မြဲအမတ်နှင့် သန့်ရှင်းအမတ်တို့ အချင်း များအာဏာပြိုင်ကြသည်ကို တွေ့မြင်ရရာ ဤသို့ဖြစ်ရသည်မှာ သူတို့၏ခေါင်း ပေါင်းများကြောင့်သာဖြစ်မည်။ ခေါင်းပေါင်းများမရှိက အပြိုင်အဆိုင် ဖြစ်တော့ မည်မဟုတ်ဟုတွေးပြီး စေတနာရှေ့ထား၍ ခေါင်းပေါင်းများအား ဝင်ခိုးရာမှ ဖမ်းဆီးခံရပြီး ထောင်ကျခဲ့။

မဆလအစိုးရလက်ထက် ဦးသန့်အရေးအခင်းတွင် ဖြိုချခံရသည့် ကျောင်းသားသမဂ္ဂအဆောက်အဦးမှ တန်ဖိုးရှိသော ပစ္စည်းများကို စေတနာ ရှေ့ထား သယ်မနေစဉ် သူခိုးဟုစွပ်စွဲခြင်းခံရပြီး ခိုးမှုနှင့်ထောင်ကျခဲ့။

၈၈အရေးအခင်း၌ အိမ်တစ်အိမ်ရှိ လူကုန်ဆန္ဒပြသွားနေခိုက် အမြင် မတော် ရှိလှသည်နှင့် အဖိုးတန်ပစ္စည်းများအား ထုတ်ပိုးပေးနေစဉ် လုံခြုံရေး တပ်ဖွဲ့နှင့်တိုးပြီး ခိုးမှုနှင့်ထောင်ကျခဲ့ရပြန်။

၂၀၀၇ ရွှေဝါရောင်တော်လှန်ရေး၌ ရဟန်းသံဃာများ သတ်ဆတ် မဖြစ်မှာကြစေရန် စေတနာနှင့် သပိတ်များအားဝင်ခိုးရာ ဖမ်းဆီးခံရပြီး ခိုးမှု နှင့်တစ်လီထပ်ထောင်ကျ။

ကျွန်ုပ်သည် သခင်ငတိုး၏ ကိုယ်ရေးအကျဉ်းအား အနုလုံပဋိလုံ

www.burmeseclassic.com

သုံးသပ်ကြည့်မိလေရာ စွန့်လွှတ်စွန့်စားမှုရှိသော သခင်ငတိုးသည် ဘဝ၏ လေးပုံသုံးပုံအား ထောင်တွင်း၌သာ ပေးဆပ်ကုန်လွန်ခဲ့သည်ကို တွေ့ရ၏။ သခင်ငတိုး၏ ထောင်ကျသက်သည်ကား အခြားတစ်ပါးသော ထောင်ကျသူများထက် အပုံကြီးပို၍နေလေသည်။ ထို့ကြောင့် များစွာအားရလွန်းလှသည်နှင့် သခင်ငတိုးအား ကင်ပေတိုင်ဗိုလ်ကြီး ဆလုရိုက်နေသည့်ပုံအား ဟားခလုတ် မျက်နှာဖုံးအဖြစ် ဂုဏ်ယူစွာ တင်ဆက်လိုက်ရပေ၏။

ကဲဗျာ။ အဲဒီလို ရှေ့မျက်နှာဖုံးပုံကို အသုံးပြုပြီးမှ အင်တာနက်မှနေ၍ သခင်ငတိုးနဲ့ ဂျပန်ကင်ပေတိုင်ဗိုလ်ကြီးတို့ရဲ့ နောက်ဆက်တွဲပုံ(နောက်ကျောဖုံးတွင် အသုံးပြုထားသည်)များကို တွေ့ရတော့၏။ ဓာတ်ပုံတွေကိုကြည့်ပြီး သခင်ငတိုးကို သွားပြတော့ သည်လူကြီး အရှက်ကွဲတော့သည်။ တစ်သက်လုံး ဓာတ်ပုံကြီးတပြပြနဲ့ ခန့်ခန့်ဆန့်ဆန့်ကြီးနေခဲ့တဲ့လူကြီး၊ ခုတော့ အရှက်သည်းပြီး အိမ်ထဲကနေ အိမ်ပြင်တောင် မထွက်ရဲတော့။ သူ ဒီလို အရှက်တွဲအောင် အမိကလုပ်ခဲ့တဲ့သူက ဘယ်သူဖြစ်မယ်ထင်သနည်း။ အရင်လိုပဲ စာအုပ်လက်ဆောင်များပေးမည်မို့ ဖြေကြည့်စေလိုပါသည်။

**အုပ်လုကြီး**

## အိမ်စာ

ယခုလ အိမ်စာကို ဆရာအုပ်လုကြီး၏ သခင်ငတိုး ပုံပြင်နှင့် ဆက်စပ်ပါတော့မည်။ ၎င်းပုံပြင်ကို စေ့စေ့ငုငုသေချာစွာဖတ်ရှုပြီးပါက ဟားစာတီအဖွဲ့မှ စာဖတ်သူ၏ အမြင်ကို သိလိုလှပါသည်။

(၁) သခင်ငတိုး ဘာကြောင့် အရှက်ကွဲတာလဲ။

-စာဖတ်သူများ၏ အမည်နှင့် နေရပ်လိပ်စာကို ဖော်ပြပေးပို့စေလိုသည်။

-ဟားစာတီအဖွဲ့လိပ်စာကို စာမျက်နှာ(၅)တွင် ဖော်ပြထားပါသည်။

-အဖြေမှန်သူများ၏ အဖြေများကို ဟားခလုတ်(၂၅)တွင် ဖော်ပြပေးပါမည်။



ဟားခလုတ်အမှတ်စဉ်(၂၃) အဖြေမှန်ကို ဖော်ပြပေးလိုက်ပါတယ်။ ဒီတစ်လလည်းဖြေကြည့်ပါဦး။ စိတ်ဝင်စားဖို့ ကောင်းမှာပါ။

**အမှတ်စဉ်(၂၃)အတွက် အဖြေမှန်**

**မလုရာ(2TEC) G.T.C မိုးညှင်းမြို့၊ ကချင်ပြည်နယ်**

အဖြေ။ ။သူမကို မလိုမုန်းထားအပြစ်ရှာသူတွေရဲ့ကြားမှာ ကြာရှင်အသက်ပါ ပါသွားတော့မှာကိုတွေးပြီး ကြောက်စိတ်တွေကြောင့် သူ့အသံကို တမင်ဖျက်ဆိုလိုက်တာ ဖြစ်မှာပါ။

## သတင်းကောင်း

ဟားခလုတ်အမှတ်စဉ်(၂၂)မှာ အဖြေမှန်သူတွေ တော်တော်များများ တွေ့ရပါတယ်။ တချို့အဖြေလွှာများက နောက်ကျပြီးမှရောက်လာပေမယ့် အရေးထားဖြေဆိုသူများအပေါ် လေးစားသောအားဖြင့် အောက်ဖော်ပြပါအဖြေမှန်သူများထံ ဟားခလုတ်အထူးထုတ်အမှတ်တရစာအုပ်လက်ဆောင်များ ပို့ပေးလိုက်ပါတယ်။ ဟားချစ်သူများ ရွှင်လန်းချမ်းမြေ့ကြပါစေ။

| | |
|---|---|
| ...ရွှင်းသန့်လွင် | -အမှတ်(၁၄၈)၊ သိမ်အင်း၊ မိုးညှင်းမြို့၊ |
| ...ဆောင်ပြည့်စုံကျော် | -B-41၊ အမှတ်(၂)ရပ်ကွက်၊ ဦးဘိုလမ်း၊ ဆင်ပေါင်ဝဲမြို့၊ မကွေးတိုင်းဒေသကြီး |
| ...ခွင်ကိုဦး | -အိမ်အမှတ်(၂၀)၊ မင်းလမ်း၊ သိမ်ဆိပ်ကျေးရွာ၊ |
| ...သိတာဦး | -အမှတ်(၁၈)၊ ၂၁-လမ်း၊ (၈၀×၈၁)လမ်းအတွင်း၊ မန္တလေးမြို့ |
| ...ဆောင်ရဲဝင်းကို | -အားကစားဝန်ကြီးဌာနအမျိုးသားဘော်ဒါဆောင်၊ အခန်း(၁၄)၊ ခတ္တာလမ်း၊ ရန်ကျော်ရပ်ကွက်၊ မကွေးမြို့။ |
| ...စာမျိုးအေးလှိုင် | -အမှတ်(၁၁၀)၊ ၄-လမ်း၊ ရန်မျိုးလုံရပ်၊ မကွေးမြို့၊ |
| ...နာမိ | -၃၀၊ မဟာဆိုရှယ်လမ်း၊ လှည်းတန်း၊ ကမာရွတ်။ |
| ...သက္ကိတ | -ခါတော်မှီကျောင်း၊ ဘင်္ဂလားတိုက်၊ ကြားတောရရပ်ကွက်၊ ဝဟန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ...သီရိဇော် | -အမှတ်(၂)၊ ရွာသစ်ကုန်းရပ်၊ ဆေးရုံလမ်း၊ ထီးချိုင့်မြို့၊ |
| ...ဝင်းမင်းသန်း | -သိန်းစွန်စာပေ၊ ရဲစခန်းရှေ့၊ ပဲနွယ်ကုန်း။ |
| ...ဆောင်ညီညီအောင် | -အမှတ်(၈၁)၊ ချယ်ရီစတိုး၊ ရန်ကြီးအောင်ရပ်ကွက်၊ (ထန်းတစ်ပင်)ဇီးတုန်း၊ ကန့်ဘလူမြို့နယ်၊ စစ်ကိုင်းတိုင်း။ |

**ဟားခလုတ်(၂၄) တအုပ်လက်ဆောင်များ တတိုက်မှတဆင့် ပေးပို့လိုက်ပြီးဖြစ်သည်။**

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံသား ဟားနေမှုများအတွက်ပေါ်ဦးပေါ်များ
အထူးအခွင့်အရေးကြီးတစ်ခု

# ဟားခလုတ် ဟားပုံတင်များ

မည်သူမဆို လျှောက်ထားနိုင်ပါပြီ။
စိမ်ချက်ကာလအတွင်း လျှောက်ထားပါက
ကိုးကိုးကာလအတိုင်း ဆောင်ရွက်ပေးမည်။




သိပ်ကြိုးတော့မှာနော် ↑

ယခုလ စာမျက်နှာကို ဤတွင်နှုတ်ဆက်ပါတော့မည်။ ဟားခလုတ်ချစ်သူများအတွက် အခွင့်အရေးကောင်းတစ်ခုကို ပေးလိုပါသည်။ အထက်တွင်ဖော်ပြထားသော ဟားခလုတ် ဟားပုံတင်များကို မည်သူမဆို အမည်၊ ငယ်အမည်နှင့် ခါးအောက်ပိုင်း ပတ်စ်ပို့တစ်ပုံ၊ အဲလေ ခါးအထက်ပိုင်း ပတ်စ်ပို့တစ်ပုံလို့ပြောတာ။ စာတိုက်မှုတစ်ဆင့် ပေးပို့ကာ လျှောက်ထားနိုင်ပါသည်။ တကယ်ဟားသူတိုင်း ဟားခလုတ် ဟားပုံတင် ဆောင်ကြပါ။

ဟားခလုတ် ဟားပုံတင်များအား မျက်နှာပြောင်ပြောင်ထား၍ ဆွဲသည့်နေရာတွင်မဆို တရားဝင်အသုံးပြုနိုင်သည်။ ဟားခလုတ် ဟားပုံတင်၏ တန်ဖိုးသည် 'အရှူး'ဆာတီဖီတိတ်နှင့် နှင်လားငါလား အဖိုးတန်ပါသည်။

www.burmeseclassic.com